www.burmeseclassic.com

THOE SAUNG

# ကတိ
# သစ္စာ
တည်သောခါဝယ်
# နှယ်မြက်
# သစ်ပင်
# ချစ်သက်ဝင်၏

လုံးချင်းဝတ္ထုသစ်

## သိုးဆောင်း

SHWE THAMIEE PUBLISHING HOUSE

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး
ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား
ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်
နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်
စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်
တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


သားသား စီစဉ်၍
ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးတင်ကိုကို (ရွှေသမီးစာပေ)
အမှတ်-၁၉၂၊ ၃၉လမ်း၊ကျောက်တံတား ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း ၊(၀၉၉၅၈)
၅၈၊ ၄၇(လမ်း) ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၂ ခုနှစ် ၊ စက်တင်ဘာလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၂၀၀၀ ကျပ်

သိုးဆောင်း ၈၉၅.၄၃
(ကာတိသစ္စာတည်သောခါဝယ် နှယ်မြက်သစ်ပင်ချစ်သက်ဝင်၏) သိုးဆောင်း ၊ ရန်ကုန်၊
ရွှေသမီးစာပေ၊ ၂၀၁၂
—စာ၊ ၁၂၅၊ ၁၉.၅ စင်တီ။ (၁) ကာတိသစ္စာတည်သောခါဝယ် နှယ်မြက်သစ်ပင်ချစ်သက်ဝင်၏


www.burmeseclassic.com

www.burmeseclassic.com

အနုပညာကို ဦးစားပေးရေးဖွဲ့ထားသော ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။ ကျွန်တော်ရေးသားခဲ့သော အရင်လက်ရာများနှင့်တော့ ကွဲလွဲကောင်း ကွဲလွဲနေပါလိမ့်မည်။

ဘာပဲဖြစ်ဖြစ် လုပ်သင့်တာထက် လုပ်ချင်တာကို နှစ်သက်သူမို့ ကိုယ့်ကိုယ်ကိုယ်တော့ တာဝန်ကျေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အား မေဒင်ပညာသင်ကြားပေးသည့် အဘ ဆရာကြီး ဒေါက်တာ မင်းသိန်း၊ သင်ကြားပြသပေးသော ဆရာများအားလုံးနှင့် ၂/၂၀၀၈ သင်တန်းဆင်းများအားလုံးသို့ . . .

အောက်မေ့သတိရလျက် . . .
သိုးဆောင်း



# I

ညသည် နက်နက်မှောင်နေ၏။

ကြယ်နီးကြယ်ပွင့် တစ်ခုတလေပင်မရှိသော လမိုက်ညဖြစ်သည်။ ဤစေတီကြီးသည် ဝေသာလပြည်မှာ တန်ခိုးအကြီးဆုံး စေတီတော်ကြီးဖြစ်၏။

တစ်ချိန်က ဆရာဝရဇာခေါ်တွင်သူ လူတစ်ဦး ဤစေတီကြီး၏ ခြေရင်းတော်တွင် အစီရင်တစ်ခု ပြုလုပ်ခဲ့ဖူးလေသည်။

ညသန်းခေါင်မလို့လားမသိ၊ ဘုရားပရဝဏ်သည်လည်းကောင်း၊ ပတ်ဝန်းကျင်သည်လည်းကောင်း၊ ဆူပူသံမကြားရ။ ညပျော်သတ္တဝါတို့၏ ညည်းရှိုက်သံများလည်းမရှိ။ ယုတ်စွအဆုံး လေတိုးသံပင် မကြားရပါ။

ဒါပေမဲ့ ဤပရဝဏ်တွင်းကိုတော့ လူတစ်ယောက် ရောက်ရှိနေသည်။ အေးအေးသက်သာပင် ရင်ပြင်တော်ပေါ်၌ ဒူးထောက်ကာထိုင်နေ၏။ ပူပင်မှုတစ်စုံတစ်ရာ ကင်းလွတ်နေသလို။



www.burmeseclassic.com

www.burmeseclassic.com

သူကိုယ်တိုင်က လွဲ၍ သူ့ကို မည်သူမည်ဝါဖြစ်မှန်း သိကြမည် မဟုတ်ပါ။ အကြောင်းက အနက်ရောင်ဝတ်ရုံကို ဦးခေါင်းမှ ခြေဖျားထိ ဆင်မြန်းထားသည်။ ပြီးတော့ မတုန်မလှုပ် ငြိမ်ဝပ်စွာ ထိုင်နေသည်။ ညမှောင်မှောင်နှင့်မို့ လူတစ်ယောက်ရှိနေသည်ဆိုတာပင် ရိပ်မိဖို့မလွယ်။

ထိုစဉ်မှာပဲ အနက်ရောင်ဝတ်ရုံကြားမှ လက်တစ်ဖက်အပြင် ထွက်လာသည်။ ဘယ်ဘက်လက်ဖြစ်၏။ လက်တွင်းမှာ အရာတစ်ခုကို ကိုင်ထားပြီး ထိုအရာက အရောင်တလက်လက် ထွက်နေသည်။

ပြီးတော့ ညာဘက်လက်။

ညာဘက်လက်တွင်းမှာတော့ သဲတစ်ဆုပ် ရှိနေသည်။

ထိုအခိုက် လက်နှစ်ဖက်စလုံး အပေါ်ပင့်မြှောက်လာလေ၏။

ပြီးနောက် ထိုသူ၏နှုတ်မှ စိတ်ဝင်စားဖွယ်စကားသံအချို့ ထွက်လာလေသည်။

"မခိုးချင်ပဲ ခိုးရ၏။ ခိုးသောအပြစ်သည် ကျွန်ုပ်အပြစ်ဖြစ်လေသည်။ ခိုးယူသူသည် ကျွန်ုပ်မဟုတ်။ မခိုးရမနေနိုင်သော စိတ်ဖြစ်သည်။

ကျွန်ုပ်က စောရနက္ခတ်ရှင်ဖြစ်၏။ ထိုမကောင်းသော အမိုက်စိတ်ထား၏ နှိုးဆော်မှုကြောင့် ဤပစ္စည်းကို ခိုးယူရပါသည်"

ထိုလူ့စကားတို့က ဆို့နင့်ဖွယ် တစ်စွန်းတစ်စနှင့် ရပ်တန့်သွား၏။ ဘုရားပရဝဏ်က ယခုတိုင် တိတ်ဆိတ်လျက်ရှိနေတုန်း။

"ဤနေရာ၊ ဤပတ်ဝန်းကျင်ကို စောင့်ကြပ်သော အစောင့်အကြပ်ပုဂ္ဂိုလ်၊ သာသနာစောင့်နတ်မင်းနှင့်တကွ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ၊ ကျွန်ုပ်အဖြစ်ကို သိရှိလတ္တံ့သော သူတော်ကောင်းအပေါင်းတို့ . . . အရှင်တို့အား တိုင်တည်၍ ကျွန်ုပ် သစ္စာဆိုပါသည်။ ယခုဘဝတွင် မခိုးရမနေနိုင်သော စောရနက္ခတ်ရှင်ဖြစ်၍ ကျွန်ုပ်ကို ခွင့်လွှတ်တော်မူကြပါ။ ယခုဘဝမှ လွန်မြောက်၍နောက်နောင်ဘဝများတွင်တော့ . ."

အံကြိတ်သံတစ်ခုကို ကြားရသည်။ ပြီးတော့ . . .



"ညာဘက်လက်တွင်းရှိ သဲတစ်ဆုပ်မှ သဲတစ်ပွင့်စီနှင့် ညီမျှသော ဖြစ်လေရာဘဝတိုင်းတွင် ဤအပြစ်ဒဏ်ခတ်မှုကို ကျေနပ်စွာ ခံယူပါ့မယ်ဘုရား"

သဘောတူသလို လေတစ်သုတ် ဆွတ်ဖြန်းလာ၏။

လက်တွင်းမှ သဲပွင့်လေးတွေ ရင်ပြင်တော်ပေါ်သို့ တစ်ပွင့်စီ ကြွေကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com

## 3 Months ago



### (a)

"ကျွန်ုပ် ဇနီးသည် ညက သားဦးယောကျ်ားလေး မီးဖွားတယ်"

"အချိန်အတိအကျ ပြောပါအရှင်"

အချိန်မှတ်ထားဟန်တူသော ပေရွက်ခေါက်လေးကို ဖွင့်၏။ ပြီးတော့ မှတ်သားထားသော အချိန်ကို ပြောသည်။

"ညနှစ်ချက်တီးနဲ့ လေးချက်တီးအတွင်း . . . အချိန်အတိအကျက"

သင်ပုန်းကြီးနှင့် ကျောက်သားချွန်မှာ တဒေါက်ဒေါက် အသံကြားရင်း အချိန်အတော်ကြာ ထိခတ်သွားပါသည်။ တအောင့်ကြာတော့ သင်ပုန်းကြီးပေါ်မှာ ဇာတာတစ်ပုဒ် ထင်ရှားလာ၏။ ထိုစဉ်မှာပဲ . . .

"ငါ့သားကြီးရင် ဘာဖြစ်မလဲ"

မေးပုံက တိကျသည်။ ပြီးတော့ ယုံကြည်မှုတွေ တစ်ခဲနက်ပါဝင်နေသည်။

"ထင်ရှားတဲ့ သဘင်သည် တစ်ယောက်ဖြစ်မယ်"

မျက်နှာကွက်ခနဲ ပျက်သွား၏။ ချက်ချင်းပင် . . .

"အရှင့်အယူကို မပြင်နိုင်တော့ဘူးလား"

သင်ပုန်းကြီးပေါ်မှ ဇာတာကို လက်နှင့်ပွတ်ဖျက်ကာ . . .

"ကျွန်တော့်ပညာကို ကျွန်တော် ယုံတယ်"



www.burmeseclassic.com

www.burmeseclassic.com

## (b)

ရှေ့ကို ငိုကြီးချက်မဖြင့် လူတစ်စုရောက်လာသည်။ အားလုံးရဲ့ မျက်နှာတွေက ရှိုက်ကြီးတငင် ငိုကြွေးထားပုံတွေ အတိုင်းသားပေါ်လွင်နေ၏။ မျက်ရည်လည်ရွဲ ကျဆင်းနေသူ မိန်းမတစ်ယောက် သူ ရှေ့တည့်တည့်ကို ဝင်ထိုင်ရင်း . . .

"ကျွန်မအမေ မနက်က သေဆုံးသွားပါတယ်။ အခု သူ ဘယ်နေရာကိုရောက်နေလဲ ကျွန်မတို့ သိချင်ပါတယ်။

သက်ပြင်းတစ်ခုကို ခပ်လေးလေးချကာ . . .

"ကျွန်တော် မသိဘူး။ အကြားအမြင်ဆရာတစ်ယောက်ယောက်ဆီ သွားမေးတာက ပိုပြီး သင့်လျော်မယ်ထင်ပါတယ်"

ᨖ ᨖ ᨖ



## (c)

သူ့အိမ်က ထွက်လာပြီး မကြာခင်မှာ လမ်းဘေးတစ်နေရာ၌ လူများ စုဝေးနေကြသည်ကို တွေ့ရပါသည်။ အိမ်တစ်အိမ်အား စိတ်ဝင်တစား ဝိုင်းဝန်းကြည့်ရှုနေကြခြင်းဖြစ်၏။

ထိုစဉ်မှာပဲ အိမ်ထဲမှ 'ဟိန်း' ထွက်လာသော အသံတစ်ခု။

"ငါ့ဆရာအမိန့်နဲ့ ခိုဝင်ပူးကပ်သူ ကဝေစုန်းမျိုး တစ်လက်မကြား ဤခန္ဓာတွင်းမှ စောလျင်စွာ ထွက်လော့ . . . ဘုန်း"

ထို့နောက်မှာ 'ဟီး ဟီး . . . ဟား ဟား' ထရယ်သော မိန်းကလေးတစ်ယောက်ရဲ့အသံကြီးကို မသတီစရာ ကြားလိုက်ရသည်။

အနီးကပ်တိုးသွားကြည့်တော့ ဆရာယောင်သမားယောင်နဲ့ ပုဂ္ဂိုလ်က ကြိမ်လုံးတဝင့်ဝင့်နဲ့ အော်လို့ဟစ်လို့။

အိမ်ပေါ်မှာ မည်သူမှရှိမနေကြ။ အိမ်ပေါက်ဝမှပဲ ဖြစ်ပျက်သမျှ အလုံးစုံကို ရင်တထိတ်ထိတ် ကြည့်ရှုနေကြသည်။ မြင်ရုံနှင့် ဘာဆိုတာသဘောပေါက်လိုက်၏။ ဒါပေမဲ့ . . .

"ဘာဖြစ်တာလဲဗျ"

ယခုမှ ရောက်လာဟန်တူသူတစ်ယောက်က အိမ်ဆီလှည့်ကြည့်ပြီး မေးတော့ . . .

"ဟို . . . မိန်းကလေးကို ဖုတ်ဝင်နေတာလေ။ အဲဒါ ဆရာပင့်ပြီး ပယောဂ ချွတ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပိုက်ရပ်နေသူတစ်ယောက်က ဆရာကြီးစတိုင်နဲ့ ဝင်ပြော သည်။

"ထွက်သွားစမ်းဟဲ့ . . . ဘုန်း . . ."

မိန်းကလေးရဲ့ကျောပြင်ကို ဆရာဆိုသူက ကြိမ်လုံးနှင့်ရိုက်၏။ မိန်းကလေးက စားတော့ဝါးတော့မတတ် မျက်လုံးတွေနဲ့ ပယောဂဆရာကို မီးဝင်းဝင်းတောက်ကြည့်နေသည်။ ဆရာကလည်း ဟန်ကိုယ်ဖို့ဆိုသလို အလွတ်ကျက်ထားတာတွေ ဆက်တိုက်ရွတ်ပြီး ကြိမ်လုံးနဲ့သာ တဘုန်းဘုန်း ရိုက်နေတော့ . . .

အခြေအနေ ဟန်ပုံမရပါ။ မိန်းကလေးက ချည်ထားသော ကြိုးတွေကို အတင်းရုန်းကန်နေသည်။ ပြီးတော့ ပယောဂဆရာကိုလည်း အားကျမခံ ပြန်လည်ဆဲဆို၏။ တစ်ခါတလေ မသတီစရာအသံကြီးနဲ့ ကျယ်ကျယ်လောင်လောင် အော်ရယ်နေတော့ . . .

သူ ခေါင်းကိုယမ်းပြီး ရှေ့တိုးသွားလိုက်သည်။ မိန်းကလေးက အံကြိတ်ကာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လို့။

မှားစရာမရှိပါချေ။ အမှောင့်ပယောဂတစ်ခု ဝင်ရောက်ပူးကပ်နေကြောင်း သေချာနေတာမို့။

သူမကို အာရုံပြုပြီး ဂါထာတစ်ပုဒ် တီးတိုးရွတ်ဆိုတော့ . . . အခြေအနေက ချက်ချင်း ပြောင်းလဲသွားသည်။

တဆတ်ဆတ်တုန်နေတဲ့ခန္ဓာ ခဏချင်းပင် ငြိမ်ကျ၊ ရွတ်ဆိုမှု ပြီးလျှင်ပြီးချင်း မိန်းကလေးမှာ အရုပ်ကြိုးပြတ် ခွေလဲကျသွားတော့၏။

ပယောဂဆရာဆိုသူကတော့ ကြိမ်လုံးကိုဝင့်ရင်း အောင်နိုင်သူတစ်ယောက်ဟန်နဲ့ ကြွားဝါးနေလေရဲ့ . . .

"ငါဆရာနဲ့တွေ့ရင် သင်းတို့ ခံနိုင်ရိုးလား . . . ဟား . . . ဟား . . . ဟား . . ."

သူ လူအုပ်ကြားထဲမှ လှည့်ထွက်ခဲ့လိုက်ပါသည်။



## (၃)

သူနေထိုင်ရာ ဒေသလေးကတော့ 'ဝေသာက'လို့ခေါ်တဲ့ တိုင်းနိုင်ငံငယ်လေးတစ်ခုပါ။ တချို့ကလည်း ဝေသာလတိုင်းလို့ ခေါ်ကြတယ်။ တချို့ကတော့ ဝေသာလပြည်တဲ့၊ ဘယ်လိုပဲ ပြောပြော လူတွေအုပ်စုဖွဲ့နေထိုင်ရာ အစုအဝန်းလေးတစ်ခုဆိုတာတော့ သေချာပါတယ်။

ထိုအရပ်ဒေသမှာတော့ သူဟာ လုံးဝ ထင်ရှားခြင်းမရှိတဲ့ ပေါပေါမှိန်မှိန် လူငယ်တစ်ယောက်ပေါ့။ သိပ်ဆင်းရဲပါတယ်။ အသက်ခြောက်ဆယ်ကျော် အမေအိုကြီးကို တတ်စွမ်းသလောက် ဝတ်ကြီးဝတ်ငယ်ပြုစုရင်း ဘဝလမ်းကို လျှောက်နေသူတစ်ယောက်ပေါ့။

သူ့ရဲ့အဖေဟာ ပုဏ္ဏားမျိုးနွယ်က ဆင်းသက်လာတဲ့ ပုဏ္ဏားတော်တစ်ယောက်ပါ။ ဟိုးရှေးအရင်တုန်းကတော့ သူတို့ရဲ့ အဘိုးအဘွားတွေဟာ ရှင်ဘုရင်အနီးအနားမှာ ခစားရတဲ့ ပညာရှိပုဏ္ဏားများဖြစ်ပြီး ဟူးရားညီတွေတဲ့။ ဒါပေမဲ့ ဘာကြောင့် ယခုလို နန်းတော်အပြင်ဘက် ရောက်လာရတယ်ဆိုတာ သူမသိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

သူ့အဖေကလည်း ပြောမပြခဲ့ဘူး။ သူ့အသက် ဆယ့်သုံးနှစ်သားမှာ လူကြီးရောဂါနဲ့ သူ့အဖေ ဆုံးပါးသွားခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး သူတို့ဘဝဟာ အားကိုးအားထားပြုစရာ နေမင်းကြီး ကွယ်ပျောက်ခဲ့တာပေါ့။ အဖေဆုံးပါးသွားချိန်မှာ ကျန်ရစ်သူ သိပ်မရှိပါဘူး။ သူရယ်၊ အမေရယ်၊ ပြီးတော့ အဖေနဲ့လုံးဝမတူတဲ့ အဖေ့ရဲ့သားကြီး သူ့အစ်ကိုရယ်ပါပဲ။

ပြီးတော့ အိမ်ရဲ့ခေါင်းရင်းမှာ တခမ်းတနားကျန်ရစ်ခဲ့တဲ့ အရာတွေလည်း ရှိပါသေးတယ်။ အဲဒါတွေကတော့ ဆွေစဉ်မျိုးဆက် အမွေဆက်ခံခဲ့တဲ့ နက္ခတ်၊ ဗေဒင်ဆိုင်ရာ ပေပုရပိုက်နဲ့ စာရွက်စာတမ်းတွေပါ။ ဒါတွေဟာ အဖေ အမြဲတမ်းဂုဏ်ယူဝင့်ကြွားခဲ့တဲ့ အဖေရဲ့ ရတနာထုပ်တွေပေါ့။

သူတို့မိသားစုကို နှစ်ပေါင်းများစွာ ရှာဖွေကျွေးမွေးခဲ့တဲ့ ထမင်းရှင်တွေဆိုရင်လည်း မမှားပါဘူး။ ယခုတော့ ထိုအရာတွေက မတောင်းယူရပါပဲ သူ့နှလုံးသားတွင်းသို့ ရောက်လို့နေပါပြီ။

တစ်ချိန်က အဖေထိုင်ခဲ့တဲ့နေရာမှာ သူထိုင်တယ်။ နောက်ပြီး အဖေလုပ်ခဲ့တဲ့ အလုပ်တွေကိုပဲ ဆက်လုပ်နေပါတယ်။

အပြင်မှာ နေပူ၊ လေပူတွေ တလူလူ လွင့်မျောနေကြတယ်။ ဖုန်တွေ၊ သဲတွေလည်း ယခုလို လူရှုပ်တဲ့ လမ်းဘေးထက်အောက်ဝန်းကျင်မှာ မှုန်ရီပါးလွင့်လို့ သူနဲ့ မလှမ်းမကမ်းမှာ ပေါက်ပေါက်ရောင်းနေတဲ့ ကောင်လေးတစ်ယောက် ဈေးဗန်းလေးကိုခင်းပြီး ထိုင်နေတယ်။

နာမည်က 'ကံစီ' ပါ။ သက်တူရွယ်တူဖြစ်ပြီး သူ့သူငယ်ချင်းဆိုရင်လည်း မမှားပါဘူး။ နောက်တစ်ယောက်ကတော့ 'ဦးတိုက်စိုး' တဲ့။ ခန္ဓာကိုယ်နေရာအနှံ့မှာ ယားနာတွေ၊ ပွေး၊ ဝဲတွေ စွဲကပ်နေသူ ဝေဒနာရှင်တစ်ယောက်ပေါ့။ သူ့အလုပ်ကတော့ ရှင်းပါတယ်။ တောင်းစားတယ်။

ကံစီရော၊ ဦးတိုက်စိုးရော နှစ်ယောက်လုံးဟာ နေ့စဉ်နေ့တိုင်းလိုလို အဆင်မပြေတတ်ကြပါဘူး။ ကံစီပေါက်ပေါက်ဆုပ်တွေက နေ့စဉ်နဲ့



အမျှ ရောင်းမကောင်းသလို တောင်းစားတဲ့ဦးတိုက်စိုးလည်း ပိုက်ဆံမရဘူး။ သူတောင်းစားဆိုရင် လူတွေက အထင်သေးတတ်ကြတယ်လေ။

ဦးတိုက်စိုးဆိုသူ လူကြီးက ခိုးမစားပါဘူး။ လူလုချင်းလည်း ခေါင်းတုံးပေါ် ထိပ်ကွက်ပြီး လိမ်မစားဘူး။ နိုင်ထက်စီးနင်းလုပ်မစားဘူး။ ကိုယ့်ဝမ်းတခါးအတွက် သူတစ်ပါး မျက်ရည်ကြီးငယ်ကျအောင် လုပ်တဲ့ လူစားမျိုးလည်းမဟုတ်ဘူး။ ရိုးသားစွာ တောင်းစားတယ်။

ဒါကို လူတွေက ဘာလို့ အထင်သေးကြပါလိမ့်။ ဘာပဲပြောပြော အထက်ပါ လူမျိုးတွေထက်စာရင်တော့ ဦးတိုက်စိုးက ဂုဏ်ရည်ရော အဆင့်အတန်းရော အများကြီးသာပါတယ်။

နံဘေးမှာချထားတဲ့ လွယ်အိတ်လေးကို ဟကြည့်တော့ အတွင်းမှာ ငွေဒင်္ဂါးအချို့ ဝင်နေပါပြီ။ အချိန်နာရီနှင့် ချိန်ထိုးကြည့်လျှင် ဒီနေ့အတွက် မဆိုးပါဘူး။ သိမ်းမယ်ဆိုရင်တောင် သိမ်းလို့ရနေပါပြီ။ ဒါပေမဲ့ အနည်းငယ် စောနေပါသေးတယ်။ လောဘကြီးတာမဟုတ်ပေမဲ့ ဒီနေ့ ကံစီရော၊ ဦးတိုက်စိုးရော အခြေအနေမကောင်းဘူးဆိုတာ သူသိပါတယ်။

ဒါကြောင့် နေ့လယ်စာအတွက် နည်းနည်းဆက်ထိုင်ဖို့ လိုအပ်နေတယ်ထင်ရဲ့ . . .

"တကောင်း . . . မင်းမှာ ဆေးပါသေးလားကွ။ ငါ့အနာတွေ အလိုလိုနေရင်း ယားလာလို့ . . ."

သူရှိရာအပေါ် လှေကားထစ်တွေဆီ တက်လာရင်း ပြောသော ဦးတိုက်စိုးစကားကြောင့် သူမော့ကြည့်မိတော့ . . .

ဦးတိုက်စိုးက လက်မောင်းကိုလှန်ပြီး သူ့အနာတွေကို တဗြင်းဗြင်းကုတ်နေတယ်။ ဘယ်လောက်တောင်ကုတ်ထားလည်း မသိပါဘူး။ လည်ပင်းနဲ့ လက်မောင်းတွေမှာ အသားနီလန်နေပြီ။ ထို့ကြောင့် ကပျာကယာပဲ ဦးတိုက်စိုးအတွက် ဖော်စပ်ထားတဲ့ ဆေးထုပ်ကို ရှာဖွေလိုက်ရတယ်။

"ရော့ . . . ဦးတိုက်စိုး ဒါပဲကျန်တော့တယ်။ မနက်ဖြန်မှ ကျွန်တော် ထပ်စပ်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဦးတိုက်စိုးက သူ့လက်တွင်းမှ ဆေးထုပ်ကို လှမ်းယူကာ တဖျင်းဖျင်းကုတ်ရင်း . . .

"အေးပါကွာ"

ပြီးတော့ သူ့နေရာ သူပြန်သွားပြီး အနာတွေကို ဆေးထည့်နေပါတယ်။ ထိုစဉ်မှာပဲ တောက်တောက်ပြောင်ပြောင်ဝတ်ထားတဲ့ လူကြီးတစ်ယောက် အနားကို ရောက်လာတယ်။ အနာဖတ်တွေကို ခွာရင်း ဆေးထည့်နေတဲ့ ဦးတိုက်စိုးကိုမြင်တော့ နှာခေါင်းရှုံ့သွားလေရဲ့။ ပြီးတော့ သရိုးသရီကြည့်ရင်း သူ့ဘက်လှည့်လာကာ . . .

"မောင်ရင်က ရှေ့ဖြစ်ဟောတာနော်"

"ဟုတ်ပါတယ်"

"ပစ္စည်းပျောက်ရော ဟောလား"

"ဦးရီးက ဘာပစ္စည်းပျောက်လို့လဲ"

သူ့အမေးကြောင့် ရှေ့မှပုဂ္ဂိုလ်က ဘေးဘီကိုကြည့်တယ်။ ယခုအချိန်ထိ မတ်တတ်ရပ်နေတုန်းပါပဲ။ ရှေ့မှထိုင်ဖို့ နေရာခင်းထားပေမဲ့ ဝင်မထိုင်ပါဘူး။

"ထိုင်ပါလား"

"ရတယ် . . . ရတယ်"

ညှော်ဝတ်ပြုပေမဲ့ ငြင်းဆန်တာကြောင့် ဆက်မပြောတော့ဘူး။ ရပါတယ်၊ မေးသူက မတ်တတ်ရပ်ပြီး သူက ထိုင်ဟောလည်း ဖြစ်ပါတယ်။ ထိုပုဂ္ဂိုလ်က စကားမဆက်ဘဲ သူ့အခန်းလေးကို စူးစမ်းသလို ဝေ့ဝဲကြည့်တယ်။ ရှေ့ဖြစ်ဟောသူတစ်ယောက်ရဲ့ ဆိုင်ခန်းအပြင်အဆင်ကို လေ့လာလိုက်တာပါ။

ခက်တာက သူ့အခန်းလေးထဲမှာ စာအုပ်တွေကလွဲပြီး အထင်ကြီးစရာ ဘာမှမရှိဘူး။ စားပွဲပေါ်မှာက သင်ပုန်းကြီးနဲ့ ကျောက်တံရယ်၊ အလှတင်ထားတဲ့ ဓောင်းအိုလေးတစ်လုံးရယ်၊ ဒါပါပဲ။ ထိုအခိုက် . . .



"တကောင်း . . . ငါ ဈေးတန်းဖက်သွားမလို့ ဘာမှာဦးမလဲ"

ခပ်ဝေးဝေးမှ ကံစီ လှမ်းအော်တော့ . . .

"မှာစရာမရှိပါဘူးကွာ။ ဒါနဲ့ နေဦး . . ."

စကားကိုရပ်ပြီး စားပွဲပေါ်က ဓောင်းအိုလေးဆီ လက်လှမ်းလိုက်တယ်။ အနေတော်တင်းထားတဲ့ ဓောင်းကြိုးတွေဆီ လက်ဖျားနဲ့ ထိကြည့်တော့ ဓောင်းအိုလေးရဲ့ကြိုးတွေက မည်သူမျှ မလုပ်ဆောင်ဘဲ အလိုလိုလျော့နေတာကို တွေ့ရတယ်။ ထို့ကြောင့် . . .

"အမိုးအကာတစ်ခုခု ယူသွားဦး . . . ကံစီရေ၊ မကြာခင် မိုးရွာတော့မယ်"

"ဟေ . . ."

ကံစီပင်မဟုတ်ဘူး ရှေ့ကလူကြီးလည်း အံ့သြသွားတယ်။ ပြီးတော့ ပူပြင်းသော နေရောင်တွေ တလက်လက်ထနေသည့် ဓောင်းတန်းအပြင်ကို လှမ်းကြည့်ပြီး . . .

"ဒီလောက် နေပူနေတာကို . . ."

တိုးတိုးလေးဖြစ်ပေမဲ့ သူကြားလိုက်ပါတယ်။ ပြီးတော့ လက်မခံနိုင်သလို နှုတ်ခမ်းကို တွန့်ကွေးပြီးပြုံးတယ်။ ကံစီကတော့ သူ့ကို ကြောင်တောင်တောင်ကြည့်ပြီး 'ဩော် . . . အေး အေး' ဟုဆိုကာ ခမောက်ကြီးတစ်ချပ် ဆွဲသွားလေရဲ့ . . .

"ကျုပ်က မင်းခစားဝင်ရတဲ့ အမတ်မင်းတစ်ယောက်ပါ"

"ကျွန်တော်ရိပ်မိပါတယ် ဦးရီးတော်"

မြန်မြန်ပြီးလျှင် အေးရော သဘောမျိုး ပြောလိုက်ခြင်းဖြစ်ပေမဲ့ သူ့တုံ့ပြန်စကားကြောင့် ထပ်မံ တုံ့နှေးသွားတယ်။

"အခုလာရတဲ့ အကြောင်းကလည်း မင်းပြစ်မင်းဒဏ်သင့်နိုင်တဲ့ ရတနာတစ်ပါး ပျောက်သွားလို့ လာမေးတယ်ဆိုတာလည်း သိထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟေ . . ."

ဒီတစ်ခါ အံ့သြမှုကတော့ အလွန်အကျူးပါပဲ။ မျက်လုံးပြူးရုံ ပင်မဟုတ်၊ မတ်မတ်ထောင်ထားတဲ့ ခါးပါ ရှေ့သို့ ညွတ်ကျလာသလား ပဲ။

"မောင်ရင် ဘယ်လိုလုပ်"

စကားမဆုံးလိုက်ပါ။

"မထိတ်လန့်ပါနဲ့ . . . ဦးရှီးတော်၊ ကျွန်တော်တတ်တဲ့ ပညာ ကလွဲပြီး ဦးရှီးတော်တို့ နန်းတွင်းရေးဘာတစ်ခုမှ မသိပါဘူး"

သက်ပြင်းချသံ သဲ့သဲ့ကို ကြားရတယ်။ အနည်းငယ် ဖြုံသွား ပုံလည်း ရပါတယ်။ သူ့ကိုလည်း အကြာကြီး စိုက်ကြည့်နေတယ်။ ပြီး တော့မှ လေသံကို လျှော့ချရင်း . . .

"ဟုတ်ပါတယ် . . . မင်းတရားကြီးကိုယ်တိုင် ချီးမြှင့်ထားတဲ့ လည်ဆွဲရတနာ ပျောက်သွားလို့ . . ."

ဝေသာလဆိုတဲ့ တိုင်းနိုင်ငံငယ်လေးမှာ ထိုအချိန် ထိုကာလ ကစပြီး ခိုးသူတွေ သောင်းကျန်းနေပါပြီ။ မင်းခစားအမတ်ကြီး ဘာကြောင့် သူ့လို မထင်မရှား ရှေ့ဖြစ်ဟော သူ့ဆီ လာမေးရတယ်ဆိုတာကိုလည်း သဘောပေါက်ပါတယ်။ ရှင်ဘုရင်ကိုယ်တိုင် ချီးမြှောက်ထားတဲ့ လည်ဆွဲ ဆိုတော့ အပါးတော်မြဲပညာရှိတွေထံမှာ မေးလို့ မသင့်တော့ဘူးလေ။

သတင်းပေါက်ကြားလျှင် ရွှေနန်းတော်ရှင် အမျက်တော်ရှနိုင် တယ်။

ဒါကြောင့် . . .

အချိန်အကြာကြီး မယူလိုက်ရပါဘူး။

"နေမကုန်ခင်ထိ အိမ်ထဲမှာပဲ ရှိသေးတယ်။ အပြင်မထွက်သေး ဘူး။ စားဖိုဆောင်ကို သေချာရှာပါ။ နေကုန်လို့မှ မတွေ့ရင်တော့ ဦးရှီး တော် ဒီတစ်သက် ပြန်ရမှာမဟုတ်တော့ဘူး"



မျက်နှာက လင်ပုတ်ဖမ်းသလို မှိုင်းမို့အုံ့မဲသွားတယ်။ ထိုခဏ မှာပဲ . . .

"ဒိန်း . . . ဂျလိန်း . . ."

ကျဲကျဲပူနေသော နေရောင်အောက်မှာ မိုးခြိမ်းသံတစ်ချက် လျှပ် ပြက်သလို ပေါ်လာတော့ . . .

"မောင်ရင့် နာမည်ဘယ်သူ . . ."

"တကောင်း"

မကြာပါဘူး။ နေပူပူမှာ မိုးဖွဲတွေ တစ်ခဲပြီးတစ်ခဲ ဝေကျလာပါ ပြီ။ တကယ်ပဲ မိုးရွာလာချေပြီ . . .



www.burmeseclassic.com

www.burmeseclassic.com

# II

"ဂျိန်း . . . "

ကျယ်လောင်သော တံခါးဖွင့်သံကြောင့် အိပ်နေရာမှ လန့်နိုးသွားတယ်။ ကြားဖူးနေကျအသံ တစ်ခုဖြစ်ပေမဲ့ ယခုတစ်ခေါက် ပိုကျယ်သလိုပါပဲ။ မျက်လုံးကို ဖွင့်ကြည့်တော့ အချုပ်တံခါးတစ်ချပ်ဖွင့်ပြီး ခွက်လေးတစ်ခွက်အတွင်းကို ရောက်လာတယ်။ ပြီးတော့ 'ဂျိန်း' ခနဲ မြည်အောင် တံခါးကို ပြန်ဆွဲပိတ်သွားပါတယ်။

ဆက်တိုက်ဆိုသလိုပဲ တံခါးဆွဲဖွင့်သံ၊ ခွက်ထိုးပေးသံ၊ ပြန်ပိတ်သံများကို အစဉ်အတိုင်း ကြားရတယ်။ ဒါဟာ သူတို့လို အချုပ်သားတွေကို မနက်စာကျွေးတဲ့ အချိန်ပါ။ တခြားအခန်းတွေမှာတော့ မနက်စာရောက်တာနဲ့ အငမ်းမရစားကြပေမဲ့ သူကတော့ မစားချင်သေးတာကြောင့် မျက်လုံးစုံမှိတ်ပြီး ဆက်မှိန်းနေလိုက်တယ်။

ခဏအကြာမှာ အချုပ်တံခါး ဖွင့်သံပိတ်သံတွေကို မကြားရတော့ဘူး။ ဒါပေမဲ့ ဆောင့်ကြီးအောင့်ကြီး ခြေသံတွေကို ကြားရတယ်။ မနက်စာလာကျွေးသူ ပုဂ္ဂိုလ်တွေ အချုပ်ခန်းကြီးတွင်းမှ ပြန်ထွက်ဖို့ ပြင်ဆင်နေကြပြီ။ တဘုန်းဘုန်းမြည်အောင် ခြေကိုဆောင့်ရင်း ဘယ်သူ့ကိုမှန်းမသိ အာဏာပြ ငေါက်ငမ်းနေပါတယ်။



"လူလိုစားကြစမ်း . . . ။ ကျက်သရေယုတ်လိုက်တာ စားသောက်နေတာ တိရစ္ဆာန်တွေအတိုင်းပဲ"

မျက်လုံးမှိတ်ထားပေမဲ့ အတိုင်းသား ကြားနေရတာကြောင့် ရင်တွင်းမှ ခံပြင်းစိတ်တွေ တစ်မုဟုတ်ချင်း ဖြစ်ပျက်သွားတယ်။ ဒါပေမဲ့လည်း အချိန်မီ တားဆီးလိုက်နိုင်ပါတယ်။

အပြစ်ရှိလို့ အချုပ်ခံထားရသူတွေပဲ ထားရာနေ၊ စေရာသွားရမှာပေါ့။ ပြီးတော့ ကျွေးတာကိုစားပြီး ပြောတာကိုခံရမယ်၊ မတတ်နိုင်ဘူးလေ၊ မခံချင်တော့ရော ဘာတတ်နိုင်မှာလဲ။ တစ်ဖက်ပိတ် အုတ်နံရံနဲ့ သုံးဖက်သုံးတန် သံတိုင်တွေကြားထဲ ရောက်နေရသူတစ်ယောက်က မခံချင်တော့ရော ဘာလုပ်နိုင်မှာမလို့လဲ။

သူ့အခန်းရှေ့က ဖြတ်လျှောက်သွားတဲ့ ဖိနပ်သံတွေကို ကြားရတော့ ကျောပေးနေလိုက်မိပါတယ်။ မမြင်ချင် မတွေ့ချင်ပါဘူး။ မြင်မိရင် ကိုယ်လည်း စိတ်ဆင်းရဲရသလို သူလည်း ဒေါသထွက်မယ်။ ဒါကြောင့် ကျောပေးပြီးတော့ သူတို့ထွက်အသွားကို စောင့်နေလိုက်တယ်။

မကြာပါဘူး၊ တံခါးမကြီးဖွင့်ပြီး ထွက်သွားသံကြားရတယ်။ ဒီတော့မှ မျက်လုံးကိုဖွင့်ကာ ယိုင်နဲ့နဲ့ ခုတင်လေးပေါ်မှ ဆင်းလိုက်ပါတယ်။ တံခါးပေါက်လေးရဲ့ အောက်ခြေမြေပြင်မှာ ခွက်လေးတစ်ခွက်။

တိရစ္ဆာန်ကျွေးနည်းနဲ့ မခြားတဲ့ မနက်စာပါ။ မြေပေါ်ထိုင်ချပြီး ယူကြည့်လိုက်တော့ စားချင်စဖွယ် တစ်စက်လေးမှမရှိပါဘူး။ နေ့တိုင်းလိုလို ထူးမခြားနားစွာ စားနေရတဲ့ အမျိုးအမည်တစ်ခုပါပဲ။ ဒါမှမစားလျှင်လည်း အစာပြတ်လပ်ပြီး သေဖို့သာရှိတာမို့ ကြိတ်မှိတ်ပြီးတော့ပဲ စားနိုင်ဖို့ ကြိုးစားရမှာပေါ့။

လက်နဲ့ယူကာ စားမယ်ပြင်တော့ . . .

"ကိုတကောင်း . . . "

နာမည်ကိုခေါ်ရင်း လူတစ်ယောက် ရှေ့ဆီရောက်လာတယ်။ မော့ကြည့်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဩော် . . . ဒီရာ"

'ဒီရာ' ဆိုတာ ဤအချုပ်ခန်းကြီးကိုစောင့်တဲ့ အစောင့်အကြပ်ပေါင်းများစွာထဲက ဝန်ထမ်းသေးသေးလေးတစ်ယောက်ပါ။ ဒီရာက လက်တွင်းမှ ပန်းကန်တစ်ချပ်ကို သူ့ရှေ့တိုးပေးရင်း . . .

"ဒါ ကျွန်တော်ရတဲ့ မနက်စာ။ ကိုတကောင်း ယူလိုက်ပါ"

"မဟုတ်တာပဲ။ မင်းရဲ့မနက်စာကို ငါက ဘာလို့ယူရမှာလဲ။ မင်းအတွက်မနက်စာကို မင်းပဲစားရမှာပေါ့"

"မဟုတ်ဘူး ကိုတကောင်းရဲ့၊ ကျွန်တော်အိမ်က စားလာလို့ပါ။ ဗိုက်လည်း မဆာဘူး။ ရော့ပါ . . . ယူလိုက်ပါ"

ခေါင်းကို ဖြည်းညှင်းစွာ ခါယမ်းပြလိုက်တယ်။

"ကျွန်တော် တကယ်ပြောတာပါ။ ကိုတကောင်း လက်မခံနိုင်ဘူးဆိုရင်လည်း ကျွန်တော် ဒါနပြုတယ်လို့ သဘောထားပေးပေါ့"

ဒီရာ့ပုံစံကြည့်ရတာ တကယ်ပင် ထက်ထက်သန်သန် ဖြစ်လို့နေပါတယ်။ လိမ်ညာပြီး ပြောနေပုံလည်း မတွေ့ရဘူး။ ဒါနပြုတယ်လို့တောင် သူ့ကို သဘောထားခိုင်းနေပါသေးတယ်။

သူ မတားလိုက်နိုင်ခင်မှာဘဲ ဒီရာက သူ့ပန်းကန်တွင်းမှ မုန့်တွေကို သံတိုင်ကြားမှ လှယ်ထည့်ပြီးနေပါပြီ။ ဒီတော့လည်း မတတ်နိုင်ပါဘူး။ ဒီရာစိတ်ကျေနပ်အောင် စားပေးလိုက်ရပါတယ်။

မုန့်စားနေသော သူ့ကို ဒီရာက သံတိုင်တစ်ဖက်မှပြုံးပြီး ကြည့်နေတယ်။ တစ်ဝက်ကျိုးတော့ အခန်းထောင့်မြေပြင်မှာ တည်ထားတဲ့ သောက်ရေအိုးထဲက ရေတစ်ခွက် ခပ်သောက်ပြီး . . .

"အမေ . . . သက်သာရဲ့လား"

သူ့အမေးကြောင့် ချက်ချင်းလက်ငင်း ဒီရာ ကြောင်တောင်တောင်ဖြစ်သွားတယ်။ ပြီးမှ အားပါးတရပြုံးရင်း . . .

"ကျွန်တော် အဲဒါကိုပြောချင်လို့ စောင့်နေတာ ကိုတကောင်းရ။ အမေ တော်တော်သက်သာသွားပြီ။ ထူထူထောင်ထောင်ဖြစ်ရုံမဟုတ်



ဘူး၊ နောက်တစ်ရက် နှစ်ရက်ဆို လမ်းတောင် လျှောက်နိုင်တော့မယ် အစ်ကိုရ"

အမေ ကျန်းမာရေး ကောင်းလာမှုကို သားတစ်ယောက်အနေနဲ့ ပျော်ရွှင်ကြည်နူးနေတာကြည့်ပြီး တကောင်း ပီတိဖြစ်မိတယ်။ သူလည်းပဲ ဒီရာ့နည်းတူ ဝမ်းသာရပါတယ်။

"ကိုတကောင်းကို ကျွန်တော် ကျေးဇူးအများကြီးတင်ပါတယ်ဗျာ။ အမေ့ကို ကိုတကောင်း ကယ်လိုက်တာပါ။ အမေမွေးခဲ့တဲ့ သား၊ သမီးတွေ အားလုံးရဲ့ ကျေးဇူးရှင်ဟာ ကိုတကောင်းပါ"

သူ့အမေ နေပြန်ကောင်းလာတဲ့အတွက် ဒီရာကတော့ တကောင်းကို ကျေးဇူးတွေ အကြိမ်ကြိမ် တင်နေပါတယ်။

"အဲလောက်လည်း မဟုတ်ဘူးထင်တယ်ကွ။ ငါက မင်းအမေကို ကိုယ်တိုင်ဆေးကုပေးတာမှ မဟုတ်တာ။ ပျောက်ကင်းနိုင်တဲ့ ဆေးနည်း ပြောပြရုံလေးပဲ"

"အဲဒါကိုကပဲ ကယ်တင်ရှင်ပေါ့ . . . ကိုတကောင်းရယ်။ ကိုတကောင်းပြောပြတဲ့ ဆေးနည်းအတိုင်း ဖော်စပ်တိုက်ကျွေးလို့ အမေ အခုလို ပြန်ကျန်းမာလာတဲ့ဥစ္စာ"

သူ ငြင်းမနေတော့ပါဘူး၊ သံတိုင်ကို မှီပြီးပဲ ငြိမ်နေလိုက်တယ်။

"မှန်သောသစ္စာစကားပါ ကိုတကောင်း။ ကိုတကောင်း အခုလို အကျဉ်းကျခံနေရတာကို ကျွန်တော် နည်းနည်းမှမကြည့်ရက်ဘူး။ ကျွန်တော်ကိုယ်တိုင်ကလည်း ဘာမှမဟုတ်တော့ ကိုတကောင်း လွတ်မြောက်အောင် စွမ်းဆောင်မပေးနိုင်ဘူးပေါ့ဗျာ"

ထိုစကားကြားရတော့ ပြုံးမိတယ်။

"ခံရမယ့်ဝဋ်ကြွေး ပါလာတယ်လို့ပဲ သဘောထားပါတယ်ကွာ။ ဒီမှာ ငါတစ်ယောက်တည်း ရှိတာမှမဟုတ်ဘဲ။ ကျန်တဲ့အချုပ်သားတွေလည်း ရှိနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ ကိုတကောင်းက သူတို့လို လူသတ်လို့၊ ခိုးလို့၊ လုယက်လို့၊ သူများ သားမယားစော်ကားလို့ အချုပ်ကျခံရတာ မဟုတ်ဘူးလေ"

အခုလိုပြောတော့ တကောင်းမျက်လုံးတွင်းမှာ တစ်စုံတစ်ယောက်သော သူကို လှမ်းမြင်မိတယ်။ ထိပ်ထားလေး၊ သူ့ရဲ့နှလုံးသည်းပွတ်မှာ အရိုးစွဲအောင် ထင်ကျန်နေလိမ့်ဦးမယ် . . . ထိပ်ထားလေး။ မျက်လုံးတွင်းမှာ မျှော်ငေးမိတော့ ရင်ခွင်က တနုံ့နုံ့ခံစားရတယ်။

နာကျည်းတာ မဟုတ်ပါဘူး။ ဆွတ်ဆွတ်ပျံ့ပျံ့ လွမ်းမိတာပါ။ ယခုအချိန်ဆို ထိပ်ထားလေး ဘာလုပ်နေမှာပါလိမ့်။

"မာင့်အင်း . . . ငါကတော့ လုံးဝနားမလည်ဘူး"

သူ့စကားကြောင့် ဒီရာက စိတ်ပျက်လက်ပျက် ခေါင်းယမ်းတယ်။

"ဒီလောက်တောင်ပဲလားဗျာ"

ဒီရာ့ကိုတော့ ဆက်မပြောဖြစ်ပါဘူး။ ဒါပေမဲ့ စိတ်ထဲကတော့ တစ်ယောက်တည်း တိုးတိုးညည်းမိတယ်။

"ဒီထက်တောင် ပိုသေးတာပေါ့ . . . ညီလေးရယ်"

တအောင့်ကြာတော့ သူနားမှ ဒီရာထွက်သွားတယ်။ တစ်ယောက်တည်း ကျန်တော့မှ အချုပ်ခန်းသံတိုင်ကို မှီပြီး မနက်တိုင်း လုပ်နေကျ အလုပ်လေးကို စတင်လိုက်ပါတယ်။ စိတ်ရောကိုယ်ရော နှစ်မြှုပ်ပြီး ထိပ်ထားလေး ကျန်းမာစေသာစေကြောင်း ဆုတောင်းပေးတာပါ။

သူ့အာရုံမှာ ထိပ်ထားလေးရဲ့ ရုပ်ပုံလွှာက ပီပြင်လှပစွာ ပေါ်နေတယ်။ ထိုရုပ်ပုံလေးကို စိတ်ညွတ်ပြီး ဖြူဖြူစင်စင် ဆုတောင်းပေးလိုက်ပါတယ်။

"ထိပ်ထားလေး . . . ကျန်းမာ၊ ချမ်းသာပါစေ။ အန္တရာယ်ကင်းအေးရှင်းပါစေ"

ဆယ်မိနစ်လောက်ကြာအောင် နှစ်နှစ်မျောမျော ကိုင်းညွတ်ဆုတောင်းပေးလိုက်တာ . . .



ဒါဟာ သူတို့ လောကီနယ်ပယ်ရဲ့ တစ်ဖက်လူ၏ ချစ်ခြင်းမေတ္တာကို အချိန်ယူသိမ်းပိုက်ရာ နည်းလေးတစ်နည်းပေါ့။ လူရဲ့ မသိစိတ်ဟာ တန်ခိုးစွမ်းအား အလွန်ကြီးပါတယ်။ တချို့ Autosuggestion ပညာရှင် ပုဂ္ဂိုလ်တွေဆိုရင် စကြာဝဠာကြီးနဲ့တောင် ဆက်သွယ်နိုင်တယ်လို့ အယူရှိကြတယ်။

တစ်ဦးနဲ့တစ်ဦးလည်း မသိစိတ်ချင်း ဆက်သွယ်နိုင်ပါတယ်။ ယခု သူသုံးလိုက်တဲ့နည်းဟာ မသိစိတ်ချင်း ဆက်သွယ်တဲ့နည်းပေါ့။

မသိစိတ်မှတစ်ဆင့် သူ့ရဲ့ ချစ်ခြင်းမေတ္တာတွေ ထိပ်ထားလေးကိုယ်တွင်း ပျံ့နှံ့စိမ့်ဝင်သွားလိမ့်မယ်လို့ ယုံကြည်နေတယ်။

အကယ်၍ ဟိုးအတိတ်ဘဝ အဆက်ဆက်မှာသာ သူနဲ့ထိပ်ထားလေး ရန်ငြိုးကြီးကြီးမားမား မရှိခဲ့ဘူးဆိုရင် အခုနည်းက အဆင်ပြေမှာပါ။ မပြေလည်း ကိစ္စမရှိပါဘူး။ သူ့ရည်ရွယ်ချက်က ထိပ်ထားလေးရဲ့ ချစ်ခြင်းမေတ္တာကို သိမ်းပိုက်ဖို့မှ မဟုတ်တာလေ။

မျက်လုံးဖွင့်ပြီးတော့ အချုပ်ခန်းလေးရဲ့ ထောင့်တစ်နေရာကို တရွေ့ရွေ့ချင်း တိုးသွားလိုက်တယ်။ သူတို့အချုပ်သားတွေအတွက် နှစ်ယောက်တစ်အိုးစနစ်နဲ့ သောက်ရေအိုးလေးတစ်အိုး မြေမှာ တည်ပေးထားတယ်။

မြေအိုး မည်းမည်းလေးပါ။ ဘယ်တော့မှ ရေက အပြည့်ဖြည့်ထားပေးတယ်မရှိဘူး။ နှစ်ခန်းတစ်အိုး စနစ်ဆိုပေမဲ့ လောလောဆယ်တော့ သူတစ်ယောက်တည်းပဲ သောက်ရတာပါ။ ဟိုဘက်ခန်းမှာ လောလောဆယ် အချုပ်သမားမရှိဘူးလေ။ အခန်းလွတ်သက်သက်။

မြေအိုးလေးထဲက ရေတစ်ခွက်ခပ်ပြီး အိုးလေး အောက်ခြေမြေပြင်ကို တစ်စက်ချင်း လောင်းချလိုက်တယ်။ ပြီးတော့ နောက်တစ်ခွက် . . .

အိုးလေး အောက်ခြေမြေပြင်က ခဏချင်း စိုစွတ်သွားပါတယ်။ မြေဖာခဲတွေပေါ်မှာ ရေတွေပေကျံကုန်တယ်။ မကြာပါဘူး။ ထိုသောက်ရေတွေက မြေကြီးထဲကို တစိမ့်စိမ့် ဝင်သွားလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com

စိမ့်ဝင်သွားတဲ့ ရေမှုန်လေးတွေကို ကြည့်ပြီးလည်း နှလုံးသွင်း ဆင်ခြင်မိတယ်။

"အကျွန့်မေတ္တာဟာ ဖြူစင်ပါတယ်နော်"

ဘာကြောင့်မှန်းမသိပါဘူး၊ သူတို့ အချုပ်ခန်းကြီးတစ်ခုလုံး အိမ်မြှောင်စုတ်ထိုးသံတွေ ဆူညံကုန်ရဲ့ . . .

• • •

"ဒီဇာတာကို ကြည့်စမ်းသား၊ ရာဟုက လဂ်ကနေ ၁၀ တန့်၊ စန်းကနေ ၁၂တန့်မှာ တည်နေရတယ်။ ၁၂ တန့်ရဲ့သဘောက ဘာလဲ သား"

သူ သွက်သွက်လက်လက်ပဲ ပြန်ဖြေလိုက်တယ်။

"ပျက်စီးဆုံးရှုံးခြင်း၊ အကျဉ်းအချုပ်နှောင်ခံရခြင်းနဲ့ ပတ်သက်ပါတယ် . . . အဖေ"

အဖေက ခေါင်းကို တစ်ချက်ညိတ်ပြီး . . .

"ဟုတ်တယ် . . . သား။ ဒီအသက်အရွယ်မှာ ကိုယ့်ကိုယ်ကိုယ် သေချာဂရုစိုက်"

"ဘာဖြစ်လို့လဲ အဖေ"

"ဒါ . . . မင်းရဲ့ ဇာတာဖြစ်နေလို့ပေါ့ . . . သားရယ်"

တစ်ချိန်က အဖေပြောခဲ့သော စကားတို့ကို ကြားယောင်ရင်း မြေမှာချတွက်ထားတဲ့ ကိုယ့်ဇာတာ ကိုယ်ပြန်ကြည့်မိတယ်။ ဟုတ်ပါတယ် . .. အဖေကိုယ်တိုင်ဖွဲ့ပေးသွားတဲ့ ဇာတာကတော့ တစ်သက်တာ ပတ်လုံး ပြောင်းလဲမှုမရှိပါဘူး။

သူ့ဇာတာက ရာဟုသည် လဂ်ကနေ ၁၀ တန့်၊ စန်းကနေ ၁၂ တန့်မှာ တည်ထားပါတယ်။ အသက်အရွယ်ဟာလည်း ယခု ရောက်ရှိနေတဲ့ အသက်အရွယ်ပါပဲ။ ဝမ်းနည်းစရာ မဟုတ်ပါဘူး။ ကြိုတင်



ပြင်ဆင်ပြီးသားမို့ တုန်လှုပ်စရာလည်း မရှိဘူး။ ဘယ်သူ့ကိုမှ အပြစ်တင်စရာလည်း မလိုပါဘူး။

မွေးကတည်းက ဒီအသက်အရွယ်မှာ ဒါဖြစ်ရမယ်လို့ ပါပြီးသားပါ။ မြေကြီးမှာ ကိုယ့်ဇာတာ ကိုယ်ပြန်ရေးပြီး ဂြိုလ်ဝင်ဂြိုလ်ထွက်တွေကို တစ်ခုချင်း စမ်းစစ်နေမိတယ်။ ထိုခဏမှာပဲ . . .

'ဝုန်း'ခနဲ အသံကြီးနဲ့အတူ သူတို့အချုပ်တိုက် ပင်မတံခါးကြီး ပွင့်သွားပါတယ်။ ပြီးတော့ ဆူဆူညံညံနဲ့ လူတချို့ဝင်လာတယ်။ ပြင်ပမှ အလင်းရောင်တွေ ဖျန်းခနဲ ဝင်ရောက်လာတာမို့ အတွင်းမှ အချုပ်သားတွေ အကုန်လုံး ခေါင်းထောင်သွားကြတယ်။

ကြည့်နေစဉ်မှာပဲ လျှောက်လမ်းပေါ် လူသုံးယောက်ရောက်လာပါတယ်။

လက်ပြန်ကြိုးတုပ်ပြီး ခြေထောက်မှာ သံခြေချင်းတွေနဲ့ပါ။ နောက်မှာက အစောင့်အကြပ် အာဏာပါးကွက်သားတွေ ပါလာတယ်။ ထိုသူတွေကိုမြင်တော့ အတွင်းမှ အချုပ်သားတွေ ဝမ်းသာအားရ ထအော်ကြလေရဲ့။

"ဟေး . . . ဝေး . . . ဝေး . . ."

တချို့လည်း လက်ခုပ်လက်ဝါးတွေတီးပြီး ခုန်ပေါက်ကြတယ်။

"ဟေး . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ငါတို့အတွက် အဖော်သစ်တွေ ထပ်ရောက်လာပြီဟေ့ . . . အဖော်သစ်တွေကွ . . . ဟေး . . ."

"ကြိုဆိုတယ်ဟေ့ . . ."

"ပျော်ရွှင်စရာနေ့ပါကွာ"

လက်ပြန်ကြိုးတုပ်ပြီး ပါလာတဲ့ လူသုံးယောက်ကိုကြည့်ပြီး ပျော်သူပျော်ကြ၊ အားပေးသူ လှောင်ပြောင်သူတို့နဲ့ အချုပ်ခန်းကြီးတစ်ခုလုံး ဝက်ဝက်ကွဲသွားပါတယ်။

ပါးကွက်သားတွေကလည်း အာဏာပြလို့ရတုန်းလေး ခေါ်လာ



www.burmeseclassic.com

တဲ့ လူသုံးယောက်ကို နောက်မှ တဖုန်းဖုန်း ဆောင့်ကန်နေကြတယ်။

"ဘာအမှုလဲဗျို့ . . . ဘာအမှုနဲ့ အဖမ်းခံရတာလဲ"

"ဟုတ်တယ် . . . သူတို့တွေ ဘာအမှုနဲ့ အဖမ်းခံရတာလဲ ကျုပ်တို့ သိချင်တယ်"

ပါးကွက်သားကြီးတစ်ယောက်က အချုပ်တိုက်ကြီးတစ်ခုလုံး ကြားအောင် အော်ပြောတော့ . . .

"ခိုးမှုဗျို့ . . . ။ ဒီသုံးယောက်လုံး သူများပစ္စည်းခိုးလို့ အဖမ်းခံရတာ။ ဒီကောင်တွေ သူခိုးတွေ . . ."

ပိုမိုဆူညံသွားသလားပဲ။ ကြိုဆိုနှုတ်ဆက်ပုံက ချက်ချင်းလက်ငင်း ပြောင်းလဲသွားပါတယ်။

"အမျိုးယုတ်တွေကွ . . . ထွီ"

လျှောက်လှမ်းတစ်လျှောက် ဖမ်းလာသူသုံးယောက်ကို တံတွေးနဲ့ ဝိုင်းထွေးကြတယ်။

"သူခိုးတွေ . . . သူများပစ္စည်းခိုးတဲ့ အောက်တန်းစားကောင်တွေ . . . ထွီ . . ."

"ထွီ . . ."

" × × × . . . "

တချို့ကလည်း အတွင်းကနေ ရေနဲ့လှမ်းပက်ကြတယ်။ မြေကြီးဆုပ်နဲ့ ပေါက်သူရော၊ အဝတ်စုတ်နဲ့ ပေါက်သူရော၊ ဟင်းကျန် ထမင်းကျန်နဲ့ ဝိုင်းပက်သူတွေရော စုံလို့ . . .

ခိုးသားသုံးယောက်ခမျာ ဘာမှ မတုံ့ပြန်နိုင်ရှာဘူး။ ခေါင်းကိုငုံ့ရင်း အခန်းတွင်းက အချုပ်သားတွေ ပြုသမျှခံရင်း သူတို့နေရမဲ့ အချုပ်ခန်းရောက်အောင် ယိုင်ယိုင်ထိုးထိုး သွားနေရတယ်။

တကောင်းကတော့ ဖြစ်ပျက်နေတဲ့ အခြင်းအရာတွေကို ကြည့်ပြီး ခေါင်းယမ်းမိတယ်။ မြင်တွေ့နေကျ အရာတွေဖြစ်လေတော့ မထူးဆန်းတော့ပါဘူး။



မြေကြီးမှာ တစ်တုတ်ချောင်းနဲ့ ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေလိုက်တယ်။

"ကျုပ်နဲ့ ကပ်လျက်အခန်းမှာ ထားပါဗျ။ ဒီကောင်တွေကို ကျုပ်ဆုံးမချင်လို့"

ဝမ်းခေါင်းသံနဲ့ အော်ကာပြောသော အသံကြီးနောက်မှာ . . .

"ဟုတ်တယ်ဗျို့ . . . ဟုတ်တယ်။ ဒီကောင်တွေကို ညိုကြီးအခန်းဘေးမှာ ထားပါဗျို့။ ခင်ဗျားတို့အစား ညိုကြီး ဆုံးမပေးလိမ့်မယ်"

ဝိုင်းအော်ကြသော အသံတွေ တစ်ခဲနက်ထွက်လာတော့ . . .

တကောင်း သိပါတယ်။ ညိုကြီးဆိုတာ လူနှစ်ကိုယ်စာလောက်ရှိသော လူဘီလူးကြီးပါ။ ဘာမှမဆိုင်ဘဲ သူ့ကို အချုပ်သားတွေအားလုံးလိုလိုက ကြောက်ကြတယ်။ ဒါကိုလည်း ထိုလူဘီလူးကြီးက ဂုဏ်ယူတတ်တဲ့ သဘောသဘာဝ ရှိပါတယ်။

ယခုလည်း ဖမ်းလာတဲ့ လူသုံးယောက်ကို သူနဲ့ကပ်လျက်အခန်းမှာ ထားခိုင်းပုံပေါက်ရင် သွေးဆာနေတယ် ထင်ရဲ့ . . .

ဒါပေမဲ့ အမှုထမ်းတွေက သဘောပေါက်ဟန် မထားပါဘူး။ တစ်အောင့်ကြာတော့ အမှုထမ်းတွေ ပြန်ထွက်သွားတယ်။

တစ်ခဏတော့ ဆူညံနေသေးရဲ့။ နောက်တော့ မကြာပါဘူး။ ဆူကုန်တော့ အသီးသီး ရပ်သွားကြပါတာပါပဲ။ ဒီတော့မှ သူ့အလုပ်သူ စိတ်အေးလက်အေး ဆက်လုပ်လို့ရတယ်။

"ဘာတွေတွက်နေတာလဲ . . . ကိုတကောင်းရ"

သော့တွဲအကြီးကြီးတစ်ခုကို ကိုင်ရင်း ဒီရာ အနားကိုရောက်လာလို့ . . .

"သြော် . . . မဟုတ်ပါဘူး ကိုယ့်ဇာတာ ကိုယ်ပြန်စစ်ကြည့်နေတာပါကွာ။ မင်းကရော ဘယ်လဲ"

"အသစ်ရောက်လာတဲ့ လူတွေအတွက် သော့ခတ်ရေသွားထည့်ဆေးမလို့"



www.burmeseclassic.com

www.burmeseclassic.com

သူခေါင်းညိတ်ပြတော့ . . .

"ဘာလဲဗျ . . . ကိုယ့်ဇာတာ ကိုယ်ပြန်ကြည့်ပြီး ဘာလို့အချုပ်ကျရတယ်ဆိုတာကို အဖြေထုတ်နေတာလား"

"အဖြေထုတ်စရာ မလိုပါဘူးကွာ။ ဒီအသက်အရွယ်မှာ အချုပ်ကျမယ်ဆိုတာ အရင်ကတည်းက ပါပြီးသားပဲ။ ပြီးတော့ နောက်တစ်ခု ရှိသေးတယ်"

"ဘာလဲဗျ . . . "

စိတ်ဝင်စားသလို သံတိုင်နား တိုးကပ်လာတော့ . . .

"ငါ ဒီထဲကို နောက်တစ်ခေါက် ပြန်လာရဦးမှာ"

"ဗျာ . . ."



စကားမဆက်တော့ပါဘူး။ ထိုင်ရာကထပြီး လက်ထဲက တုတ်ချောင်းနဲ့ ချေးအလိမ်းလိမ်းစွဲနေသော နံရံမှာ ခပ်နက်နက် ရေးလိုက်တယ်။

"ငါ နောက်တစ်ခေါက် ပြန်လာရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

(a)

နေပူထားတယ်ဆိုပေမဲ့ တကယ့်တကယ် မိုးရွာတော့ အုံ့နဲ့ကျင်းနဲ့ပါ။ ပြာလွင်ကြည်စင်နေတဲ့ ကောင်းကင်က ချက်ချင်းပဲ မိုးသားတိမ်လိပ်တွေ တက်လာပြီး အုံ့မှိုင်းလာတယ်။ ပြီးတော့ ဆိုင်းမဆင့် ဗုံမဆင့် မိုးသီးတွေ ကြွေကျလာပါတယ်။

သူတို့ တန်ဆောင်းရှေ့လမ်းမပေါ်မှာ လူတွေရှင်းလင်းပြီး အမိုးအကာအောက်ကို ရောက်ကုန်တယ်။ သူ့ဟောခန်းလေးတွင်မှာတော့ မင်းခစားအမတ်ကြီး မရှိတော့ပါဘူး။ နေမကုန်ခင် ပျောက်သွားတဲ့ လည်ဆွဲ တွေ့အောင်ရှာရမှာမို့ မိုးရွာထဲပဲ ခေါင်းပေါ်လက်အုပ်ပြီး ခပ်သွက်သွက် ထွက်သွားလေရဲ့။

ဒါပေမဲ့ သူတစ်ယောက်တည်းလည်း မဟုတ်လေဘူး။ ဦးတိုက်စိုးကြီးပါ လာရောက်မိုးခိုနေပါတယ်။ ရွာနေသော မိုးကိုကြည့်ပြီးလည်း တောက်တခေါက်ခေါက် မြည်တွန်နေတယ်။

"တော်တော်နှောင့်ယှက်တဲ့ မိုးကွာ။ ငါ ဘယ်လိုလုပ် ပိုက်ဆံတောင်းလို့ ရတော့မှာလဲ"



ပြီး လက်မောင်းနဲ့ ခြေသလုံးတွေကို တဗျင်းဗျင်းကုတ်ကာ . .

"ဆေးမရှိတော့ဘူးလားကွာ . . . ပြန်ယားလာပြန်ပြီ"

ဒီတစ်ခါတော့ သူလည်း မတတ်နိုင်တော့ပါဘူး။ ဆေးက တကယ်ပင် ကုန်သွားပါပြီ။ ခေါင်းယမ်းပြတော့ . . .

"ဆေးမကုတတ်တာ နာတယ်ကွာ။ မဟုတ်ရင် ငါကိုယ့်ငါ ပြန်ကုလို့ရတယ်။ အေးဆေးပဲ . . ."

ဆေးမရှိလည်း ဘာအရေးလဲဟူသည့်သဘောနဲ့ သူ့ကို ခပ်ငေါ့ငေါ့ပြောတာပါ။ ဦးတိုက်စိုးကြီးရဲ့ ချစ်စဖွယ်ဟန်အမူအရာကို ကြည့်ပြီး တကောင်း ပြုံးမိတယ်။ ဘာမှတော့ ပြန်မပြောမိပါဘူး။ အပြင်မှာရွာနေတဲ့မိုးကတော့ သဲကြီးမဲကြီးပါ။

တအောင့်ကြာတော့ ဦးတိုက်စိုးကြီးက အပြင်တစ်နေရာကို ကြည့်ပြီး 'တခွီးခွီး' ထရယ်ပါတယ်။ အူလှိုက်သည်းလှိုက် ရယ်တာမို့ သူပင် စိတ်ဝင်စားသွားရတယ်။ ရယ်ရင်းနဲ့ ဦးတိုက်စိုးကြီးက အပြင်ကို လက်ညှိုးထိုးကာ . . .

"ခွီး ခွီး . . . ကြွက်စုတ်ကွ . . . ကြွက်စုတ် . . . ဟား . . ဟား . . ."

တကောင်းလည်း ကြောင်တောင်တောင်နဲ့ လက်ညှိုးထိုးရာကို လိုက်ကြည့်တော့ . . .

"ဟိုမှာ . . . ကြွက်စုတ်ပြန်လာပြီဟေ့ . . . ခွီး ခွီး . . ."

တွေ့ပါပြီ။ ခမောက်ကြီးတစ်ချပ်ကို ဆောင်းရင်း သူတို့ရှိရာသို့ အပြေးလာနေသူ ကံစီပါ။

အတွင်းကိုရောက်တော့ ကံစီက ခမောက်ကြီးကို ချွတ်ပါတယ်။ ဦးခေါင်းကလွဲပြီး ကံစီတစ်ကိုယ်လုံး ရွှဲရွှဲစိုနေရဲ့။ ကံစီပုံစံကိုကြည့်ပြီး ဦးတိုက်စိုးကြီးမှာ ရယ်လို့မဆုံးပါဘူး။ ပြီးတော့ ကလေးဆိုးကြီးလို သူ့ကိုယ်ပေါ်ကအဝတ်တွေ ရေမစိုကြောင်း ကံစီမြင်အောင်ပြပါတယ်။

ကံစီက အဝတ်မှရေတွေကို ဆိုင်ဝမှာ ညှစ်ချပြီး သူ့ဘက်ကို



www.burmeseclassic.com

www.burmeseclassic.com

လှည့်ကာ . . .

"တကောင်း . . . ဟိုလူကြီး ပြန်သွားပြီလား"

ကံစီရဲ့ ဟိုလူကြီးဆိုတာကို သူနားလည်ပါတယ်။ မကြာခင် ကပြန်သွားတဲ့ မင်းခစားလူကြီးကို ပြောတာပါ။

"ပြန်သွားပြီလေ"

"မိုးမရွာခင်ကလား"

"မဟုတ်ဘူး။ မိုးရွာထဲပဲ ပြန်သွားတာ"

စကားမဆုံးခင် ကံစီက သူ့ဘေးမှာဝင်ထိုင်တယ်။ ပြီးတော့ ..

"မင်းကိုတော့ တော်တော်ဖြူသွားမယ်နော်"

"ဘာဖြစ်လို့လဲ . . ."

ကံစီက 'ဟက်'ခနဲ တစ်ချက်ရယ်ရင်း။

"မင်း . . . မိုးရွာတော့မယ်လို့ ပြောတော့ သူ့မျက်နှာမဲ့သွားတာ ငါမြင်လိုက်တယ်ကွ။ အပြင်မှာ နေတွေပူနေလို့ မင်းစကားမဖြစ်နိုင်ဘူးပေါ့ကွာ။ အခုတော့ သူလက်တွေ့ခံစားသွားရပြီ"

နှုတ်ခမ်းတွန့်ကွေးယုံသာ တကောင်း ပြုံးမိလိုက်ပါတယ်။ ထိုလူကြီး မဲ့ပြုံးပြုံးသွားတာကို သူလည်း မြင်လိုက်ပါရဲ့။ လက်မခံနိုင်သလို ပြောသော စကားတိုးတိုးကိုလည်း သူကြားလိုက်ပါရဲ့။ တစ်ယောက် တည်းပြုံးနေသော သူ့ကိုကြည့်ပြီး ကံစီက . . .

"နေစမ်းပါဦးကွာ . . . ဒီလောက်နေပြင်းပြင်း ပူနေတာကနေ ဖြုန်းစားကြီး မိုးရွာမယ်လို့ မင်းဘယ်လိုလုပ်ပြီး သိလိုက်တာလဲ"

ဒီတစ်ခါတော့ 'ဟက်' ခနဲရယ်သူမှာ သူကိုယ်တိုင်ဖြစ်လို့သွား ပါပြီ။ ကံစီကိုငဲ့ကြည့်တော့ သူ့စကားကို ငံ့လင့်နေတာမို့ . . .

"ဒီစောင်းကြိုးလေးတွေ လျော့နေတာကိုကြည့်ပြီး ခန့်မှန်းမိ တာပါ"

စားပွဲပေါ်တင်ထားတဲ့ စောင်းအိုလေးရဲ့ လက်ခတ်ကြိုးတွေကို ထိလိုက်ရင်း ပြောတော့ . . .



"ဟေ . . . စောင်းကြိုးလျော့ရင်း မိုးရွာတယ်လား"

"အတိအကျကြီးတော့ မဟုတ်ဘူးပေါ့ကွာ။ ငါက အသင့်တီး လို့ရအောင် ကြိုးတွေကို တင်းထားတာလေ။ ဒါပေမဲ့ အလိုလိုနေရင်း ကြိုးတွေက လျော့နေတယ်။ ပြီးတော့ ဦးတိုက်စိုးကြီး ယားနာထလာ တာကို မင်းသတိထားမိလား"

"ဟေ . . ."

ကံစီအသံနဲ့အတူ ဦးတိုက်စိုးကြီးကပါ 'ဟေ' ဟု အသံပြုရင်း ဆိုင်ပေါက်ဝက လှည့်ကြည့်တယ် . . .

"အကြမ်းအားဖြင့်ပေါ့ကွာ . . . တင်းနေတဲ့ တူရိယာကြိုးတွေ သူ့အာသာသူ လျော့လာတာတို့၊ ယားနာ၊ ပွေးနာ၊ ဒူလာရှိတဲ့လူတွေ အလိုလို ယားလာတာတို့၊ တွင်းအောင်းပုရွက်ဆိတ်တွေ အုံဖွဲ့ပြီး တွင်းပြင် ထွက်လာတာတို့၊ ပြီးတော့ ပလူကောင်တွေ တောင်ပို့ကနေ တစ်ခဲနက် ပျံထွက်လာကြရင်၊ အနာကြီးရောဂါရှိတဲ့လူတွေ အနာက ထူအမ်းပြီး အရည်ရွှဲရွှဲ အစိုပြန်လာရင်၊ ကျွဲနွားတွေ တစ်စုတစ်ဝေးထဲ ရပ်ပြီး ကျော ခိုင်းနေရင်၊ နောက်ဆုံး ကြက်၊ ဘဲ၊ ငန်းတွေ ညရေးညအခါ ဆူဆူညံညံ ထအော်ကြရင် အဲဒါမကြာခင် မိုးရွာတော့မယ်ဆိုတဲ့ နိမိတ်ပဲ"

"ဩော် . . ."

ကံစီ တအံ့တဩ ရေရွတ်ရင်း ငြိမ်သွားပါတယ်။ တအောင့် ကြာတော့ ရွာနေသောမိုးမှာ တဖြည်းဖြည်း စဲသွားတယ်။ လုံးဝတိတ် သွားတာတော့ မဟုတ်သေးဘူး။

အချိန်ကိုကြည့်တော့ တော်တော်လင့်နေပါပြီ။ ပြန်ဖို့အချိန် တောင် ကျော်လွန်နေပြီ။ ဒီတော့ သူနဲ့ကံစီ နှစ်ယောက်ပြန်ရန် ပြင်ကြ တယ်။ ဆိုင်တံခါးပိတ်ပြီး ဦးတိုက်စိုးကြီးကို ထမင်းဖိုး ပိုက်ဆံပေးတော့..

"ဟာ . . . ဟ . . . တယ် သဒ္ဒါတရားရှိတဲ့ တကောင်းပါ လား။ မင်းကျေးဇူး မမေ့ပါဘူးကွ။ ငါဘုရင်ဖြစ်ရင် ပြန်ဆပ်ပါ့မယ်"

ကံစီက ရယ်တယ်။ သူကတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဦးတိုက်စိုးဘုရင်ဖြစ်ရင် ကျွန်တော့်ကို အမတ်ခန့်နော်"

"ခန့်မှာပေါ့ကွ . . . ဟော့ကောင်ရ၊ မင်းက မိုးရွာမှာတောင် ကြိုသိတဲ့ကောင်ပဲ။ မင်းကို ပညာရှိအမတ်ခန့်မယ် . . . ဟား . . . ဟား"

သုံးယောက်သား ဟက်ဟက်ပက်ပက်ရယ်မိကြတယ်။ ဦးတိုက်စိုးက တစ်ခါတစ်ရံမှာ ကလေးတစ်ယောက်လိုပဲ အရမ်းဖြူစင်ပါတယ်။ ခင်ဖို့လည်း ကောင်းတယ်။ သူတို့ပြန်ခဲ့ပေမဲ့ ဦးတိုက်စိုးကတော့ မပြန်သေးပါဘူး။

"ငါ့အနာတွေ ယားနေတုန်းပဲကွ . . . မိုးထပ်ရွာရင် ရွာမှာ။ ငါ့မှာ အဝတ်အစားအပိုမရှိဘူး။ ဒီမှာပဲ မိုးခိုလိုက်ဦးမယ်"

ဘုရားစောင်းတန်းဝမှာ ဦးတိုက်စိုး ကျန်ရစ်နေခဲ့ပါတယ်။ သူနဲ့ ကံစီကတော့ ထုံးစံအတိုင်း စားနေကျ ဆင်ခြေဖုံးခေါက်ဆွဲဆိုင်လေးရှိရာဆီ ထွက်ခဲ့တယ်။

မိုးစက်တွေကတော့ တစ်ဖွဲဖွဲနှစ်ဖွဲ ကျနေတုန်းပဲ။ ခုန သည်းထန်စွာ ရွာသွန်းခဲ့တဲ့ မိုးရေတွေကြောင့် လမ်းဘေးရေမြောင်းလေးတွေမှာ ပြည့်လျှံကာနေတယ်။ အမှိုက်နဲ့ အမှုန်အမွှားတွေလည်း မြေနိမ့်ရာဘက်ကို ပေါ်လောမျောနေကြတယ်။

လျှောက်လာကြရင်း သစ်ပင်ကြီးတစ်ပင်အောက်ကို ရောက်တော့ တကောင်းခြေလှမ်းတွေ ရပ်သွားမိတယ်။ မနက် သူလာခဲ့တုန်းက ဒီသစ်ပင်ကြီးရဲ့ ကိုယ်ထည်ဟာ ပြောင်ရှင်းလျက်ပါ။ ယခု ထိုအတိုင်း မဟုတ်တော့ဘူး။ သစ်ပင်ကြီးရဲ့ကိုယ်ထည်မှာ ကြေငြာချက်တစ်ရပ်ထုတ်ပြန်ထားတာ တွေ့ရတယ်။

မိုးလေတွေတိုက်ခတ်ထားပေမဲ့ အသေအချာ ရိုက်နှိပ်ထားတာကြောင့် မပျက်မယွင်းဘူး။



ဝေသာလပြည့်ရှင် မင်းတရားကြီး၏ နှစ်နှစ်ဆယ်ကျော် ပျောက်ဆုံးနေသော သမီးတော်နဝသီဂီအား နာဂရတိုင်းမှ ပြန်ရှာတွေ့ခဲ့ပါပြီ။

နက်ဖြန်နံနက် မင်္ဂလာအချိန်၌ သမီးတော်နဝသီဂီ ကိုယ်တိုင် ရံရွှေတော်အပေါင်းခြံရံလျက် အရှေ့တံခါးမှ ကြွချီတော်မူမည်။

ဝေသာလတိုင်းသူ/ပြည်သားများအားလုံး ထွက်ရောက် ကြိုဆိုဖူးမြော်ရမည်။

အမိန့်တော်



www.burmeseclassic.com

www.burmeseclassic.com

## (၆)

"တကောင်း . . . ဘာရေးထားတာလဲကွ"

ကံစီကမေးတော့ ပြဋ္ဌာန်းထားတဲ့ အမိန့်စာကို အစမှအဆုံး ပြန်ဖတ်ပြလိုက်တယ်။ အမိန့်စာဆုံးတော့ . . .

"ဒါဆို . . . မနက်ဖြန် အရှေ့တံခါးမှာ သွားကြိုရမှာပေါ့ "

ခေါင်းသာ ညိတ်ပြလိုက်ပါတယ်။ မကြိုလို့မရပါဘူး။ အမိန့်တော်ထုတ်ထားတာမို့ မလွန်ဆန်ဝံ့ဘူး။ သူတို့ရဲ့ ရေမြေ့အရှင်သမီးတော်ဖြစ်နေတာကြောင့် မသွားမဖြစ်သွားရမယ်။

ဒါပေမဲ့ အမိန့်စာဖတ်ပြီး စိတ်ထဲမှာ အတွေးတစ်ခုရောက်မိတယ်။ နှစ်နှစ်ဆယ်ကျော်အောင် ပျောက်ဆုံးနေတာဆိုတော့ ဘယ်လိုများ ဖြစ်လို့ပါလိမ့်။ ပြီးတော့ သူတို့ ဝေသာလပြည်ထဲက ပြန်ရှာတွေ့တာမဟုတ်ဘူး။ 'နာဂရ' တိုင်းကတဲ့။ ဘယ်လိုဖြစ်လို့များ ဘုန်းရှင်ကံရှင်ဘုရင့်သမီးတော်က ပျောက်ဆုံးသွားရတာလဲ။

ဤမျှလောက် နှစ်တွေအကြာကြီးကြာမှ ပြန်ရှာတွေ့ရတာလဲ။ သူ့လို ကျောက်ခင်းလမ်းပေါ်က လူတစ်ယောက်အနေနဲ့ နဝရတ်ကိုးသွယ်စီရင်သော လမ်းသူလမ်းသားတွေနဲ့ ကိုယ်ရေးကိုယ်တာကို တွေးမပေါက်တာတော့ အမှန်ပါ။



နောက်ဆုံးတော့ သမီးတော်နဝသီဂီ ပျောက်ချင်လို့ပျောက်ပြီး ရှာတွေ့ချင်လို့ တွေ့တာလို့ပဲ သဘောပိုက်လိုက်ပါတယ်။

ဒီလိုတွေးရင်းငေးရင်း သူတို့နှစ်ယောက် စားနေကျ ခေါက်ဆွဲဆိုင်သို့ ရောက်လာခဲ့တယ်။ ဆိုင်ဝမှာလည်း ခုနလို အမိန့်စာတစ်စောင် ကပ်ထားပါသေးတယ်။ ဆိုင်တွင်းဝင်ကာ သူတို့နှစ်ဦး ခေါက်ဆွဲတစ်ယောက်တစ်ပွဲစီ မှာစားလိုက်တယ်။

ဆိုင်က လူဝင်နည်းပါတယ်။ သူတို့လို ဆင်ခြေဖုံးသားတွေသာ အလာများတဲ့ဆိုင်မို့ ခမ်းခမ်းနားနားမရှိဘူး။ လက်ရာလည်း ကောင်းကောင်းမွန်မွန် မရှိပါဘူး။ ဒါပေမဲ့ ကိုယ့်အတိုင်းအတာနဲ့ ကိုယ်တော့ ဒီဆိုင်က အကောင်းဆုံး စာရင်းဝင်ထားပါတယ်။

စားသောက်ပြီးတော့ အိမ်မှာကျန်ခဲ့တဲ့ အမေ့အတွက် ခေါက်ဆွဲတစ်ထုပ် ထပ်ဝယ်လိုက်တယ်။ ပြီးတော့ သူနဲ့ကံစီ ဆိုင်ဝမှာပင် လမ်းခွဲလိုက်ပါတယ်။

မနက်ဖြန် အရှေ့တံခါးသွားဖို့ အရေးကိုတော့ လမ်းမခွဲခင် တိုင်ပင်သတ်မှတ်လိုက်ကြတယ်။

ရေမြေ့အရှင်ရဲ့ သမီးတော်ဆိုလေတော့ လေးစားရမှာပေါ့။ အမိန့်တော်အတိုင်း မလွဲမသေ လိုက်နာကျင့်သုံးရမှာပေါ့။

ပျက်ကွက်ခွင့် မရှိပါဘူး။

ရေမြေ့ရှင်ဆိုတာ လိုက်မမီသော ဘဝဘဝရဲ့ဘုန်းကံတွေနဲ့ပါ။

• • •

သူတို့ရဲ့ ဝေသာလပြည်ကြီးမှာ အကြားအမြင်ဟောသူတွေ၊ ဗေဒင်ဖတ်ပေဒင်တွက်သူတွေ၊ ဓာတ်ဆရာ၊ နတ်ဆရာတွေ၊ ပုဏ္ဏားတော်တွေ တော်တော်စုံပါတယ်။ ထိုအထဲကမှ သူဟာ မထင်မရှား လူတစ်ယောက်ပေါ့။ ဘုရားစောင်းတန်းမှာ ဆိုင်ခန်းလေးတစ်ခုပြုပြီး ရှေ့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ဟောသူအဖြစ် ကျားကုတ်ကျားခဲ ရပ်တည်နေရသူဆိုရင်လည်း မမှားပါဘူး။

ယဉ်ကျေးမှု မကောင်းမွန်သေးတဲ့ ကာလဆိုတော့ ဒီအတတ်ပညာက လူတွေကြားမှာ အစဉ်သဖြင့် ပေါက်ရောက်နေတယ်။ လူတိုင်းလိုလိုလည်း ကိုယ့်အတိုင်းအတာနဲ့ ကိုယ်ယုံကြည် လက်ခံကြပါတယ်။

ဝါသနာပါ လေ့လာလိုက်စားသူတွေလည်း အများအပြားပဲ။ ဓေသာလပြည့်ရှင် မင်းတရားကြီးရဲ့ အပါးတော်မှာလည်း ထိုထိုသောပညာရှင်တွေ အများကြီးပါ။

ပညာရှင်တွေနဲ့ စုဝေးတိုင်ပင်ပြီးတော့ပဲ တိုင်းရေးပြည်ရေးကို ရှင်ဘုရင်က ဆုံးဖြတ်တယ်။ ရှင်ဘုရင်တစ်ပါး ဘုန်းကံတောက်ပြီဆို ထိုဘုန်းကံနဲ့ ညီမျှတဲ့ ပညာရှိအမတ် ပေါ်ပေးရတယ်။ ဒါဟာ လောကကြီးရဲ့ ဓမ္မတာပါ။ လူမင်းဘုန်းကြီး နတ်မင်းမနေသာဆိုတဲ့ သဘောပေါ့။

ပဒေသရာဇ်ဘုရင်တွေ အားလုံးမှာ ဘုန်းကံတောက်သော မင်းလက်ထက်တိုင်း ဖြစ်ပေါ်နေကျ အစဉ်အလာဆိုလည်း မမှားပါဘူး။ ယခုသူတို့ရဲ့ ရေမြေ့ရှင်ဆီမှာလည်း ပညာရှိများတယ်လို့ ကြားပါတယ်။ သူကတော့ ကျောက်ခင်းလမ်းပေါ်က ချွတ်တစ်ကောင်ပေါ့။

မျိုးနွယ်နိမ့်သူဖြစ်လေတော့ သူရဲ့အရည်အချင်းက ရွှေနားတော်ရောက်ဖို့မပြောနဲ့ အနီးဝန်းကျင်တောင် တိုးမပေါက်ပါဘူး။

နေထိုင်ရာဒေသက နိမ့်ပါးလွန်းလှတယ်လေ။

• • •

သူတို့နေထိုင်ရာ ဆင်ခြေဖုံးလေးက ရွှေနန်းတော်ရဲ့ တောင်ဘက်စွန်းစွန်းမှာရှိပါတယ်။ ဒီနေရာ ဒီဒေသမှာ ရွှေစလွယ်၊ ငွေစလွယ်တွေ မရှိပါဘူး။ မင်းမျိုးမင်းနွယ်နဲ့ တော်ဝင်သူတွေလည်း (လုံးဝ) နေထိုင်



ခြင်း မရှိဘူး။ တေလေတွေ၊ ဆိုးသွမ်းနိမ့်ပါးသူတွေနဲ့ ဆင်းရဲသားဆန်ဆန် အသိုက်အမြုံလေးပါ။

သူ့အိမ်ရှိရာ လမ်းလေးရဲ့ထောင့်ချိုးမှာ သူဆင်းရဲမတစ်ယောက် ကလေးနို့တိုက်နေတယ်။ ကပ်လျက်အိမ်ကလည်း ထမင်းရည်တွေ ငှဲ့ချထားလို့ စေးပျစ်ကြောင်းတစ်ခုက လမ်းပေါ်ကို ကန့်လန့်ဖြတ် စီးနေတယ်။

ယိုင်ထိုးနေတဲ့ တဲအိမ်လေးတွေ၊ ကန့်လန့်ဖြတ်တန်းထားတဲ့ အဝတ်ကြိုးတန်းတွေ၊ ဘယ်လိုလျော်လျော် အရောင်မထွက်တော့တဲ့ အဝတ်တွေနဲ့ ပေလူးညစ်ကျံနေတဲ့ နှာရည်တွဲကလေးငယ်တွေ။

ဒါတွေကိုမြင်ရုံနဲ့ ဒီအသိုက်အမြုံရဲ့ လူနေမှုအဆင့်အတန်းကို သိသာနိုင်ပါတယ်။

အမေ့အတွက် ခေါက်ဆွဲထုပ်လေးကိုဆွဲရင်း လျှောက်လာတော့ လမ်းဘေးကလေးတွေနဲ့ ခွေးလေခွေးလွင့်တွေက သွားရည်တမြမြ ကြည့်နေကြတယ်။

စိတ်မကောင်းပါဘူး။ အမေ့အတွက်ပေမို့ ပေးကမ်းလို့မဖြစ်နိုင်ဘူး။ သူ့မှာလည်း အပိုပါမလာဘူး။ မသိယောင်ပြုပြီးတော့ပဲ အိမ်ကိုရောက်အောင် လျှောက်လာလိုက်တယ်။

အိမ်ရှေ့ရောက်တော့ ခြံဝမှာ မျက်နှာစိမ်းနှစ်ယောက် ထိုင်နေတာ တွေ့ရတယ်။ သူ့ကိုမြင်တော့ ခပ်ယောင်ယောင် ပြုံးပြကြလေရဲ့။ ဒီလောက်ဆို နားလည်လိုက်ပြီ။ 'အစ်ကိုမင်းထင် ပြန်ရောက်နေပါပြီ။ မင်းထင်ဆိုတာ အမေမွေးထားတဲ့ သားအကြီးဆုံးဖြစ်ပြီး သူ့ရဲ့ တစ်ဦးတည်းသောအစ်ကိုဖြစ်ပေမဲ့ အိမ်မှာမနေပါဘူး။

ဘယ်မှာနေမှန်းလည်း သူရော အမေရော မသိဘူး။ အခုလိုပဲ တစ်ခါတလေမှ အိမ်ကိုပြန်လာတတ်တယ်။

အိမ်ပေါ်ကို လှမ်းတက်တော့ ခေါင်းရင်းပိုင်းမှာ အစ်ကိုမင်းထင်နဲ့အမေ စကားပြောနေတာကို တွေ့ရတယ်။ သူတက်လာတာကိုမြင်တော့ အစ်ကိုက ဝမ်းသာအားရနဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ငါ့ညီ . . . ပြန်လာပြီလားကွ"

"ဟုတ်ကဲ့ . . . အစ်ကို"

အစ်ကို့မျက်နှာဟာ အရင်ကအတိုင်း ပြုံးလို့ပါပဲ။ သူ့ကို ချစ်ခင်ညှာတာသည့် အငွေ့အသက်တွေလည်း မပျောက်မပျက် ကျန်ရှိနေသေးတယ်။ အစ်ကို့ကို ကျန်းမာစွာ ပြန်တွေ့ရလို့ သူဝမ်းသာပါတယ်။

"အစ်ကို . . . နေကောင်းတယ်မလား"

"ကောင်းတာပေါ့ကွာ။ ငါ့ညီအမြင်ပဲ"

သပ်ရပ်တောက်ပြောင်နေတဲ့ အစ်ကိုပုံစံကို တွေ့ပြီးကတည်းက သူ သဘောပေါက်ပါတယ်။ အမေရှေ့မှာလည်း အစ်ကိုကန်တော့ထားဟန်တူတဲ့ အထုပ်ကြီး အထုပ်ငယ်တွေကို တွေ့ရတယ်။ အမေကတော့ သူ့သားကြီးကို ကျန်းမာစွာတွေ့ရလို့ ဝမ်းသာရမယ့်အစား မျက်နှာမကောင်းပါဘူး။

ဘာကြောင့်လဲ စဉ်းစားလို့မရနိုင်သေးခင် အမေက အစ်ကို့ကို စူးစိုက်ကြည့်ကာ . . .

"ဒီမှာ . . . သားကြီး၊ အဒိန္နာဒါနာကံဆိုတာ လူဖြစ်ယောက်စောင့်ထိန်းသင့်တဲ့ ဒုတိယကျင့်ဝတ်ပဲ။ ဒီကံကို ဖောက်ဖျက်ခဲ့ရင် . . ."

သူ ဆက်နားမထောင်တော့ဘူး။ အမေ့အတွက် ဝယ်လာခဲ့တဲ့ ခေါက်ဆွဲထုပ်လေးကိုဆွဲရင်း နောက်ဖေးမီးဖိုချောင်ဖက် ထွက်ခဲ့တယ်။ အမေ့ဆုံးမစကားသံတွေကတော့ ကာရံထားတဲ့ ဝါးထရံတွေကို ဖောက်ပြီး နောက်ဖက်ဆီရောက်အောင် ပျံ့လွင့်နေတယ်။

အစ်ကို့အသံကိုတော့ တစ်လုံးတစ်ပါဒမျှ မကြားရဘူး။ သူကိုယ်တိုင်ကတော့ မှိုင်းဆွဲနေတဲ့ ပန်းကန်စင်က ပန်းကန်လေးတစ်ချပ်ကိုယူပြီး ဝယ်လာတဲ့ ခေါက်ဆွဲထုပ်ကို လှယ်ထည့်နေလိုက်တယ်။ မကြာခင်မှာပဲ မီးဖိုချောင်ဆီလှမ်းလာတဲ့ ခြေသံကိုကြားရတော့ . . .

အစ်ကိုမင်းထင်ပါ။

အစ်ကိုက သူ့ပခုံးကို လှမ်းပုတ်ပြီး . . .



"ရော့ . . . ငါ့ညီအတွက် အစ်ကိုဝယ်လာတဲ့ စာအုပ်တွေ"

အိတ်တစ်ထုပ် သူ့ကိုလှမ်းပေးတော့ ကပျာကယာပဲ ဖွင့်ကြည့်လိုက်တယ်။ ဆန်း၊ ကျမ်း၊ ဗေဒင်၊ လက္ခဏာနဲ့ပတ်သက်သော စာအုပ်တွေပါ။ ရင်တွင်းမှာ အတိုင်းမသိ ဝမ်းသာသွားပြီး အစ်ကို့ကိုလည်း လှိုက်လှိုက်လှဲလှဲ မော့ကြည့်မိတယ်။ အစ်ကိုကတော့ ပြုံးလျက်ပါပဲ။

"ကျေးဇူးပါ . . . အစ်ကို"

"ရပါတယ်ကွာ။ အစ်ကိုကသာ ငါ့ညီကို ကျေးဇူးပြန်တင်ရမှာပါ"

"ဘာကြောင့်လဲ . . ."

"အမေ့ကို အစ်ကို့အစား စောင့်ရှောက်ပေးလို့ . . ."

အစ်ကိုမင်းထင်အသံက မချိတင်ကဲပါ။ အမေ့ကို ကိုယ်တိုင်ဝတ်ကြီးဝတ်ငယ် ပြုစုမပေးနိုင်လို့ သူ့ကိုယ်သူ ယူကြုံးမရဖြစ်နေပုံမျိုး။

"ကျေးဇူးတင်စရာမလိုပါဘူး . . . အစ်ကိုရာ။ ကျွန်တော်တို့အမေပဲ။ အမေ့အတွက် အစ်ကိုမရှိရင် ကျွန်တော်ရှိပေးရမှာပေါ့။ အမေနေကောင်းပါတယ်။ အစ်ကို့ကိုတော့ အမေ နေ့တိုင်းလွမ်းနေတာ"

အစ်ကို့မျက်လုံးအိမ်မှာ မျက်ရည်တွေ ဝေသီလာတာကို တွေ့ရတယ်။ ပြီးတော့ သူ့ပခုံးကို ဆုပ်ကိုင်ဖျစ်ညှစ်ပါတယ်။

"အစ်ကို . . . ညအိပ်မှာမလား။ အစ်ကိုကြိုက်တဲ့ ငါးဟင်း ကျွန်တော်ဝယ်ချက်ပေးမယ်လေ"

ပခုံးကို ဖျစ်ညှစ်ထားရာမှ ခေါင်းယမ်းပြီး . . .

"မအိပ်ဘူး . . . ငါ့ညီရ။ အစ်ကို ခရီးထွက်စရာရှိလို့ ငါ့ညီနဲ့ အမေ့ကို လာနှုတ်ဆက်တာ"

ဘယ်ကိုသွားမှာလဲ သူ မမေးမိဘူး။ မေးမိတာက . . .

"အဝေးကြီးလား . . ."

"အေး . . ."

ထိုမျှနဲ့ သူတို့နှစ်ဦးစကားပြောဆိုမှုက ပြီးဆုံးလို့သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုတို့ ဘဝအတွက်ပါကွာ။ အမေနဲ့ငါ့ညီကို အစ်ကို ဒီလို မျိုးဘဝမှာ မထားချင်ဘူး"

သူ စကားဆက်မဆိုမိတော့ဘူး။ အစ်ကိုက ပခုံးကိုဖက်ပြီး အိမ်ရှေ့ကို ခေါ်သွားတယ်။ အမေ့ရှေ့ကိုရောက်တော့ . . .

"လာကွာ . . . ငါတို့ညီအစ်ကိုနှစ်ယောက် အမေ့ကို ကန်တော့ရအောင်"

မျက်ရည်ဝဲဝဲနဲ့ပဲ အမေ့ကို နှစ်ဦးသား ထိုင်ကန်တော့လိုက်ပါတယ်။ အမေကတော့ ညီအစ်ကိုနှစ်ယောက်ကို တဖက်သလောက်မှတ်သလောက် ဆုတွေပေးနေလေရဲ့။

တွေ့ဖူးသမျှ မိန်းမတွေထဲမှာ အမေက စိတ်မာလွန်းသူတစ်ယောက်ပါ။ သားနှစ်ဦးစလုံး မျက်ရည်လည်ရွဲဖြစ်နေတာတောင် အမေက လုံးလုံးမတုန်လှုပ်ပါဘူး။

အစ်ကိုအိမ်ပေါ်ကဆင်းတော့ ခြံဝထိရောက်အောင် သူလိုက်ပို့ပေးပါတယ်။

"တကောင်း . . . ညီလေး၊ အစ်ကိုသွားမယ်နော်"

သူလက်ပြတော့ အစ်ကိုက နောက်တော်ပါး နှစ်ယောက်နဲ့အတူ ထွက်ခွာသွားပါပြီ။ ရင်တွင်းမှာ တနင့်နင့် . . .

အံကြိတ်ပြီး အော်ခေါ်မိတယ်။

"အစ်ကို . . ."

သွားလက်စခြေလှမ်းကို ရပ်ပြီး သူ့ကိုလှည့်ကြည့်တော့ . . .

"အရင်လိုပဲ ကျွန်တော်တို့တွေ လုပ်ကိုင်စားရအောင်ဗျာ"

အစ်ကိုမျက်နှာ အကြီးအကျယ် ပျက်ယွင်းသွားတယ်။ သို့ပေမဲ့ ထိုပျက်ယွင်းမှုကို ရင့်ကျက်စွာ ထိန်းရင်း သူ့ကိုပြုံးပြကာ . . .

"အေးပါကွာ . . . အစ်ကို ကြိုးစားပါ့မယ်"

တကယ်တော့ သူစိတ်ချမ်းသာစေရန် ပြောသွားတဲ့စကားပါ။ ဒါပေမဲ့ သူ လုံးဝ စိတ်မချမ်းသာခဲ့ဘူး။



အိမ်ထဲပြန်ဝင်တော့ ဘာကြောင့်မှန်းမသိ သူတို့အိမ်မိုးစွန်းမှာ တိမ်ညိုမည်းတွေ ရစ်သိုင်းလို့။ အိမ်ပေါ်တက်လာသော သူ့ကို အမေက တည်ငြိမ်စွာ ကြည့်ရင်း . . .

"သားငယ် . . . အမေဗိုက်ဆာပြီ" တဲ့။

ပြီးတော့ ယခုတိုင် ရှေ့မှာရှိနေဆဲဖြစ်သော အစ်ကို့ရဲ့ အထုပ်ကြီး အထုပ်ငယ်တွေကို လက်ညှိုးထိုးကာ . . .

"ဒါတွေကို အိမ်ဘေးကလူတွေကို ဝေလိုက်သား။ ငွေဒင်္ဂါးတွေကိုလည်း သူ့နာမည်နဲ့ အလှူတစ်ခုခု လုပ်ပေးလိုက်။ ဒါတွေက သန့်ရှင်းစွာရှာဖွေထားတဲ့ ဥစ္စာပစ္စည်းတွေ မဟုတ်ဘူး"

"ဩော် . . . အမေရယ်"

မိခင်မေတ္တာဆိုတာကို ထိုအချိန် ထိုအခါကစပြီး သူသိရှိခဲ့ပါတယ်။ မိခင်တစ်ယောက်ကို သူကိုယ်တိုင် မွေးထားတဲ့သားက ဘယ်သောအခါမှ ပြန်လိမ်လို့မရပါဘူး။ သားရဲ့မျက်နှာကိုမြင်တာနဲ့ ထိုအရာတွေက ဖုံးကွယ်စရာမလိုဘဲ ပေါ်လွင်ပြီးသားပါ။

အမေ ဘာလို့ အလုံးစုံသိနေရတာလဲ။ ပြီးတော့ ဘာလို့ စိတ်မာတတ်တွေ ဒီလောက်ထိ ပြတ်သားမာကျောနေရတာလဲ အမေရယ်။

"ငါ သူ့ကို ဆုံးမသွန်သင်ခဲ့တာတွေအားလုံးဟာ အလကားဝဲ"

(လုံးဝ) ဝမ်းနည်းသံ မပါပါဘူး။ အမေ့စကားသံကို ခွဲခြမ်းစိတ်ဖြာကြည့်ရရင် ခံပြင်းမှုနဲ့ အားမလိုအားမရ ဖြစ်မှုတွေသာ အရှယ်အစားပြင်းပြင်းနဲ့ ပါဝင်နေပါလိမ့်မယ်။

ပြီးတော့ သူဝယ်လာတဲ့ ခေါက်ဆွဲနွေးလေးကို . . .

အမေ မြိန်ယှက်စွာ စားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

(င)

ဒီနေ့ မနက်ခင်းဟာ သူတို့ ဝေသာလပြည်ကြီးတစ်ခုလုံး ခြိမ့်ခြိမ့်သဲစည်ကားတဲ့ မနက်ခင်းလေးပေါ့။ နေရောင်ဝါဝါတို့က အရှေ့ဘက်မြို့တံခါးပေါ် မစို့တပို့ ကျရောက်ပေးထားတယ်။ ဒီလို ကျက်သရေရှိလှတဲ့ မနက်ခင်းမှာ နေမင်းရဲ့သားတော်တွေ အစုံအညီ မျက်နှာမသစ်ကြသေးဘူး။

သူရောက်တော့ အရှေ့ဘက်မြို့တံခါးနဲ့ အဝင်လမ်းမတစ်လျှောက်မှာ သဲသဲလှုပ်လှုပ် စည်ကားနေပါပြီ။ လူတွေလူတွေမှ ကြိတ်ကြိတ်တိုးပဲ။ ကံစီကို ရှာမတွေ့တော့ဘူး။ ကံစီကတော့ စောစောရောက်လှမှာပါ။ သူ့ကိုစောင့်ရတာ စိတ်မရှည်လို့ လူအုပ်ထဲ ရောနှောသွားပြီထင်ရဲ့"

သူကိုယ်တိုင်က နောက်ကျသူဖြစ်နေတာကိုး။

ညက အိပ်မက်မကောင်းဘူး။ အရမ်းလှတဲ့ လိပ်ပြာလေးတစ်ကောင် သူရဲ့ဘယ်ဘက်ရင်အုံပေါ် တက်နားနေတယ်တဲ့။ ရင်ခုန်သံအနိမ့်အမြင့်ကိုလိုက်ပြီး ထိုလိပ်ပြာလေးက တအိအိ နှစ်ခြိုက်စွာ နားခိုနေပါ



တယ်။ ဒါပေမဲ့ နားနေရာက ထပျံတော့ လိပ်ပြာလေးနဲ့ နှုတ်ခမ်းက သူ့ရဲ့နှလုံးသားအစုံကို ကိုက်ချီယူသွားတယ်။ ပြီးတော့ တဒိတ်ဒိတ်ခုန်နေတဲ့ သူ့နှလုံးသားကို ပိတုန်းနက်နက်တွေအကြား ပစ်ချလိုက်တော့ . . .

ပိတုန်းကောင်တွေ ဝိုင်းတုပ်လိုက်တာမှ တအားပဲ။

ရင်တစ်ခုလုံး စပ်ဖျင်းထုံထိုင်းစွာ လန့်နိုးသွားခဲ့တယ်။ ပြီးတော့ အိပ်တစ်ဝက်နိုးတစ်ဝက်နဲ့ မိုးလင်းသွားတယ်။ အိပ်ယာကထတော့ သူ့စိတ်တွေ မကြည်လင်ပါဘူး။ ဆက်အိပ်လို့မရတော့တာကြောင့် မရှင်လန်းစွာနဲ့ဘဲ လုပ်စရာရှိတာတွေကို ဝတ္တရားမပျက် လုပ်ဆောင်ဖြေရှင်းလိုက်တယ်။

သူတို့ အနီးဝန်းကျင်လေးက ဒီနေ့မနက်မှ ထူးထူးခြားခြား တိတ်ဆိတ်လို့နေပါတယ်။ ပြီးမှ သတိရတယ်။ ဪ . . . အကုန်လုံး အရှေ့တံခါး သွားနေကြပြီကိုး။ သူကိုယ်တိုင်လည်း အမိန့်အတိုင်း မပျက်မကွက် သွားရမှာမို့ အိမ်ကိစ္စတွေပြီးတော့ အမေ့ကိုကန်တော့ကာ ထွက်ခဲ့လိုက်ပါတယ်။

လမ်းပေါ်ရောက်ပြီး လေး၊ ငါး၊ခြောက်အိမ်လွန်ပြီးချိန်မှာ . . .

"နှစ်နှစ်ဆယ်မှာပေါ်လာသည် ယှဉ်နိုင်ဦးကွဲ့

ယှဉ်ဦးကွဲ့။

လေးဖြာနိုင်၍ ဘယ်သူပိုင်၊ ပိုင်သူရှိဘူးကွဲ့

ပိုင်ဆိုင်လိမ့်နိုး၊ မျှော်ကာကိုး မျှော်ကိုးသူပင်

ပျက်လိမ့်မည်

နဝသိင်္ဂီရှင်တမီး တပင်နန်းနှင့် ဗိုလ်ရှုခံ

စံဦးကွဲ့လေး . . . "

သားသည် မိခင်တစ်ဦး သားချော့သိပ်တေးဆိုသံဖြစ်ပါတယ်။ ထိုတေးသံကိုကြားတော့ တကောင်း ပြုံးလိုက်မိကာ . . .

"ဪ . . . ရှင်ဘုရင် သမီးတော်ဆိုတော့လည်း ရွှေကြက်တာနဲ့ ဘုန်းတော်ဘွဲ့တေးတွေတောင် ပေါ်နေပါပေါ့လား"



www.burmeseclassic.com

www.burmeseclassic.com

သားသည် မိခင်ကတော့ သားငယ်ကိုပွေ့ရင်း ထိုတေးထပ်ကို သာ ထပ်ခါတစ်လဲလဲ ဆိုနေပါတယ်။ တစ်ယောက်တည်း စိတ်မှာတွေး ရင်း ဆက်လျှောက်လာခဲ့လိုက်တယ်။ အရင်တုန်းက ဆူညံပွက်လာရိုက် နေတဲ့ ပတ်ဝန်းကျင်က အခုဆို လွန်လွန်ကျူးကျူး တိတ်ဆိတ်လို့နေ ပါတယ်။ တစ်မြို့လုံး အရှေ့တံခါးမှာ စုဝေးနေကြပြီထင်ရဲ့။

တကောင်း ဟိုကြည့်ဒီကြည့် လျှောက်လာရင်း တစ်နေရာ ရောက်တော့ ထူးခြားတဲ့ အသံတစ်ခုကို ကြားရတယ်။ ဖားတစ်ကောင် ရဲ့ အော်သံပါ။ မနက်ဘက်မှာအော်သော ဖားသံမို့ စိတ်ထဲမှာ ထူးခြားမှု ကို ခံစားရတယ်။ အတိတ်နိမိတ် လေ့လာတတ်သူဖြစ်လေတော့ ပိုဆိုး ပါတယ်။

နောက်ပြီး အော်ပုံက သာမန်နဲ့မတူဘူး။

စိတ်ဝင်တစား အသံထွက်ပေါ်ရာအရပ်ကို ရှာဖွေတော့ လမ်း ဘေးရေမြောင်းတွင်းမှာ ကိုရွှေဖားကို တွေ့လိုက်ရလေရဲ့။ တစ်ကောင် တည်း မဟုတ်ပါဘူး။ နှစ်ကောင်ပါ။

သို့ပေမဲ့ ကျန်တဲ့တစ်ကောင်က ချိုင့်ခွက်လေးအတွင်းမှာ ပက် လက်လဲကျနေတယ်။ သေချာကြည့်တော့ ထိုဖားမှာ လှုပ်ရှားမှုမရှိတော့ ဘူး။ လက်တွင်းယူကြည့်လိုက်တော့ အဖြေတစ်ခု ထွက်လာတယ်။

ဖားငယ် သေနေပါပြီ။ သေနေသော ဖားငယ်တို့ကြည့်ပြီး ကျန် တဲ့အကောင်က စို့စို့နင့်နင့် အော်မြည်နေတာပါ။

ဖားမ သေလို့ ဖားထီး အော်တာလား။

မဟုတ်ပါဘူး။ ဖားထီးသေလို့ ဖားမ,အော်နေတာပါ။

တော်တော်ထူးဆန်းတဲ့ နိမိတ်ပါပဲ။ လက်တွင်းမှ ဖားသေလေး ကို အိုင်တွင်းပြန်ချပြီး တကောင်း အတော်ကြာ ရပ်နေဖြစ်တယ်။

သူ့အတွေ့အကြုံအရ လုံးဝကောင်းသော နိမိတ်မဟုတ်ပါဘူး။ တိုင်းပြည် မင်းရေးခင်းရေးနဲ့တောင် ပတ်သက်နေသလားပဲ။ နောက်ပြီး ဒီနေ့က နှစ်နှစ်ဆယ်ကျော်ပျောက်ဆုံးနေသော သမီးတော်ကို ကြိုဆိုတဲ့ နေ့။



နန်းတော်ကြီးတည်ရှိရာ အရပ်ကို မျှော်ကြည့်ပြီး တကောင်း စိတ်ထဲမှာ လေးသွားတယ်။ နန်းတွင်းမှာ တစ်ခုခု ထူးခြားပါတော့မယ်။ ဒီထက်ပိုပြီးလည်း သောလောဆယ် သူ မဆုံးဖြတ်နိုင်သေးဘူး။ ဘယ် လိုပဲဖြစ်ဖြစ် စိတ်လေးသွားတာတော့ သေချာပါတယ်။

"ကောင်းသောထူးခြားခြင်းပဲ ဖြစ်ပါစေ"

စိတ်မှာ ဆုတောင်းရင်း သုတ်သုတ်လျှောက်လာတော့ သူ လျှောက်သောလမ်းမှာ တဖြည်းဖြည်း လူရှုပ်လာတာကို တွေ့ရတယ်။ သူ့လိုပဲ အရှေ့တံခါးသွားဖို့ နောက်ကျသူတွေပါ။

မကြာပါဘူး လမ်းချိုးတစ်ခု လွန်မြောက်ပြီးနောက်မှာ တစ်ခဲ နက် စုဝေးနေသော လူအုပ်ကြီးကို ရှေ့တည့်တည့်မှာ မြင်လိုက်ရလေ ရဲ့။

"သမီးတော် . . . ကြွလာပြီလား"

"မကြွသေးဘူး မြန်မြန်သွား၊ တအောင့်နေကြွလာတော့မှာ"

"ခရုသင်းမှုတ်တာကိုစောင့်၊ ခရုသင်းမှုတ်သံကြားရင် သမီး တော်လေး ကြွလာပြီ"

ရှေ့ဆီမှ အလျင်စလို လျှောက်ရင်း ပြောသွားသောအသံတွေ ပါ။ ပြောစကားများကို နားထောင်ရင်း စိတ်အေးသွားတယ်။ ဒါဆို သူ နောက်မကျသေးပါဘူး။ ထို့ကြောင့် ရှေ့မှာ ရပ်စောင့်နေကြတဲ့ လူအုပ် ကြီးဆီ ဝင်ရောက်ရောနှောလိုက်တယ်။

ကွမ်းတစ်ရာညက်မယ် မထင်ဘူး။

"ဘော် . . . "

ခရုသင်းမှုတ်သံကြီးက အရှေ့တံခါးဆီမှ ပေါ်ထွက်လာတော့ ရပ်စောင့်နေသူတွေ လှုပ်လှုပ်ရွရွဖြစ်သွားပါပြီ။ တချို့ကလည်း 'ဟေး' ခနဲ ထအော်ကြတယ်။

သူကတော့ အေးဆေးပါပဲ။ နောက်လိုက်မဟုတ်သူမို့ သူများ 'ဟေး' တိုင်း လိုက်မ'ဟေး'ပါဘူး။ ခဏအကြာမှာ အရှေ့တံခါးကြီး ဖွင့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သံကို ကြားရတယ်။ ထိုအသံကြားပြီး မရှေးမနှောင်းမှာဘဲ တစ်မြည်လုံး ဝက်ဝက်ကွဲသွားပါပြီ။

သဲသဲလှုပ်ကြိုဆိုသံ၊ ဟစ်ကြွေးကောင်းချီးပေးသံ၊ စည်တီးသံ၊ ခရာသင်းမှုတ်သံတွေကို ဆက်တိုက်ဆိုသလို ကြားရတယ်။ သမီးတော် နဝသိဗ္ဗိ မြို့တွင်း ကြွချီတော်မူလာပါပြီ။

ပန်းကြဲသူတွေကြဲ၊ လက်ခုပ်တီးသူတွေတီး၊ ဖော့ယမ်းခုန်ပေါက်သူတွေ ခုန်ပေါက်ကြနဲ့ . . .

တချို့လည်း . . .

"နဝသိဗ္ဗိမင်းသမီး . . . သက်တော်ရာကျော်ရှည်ပါစေ။ နဝသိဗ္ဗိမင်းသမီး . . . သက်တော်ရာကျော်ရှည်ပါစေ' လို့ သံပြိုင်ဟစ်ကြွေးကောင်းချီးပေးကြတယ်။

သေချာတာကတော့ လက်ခုပ်တီးသူတွေထဲမှာရော၊ ဟစ်ကြွေးကောင်းချီးပေးသူ၊ ဖော့ယမ်းနှုတ်ဆက်သူတွေထဲမှာရော သူ မပါပါဘူး။ ကိုယ့်ဘုရင်ရဲ့သမီးတော်ကို လာရောက်ကြည့်ရှုသူတစ်ယောက်အနေနဲ့ပဲ သူရောက်လာတာပါ။

မကြာခင်မှာ မြင်းညိုကြီးတစ်ကောင်နဲ့ ထိုမြင်းကြီးကို ကျွမ်းကျင်လိမ္မာစွာ ထိန်းကျောင်းစီးနင်းလာတဲ့ စစ်မက်တစ်ဦးကို အရင်ဆုံးစမြင်ရတယ်။ မြင်းပေါ်က ပုဂ္ဂိုလ်ကိုတွေ့တော့ . . .

"ဟာ . . . တပ်မှူးကြီးကိုယ်တိုင် ပင့်ဆောင်လာတာဟေ့"

"တပ်မှူးရာဇသမိန်ကိုယ်တိုင် မင်းသမီးလေးကို ပင့်ဆောင်လာတာ"

ကြားရသောစကားတွေကို ထောက်ရှုပြီး ရှေ့ဆုံးကပုဂ္ဂိုလ်မှာ တပ်မှူးရာဇသမိန်ဖြစ်ကြောင်း သိလိုက်တယ်။ မမြင်ခဲ့ဖူးပါဘူး။ ဒါပေမဲ့ ရာဇသမိန်ဆိုတဲ့ ဂုဏ်သတင်းကိုတော့ ကြားဖူးနားဝ ရှိနေတာကြာပြီ။ စစ်ရေးစစ်ရာ ကျွမ်းကျင်သူအပြင်၊ မြို့တွင်းမြို့ပြင်က ခိုးသူ၊ ဓားပြ



အမှောင်ဒုစရိုက်သမားတွေအားလုံး သူ့ကို ဖိန့်ဖိန့်တုန်အောင် ကြောက်ကြသတဲ့။

သူဟာ ဝေသာလပြည်ကြီးရဲ့ စစ်သူကြီးဆိုလည်း မမှားသလို လူဆိုးထိန်းဆိုလျှင်လည်း မမှားပါဘူး။ ဒါကြောင့် ရာဇသမိန်ဆိုတဲ့ နာမည်ကို ကြားဖူးနားဝရှိနေတာဖြစ်ပြီး လူကိုတော့ (အခုမှ) မြင်ဖူးတာပါ။ မြင်ရုံနဲ့ကြားရသော ဂုဏ်သတင်းမှန်ကန်ကြောင်း နားလည်လိုက်တယ်။

သူ့နောက်မှာက အုန်းခွံရောင်မြင်းကိုယ်စီနဲ့ လုံခြုံရေးတပ်သားတွေ။ ထိုနောက်မှာမှ . . .

ကမ္ဘာစောင့်နတ်မင်းရဲ့ ကောင်းချီးပေးသံလို ရှင်းပစ္စုပ္ပန်မြောက်တဲ့ လင်္ကာတစ်ပုဒ်ရဲ့ အစပိုင်းအား တကောင်း ကြားနာခွင့်ရလိုက်ပြီး၊ လုံးကျစ်ဖွံ့ထွားသော မြင်းဖြူလေးကောင်ကသည့် ရထားတစ်စင်း။

ခြူးခက်ပန်းနွယ်တွေ ဝေဆာဆင်မြန်းထားတာကြောင့် မသိရင် နတ်ပြည်က ပန်းရထားနဲ့ အမှတ်မှားချင်စရာ၊ ခြူသံတချွင်ချွင်ပေးရင်း မြင်းလေးကောင်က ခုနစ်ထွေကကြိုးနဲ့ တခိုးတဝေ ပို့ဆောင်လာတယ်။

ထိုထိုသော မင်္ဂလာရထားပေါ်မှာမှ နတ်သက်ကြွက္ကန္နြနဲ့ အလှပေါင်း ဝေနေသူတစ်ယောက်။

"နဝသိဗ္ဗိမင်းသမီး . . . ဘုန်းကြီး၍ အသက်ရှည်ပါစေ"

တစ်ဖက်တစ်ချက်မှ စောင့်ဆိုင်းကြိုဆိုသူတွေ ပြိုင်တူဟစ်ကြွေးတော့ . . .

အဲဒါ နဝသိဗ္ဗိပါပဲ။

သူတို့ကို အုပ်ချုပ်မင်းလုပ်သော ရေမြေ့အရှင်ရဲ့ သမီးတော်။

ရွှေခိုးရွှေငွေ့တွေ တစ်ခဏချင်းပဲ သူတို့အပါးကို ယှက်သိုင်းလာတယ်။ ခုနစ်ဆောင်ဘုံနန်းမှာ မီးမထွန်းဘဲ လင်းတယ်လို့တော့ အိမ် မခံဝံ့ဘူး။ သေချာတာကတော့ မြို့လမ်းမကြီးရဲ့ ထက်အောက်ဝန်းကျင်မှာ နေရောင်တွေ ချက်ချင်း ဖျော့ဆင်းသွားတာပါ။



www.burmeseclassic.com

www.burmeseclassic.com

သူမရဲ့ကိုယ်ရောင်နဲ့ ပတ်ဝန်းကျင်က ချက်ချင်း လင်းဖြာသွားတယ်။

နားထဲမှာ ဟစ်ကြွေးကောင်းချီးပေးသံတွေကို မကြားရတော့ဘူး။ ဖော့ယမ်းနူတ်ဆက်သူတွေ၊ ပန်းကြဲပန်းကပ်သူတွေကိုလည်း မမြင်တော့ဘူး။

တကောင်းဆိုတဲ့ ရှေ့ဖြစ်ဟောဆရာလေးတစ်ယောက် မြင်သွားတာက . . .

မင်္ဂလာရထားလေးဟာ တရွေ့ရွေ့နဲ့ သူ့ရှေ့ကို ရောက်လာပါတယ်။ ပြီးတော့ ထူးခြားမှုတစ်ခုကို မျက်ဝါးထင်ထင် မြင်လိုက်ရတယ်။ စီးနင်းလိုက်ပါလာသူ နဝသိင်္ဂီမင်းသမီးလေးဟာ တလက်လက်တောက်နေသော သရဖူကို ဆောင်းထားပေမဲ့ မျက်နှာတော်ကို လှစ်ဟမထားပါဘူး။ မျက်လုံးကိုဖော်ပြီး နှာယောင်နဲ့ ပါးပြင်ကို ရွှေပဝါအုပ်ထားတယ်။

(ဘာကြောင့်ရယ်မသိဘူး) သူ့တိုင်း သူ့ပြည်ကို မျက်နှာပေးမပြချင်လို့လား၊ ဒါမှမဟုတ် ရှက်ကြောက်ခြင်း ကြီးလို့လား။

ကြုံဆိုသူတွေကတော့ ရေမြေ့အရှင်ရဲ့ သမီးတော်ဆိုပြီး ဘယ်လိုပဲဖြစ်ဖြစ် သဲသဲလှုပ်လို့ပါ။

ထိုစဉ်မှာပဲ တကောင်းဆိုသော ကောင်လေးတစ်ယောက်ရဲ့ ကံဆိုးမှုဟာ သေရာပါသွားခဲ့ပါတယ်။ ကြိုတင်ပြင်ဆင်ခွင့် မရလိုက်ဘူး။ ပြီးတော့ တားဆီးထိန်းကွပ်နိုင်တဲ့ အစွမ်းသတ္တိတွေလည်း သူ့ကိုယ်တွင်းမှာ ခန်းခြောက်သွားခဲ့ပြီ။

ပြာနှမ်းဝေတဲ့ လေတစ်ဆုပ်ရဲ့ ကလူကျီစယ်မှုကြောင့် မင်းသမီးလေးရဲ့ မျက်နှာအုပ်ပဝါတော်ဟာ . . .

ကံဆိုးသူ ငမိုက်သားရှေ့တည့်တည့်မှာ ပြေကျလို့ သွားခဲ့ပါတယ်။

လျှောခနဲ ပြေကျသွားသော ပဝါလေးရဲ့ အောက်ဖက်မှာကား..

"ဟာ . . ."



မွေးရာပါ မျက်လုံးနှစ်လုံးကို ထိုသောခဏမှာပဲ ငမိုက်သားက ကျေးဇူးတွေ အကြိမ်ကြိမ် တင်မိလိုက်ပြီ။

ရွှေပဝါအောက်က အလှဖွဲ့တွေကို မည်သူတွေ ဖူးတွေ့ခွင့်ရလိုက်သလဲ။

သူမသိခဲ့ဘူး။

တကောင်းဆိုတဲ့ လူတစ်ယောက်ရဲ့ စိတ်နဲ့ခန္ဓာမှာ သိလိုက်မိတာဆိုလို့ . . .

တစ်ခုတည်းရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ဥမ္မာဒန္တီရေ . . .
နင့်ကို ငါ သနားလိုက်တာ။



(၄)

စောင်းအိုရှင်နဲ့ ရွှေမင်းသမီးညားတဲ့ ခေတ်မဟုတ်တော့ဘူးဆိုတာ သူသိပါတယ်။ မပော်သဓာနဲ့ အမရာလည်း မဟုတ်ဘူး။ အချစ်ကို တလေးတနက် တင်စားပြီး မွေ့မွေ့မူးမူး ရူးကြသူတွေ ရှိသေးပေမဲ့ အခြေအနေမတူပါဘူး။

ခက်တာက သူလိုလူမျိုး တစ်ယောက်တလေမှ ရှိမှာမဟုတ်တာပါ။ ဘယ်သူ့သွားမေးမေး သူဟာ ငမိုက်သားတစ်ယောက်ဆိုတာထက် ပိုလာမှာ မဟုတ်ဘူး။

ဟုတ်ပါတယ်။ သူဟာ ငမိုက်သားပါ။

မိုက်တာမှ တက်ကုန်ရှက်ကုန်မိုက်တဲ့ ရာဇဝင်ငမိုက်သား။

တလေတစ်ယောက်၊ လမ်းဘေးမှာ ရှေ့ဖြစ်ဟောတဲ့ အညတရတစ်ယောက်က ရွှေမင်းသမီးရဲ့ မျက်နှာတော်ကို တစ်ကြိမ်တစ်ခါမြင်ပြီး ပန်းတွေဝေအောင် ခံစားသွားသတဲ့။ မိုက်လိုက်တာ။

ရွှေမင်းသမီးကြောင့် ပန်းပွင့်တယ်ဆိုတဲ့ ငမိုက်သားရဲ့ပန်းဟာ သေပန်းပဲဖြစ်မှာပေါ့။ သေပန်းကလွဲပြီး တခြားမဖြစ်နိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့လည်း နှလုံးသားဆိုတာက မြင်းတစ်ကောင်လို ဇက်ကြိုးတပ် ထိန်းကွပ်လို့ရတာ မဟုတ်ဘူးလေ။ ဆင်တစ်ကောင်လိုလည်း ချွန်း၊ အုပ်၊ ထူးခတ်လို့ မရဘူး။

သူ့ကိုယ်ငွေ့နဲ့ သူရှင်သန်တယ်။ သူ့ရေသောက်မြစ်ကို သူရှာတယ်၊ ပြီးတော့ သူ့အချိန် သူ့အခါနဲ့ ပွင့်လိုသောပန်းကို ပွင့်ပါတယ်။ ဒါကို မပွင့်နဲ့လို့ ပြောလို့မရဘူး။ တားဆီးပိတ်ပင်လို့လည်း မရဘူး။

အခုလည်း သူ့ရင်တွင်းမှာ ပန်းတစ်ပွင့် ပွင့်နေပါပြီ။

'နေမြင့်လေ၊ အရှုးရင့်လေ'ဆိုတာကို အစက သူကောင်းကောင်း နားမလည်ပါဘူး။ အခုတော့ အသည်းပေါက်မတတ် နားလည်သွားခဲ့ပြီ။

နေ မမြင့်သေးပါဘူး။ နှင်းတွေ တဖွဲဖွဲဝေသီနေတဲ့ မနက်ခင်း အချိန်လေးပါ။ ဒါပေမဲ့ အရူးကတော့ တော်တော်ရင့်နေပြီ။

ရွှေမင်းသမီးရဲ့ မျက်နှာအုပ်ရွှေပဝါလေး ပြေကျသွားပြီးနောက်ပိုင်း ထိုနေရာက သူ လှည့်ထွက်ခဲ့လိုက်ပါတယ်။ သူ လျှောက်သောလမ်းမှာတော့ ပန်းကြဲသူတွေ၊ ပေါက်ပေါက်ခင်းသူတွေ၊ လက်ခမောင်းခတ် ကြိုဆိုသူတွေ မရှိဘူး။

တန်ရာတန်ရာပဲ တိတ်ဆိတ်ကာနေတယ်။

ကြိုဆိုသူ မရှိတဲ့အပြင် . . .

"သောက်ရူးတစ်ကောင် လာပြီဟေ့လို့တောင် ဝိုင်းလှောင်ကြသလားပဲ"

သူ အိမ်မပြန်ဖြစ်ဘူး။ နန်းတော်ကြီးကို အနီးကပ်မြင်တွေ့နိုင်တဲ့ တောင်ကုန်းလေးပေါ် တစ်ယောက်တည်း တက်လာခဲ့တယ်။ ပြီးတော့ တစ်နေကုန် နန်းတော်ကြီးကို ထိုင်ငေးနေလိုက်ပါတယ်။

ဇရပ်အဆောင်ဆောင်၊ နန်းအဆောင်ဆောင် များပြားလှတာမို့ နဝသီဂီမင်းသမီးလေးရဲ့ နန်းဆောင်ဟာ ဘယ်ဟာမှန်း သူမသိပါဘူး။ ဒါပေမဲ့ သူမ ရှိသော မြေနေရာမို့ကြည့်ရတာ အဓိပ္ပာယ်ရှိလို့နေပါတယ်။



အခုဆို နေမင်းကွယ်ပျောက်လို့ ညချမ်းချိန်ပင် ရောက်လို့နေပါပြီ။ ဒါပေမဲ့ ပြန်ဖို့ စိတ်ကူးမရှိသေးဘူး။ ထိုင်နေဆဲပဲ။ နန်းမြင့်အဆောင်ဆောင်ကို တစ်ခုတ်တရ ငေးနေဆဲပဲ။

ထားရင်လည်း နေမှာပါပဲ။ သတ်ရင်လည်း ဝိညာဉ်အဖြစ် ဒီအနီးဝန်းကျင်မှာ ကုတ်ကပ်နေဖို့ ကြိုးစားမှာပါ။

ဘယ်သူတွေ ဘယ်လိုပဲပြောပြော။

ဘယ်လိုပဲ ထင်ထင်ပေါ့။

ရှင်ဘုရင့် သမီးတော်ဖြစ်ပေမဲ့လည်း သူ့မှာ ချစ်ပိုင်ခွင့်ရှိပါတယ်။

ဘုရင့်သမီးတော်ကို တေလေတစ်ယောက်က မချစ်ရဘူးလို့ အမိန့်မထုတ်ထားပါဘူး။

ရွှေဘုံရွှေနန်းနဲ့ သဲသူသဲသား ကွာခြားလွန်းပေမဲ့ သူ့မှာ ချစ်ခွင့်ရှိနေတယ်။

ဟုတ်ပါတယ်။ ဒါဟာ နှလုံးသားတိုင်းအတွက် လွတ်လပ်သောအခွင့်အရေးပါ။

ဘယ်လိုပဲဖြစ်ဖြစ် သူ့မှာ ချစ်ပိုင်ခွင့်ရှိပါတယ်။

မြတ်နိုးပိုင်ခွင့်ရှိတယ်။

ပြီးတော့ စိတ်ကူးနဲ့ ရူးပိုင်ခွင့်လည်း ရှိတာပါပဲ။

"ချစ်တယ် . . . ထိပ်ထားရယ်"

ပြီးတော့ . . .

"ချစ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com

## (၉)

တရားစီရင်ရာ ခုံရုံးတစ်ခု၏ရှေ့တွင် လူတွေ စုရုံးနေကြသည်။ တော်တော်များများ၏။ သူတို့အားလုံးရဲ့ မျက်နှာတွေပေါ်မှာ တစ်စုံတစ်ရာ အား စိတ်ဝင်စားမှုတွေ အထင်းသား ပေါ်လွင်နေပါသည်။ သူတို့၏ မျက်လုံးဦးတည်ရာတွေကို လေ့လာမည်ဆိုလျှင်တော့ အရာနှစ်ခု၌ ကူးလူးပြေးလွှားနေကြောင်း မြင်တွေ့ရမည်ဖြစ်၏။

ပထမတစ်ခုက ယခုတိုင် ပိတ်ထားဆဲဖြစ်သော ခုံရုံးတံခါး၊ နောက်တစ်ခုက ထိုပိတ်ထားသော ခုံရုံးတံခါးရှေ့တွင် သည်းသည်းထန်ထန် ငိုကြွေးနေသော လူသုံးဦး။ သားအမိ၊ သားအဖသုံးယောက် ဖြစ်ဟန်တူသည်။

နှစ်ဦးမှာ သက်ကြီးပိုင်းအရွယ်ဖြစ်ပြီး ကျန်တစ်ဦးကတော့ (၁၇၊ ၁၈) နှစ်အရွယ် မိန်းကလေးတစ်ယောက်ဖြစ်၏။

သုံးဦးလုံးက ပိတ်ထားသော ခုံရုံးတံခါးကြီးကို စုံကိုင်ကာ ရိုက်ကြီးတငင် ငိုကြွေးနေကြသည်။ စုရုံးနေသူအားလုံးမှာလည်း ထိုသုံးဦးအားကြည့်ပြီး စိတ်မကောင်းကြ။ ခေါင်းယမ်းသူ ယမ်းကြသည်။ တောက်ခတ်သူ ခတ်ကြသည်။



အကြောင်းရင်းမှန်ကို မသိသူ တချို့ကလည်း အချင်းချင်း လက်ကုတ်မေးမြန်းကြ၏။

ခုံရုံးရှေ့တွင် ငိုကြွေးနေခြင်းဖို့ ပြစ်မှုတစ်စုံတစ်ရာ တိုင်တန်းရန်ဖြစ်သည်မှာမလွဲ။ မကြာခင် ခုံရုံးတံခါး ဖွင့်တော့မည်။

ရွှေမြို့တော်ဆီမှ ခရာကိုးကြိမ်မှုတ်တော့မည် မဟုတ်ပါလား။

တဖြည်းဖြည်းနှင့် ခုံရုံးရှေ့တွင် လူတွေ များသထက် များလာပါသည်။ တစ်ယောက်စကား တစ်ယောက်နားနှင့် လာရောက် ကြည့်ရှုသူများရှိသလို လူတွေအုံနေသည်ကြောင့် ဝင်ရောက်စူးစမ်းသူများလည်း ရှိသည်။

မကြာလိုက်ပါချေ။

“ဘော် . . . ဘော် . . . ဘော် . . . ဘော် . . .”

ရွှေနန်းတော်ဆီမှ ခရာသံကိုးချက် ထွက်ပေါ်လာချေပြီ။ မရေးနှောင်းဆိုသလိုပင် ခုံရုံးအတွင်းမှလည်း စည်တီးသံသုံးချက် ထွက်လာ၏။ ထိုခဏ . . .

တံခါးမကြီးနှစ်ချပ်မှာ အတွင်းမှ ဆွဲဖွင့်လိုက်သောကြောင့် ‘ဂုန်း’ ခနဲမြည်ကာ ပွင့်သွားတော့၏။

ထိုအခါမှာတော့ . . .

ငိုကြွေးနေသူသုံးဦးနှင့်တကွ ရပ်ကြည့်စောင့်ဆိုင်းနေသော လူအုပ်ကြီးမှာ . . .

ခုံရုံးအတွင်းသို့ အပြေးအလွှား။

သဘောပေါက်ဖို့ ကောင်းသည်။

ဝေသာလပြည်မှာ ပြစ်မှုတစ်ခု တိုးလို့လာပြန်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

## (f)

"မနက် ငါလာတော့ ခုံရုံးရှေ့မှာ လူတွေအများကြီးရပ်နေတာကို တွေ့ခဲ့တယ်ကွ။ ညက မြောက်ပြင်ဘက်က အိမ်တစ်အိမ်ကို သူခိုးဝင်သွားလို့တဲ့။ သားအဖသုံးယောက် နေတဲ့အိမ်။ တစ်အိမ်လုံး ကုန်သွားတယ်ပြောတာပဲ"

". . . × × × . . ."

"ဟော့ကောင် . . . ဘာဖြစ်နေတာလဲ"

". . . × × × . . ."

"ဟော့ကောင် . . . တကောင်း"

ကံစီရဲ့အော်သံက နားထဲကို ဖိတ်စင်လျှံကျလာတယ်။ တော်တော်ကျယ်အောင် အော်လိုက်တယ်ထင်ရဲ့။ ဒါပေမဲ့ သူ့နားထဲမှာတော့ ဟိုးအဝေးက တရိပ်ရိပ်လွင့်မျောလာသလို တိမ်တိမ်တိုးတိုးပါပဲ။

"ဟင် . . . ဘာလဲ"

ကြောင်တောင်တောင် သူ့ရဲ့တုံ့ပြန်မှုကို . . .

"မင်း ဘာဖြစ်နေတာလဲ။ ငါပြောတာ ကြားလား"

"ဘာပြောလိုက်တာလဲ"



ကံစီက သက်ပြင်းကိုချရင်း ပြောပြီးသားစကားကို နောက်တစ်ခါ ထပ်ပြောပြတယ်။ စကားဆုံးတော့ . . .

"သြော် . . . ဟုတ်လား"

သူ့ရဲ့ မှတ်ချက်ပြုသံက အသက်ပါမှာမဟုတ်ပါဘူး။ ပြီးတော့ စိတ်ဝင်စားမှုလည်း လျော့ပါးနေလိမ့်မယ်။ ကံစီက သူ့ကိုကြည့်ကာ အားလို အားမရဟန်နဲ့ . . .

"တကောင်း . . . မင်း ဘာဖြစ်နေတာလဲ။ နေမကောင်းဘူးလား"

သူ့ပုံစံက အဲလောက်တောင် သိသာသွားပြီလား။ နေကောင်းပါတယ်။ ဒါပေမဲ့ အလုပ်မှာ စိတ်မပါဘူး။ ပြီးတော့ နေရထိုင်ရလည်း အရင်လို ပျော်ပျော်ရွှင်ရွှင်မရှိဘူး။

"မဟုတ်ပါဘူးကွာ . . . ငါ နေလို့ကောင်းပါတယ်"

ကံစီ ဘာမှထပ်မပြောတော့ဘူး။ မပြောရတဲ့အကြောင်းက သူ့ရဲ့ ပေါက်ပေါက်ဆုပ်တွေကို ဝယ်သူလာလို့ပါ။ ရောင်းချပြီး ဝယ်သူပြန်သွားတော့ . . .

"ငါတို့မြို့မှာလည်း သူခိုးတွေ တော်တော်ထကြွနေတယ်ကွ။ ခိုးမှုဖြစ်လို့ တိုင်တန်းထားတာတွေ တော်တော်များနေပြီ"

စိတ်မပါပေမဲ့လည်း ကြွေဆယ်ကာ နားထောင်နေလိုက်မယ်။

"ဒါပေမဲ့ ထူးတော့ ထူးဆန်းတယ်ကွ။ ဒီလောက်ခိုးမှုများနေတာတောင် တရားခံကို မိအောင် ဖမ်းမပေးနိုင်သေးဘူး"

ဒီသတင်းကိုတော့ အစကနဦးကတည်းက သူကြားပြီးသားပါ။ သူတင်မဟုတ်ဘူး၊ တစ်မြို့လုံးလိုလိုလည်း ထိုအကြောင်းကို သတိထားမိကြတယ်။ တရားခံ ဘယ်တော့ဖမ်းမိမလဲ စောင့်နေကြတာ ကြာပါပြီ။ ဒါပေမဲ့ သက်ဆိုင်သူတွေဘက်က အခုချိန်ထိ တရားခံကို မိအောင် ဖမ်းမပေးနိုင်သေးဘူး။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ခုံရုံးကလည်း ထိုက်တန်တဲ့ အပြစ်ပေးလိုက်တယ်လို့ သတင်းမကြားမိဘူး။ ဒါကြောင့်လည်း ထိုကိစ္စနဲ့ပတ်သက်ပြီး တစ်မြို့ လုံး စိတ်ဝင်စားနေကြတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် တရားခံမမိသေးဘူး ဆိုတော့ မလုံခြုံဘူးလေ။

ယခုဆို နောက်တစ်မှုပင် တိုးလို့လာပါပြီ။

"ရှုံဖို့ အင်မတန်ကောင်းတယ်ကွာ။ သူများချွေးနဲ့စာကို မတရား သဖြင့် လိုချင်တဲ့ကောင်တွေ။ မိရင်တော့ ခေါင်းဖြတ်သတ်ပစ်ဖို့ကောင်း တယ်"

ထိုစကားက သူ့စိတ်ကို အနည်းငယ် နှိုးဆွသွားသလားပဲ။ ဒါ ပေမဲ့ ကိုယ့်စိတ်ကိုယ် ပြန်ဖြေလိုက်ပါတယ်။ သတ္တဝါတစ်ခု၊ ကံတစ်ခုပဲ လေ။ အားလုံးကို လျစ်လျူရှုထားနိုင်တယ်။ အမေနဲ့ တစ်ယောက်သော သူက လွဲလို့ပေါ့။

နောက်ပိုင်းတော့ သူတို့စကားဝိုင်းလေးက ဘာက်မညီစွာနဲ့ဘဲ တိတ်ဆိတ်သွားတယ်။ ဒီနေ့ ဦးတိုက်စိုးကြီးကို မတွေ့ပါဘူး။ ကံစိက တော့ သူ့ရဲ့ပေါက်ပေါက်ဆုပ်တွေ ရောင်းကောင်းလို့ ပျော်နေတယ်။

သူတစ်ယောက်ပါပဲ။

လမ်းဘေး ရှေ့ဖြစ်ဟောဆရာလေးတစ်ယောက်ဆိုကို ဒီနေ့ မည် သူမျှ ရှေ့ဖြစ်လာမကြည့်ကြဘူး။ ရပါတယ်။ ဝမ်းနည်းစရာ မဟုတ်ပါ ဘူး။ ဒီလိုပါပဲ။ လူ့ဘဝဆိုတာ လဲကျလိုက် ကုန်းထလိုက်ပေါ့။

ကုန်းထချင်စိတ်ရှိနေသ၍ ဘယ်တော့မှ အချိန်အကြာကြီး လဲ ကျမနေပါဘူး။ ထိုစိတ်ကြောင့်ပဲလား မသိဘူး။

သိပ်မကြာခင်မှာပဲ သူ့ဆိုင်ခန်း ကျဉ်းကျဉ်းလေးရှေ့ကို လူနှစ် ယောက် ရောက်လာပါတယ်။

"ဆရာလေး . . . ကျုပ်ကို မှတ်မိလား"

မမှတ်မိ မရှိပါဘူး။ လည်ဆွဲရတနာပျောက်လို့ တစ်နေ့က သူ့ ဆီရောက်လာတဲ့ မင်းခအမတ်ကြီးပေါ့။ ဒါပေမဲ့ ပုံစံကတော့ အရင်နဲ့



ခတူတော့ဘူး။ လုံးဝကို ပြောင်းလဲသွားပြီ။ နံဘေးမှာ သူ့ရဲ့ ပါရမီဖြည့် ဖက်ဖြစ်ဟန်တူသူ မိန်းမကြီးတစ်ယောက် ပါလာပါတယ်။

နှစ်ဦးစလုံးက မထင်မှတ်ရလောက်အောင် ရိုကျိုးနေတယ်။ ဒီ တစ်ခါတော့ နှစ်ဦးလုံး သူ့ရှေ့မှာ ခပ်ရို့ရို့ ဝင်ထိုင်ပါတယ်။ အပြောင်း လဲဆုံးကတော့ မင်းခစားအမတ်ကြီး သုံးနှုန်းလိုက်တဲ့ 'ဆရာလေး' ဟူ သော စကားပါပဲ။

"ကျေးဇူးတင်လို့ မဆုံးပါဘူးဗျာ။ ဆရာလေး ကယ်ပေလို့သာ ပေါ့။ မဟုတ်ရင် ကျုပ် ဒုက္ခကောင်းကောင်းရောက်မှာ"

ပြီးတော့ နံဘေးမှာ ထိုင်နေသူကို လက်ညှိုးထိုးရင်း . . .

"ဆရာလေးရဲ့အသက်အရွယ်ကို ပြောပြတော့ သူက မယုံဘူး။ အဲဒါကြောင့် တစ်ခါတည်း ခေါ်လာတာ။ ဒါ ကျုပ်ရဲ့ဇနီးသည်ပါ"

သူထင်ထားသလိုပါပဲ။ သူမကတော့ တော်တော်ကို အံ့သြနေ ဟန်ရှိတယ်။

"ဆိုတော့ ဦးရီးတော်ရဲ့လည်ဆွဲက ပြန်ရပြီပေါ့"

"ရပြီပေါ့ . . . ဆရာလေးရယ်။ ဆရာလေးရှာခိုင်းတဲ့ စားဖို ဆောင်ထဲကပဲ ပြန်တွေ့တာ။ ဘယ်သူ့လက်ချက်ဆိုတာတော့ ဂဃနဏ မဖော်နိုင်သေးဘူး။ ဘာပဲပြောပြော ပြန်တွေ့တာပဲ တော်လှပါပြီ"

တကောင်း ခေါင်းတဆတ်ဆတ် ညိတ်မိရဲ့။ ပြီး ချက်ချင်းဆို သလိုပင် . . .

"အခု ဦးရီးတော်တို့ လည်ဆွဲပါလာလား"

သူ့စကားကြောင့် နားမလည်စွာ နှစ်ဦးလုံး ကြောင်ငေးကုန် တယ်။

"ပြန်ရှာတွေ့ထားတဲ့ လည်ဆွဲကို မြင်ရင်တော့ ခိုးသူကို အနီး စပ်ဆုံး . . . ကျွန်တော် ရှာပေးနိုင်မယ် ထင်တာပဲ"

"ပါ . . . ပါပါတယ် . . . ဆရာလေး။ ပါလာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်းဆိုသလိုပဲ မင်းခစားအမတ်ကြီးက လည်ဆွဲကို ချွတ်ပေးပါတယ်။ လက်တွင်းရောက်လာသော လည်ဆွဲကို သေချာကြည့်ပြီး တစ်ခဏတာ မျက်လုံးမှိတ်ဆင်းလိုက်တယ်။ သူ့ရဲ့ အသိအာရုံတွေမှာ ဤလည်ဆွဲရတာနဲ့ ပတ်သက်ပြီး နိမိတ်တစ်ခုရှာရန် အားမွေးကုန်ကြပြီ။

သောတအာရုံက ကြားရသမျှကို နားစိုက်ထောင်တယ်။

ပတ်ဝန်းကျင်မှ ဆူပူသံတွေ၊ ခွက်ခွင်းထိသံတွေ၊ စကားပြောသံတွေက သူ့ရဲ့ အကြားအာရုံထဲကို စုပြုံဝင်ရောက်လာတယ်။ မျက်လုံးကို ပြန်ဖွင့်တော့ ဟိုးခပ်ဝေးဝေး လမ်းချိုးလေးတစ်ခုအလွန်မှာ လူတစ်ယောက်လမ်းလျှောက်နေတာကို တွေ့ရလေရဲ့။

အလိုလို ပြုံးမိသွားပါတယ်။ ပြီးတော့ သူ့ရဲ့နှုတ်မှ အမိန့်ပေးသလို တိကျသော စကားသံတွေဖြင့် . . .

"ဆံပင်ကောက်ကောက်၊ ခြေတစ်ဖက် နိမ့်နေတယ်။ ပုဆိုးတိုတိုဝတ်တတ်တယ်"

နှစ်ဦးစလုံး မျက်လုံးပြူးကုန်ပြီ။

ဥပေက္ခာပြုပြီး နောက်ဆုံးစကားတစ်ခွန်းကို ထပ်ပြောလိုက်တယ်။

"အသားညိုတယ်"

မကြာပါဘူး။ သူ့ရှေ့ကို ငွေဒင်္ဂါးအချို့ ရောက်လာပါတယ်။ ပြီးတော့ မင်းခစားအမတ်ကြီးက တစ်ခွန်းပြောသွားသေးတယ်။

"အကူညီလိုရင် ပြောပါ။ ကျုပ်ကို အများက ရွှေတောင်ရှာစားကြီးလို့ ခေါ်ကြတယ်"

ᨆ ᨆ ᨆ



(၉)

ရှေ့ဖြစ်ဟောရာ ဘုရားစောင်းတန်းလေးမှ ဆင်းလာတော့ သူ့ရဲ့ဦးတည်ရာက အများကြီးမရှိပါဘူး။ ရွှေမင်းသမီးလေးရဲ့ အရိပ်အငွေ့တွေရှိရာ နန်းတော်ကြီးဆီသို့ ဦးတည်လိုက်တယ်။

စောစောစီးစီး ပစ္စည်းတွေသိမ်းပြီး တန်ဆောင်းလေးမှခွာတော့ ကံစီက ဘယ်သွားမလဲ မေးပါသေးတယ်။ သူ ပြန်မဖြေဖြစ်ပါဘူး။ ခေါင်းသိမ်းပြတော့ ကြောင်တောင်တောင်မျက်လုံးနဲ့သာ ကံစီကျန်ခဲ့တယ်။

ချစ်သူရှိရာအရပ်ကို သွားရမှာမို့ ခြေလှမ်းတွေက တက်ကြွလျင်မြန်နေပါတယ်။ သူ့ရဲ့ရည်ရွယ်ချက်က နန်းတော်ကြီးကို တစ်ပတ်ပတ်ကြည့်မယ်။ ပြီးလျှင် မနေ့ကထိုင်ခဲ့တဲ့ တောင်ကုန်းလေးပေါ် ပြန်သွားထိုင်မယ်။ ဒီလောက်ပါပဲ။

သူလို အညတရတစ်ယောက်က နန်းတော်ထဲ ဝင်လို့မှမရတာလေ။ မကြာခင်မှာပဲ သူနဲ့အနီးဆုံးဖြစ်သော တောင်ပြင်တံခါးကို ရောက်လာတယ်။

မရောက်တာကြာပေမဲ့ ဘာမှ မပြောင်းလဲပါဘူး။ ကြီးမားသော်တတ်ခိုင်သော လူနှစ်ရပ်နီးနီး အုတ်တံတိုင်းကြီးရယ်၊ ထုထည်ကြီးမားစွာ ထွင်း



www.burmeseclassic.com

www.burmeseclassic.com

လုပ်ထားသော တံခါးမကြီးရယ်။ တံခါးမကြီးရဲ့ အောက်ခြေမှာ လိုရှည်ကိုယ်စီကိုင်ရင်း စောင့်ကြပ်နေတဲ့ တံခါးမှူးနှစ်ယောက်ရယ်။

ထိုအရာတို့မှလွဲပြီး အရာအားလုံး ရှင်းလင်းနေတယ်။ ခပ်ဝေးဝေးမှပဲ တကောင်း ရပ်ကြည့်ဖြစ်တယ်။ ဘယ်သူ့မေးမေး သူ့လုပ်ရပ်က အဓိပ္ပာယ်မရှိဘူးလို့ ပြောလိမ့်မယ်။ သူ့အတွက်ကတော့ အဓိပ္ပာယ်တော်တွေ အနန္တပါ။

ပြီးတော့ နန်းမြို့ရိုးအတိုင်း အနောက်ဘက်ကို ဆက်လျှောက်ခဲ့တယ်။ ဘယ်အချိန်ဘယ်ကာလက တည်ဆောက်ထားမှန်းမသိပေမဲ့ ယခုချိန်ထိ နန်းမြို့ရိုးမှာ အတိုင်းထက်အလွန် တောင့်တင်းခိုင်မာလျက်ရှိနေပါသေးတယ်။

ဒါဟာ တားမြစ်နယ်မြေတစ်ခုပါ။ မျိုးရိုးဆက်နွယ်နဲ့ လူနေမှုအဆင့်တန်းတွေကို အလိုလိုပိုင်းခြားထားလိုက်တဲ့ မြို့ရိုးကြီးပေါ့။ အတွင်းဘက်မှာက တော်ဝင်သူအမျိုးအနွယ်တော်တွေ နေထိုင်တယ်။ အပြင်ဘက်မှာက သူတို့လို သာမန်လူတန်းစားတွေ နေထိုင်တယ်။

အတွင်းနဲ့အပြင် ပတ်သက်ခွင့် နီးနှောခွင့် လုံးဝမရှိပါဘူး။ ကျူးကျော်ဝင်ရောက်ခွင့်လည်း မရှိဘူး။ ဒီလိုနဲ့ သူလျှောက်လာရင်း အနောက်ပြင်တံခါးကို ရောက်လာတယ်။

ဒီတံခါးဟာလည်း တောင်ပြင်တံခါးနဲ့ မထူးခြားပါဘူး။ တံခါးကြီးနှစ်ချပ်ကို တင်းတင်းစေ့ပြီး ရဲမက်နှစ်ယောက် စောင့်ကြပ်နေတယ်။ အတန်ကြာရပ်ငေးပြီးတော့ ထုံးစံမပျက် မြို့ရိုးကိုပတ်ပြီး မြောက်ပြင်ဘက်ကို ဦးတည်လိုက်တယ်။

မြောက်ပြင်တံခါးဆီ ရောက်သွားချိန်မှာတော့ . . .

"ဟင် . . ."

သူ့နှလုံးသွေးတို့ ရပ်တန့်သွားတာမဟုတ်ရင် မိနစ်ပိုင်းလောက်အသက်မဲ့သွားတာပါ။

မြောက်ပြင်တံခါးမှာ အမိန့်စာတစ်စောင်။



လို့ဝ . . .

မထင်မှတ်ထားပါဘူး။

ပြီးတော့ နန်းတော်ကြီးကို ပတ်ကြည့်မိတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း ကျေးဇူးတွေ သည်းသည်းလှိုက်လှိုက် တင်မိသွားလေရဲ့။

> **သမီးတော် နဝသိင်္ဂီစံပျော်ရန် ဥယျာဉ်ငယ်တစ်ခု ဆောက်လုပ်ရန်ရှိသည်။**
>
> **ဝင်ရောက်အမှုတော်ထမ်းလိုသူ မည်သူမဆို တန်ဆောင်မုန်းလဆန်း (၁၀) ရက်၊ နံနက်ကိုးခရာတွင် နန်းတော်မြောက်ပြင်တံခါးရှေ့သို့ လာရောက်စုဝေးရန်။**

ပြန်လာတော့ သတင်းသဲ့သဲ့ကြားတာ တစ်ခုရှိသေးတယ်။ ဥယျာဉ်ငယ်အတွက် အမှုထမ်းလိုသူတွေ အကုန်လုံး သစ်တစ်ပင်စီစိုက်ပြရမယ်တဲ့။

တကယ်ပါပဲ။

ဟောဒီနေ့လယ်ဟာ သူ့အတွက် စံပယ်နံ့သင်းသည့် နေ့တစ်ခင်းဖြစ်ခဲ့ပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com

ညရောက်တော့ ကိုယ်တိုင်တွက်ချက်ပြီး မနက်ဖြန်အတွက် အခါ တော်ပေးမိတယ်။

ခရာသံ သုံးခါ ညည်း စည်ကြီး တစ်ကြိမ်မြည်။
နှစ်ကြိမ်မြည်လျှင် တစ်တွင်းတူး။
သုံးကြိမ်မြည်လျှင် မျက်နှာလှည်။
ခရာစေ့လျှင် တွင်းကိုချ။



(h)

စုတ်တစ်ချောင်း၊ ဆေးတစ်ဘူး၊ ပေတစ်ရွက်ကို လွယ်အိတ်လေး ထဲထည့်လွယ်လာလိုက်တယ်။ သူ ရောက်သွားတော့ မြောက်ပြင်တံခါး ရှေ့မှာ အမှုတော်ထမ်းလိုသူတွေ တော်တော်များများ ရောက်နေကြပြီ။

ကျား၊ မကြီးငယ် အရွယ်စုံပါတယ်။ အကုန်လုံးက စိတ်လှုပ် ရှားစွာနဲ့ မကြာခင် ပွင့်လာတော့မယ့် တံခါးမကြီးကို စောင့်ကြည့်နေ တယ်။

စိုးထိတ်စရာ မရှိပါဘူး။ တစ်ခုပဲ။ သူကိုယ်တိုင် အခါပေးထား တာနဲ့ လက်တွေ့ထပ်တူ ကျမကျ၊ ဒါကိုပဲ စိုးရိမ်နေတာပါ။

တစ်ယောက်နဲ့တစ်ယောက် စကားပြောသံတွေ၊ ပိတ်ထားသော တံခါးမကြီးကို ကြည့်ပြီး မှတ်ချက်ပြုသံတွေ၊ အသစ်ဆောက်မဲ့ ဥယျာဉ် တော်နဲ့ပတ်သက်ပြီး ထင်ရာမြင်ရာ အကျယ်တဝင့်ပြောဆိုသံတွေ ဆူညံ ကာနေတယ်။

"ဂျလိ . . . ဂျလိ . . . ဂျီး . . . ဝုန်း . . ."

ကာဆီးထားသော တံခါးမကြီးနှစ်ချပ် ပွင့်ဟသွားပါပြီ။

သင်တိုင်းကိုယ်ကျပ်ကို ကျနစွာ ဝတ်ဆင်ထားသော လူကြီး တစ်ဦး မြင်းညိုကြီးစီးပြီး တစ်လှမ်းချင်း ထွက်လာတယ်။ သူဘယ်သူလဲ တကောင်းမသိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ သူကတော့ အားလုံးရှေ့မှာရပ်ပြီး စကားအချို့ပြောတယ်။ ပြီးတော့ စုဝေးနေသူအားလုံးရဲ့ အလယ်မှဖြတ်ပြီး မြောက်စူးစူးကို ဦးတည်သွားပါတယ်။ သူတို့အကုန်လုံး ထိုလူကြီးနောက်မှ လိုက်သွားရတယ်။ ဦးတည်ရာက ဥယျာဉ်သစ်တည်ရန် မြေနေရာကိုပါ။

သူတို့မြို့ကြီးရဲ့ မြောက်စူးစူးမှာကား တောတောင်စိမ့်စမ်းတွေ သဘာဝအတိုင်း တည်ရှိနေပါတယ်။ ဟိုးအတွင်းပိုင်းကား တောနက်ပြီး ရိုးမဆန်တယ်။ သားရဲတိရစ္ဆာန်တွေလည်း တောစပ်၊ တောနက်ကို လိုက်ပြီး အမျိုးအစားအစုံရှိတယ်။

ဝေသာလပြည်ရဲ့ မုဆိုးတော်တော်များများကျက်စားရာ တောအုပ်တောတန်းကြီးပေါ့။ တစ်ခါတလေလည်း ထိုတောကြီးအတွင်းကို ရှင်ဘုရင်နဲ့ မှူးတော်မတ်တော်တွေ တောကစားထွက်တယ်လို့ ကြားဖူးတယ်။ သူကတော့ တစ်ခါမှ မရောက်ဖူးပါဘူး။

မြို့ကိုလွန်တော့ မျက်စိတစ်ဆုံး ကျယ်ဝန်းလှတဲ့ လယ်ကွင်းပြင်တွေကို တွေ့ရတယ်။ ဒါဟာ သူတို့ဝေသာလပြည်ရဲ့ ရိက္ခာတိုက်ကြီးပေါ့။ ထိုလယ်ကွင်းပြင်တွေကို ဖြတ်လျှောက်ရပြန်ပါတယ်။ တဖြည်းဖြည်းနဲ့ ရိုးမတောစပ်နဲ့ နီးလာပါပြီ။

တောစပ်မှာ တလူလူလွင့်နေတဲ့အရာတွေကို မြင်ရချိန် ပထမတော့ ဘာတွေမှန်း သူတို့မဝေခွဲတတ်ဘူး။ နီးလာတော့မှ သဘောပေါက်တယ်။ သူတို့ ဝေသာလတံဆိပ် ရိုက်နှိပ်ထားတဲ့ အလံတော်တွေပါ။ အရောင်အသွေး စုံလှပါတယ်။

ထိုအခြင်းအရာကို မြင်ပြီးနောက်မှာ တကောင်း အားလုံးကို သဘောပေါက်လိုက်ပြီ။ ဒါဟာ ဥယျာဉ်အသစ်တည်ရန် သတ်မှတ်ထားသော မြေနေရာဖြစ်ရမယ်။ အနီးရောက်ခိုက်မှာ စိုက်ထူထားသော အလံတော်တွေနဲ့အတူ အမှုထမ်းအချို့ကိုပါ တွေ့ရလေရဲ့။

အားလုံးက ဖျဉ်သင်တိုင်းကိုယ်စီ ဝတ်ထားပြီး အနီရောင်ခမောက် စောင်းထားကြတယ်။ ထိုအခါမှာပဲ ဦးဆောင်သူပုဂ္ဂိုလ်က မြင်းဇက်ကိုဆွဲရင်း သူတို့ဘက်လှည့်လာကာ . . .



"ဟောဒါ . . . ကျုပ်ပြောတဲ့ ဥယျာဉ်သစ်တည်ရာ နယ်မြေပဲ"

အားလုံး ခေါင်းထောင်သွားစဉ် . . .

"ဥယျာဉ်တော်အဖြစ် သတ်မှတ်ထားတဲ့ နယ်မြေတစ်လျှောက်မှာ ကျုပ်တို့ဝေသာလရဲ့ အလံတွေ စိုက်ထားတယ်"

အသံက ပြတ်သားပြီး အမိန့်သံပါနေတယ်။ သူ တမျှော်တခေါ် ကြည့်မိတော့ အလံတွေက မျက်စိတစ်ဆုံး ရှည်လျားလွန်းလှတယ်။ အချို့ကိုသာ မြင်ရပြီး တချို့က တောစပ်သစ်ပင်ကြီးငယ်တွေကြားမှာ ဝင်ရောက်ပျောက်ကွယ်နေတယ်။

"အမှုထမ်းအဖြစ် ရွေးချယ်ခံရဖို့အတွက် မင်းတို့တွေ တစ်ယောက်ကို သစ်ပင်တစ်ပင်စီ စိုက်ပြရမယ်။ မင်းတို့စိုက်ပျိုးထားတဲ့ သစ်ပင်ကို ကြည့်ပြီးတော့မှ အမှုတော်ထမ်းခွင့်ရမရ သမီးတော် နဝသိင်္ဂီကိုယ်တိုင် ဆုံးဖြတ်ပေးမှာ။ မင်းတို့စိုက်ပျိုးရမဲ့ သစ်ပင်တွေကတော့ ဟိုမှာပဲ"

လက်ညှိုးညွှန်ပြရာကိုကြည့်တော့ ဖျဉ်သင်တိုင်းကိုယ်စီ၊ ခမောက်ကိုယ်စီဆောင်းထားသော အမှုထမ်းတွေရဲ့နောက်မှာ အစီအရီချထားသော အပင်ငယ်များစွာကို တွေ့ရတယ်။

"အဲဒီထဲကမှ ကျရာသစ်ပင်ကိုယူပြီး ဟောဒီဝန်းကြီးရဲ့ မည်သည့်နေရာမှာမဆို မင်းတို့နှစ်သက်သလို စိုက်ပျိုးနိုင်တယ်။ စိတ်တိုင်းကျစိုက်ပျိုးပြီးရင် ကိုယ့်အိမ်ကိုယ် ပြန်လို့ရပြီ။ နောက်သုံးရက်ကြာရင် ဒီနေရာကို ပြန်လာခဲ့ကြ။ အမှုတော်ထမ်းခွင့်ရမဲ့လူတွေကို ရာထူးနဲ့အတူ ကြေငြာပေးမယ်။ ဟုတ်ပြီလား"

စကားဆုံးတော့ အကုန်လုံး လှုပ်လှုပ်ရှရှ ဖြစ်သွားကြတယ်။ ဥယျာဉ်တော်မှာ အမှုထမ်းခွင့်ရဖို့ သစ်ပင်စိုက်ပြရတာ ဖြစ်ထိုက်ပါတယ်။ ဥယျာဉ်အလုပ်ဆိုတာ သစ်ပင်တိုင်းကို ရှင်စေပြီး ပန်းတိုင်းကို ပွင့်စေရသူ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

ပထမဆုံးတစ်ယောက် ရှေ့ကိုထွက်သွားတယ်။ အမှုထမ်းက မြေမှာချထားသော အပင်ငယ်တွေထဲက နီးစပ်ရာသစ်တစ်ပင်ကို ယူပြီး လက်တွင်ထည့်ပေးတယ်။ နောက်တစ်ယောက်က ထိုလူနာမည်နဲ့ စိုက်ပျိုးရာသစ်ပင်ကို မှတ်သားပါတယ်။

သစ်ပင်လေးကို ကိုင်ပြီး ထိုလူ ဥယျာဉ်တွင်း ဝင်သွားတယ်။ ပြီးတော့ နောက်တစ်ယောက်။

ဒီလိုနဲ့ တစ်ယောက်ချင်း ရှေ့ထွက်လိုက်၊ ပေးသောသစ်ပင်ကို ယူလိုက်၊ ဥယျာဉ်တွင်း ဝင်သွားလိုက်နဲ့ သူ့အလှည့်ရောက်လာတော့။

တကောင်း ဖြည်းဖြည်းအေးအေးပဲ ရှေ့ကိုထွက်သွားလိုက်စဉ်-

"ရော့ . . ."

လက်တွင်းရောက်လာသည်က အစေ့မကွဲသေးသော သရက်ပင်ပေါက်တစ်ပင်ပါ။ တခြားသူတွေ ဘာပင်တွေရလို့၊ ဘယ်နေရာမှာ စိုက်ပျိုးနေကြတယ်မသိဘူး။ သူ့အတွက် စိုက်ပျိုးရန်ရောက်လာသည်ကတော့ သရက်ပင်လေး။

"မင်းနာမည် ဘယ်သူလဲ"

"တကောင်း . . ."

စကားဆုံးတော့ သရက်ပင်ပေါက်လေးကိုကိုင်ရင်း ဥယျာဉ်တွင်း ဝင်ခဲ့ပါတယ်။ အတွင်းမှာကား သူ့ရှေ့ အရင်ဝင်ရောက်ထားသူများကို နေရာအနှံ့မှာ တွေ့ရလေရဲ့။ တချို့က စိုက်နေကြပြီး တချို့က ဘယ်မှာ စိုက်ရမလဲ နေရာရှာမတွေ့သေးဘူး။

သူကတော့ လက်တွင် သရက်ပင်ရောက်လာတယ်ဆိုကတည်းက ဘယ်အရပ်မှာ စိုက်ပျိုးရမည်မှန်း ကြိုတွေးပြီးသားပါ။ ဒါကြောင့် အရပ်မျက်နှာတစ်ခုကို ဦးတည်ပြီး လျှောက်လာခဲ့လိုက်တယ်။

ဥယျာဉ်တော်ရဲ့ တောင်ဘက်အရပ်က တခြားနေရာတွေထက် ရှင်းလင်းကာနေပါတယ်။ ဒီဘက်ကို လာရောက်စိုက်ပျိုးသူ မရှိသေးပါဘူး။ တောင်ဘက်အရပ်မှာပဲ စိုက်ပျိုးရန်မြေနေရာကို ရွေးချယ်မိတယ်။



သစ်ပင်ကြီးငယ် ရှင်းလင်းရာ၊ နေရောင်ကျရောက်ရာ မြေသားနူးညံ့ရာ ဆိုသုံးခုပေါင်းစုံရာ မြေတစ်ကွက်ကိုတွေ့တော့ . . .

ချက်ချင်းလက်ငင်း စိုက်လို့ မရသေးဘူး . . .

ကိုယ်တိုင် အခါတော်ပေးပြီးသားမို့ စိုက်ပျိုးရန် အချိန်အခါကို စောင့်ရဦးမှာပါ။

ထိုစဉ်မှာပဲ အနားကို လူတစ်ယောက်ရောက်လာတယ်။ သူ့လိုပဲ စိုက်ပျိုးရန် နေရာလိုက်ရှာသူထင်ပါရဲ့။ မလှုပ်မယှက်ရပ်နေသော သူ့ကိုတွေ့တော့ ကြောင်တောင်တောင်ကြည့်ပြီး ရှေ့ကို ဆက်လှမ်းသွားတယ်။

ပြီးတော့ သူ့ရှေ့မလှမ်းမကမ်းမှာ ကျင်းတူးကာ သစ်ပင်ကို စိုက်ပျိုးပါတယ်။ ထိုလူစိုက်ပျိုးသည်က အလှစိုက်ပန်းတစ်ပင်။ စိုက်ပုံစိုက်နည်းကို လေ့လာတော့ စနစ်တကျရှိသူတစ်ဦးဖြစ်မှန်း တွေ့ရတယ်။ စိုက်ပျိုးရေးကို ဝါသနာပါပုံလည်း ရပါတယ်။ သူကတော့ သရက်ပင်ပေါက်လေးကို ကိုင်ပြီး အခုချိန်ထိ ရပ်နေတုန်းပါပဲ။

စောင့်ရဦးမယ် . . .

အချိန်တစ်ခုရောက်လာအောင် စောင့်ရဦးမယ်။

စိုက်လို့မရသေးဘူး။ ဥယျာဉ်ခြံဝန်းကြီး တစ်ခုလုံး မြေကြီးတူးသံ၊ လှုပ်ရှားသံတွေ ဆူညံနေပေမယ့် သူကတော့ အေးအေးဆေးဆေး ရပ်နေဆဲပါ။

ကိုယ်တိုင်ကိုယ်ကျ အခါတော်ပေးထားတဲ့အတိုင်း စည်ကြီး နှစ်ကြိမ်မြည်တာကို စောင့်ရမယ်။ ထိုအခါမှ မြေမှာ ကျင်းတူးလို့ရမယ်။ တတိယအကြိမ် စည်းတီးလျှင် သရက်ပင်ပေါက်လေးနဲ့ အညွန့်ကို တောင်ဘက်သို့မူပြီး ခရာသံစေ့မှ တွင်းထဲချရမယ်။

ထိုအတိုင်း အတိအကျပါပဲ။ လုံးဝလွဲလို့မရဘူး။ တစ်ခုခု လွဲချော်သွားလျှင် သူ့သေချာတွက်ချက် မျှော်မှန်းထားတာတွေအားလုံး ဆုံးရှုံးသွားလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါဟာ သူတို့မြို့လေးရဲ့ အပြုမူတစ်ခုပေါ့။ တစ်နာရီတစ်ခါ ရွှေနန်းတော်မှ ခရာမှုတ်ပါတယ်။ သူတို့မြို့လေးမှာ နာရီစင်မရှိဘူး။ တစ် နာရီ တစ်ချက်တီးတဲ့ သံချောင်းခေါက်သူမရှိဘူး။ မြို့သူမြို့သားတွေအား လုံးက နန်းတော်ကထွက်ပေါ်လာမယ့် ခရာသံကို စောင့်ရတယ်။

ခရာသံကို အတည်ပြုရတယ်။ ခရာတစ်ခါမှုတ်ခြင်းဟာ တစ် နာရီထိုးခြင်းပါပဲ။ ခရာနှစ်ခါမှုတ်လျှင် နှစ်နာရီ၊ သုံးခါမှုတ်လျှင် သုံး နာရီ။ သုံးနာရီပြည့်လျှင် အစဉ်လာအရ မင်္ဂလာစည်တော် တစ်ခါတီး တယ်။ မင်္ဂလာစည်တော် နှစ်ခါတီးလျှင် ဒါဟာ ခြောက်နာရီပါ။

သူတို့မြို့ရဲ့ အချိန်သတ်မှတ်မှုက ထိုပုံစံအတိုင်းပဲ သွားတယ်။ ယခုရော ခရာသံ ဘယ်နှခါရောက်၍ မင်္ဂလာစည်တော် ဘယ်နှခါ တီး ပြီးသွားပြီလဲ။ သူတို့အားလုံး မြောက်ပြင်တံခါးမှာ စောင့်ဆိုင်းစဉ်က ခရာ ကိုးခါမှုတ်၍ စည်တော် သုံးကြိမ်တီးပြီးသွားပြီ။

ကိုးနာရီ ထိုးပြီးသွားပြီပေါ့။ သူစောင့်နေတာ နောက်ထပ်တစ် နာရီပြည့်မည့် ခရာမှုတ်သံကိုပါပဲ။

ဒီလိုနဲ့ အချိန်တွေက တဖြည်းဖြည်း ကုန်လွန်ကာလာပါတယ်။ သူ့အသိအာရုံမှာ ဥယျာဉ်ဝန်းကြီးတစ်ခုလုံး တစ်စထက်တစ်စ တိတ်ဆိတ် လာသလို ခံစားရတယ်။ ထိုစဉ်မှာပဲ လူတစ်ယောက်ရှေ့ကို ရောက်လာ ကာ . . .

"ဘယ်လိုလဲဗျ . . . သရက်ပင်ကိုင်ပြီး ဘာရပ်လုပ်နေတာလဲ မစိုက်တော့ဘူးလား။ ခင်ဗျားနောက်ကရောက်လာတဲ့ ကျုပ်တောင် စိုက် ပြီးသွားပြီ"

လှမ်းကြည့်တော့ တကယ်ပဲ အလုပင်လေးက မြေမှာ မတ်မတ် ထောင်နေပြီ . . .

"စိုက်မှာပါ . . ."

ထိုမျှသာ ပြန်ဖြေဖြစ်ပါတယ်။ မတုန်မလှုပ်ရပ်နေသော သူ့ကို အချိန်အတော်ကြာ ရပ်ကြည့်ပြီး ထိုသူထွက်သွားတယ်။ တဖြည်းဖြည်း



နဲ့ သူတို့ဥယျာဉ်ကြီးက တိတ်သထက်တိတ်၊ ဆိတ်သထက် ဆိတ်လာ ပါပြီ။ သူ့လို အမှုတော်ထမ်းခွင့်ရဖို့ သစ်ပင်စိုက်သူတွေ ပြီးစီးကာ ပြန် ကုန်ကြပြီထင်ရဲ့။

ဟုတ်ပါတယ်။ တကယ်ပဲ ဥယျာဉ်တော်ကြီးက လူသူကင်းရှင်း ပြီး တိတ်ဆိတ်ငြိမ်သက်နေပါပြီ။ သူကတော့ ယခုတိုင် မပျက်မယွင်း ရပ်နေဆဲပဲ။ မကြာခင် နောက်ဖက်မှ လျှောက်လာသော ခြေသံတွေကို ကြားရတယ်။

ပြီးတော့ . . .

"ဟေ့လူ . . . ဘာရပ်လုပ်နေတာလဲ"

သင်တိုင်းကိုယ်စီဝတ်ထားတဲ့ အမှုထမ်းရဲမက်တွေပါ။ သရက် ပင်ငယ်ကိုကိုင်ကာ မစိုက်ပျိုးသေးဘဲ ရပ်နေသော သူ့ကိုတွေ့တော့ အံ့ဩ နေကြပုံရပါတယ်။

"ဘာဖြစ်လို့လဲ . . . ခင်ဗျားရတဲ့သစ်ပင်က သေနေလို့လား"

"မဟုတ်ပါဘူး . . ."

"ဒါဆို ဘာလို့ရပ်နေတာလဲဗျ။ သူများတွေဆို စိုက်ပြီးလို့ ပြန် ကုန်ကြပြီ။ ဘယ်သူမှတောင် မကျန်တော့ဘူး။ ခင်ဗျားတစ်ယောက်ပဲ ကျန်တော့တယ်"

နောက်တစ်ယောက်ကပါ ဝင်ပြောတယ်။

"ဒါဖြင့်လည်း စိုက်လေဗျာ။ ဘာလို့မစိုက်သေးတာလဲ"

"ကျွန်တော် အချိန်ကို စောင့်နေတာပါ"

"ဟေ . . ."

"ဘာ . . ."

သူ့အဖြေကြောင့် အကုန်လုံး ကြောင်တောင်တောင်ဖြစ်သွားကြ တယ်။ ကျိုးနွံသောအပြုံးတစ်ခုကို ပြုရင်း တကောင်း ဆက်ပြောလိုက် ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"သစ်ပင်စိုက်ဖို့အတွက် အချိန်ကန့်သတ်မထားဘူးမလား . . နောင်ကြီးတို့"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘယ်လိုသဘော ပေါက်သွားတယ်မသိဘူး။ သဘောကောင်းပုံရသော တစ်ယောက်က . .

"မကန့်သတ်ထားဘူး . . . ရတယ် . . . ရတယ် . . . လုပ်ပါ၊ အဆင်ပြေသလို လုပ်ပါ။ ကျုပ်တို့ကတော့ ဒီမှာ တစ်နေကုန်နေရမှာ ခင်ဗျာ။ တစ်နေကုန်စိုက်နေလည်း ရတယ်၊ ကိစ္စမရှိဘူး . . ."

ပြောပြီး ဟိုဟိုဒီဒီကြည့်ကာ ထွက်သွားကြတယ်။ သူတို့ထွက်သွားပြီး မကြာပါဘူး . . .

"ဘော် . . ."

နန်းတော်ကြီးဆီမှ ပထမဆုံး ခရာသံ စထွက်လာပါပြီ။ ထို့နောက်မှာ . . .

"ဘော် . . . ဘော် . . ."

ခရာသံ သုံးချက် ထွက်သွားပြီးနောက် . . .

"ဒူ . . ."

မင်္ဂလာစည်တော်ကို ယွန်းလိုက်ချေပြီ။ တစ်ဆက်တည်းဆိုသလို . . .

"ဘော် . . . ဘော် . . . ဘော် . . . "

"ဒူ . . . "

တကောင်း ဆက်ခနဲ ဒူးထောက်ထိုင်ချကာ မြေပြင်ကို တူးဆွလိုက်တယ်။

"ဘော် . . . ဘော် . . . "

နောက်နှစ်ချက် . . .

မြေပြင်က အားထည့်တူးဖော်မှုကြောင့် ခဏချင်း သစ်တစ်ပင်စာ ချိုင့်ခွက်သွားပါတယ်။

"ဘော် . . . ဒူ . . . "



စည်ကြီး သုံးကြိမ်မြည်ပြီး အခါတော်အရ သုံးကြိမ်မြည်လျှင် ချက်နာလှည့်ရတယ်။ ကိုယ်တိုင်က တောင်ဘက်အရပ်မှာ ရှိပြီးသားမို့ အပင်ငယ်ရဲ့ အညွန့်အခက်ကို တောင်ဘက်သို့ မျက်နှာမူလိုက်ပါတယ်။

ဒါပေမဲ့ ခရာမစေ့သေးဘူး။ ခရာမစေ့လျှင် တွင်းထဲချလို့မရသေးဘူး။ ခရာမှုတ်ဖို့ နောက်တစ်ချက် ကျန်သေးတယ်။ စောင့်မျှော်နေဦးမှာပဲ . . .

"ဘော် . . ."

ခရာစေ့ချေပြီ။ ခရာစေ့လျှင်တော့ . . .

သရက်ပင်ပေါက်လေးက တောင်ဘက်သို့ မျက်နှာမူ၍ တွင်းထဲရောက်သွားခဲ့ပြီ။ အောင်မြင်ခဲ့ပြီမို့ ခန္ဓာကိုယ်က လွတ်လပ်ပေါ့ပါးသွားတယ်။ ထို့နောက်မှာတော့ အစေ့အုပ်အောင် မြေဖတ်တို့ကို တယုတယ ဖုံးအုပ်ပေးလိုက်ပါတယ်။

(ယခုခေတ် လူတွေပြောနေကြသော 'ခရေစေ့တွင်းကျ' ဟူသော စကားမှာ အမှန်မဟုတ်။ 'ခရာစေ့တွင်းချ' ဟူသော စကားသာလျှင် အမှန်ဖြစ်သည်။ တိကျသေချာလွန်းစွာ ဆံခြည်တစ်မျှင်မျှ မှားယွင်း၍မရဟု အဓိပ္ပာယ်ယူရမည်ဖြစ်သည်။ ခေတ်တွေကြာညောင်းလာသည်နှင့်အမျှ နားလည်မှုအယူလွဲကာ 'ခရေစေ့တွင်းကျ' ဟု သုံးနှုန်းနေကြခြင်းဖြစ်၏။

စာရေးသူ)

အားလုံးပြီးတော့ အိမ်ကယူလာခဲ့သော လွယ်အိတ်တွင်းမှ အရာများကို ထုတ်လိုက်ပါတယ်။ ပထမဆုံး ပေရွက်ကိုထုတ်ကာ မြေမှာချခင်းလိုက်တယ်။

ပြီး ဆေးဘူးကို အဖုံးဖွင့်၍ စုတ်ကိုထိုးနှစ်ကာ ပေရွက်ပေါ်တွင် ရေးလိုက်သည်ကား . . .



www.burmeseclassic.com

www.burmeseclassic.com

## (i)

သမီးတော်ကိုယ်တိုင် ကြွလာတယ်ဆိုတော့ ဥယျာဉ်တစ်ခုလုံး လှုပ်ရှားသွားကြသည်။ ရထားပေါ်က ဆင်းရန်ပြင်တော့ အထိန်းတော်ကြီးက အနားရောက်လာကာ . . .

"ထိပ်ထားလေး . . . ထိန်းတော်ကြီးလက်ကို ကိုင်ဆင်း"

"ရတယ် . . . ထိပ်ထားဘာသာ ဆင်းပါ့မယ်"

ပြောပြောဆိုဆို ရထားပေါ်မှ လွှားခနဲခုန်ဆင်းလိုက်တော့ . . .

"အို . . . ထိပ်ထားရယ်၊ မတော် လဲကျသွားမှဖြင့်"

အထိန်းတော်ကြီးက ရင်ဘတ်ကိုဖိရင်း စိုးရိမ်ပူပန်စွာပြောပေမယ့် သူမကတော့ ပေါ့ပေါ့ပါးပါးပင် မြေမှာရောက်လို့နေပါပြီ။ သူမ ဆင်းသက်လာပြီဆိုတော့ ထုံးစံအတိုင်း ဥယျာဉ်တွင်းရှိ အစောင့်ရဲမက်တွေအကုန်လုံး ဒူးထောက်ခစားကုန်တယ်။

လက်ကို ဝှေ့ယမ်းပြရင်း . . .

"သက်သာသလိုနေကြပါ"

အသက်နှစ်ဆယ်ပြည့်မှ သမီးတော်အဆောင်အယောင်တွေ ခံစားရသူမို့ အရာအားလုံးက သူမအတွက် သူစိမ်းဆန်လို့နေပါသည်။



သူမ နေထိုင်ပုံ၊ သွားလာလှုပ်ရှားပုံတွေ ကြည့်ပြီးတော့ အထိန်းတော်ကြီးမှာ ရင်တမမနှင့်။ 'ထိပ်ထားလေး . . . ဒါကို ဒီလိုခေါ်တယ်၊ ဒါကို ဒီလိုပြော၊ ဒီလိုတော့ဖြင့် ရာဇကညာနဲ့ မသင့်တော်ပါဘူး' စသဖြင့် အပါးမှာ အချိန်ပြည့်ခစားကာ လိုအပ်သမျှ ဖြည့်ဆည်းပေးနေရသည်။

ယခုလည်း ရထားပေါ်မှ သူမ ခုန်ဆင်းလိုက်ပုံကိုကြည့်ကာ အထိန်းတော်ကြီး မျက်လုံးပြူးသွားပုံက ရယ်ဖွယ်ပင် ကောင်းသေးတော့၏။ နန်းတော်နှင့်ဝေးရာကို ရောက်ပြီမို့ သူမစိတ်အစဉ်မှာ လွတ်လပ်ပေါ့ပါးကာနေပါသည်။ ဟန်ဆောင်ထိန်းချုပ်မှုတွေ အကုန်ခွာချချင်နေပြီ။

စိတ်ထဲရှိသလိုသာ ပြောဆိုနေထိုင်ချင်နေပြီ။ မပြေးရုံတမည် ဥယျာဉ်တွင်းဝင်တော့ အထိန်းတော်ကြီးက နောက်မှ ထက်ကြပ်မကွာ လိုက်လာသည်။ တကယ်တော့ သူမ ခမည်းတော်ဆီ ခွင့်ပန်ရုံလာတုန်းက သတ်မှတ်ပေးထားသော ဥယျာဉ်သစ်နေရာကို ကြည့်ရှုချင်လို့ပါ။

နောက်ပြီး စိုက်ပျိုးထားသော အပင်ငယ်တို့နှင့်တကွ ကြိုက်နှစ်သက်ရာ အမှုထမ်းကို ရွေးချယ်ဖို့။

ယခုတော့ နန်းတွင်းနဲ့ ကွာခြားလွန်းလှသော တောတောင်လျှိုမြောင်တို့ကို မြင်တွေ့လိုက်ရတော့ သူမစိတ်တွေပေါ့ပါးကာ မေ့သွားရသည်။

ကြည့်ပါဦး . . . ။ ခမည်းတော် သတ်မှတ်ပေးထားတဲ့ မြေနေရာက ကျယ်လှချည်ရဲ့။ နောက်ပြီး သဘာဝအတိုင်းရှိနေတဲ့ သစ်ပင်ပန်းပင်တွေက ပြုပြင်တည်ဆောက်စရာမလိုအောင်ပင် သူမအမြင်မှာ လှနေပါကော။

စိတ်လွတ်ကိုယ်လွတ် ပြေးလွှားကာ ပန်းပွင့်လေးတွေခူးလိုက်၊ အထိန်းတော်ကြီးမမြင်အောင် လှည့်ပတ်ကစားလိုက်နဲ့ အပျော်ကြီးပျော်လို့နေပါသည်။ ဒါဟာ သူမစံပျော်ဖို့ ဥယျာဉ်တဲ့။ ပျော်ဖို့ကောင်းလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆို နန်းတွင်းရဲ့ ပိတ်လှောင်မွန်းကြပ်မှုတွေကို ခံစရာ မလိုတော့ဘူး။ ဒီကို နေ့တိုင်းလာပြီး ကစားလို့ရပြီ၊ ပျော်လို့ရပြီ။

"ထိပ်ထားလေး . . . ထိပ်ထားလေး . . . အစောင့်ရဲမက်တွေနဲ့ ဣန္ဒြေထိန်းပါဦး။ ဒီလိုဆော့ကစားနေလို့ မရဘူးလေ။ ထိပ်ထားလေးကို အရှိသေတန်သွားလိမ့်မယ်"

ထိုစကားကိုကြားတော့ ဆော့ကစားနေတဲ့ သူမခြေလှမ်းတို့ တိခနဲရပ်သွား၏။ ပြီးတော့ ခမည်းတော်သင်ပြပေးထားတဲ့ စကားတွေ နားထဲ တစ်ခုချင်း ပြန်ဝင်လာသည်။

"သမီးတော်ဟာ ဒီရေဒီမြေကို အုပ်ချုပ်တဲ့ ဘုရင့်သမီးတော်၊ မဟာစည် မဟာသွေးဖြစ်တယ်။ ဟောဒီတစ်ပြည်လုံးမှာ သမီးတော်ကို မစေဘဲ မော်ဖူးဝံ့သူမရှိဘူး။ သမီးတော်နှုတ်ထွက်စကားကို လွန်ဆန်ဝံ့သူမရှိဘူး။ သမီးတော်ရဲ့ ဂုဏ်ရောင်ဂုဏ်ဝါကို ယှဉ်နိုင်သူမရှိဘူး။ ဒီတိုင်းဒီပြည်မှာ သမီးတော်က ဘုန်းကံအရှိဆုံး၊ အာဏာအရှိဆုံး မိန်းကလေးပဲ။ သမီး . . ."

ခမည်းတော်မိန့်မှာထားသော စကားကို နားတွင်းမှာ ကြားယောင်လာတော့ . . .

"ဘယ်သူတွေ . . . အရှိသေတန်မှာလဲ။ အရှိသေတန်တဲ့လူတွေ အကုန်လုံးကို ဒဏ်ခတ်ပစ်မယ်"

သူမစကားကြောင့် အထိန်းတော်ကြီး မျက်နှာကွက်ခနဲ ပျက်သွားပြီး ကပျာကယာပင် . . .

"အဲလိုမဟုတ်ပါဘူး . . . ထိပ်ထားလေး၊ အထိန်းတော်ကြီး ပြောတာ အဲဒီသဘောမျိုး မဟုတ်ပါဘူး။ ရေမြေ့ရှင် သမီးတော်တစ်ပါးအနေနဲ့ ဒီလိုနေလို့ မသင့်တော်ဘူးလို့ တင်လျှောက်တာပါ"

အထိန်းတော်ကြီး မျက်စိမျက်နှာပျက်ကာ ပျာပျာသလဲ တောင်းပန်၏။ ဒါပေမဲ့ နှုတ်ခမ်းကိုကိုက်ကာ မျက်နှာကို တစ်ဖက်လှည့်တော့ အထိန်းတော်ကြီး ဒူးထောက်ကျသွားသည်။



အထိန်းတော်ကြီးခမျာ ခေါင်းကိုငုံ့ရင်း အသားတို့ ဆတ်ဆတ်ခုန်သည်ထိ ကြောက်ရွံ့သွားရသည်။ သမီးတော်က အပြစ်တစ်စုံတစ်ရာပေးမှာကို သေမလောက် ကြောက်ရွံ့နေသည့်အလား။

ဒီလိုဆိုတော့လည်း သူမ စိတ်မကောင်းနိုင်ပါ။ ထို့ကြောင့် သက်ပြင်းကိုချရင်း . . .

"အမှုတော်ထမ်းလိုသူ အမည်တွေနဲ့ စိုက်ပျိုးသွားတဲ့ အပင်ငယ်လေးတွေကို လိုက်ပြပေး၊ ထိပ်ထားကြည့်ချင်လို့"

သူမလေသံပျော့သွားမှန်း သိတော့မှ အထိန်းတော်ကြီးမှာ ဝမ်းအန်းတသာ ဦးညွတ်ရင်း ထထွက်သွားပါသည်။ ခဏချင်းပင် ရဲမက်တစ်ယောက်နှင့် ပြန်ရောက်လာကာ . . .

"ထိပ်ထားလေး . . . ကြည့်တော်မူလို့ရပါပြီ"

အထိန်းတော်ကြီးနှင့်ပါလာသော ရဲမက်က စာချွန်လွှာတစ်ထပ်ကြီးကို လှန်ရင်း မှတ်ထားသော အမည်များနှင့် စိုက်ပျိုးခဲ့သော သစ်ပင်ငယ်တို့ကို ယှဉ်တွဲပြသည်။

သူမကတော့ လိုက်ပါကြည့်ရှုရင်း တော်သလိုနေလိုက်၏။ အကယ်က သူမရွေးချယ်ရန် မတတ်ပါ။ ဒီကိစ္စက အထိန်းတော်ကြီး တာဝန်သာဖြစ်ပါသည်။ ဒါပေမဲ့ သူမအတွက် တည်ဆောက်ပေးမည့် ဉယျာဉ်ဆိုတော့လည်း . . .

တစ်နေရာရောက်တော့ . . .

"ဟိုမှာကြည့်ပါဦး . . . ထိပ်ထားလေး"

အထိန်းတော်ကြီးညွှန်ပြရာ အပင်ငယ်လေးကား . . .

သရက်ပင်လေးတစ်ပင်ပါ။

ဒါပေမဲ့ ထိုအပင်လေးရဲ့နံဘေးတွင် ပေတစ်ရွက်ကို မြေမှာစိုက်ထား၏။

ပေရွက်ပေါ်တွင် စုတ်ဆေးဖြင့်ရေးထားသည်ကား . . .



www.burmeseclassic.com

www.burmeseclassic.com

သုံးရက်မြောက်သော် ရွှေအဆင်းရှိသည့် အရွက်ကို ဖူးလိမ့်မည်။

နေရောင်ကျချိန် တစ်ပြိုင်နက်ပေါ်ပါက တစ်သက်တာပတ်လုံး

ရွှေဝါရောင်ဆောင်သော အရွက်အဖူးတို့သာ ပေးလတ္တံ့။

နှစ်ဝါလွန်သော် အဦးဆုံးသစ်သီး သီးလိမ့်မည်။

ထိုအသီးသည် ရွှေလိုဝင်း၍ တစ်ပြည်လုံး၌ ပြိုင်ဘက်ကင်းသော အနံ့အရသာကို ပေးစွမ်းလတ္တံ့။

"သူ . . . ဘယ်သူလဲ"

ရဲမက်က ဒူးထောက်ကာ တင်လျှောက်သည်။

"တကောင်းလို့ ခေါ်ပါတယ် . . . သမီးတော်"

ᨁ ᨁ ᨁ



(၂)

"ခိုးသားကို အမြန်ဆုံးဖမ်းပေးပါ . . ."

"ထိုက်တန်တဲ့ ပြစ်ဒဏ်ချပေးပါ . . ."

"ခိုးသားကို အမြန်ဆုံးဖမ်းပေးပါ . . ."

"ထိုက်တန်တဲ့ ပြစ်ဒဏ်ချပေးပါ . . ."

လက်သီးလက်မောင်းတန်းကာ လူတွေတစ်အုပ်ကြီး ခုံရုံးရှေ့တွင် စုဝေးအော်ဟစ်နေကြ၏။ ညက ဘယ်အရပ် ဘယ်ဌာနတွင် သူခိုးဝင်မွှေသွားပြန်သည်မသိ။ သူတို့ပုံစံကြည့်ရတာ တော်တော်ကြီးကို ခံပြင်းဒေါသထွက်နေပုံရပါသည်။ ပြီးတော့ ယခုချိန်ထိ သူခိုးကို လက်ရဖမ်းဆီးမပေးနိုင်သော ခုံရုံးအားလည်း အထင်သေး ရှုတ်ချလိုမှုတွေ အထင်းသားပေါ်လွင်နေသည်။

ညစဉ်ညတိုင်းလိုလို တစ်အိမ်မဟုတ်တစ်အိမ် ဝင်ရောက်ခိုးယူခြင်းခံရတာဆိုတော့ ဘယ်သူမှ သည်းမခံနိုင်ကြတော့။ အကုန်လုံးက ငါ့အလှည့် ဘယ်တော့ရောက်လာမလဲ ကျိုးလန့်စာစားနေရသလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

အိပ်ကောင်းခြင်းလည်း မအိပ်ရတော့၊ စားကောင်းခြင်းလည်း မစားနိုင်တော့ လုပ်ငန်းတာဝန်တွေကိုလည်း စိတ်ပါလက်ပါ မလုပ်နိုင်တော့။ ဒီလိုဆိုတော့ မည်သူမှ သည်းမခံနိုင်တော့ချေ။ ဒီလောက် သူခိုးတွေ သောင်းကြမ်းနေလျက် မိအောင်ဖမ်းမပေးနိုင်သည့် ခုံရုံးအမှုထမ်းရဲမက်များသာ အားလုံး ဝိုင်းဝန်းရှုတ်ချစရာ ဖြစ်နေပါတော့သည်။

ဒီတော့လည်း ပြည်သူတွေမှာ သူတို့မကျေနပ်ချက်တွေကို တတ်နိုင်သလောက် ဖွင့်ထုတ်တောင်းဆိုကုန်တော့၏။

"ခိုးသားကို အမြန်ဆုံးဖမ်းပေးပါ . . ."

"ထိုက်တန်တဲ့ ပြစ်ဒဏ်ချပေးပါ . . ."

ခုံရုံးတွင်းမှာလည်း သက်ဆိုင်ရာ အမှုထမ်းတွေ အကုန်လုံး ခေါင်းခြောက်နေရပြီ။ သူတို့လည်း ကိုယ့်တာဝန်ကိုယ် သိပါသည်။ ဒါပေမဲ့ ကြိုးစားဖမ်းဆီးပါသော်လည်း ခိုးသားတွေရဲ့ အရိပ်အယောင်ကိုမျှ မမြင်နိုင်။ စုံစမ်းထောက်လှမ်းသော်လည်း သတင်းအစအနပင်မရ။ ဒီလိုဆိုတော့ သူတို့ မည်သို့တတ်နိုင်မည်နည်း။

ယခုဆို ခုံရုံးတံခါးဖွင့်ချိန်ကို ကျော်လွန်နေပါပြီ။ သို့ပေမဲ့ သူတို့ ဖွင့်မပေးရဲ။ ဖွင့်ပေးလိုက်ပါက အပြင်တွင် စုဝေးနေသော လူစုကြီး မတားနိုင်မဆီးနိုင် ဝင်လာကြတော့မည်။ နောက်ပြီး မကျေနပ်ချက်တွေကို တန်းစီတိုင်တန်းအော်ဟစ်ကြမည်။ အပြစ်တော့ မဆိုသာ။

ဒီသတင်းခုနစ်ပတ်အတွင်း ဖြစ်ပွားခဲ့သည့် ခိုးမှုက အကြိမ်နှစ်ဆယ်ကျော်နေပြီ။ အရင့်အရင်ခိုးမှုတွေနဲ့ ပေါင်းက သူတို့မဖော်ထုတ်နိုင်တာသည် တော်တော်ကြီးကို များပြားနေခဲ့ပြီမဟုတ်ပါလား။

မနက်စောစောကတည်းက ရှေ့မှာ လာရောက်စုဝေး အော်ဟစ်နေကြခြင်းဖြစ်၏။ တဖြည်းဖြည်းနှင့် လူတွေ များသထက်များလာကာ ယခုဆို နည်းနည်းနောနောမဟုတ်တော့။ သူတို့ရဲ့ သံပြိုင်အော်သံတွေမှာလည်း ဝေသာလတစ်ပြည်လုံး ဖုံးလုနည်းနည်းပင် ဖြစ်ချေနေပြီ။



ပြည်သူတွေကတော့ ခုံရုံးတံခါးမဖွင့်လေ ပိုမိုရန်ကြွလေဖြင့်..

"ကျုပ်တို့ရဲ့ ချွေးနဲ့စာကို ကာကွယ်ပေးပါ . . ."

"ခိုးသားတွေရဲ့ အတင့်ရဲမှုကို တားဆီးပေးပါ . . ."

"ခိုးသားကို အမြန်ဆုံးဖမ်းပေးပါ . . ."

"ထိုက်တန်တဲ့ ပြစ်ဒဏ်ချပေးပါ . . ."

ထိန်းလို့မရတော့။ လူအင်အားက ပိုတောင့်တင်းလာပြီ။ သံပြိုင်အော်နေပုံက မိုးထိအောင်ညံလို့။

သူတို့ အားကိုးတကြီး ဟစ်ကြွေးတိုင်တည်ရာ ခုံရုံးမှာတော့ ဘယ်တိုင် မတုန်မလှုပ်ရှိနေဆဲ။

ကံကြမ္မာရဲ့ အလှည့်အပြောင်းပဲလားတော့မသိ။

ထိုအမှုကိစ္စကြီးက ဘုရင့်ရွှေနန်းတော်တိုင်အောင် ရောက်ရှိသွားခဲ့၏။ ဖြစ်ပုံက ဒီလို . . .။

ထိုသို့ ခုံရုံးရှေ့တွင် စုဝေးအော်ဟစ်နေသောအချိန်နှင့် တိုက်ဆိုင်ဆိုင်ပင် ဝေသာလပြည့်ရှင်မင်းတရားကြီးမှာ အချိန်အခါမဟုတ် တိုင်းခန်းလှည့်လည်ချင်သောဆန္ဒ ရင်တွင်း၌ တစ်မုဟုတ်ချင်း ဖြစ်ပေါ်လာ၏။

ထိုအခါမှာ အနီးပါးခစားလျက်ရှိသော ပညာရှိတို့ကို ယခုအခါ တိုင်းခန်းလှည့်လည်ရန် သင့်မသင့် တွက်ချက်ကာခိုင်း၏။ ပညာရှိတို့ တွက်ချက်၍ သင့်တော်ကြောင်း လျှောက်ထားစဉ်မှာတော့ စီးတော်ဆင်ပြင်ကာ နောက်လိုက်နောက်ပါ အစုံအညီဖြင့် တိုင်းခန်းလှည့်လည်ထွက်မူလေတော့သည်။

တောင်တံခါးမှထွက်၍ ခုံရုံးရှေ့ရောက်သည်တွင် လက်သီးလက်မောင်းတန်းကာ စုဝေးအော်ဟစ်နေကြသော ပြည်သူများကိုမြင်ရ . . .

ထူးခြားသောဖြစ်ရပ်မို့ ရွှေနန်းရှင်က အကြောင်းရင်းမှန်ကို သိလိုတော်မူသည်။ အပါးတော်မြဲအမတ်များ လျှောက်တင်ရာ၌ . . .



www.burmeseclassic.com

www.burmeseclassic.com

ဝေသာလပြည်တွင် နိုးသားများထကြွ၍ ပြည်သူတွေ ဒုက္ခ
ရောက်ရကြောင်း သိလေတော့သည်။ ထိုအခါမှာ ရွှေစိတ်တော်ညှိုးကာ
စီးတော်ဆင်ကို ဦးလှည့်၍ နန်းတော်တွင်း ပြန်ဝင်စေပါသည်။ ပြီးနောက်
ချက်ချင်းပင် ညီလာခံအား ဆင့်ခေါ်တော့၏။

တိုင်းသူပြည်သားများအား ရင်ဝယ်သားကဲ့သို့ မင်းကျင့်တရား
(၁၀)ပါးနှင့်အညီ အုပ်ချုပ်သော ခေါင်းဆောင်မင်းမြတ်ဖြစ်သည်မို့ ယခု
အရေးသည် ပြည်သူတွေအရေးပင်မဟုတ်။ သူ့အရေးပင်ဖြစ်ချေတော့
သည်။

ထိုအရေးနှင့်ပတ်သက်၍ ညီလာခံစီရင်ပြီး နောက်မှာ တစ်တိုင်း
တစ်ပြည်လုံး စိတ်အေးရလောက်သော အမိန့်တစ်ရပ်ထွက်လာလေသည်။

ထိုအမိန့်မှာကား . . .

တပ်မှူးရာဇာသမိန်အား တာဝန်တစ်ရပ်ပေးအပ်လိုက်ခြင်းပင်
ဖြစ်ချေတော့၏။



III

'ဂျိုင်း' ခနဲ တံခါးဆွဲဖွင့်သံကြောင့် အိပ်နေရာမှ ခေါင်းထောင်
ကြည့်လိုက်တယ်။ အချုပ်ခန်းတံခါးရှေ့မှာ မီးတုတ်တွေ တရောင်ရောင်
လင်းလို့။ အချုပ်စောင့်တွေ ညကြီးမိုးချုပ် ဘာလာလုပ်ကြပါလိမ့်။

သူ့တံခါးကို ဖွင့်တာတော့ မဟုတ်ပါဘူး။ သူနဲ့ကပ်လျက် လူ
မရှိသော အခန်းလွတ်တံခါးကို ဖွင့်တာပါ။ သိပ်မကြာခင်ဘဲ တကောင်း
အားလုံးကို သဘောပေါက်လိုက်တယ်။ သူတို့အချုပ်ထောင်ကြီးမှာ လူ
သစ်တစ်ယောက် တိုးလာပြန်ပါပြီ။

အစောင့်တွေက တံခါးကိုဖွင့်ပြီး လူတစ်ယောက်ကို အတွင်း
တွန်းလွှတ်တယ်။ ပြီးတော့ တံခါးကိုပြန်ပိတ်ကာ ထွက်သွားပါတယ်။

မှောင်မည်းနေတာမို့ အသစ်ရောက်လာသူ အချုပ်သားကို သဲ
သဲကွဲကွဲ မမြင်ရဘူး။ မီးတုတ်ရောင်တွေ ဝေးသွားတော့ ပုံမှန်အတိုင်း
ပြန်လည်မှောင်မိုက်သွားတယ်။ ထိုအခါမှာ မကျေနပ်သံတစ်ခုက ကပ်
လျက် အခန်းတွင်းမှ ခပ်တိုးတိုး ထွက်လာလေရဲ့။

"မင်းတို့ဘုရင် ပြုတ်ကျတာနဲ့ပဲ ငါ့အပြစ်ဖြစ်ရောလား"

• • •



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးဖွင့်ဖွင့်ချင်း သတိရမိတာက အမေ့ကိုပါ။ အမေ အခုချိန်ဆို ဘာတွေများလုပ်နေပါလိမ့်။ သူ့ကိုပဲ သတိရနေမလား၊ အစ်ကိုမင်းထင်ကိုပဲ စိတ်ပူနေမလား၊ ဒါမှမဟုတ် သားနှစ်ယောက်မွေးထားပြီး နှစ်ယောက်လုံး သုံးမရတဲ့ ညံ့ဖျင်းသူတွေအဖြစ် အမေယူကျုံးမရဖြစ်နေမှာလား။

အဲလိုတော့ ဖြစ်လိမ့်မယ်မထင်ပါဘူး။ စိတ်ဓာတ်မာကျောလွန်းသူ အမေက သူတို့အတွက် လုံးဝခံစားနေမှာမဟုတ်ဘူး။ ကံစီနဲ့တော့ အဆင်ပြေမှာပါ။ ဒီထဲရောက်မလာခင် အမေ့ကို သေချာစောင့်ရှောက်ဖို့ ကံစီကို မှာထားခဲ့တယ်လေ။

ကံစီကိုယ်တိုင်လည်း မိဘကင်းမဲ့သူဖြစ်လေတော့ အမေအရင်းတစ်ယောက်လို ပြုစုစောင့်ရှောက်မှာ သေချာပါတယ်။

နောက်ထပ် သတိရမိသူတစ်ဦးကတော့ သူ့ရဲ့နှလုံးသည်းပွတ်လေးပါပဲ။ အခုချိန်ဆို သူမရဲ့ တပင်တိုင်နန်းဆောင်မှာပဲ စံနေဦးမှာပါ။ အိပ်ရာမှ နိုးထသက်ဝင်လာစပဲ ရှိလိမ့်ဦးမယ်။

တတိယမြောက် သတိရမိတာကတော့ . . .

ဥယျာဉ်လေး။

သူ တပင်တပန်းစိုက်ပျိုးခဲ့တဲ့ သစ်ပင်။ ပန်းပင်တွေရော အပွင့်အခက်တွေ ဝေဆာနေကြပြီလား။ လေတိုက်တိုင်း ယိမ်းလွင့်ကခုန်တတ်အောင် အချင်းချင်း သင်ကြားနေကြပြီလား။ ပြီးတော့ ကဗျာတစ်ပုဒ်လို လေးလုံးသံပေါက်ကျနစွာ စိုက်ပျိုးခဲ့တဲ့သူကိုရော သတိရနေမှာလား။

သူတို့တွေ သတိရမရမသိပေမဲ့ သူကတော့ သတိရနေပါတယ်။ ဥယျာဉ်မှူးတစ်ယောက်ရဲ့ ရင်ခွင်ဟာ အမြဲတမ်း ဒဏ်ရာတွေနဲ့ဆိုတာ အစကတည်းက သူသိခဲ့ဖို့ကောင်းတယ်။

သူတို့တွေ ရှင်သန်ဖို့ ကိုယ့်ရင်ကို ကိုယ်တူးပြီး ကိုယ့်အသားကို ပုံပေးရတယ်။ ကိုယ့်သွေးကို သောက်သုံးပြီး ကိုယ့်ရင်ငွေ့နဲ့ သူတို့



ရှင်သန်ကြတယ်။ အချိန်တန် အရွယ်ရောက်လာရင် ဝေဆာသော ပန်းတွေ ရင်နဲ့အမျှ ပွင့်ပေးပြန်တယ်။

ကိုယ့်အတွက်တော့ မဟုတ်ခဲ့ဘူး။ လိုသူတွေ ခူးဆွတ်ပန်ဆင်ဖို့အတွက်ပါ။ တကယ်တော့ ငါဟာ လူအနွံတစ်ယောက်ပါ။ ပန်းလေးတွေရယ်၊ ချစ်တယ်တဲ့နှလုံးသားနဲ့ ပန်းပျိုးတဲ့လက်ပါတာကလွဲပြီး ဘာမှသုံးမရတဲ့ကောင်ပါ။

ငါမရှိတဲ့အရပ်မှာ သင်တို့တွေ ထိပ်ထားပျော်အောင် ပန်းဆင်ထားကြနော်။ ငါ ဒီလောက်ပဲ ပြောနိုင်တော့တယ်။

အိပ်ရာမှထတော့ သူစံပျော်ရာ အချုပ်ထောင်ကြီးက မသိုးမသန့် ညည်းနေပါပြီ။ ရေအိုးလေးရှိရာကိုသွားပြီး အရင်ဆုံး ရေတစ်ခွက်သောက်လိုက်တယ်။ သဲဆန်သော ရေဖြစ်လေတော့ လည်ချောင်းတစ်လျှောက် မေတ္တာပို့သလို အေးမြသက်ဆင်းလို့ သွားပါတယ်။

နောက်တစ်ခွက်ခပ်တော့ ရေအိုးက အခြေအနေသိပ်မကောင်းတော့ဘူး။ မျက်နှာသစ်ဖို့လောက်တော့ လုံလောက်ပါလိမ့်မယ်။ မိုးလင်းတိုင်း မျက်နှာသစ်တဲ့အကျင့်က ဖျောက်မရသလို မိုးလင်းတိုင်း နင့်ကို သတိရတဲ့စိတ်ကလည်း ဖျောက်လို့ရမှာမဟုတ်တော့ဘူး . . . ထိပ်ထားရ . . . သိရဲ့လား။

မျက်နှာသစ်ပြီးချိန်မှာ ပိန်လှီပြားကပ်နေတဲ့ ရေအိုးလေးထဲက ရှိသလောက် နောက်တစ်ခွက်ခပ်လိုက်သေးတယ်။ တစ်ဝက်လောက်သာပါမဲ့ အဆင်ပြေမှာပါ။ ကျန်တဲ့တစ်ဝက်ကိုတော့ မေတ္တာတော်တွေ တသီတတန်းကြီး ရွတ်ဆိုဖြည့်တင်းပေးဖို့ ရည်ရွယ်လိုက်ပါတယ်။

ဒါဟာ မနက်ခင်းတိုင်း မပျက်မကွက် သီကျူးနေကျ သီချင်းတစ်ပုဒ်ပေါ့။ မျက်လုံးကိုစုံမှိတ်ပြီး စိတ်ကူးနဲ့ သူမကို ထင်မြင်တယ်။ ပြီးတော့ ရေလိုအေး၍ ပန်းလိုမွှေးပါစေ ဆုတောင်းတယ်။

အဲဒီနောက် ရေအိုးလေးအောက်ခြေမြေပြင်ကို တစ်စက်ချင်း ရွတ်ဖျန်းလောင်းပေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အခုဆိုရင် မြေပြင်က အရင်လိုမဟုတ်တော့ဘူး။ မွှေးပျံ့သင်းကြူတဲ့ နတ်သက်ပန်းတွေ ဝင်စားသလို စိမ်းနုသော မြက်ပင်လေးတွေ ဟိုတစ်စ ဒီတစ်စ ပေါက်နေကြပြီ။

ဤအချုပ်ထောင်ကြီးရဲ့ အတွင်းပိုင်းမှာ သူတစ်ဦးတည်း စိုက်ပျိုးနိုင်ခဲ့တဲ့ အိုအေစစ်လေးတွေပေါ့။ ထိုမြက်ပင်လေးတွေကို ဖြူစင်သော မေတ္တာတော်တွေ တဖွဖွရွတ်ဆိုရင်း မနက်တိုင်း ရေလောင်းပေးတယ်။

ပေါင်းသင်စရာ မလိုပါဘူး။ မြေဆီဩဇာထပ်လောင်းပေးဖို့လည်း မလိုဘူး။

အလိုလို ပေါက်ဖွားလာလိမ့်မယ်။

ပြီးတော့ မကိုင်းမညွတ် ရှင်သန်လိမ့်မယ်။

“ရေတစ်မှုတ်လောက် တိုက်လို့ရမလားကွယ့်”

အနီးမှ ကပ်ထွက်လာသော အသံကြောင့် အတွေးဖြင့် လွင့်မျောနေသော သူ့စိတ်တွေ ပစ္စုပ္ပန်နဲ့ ပြန်ဆက်သွယ်မိချိန် . . .

ဘေးကိုလှည့်ကြည့်တော့ အသက်(၆၀)ဝန်းကျင် အဘိုးအိုတစ်ဦး။

ပထမတော့ အံ့ဩသလို ဖြစ်သွားပေမဲ့ နောက်မှ ညကအဖြစ်အပျက်ကိုသတိရကာ နားလည်လိုက်တယ်။ သူနဲ့ကပ်လျက် အခန်းလွတ်ထဲကိုရောက်လာသော အချုပ်သားအသစ်စက်စက်ပါ။ ဒါပေမဲ့ ထိုလူ့ပုံစံက တော်တော်ထူးခြားနေတယ်။ ခေါင်းပေါ်ကဆံပင်တွေက အမည်းနဲ့အဖြူ ဆတူရောနေပြီး အသားအရေက ကြောက်စရာကောင်းလောက်အောင် ဖွေးဆွတ်ဖြူရော်နေတယ်။

ပိတ်အင်္ကျီ အဖြူပွပွကို ဝတ်ထားပေမဲ့ ချေးညှော်တွေ ဖာထေးရာတွေက မြင်မကောင်းဘူး။ အထူးခြားဆုံးကတော့ ထိုလူ့မျက်လုံးပါပဲ။ မျက်လုံးတစ်ဖက်ကို သားရေဖတ်အုပ်ထားတာကြောင့် မျက်လုံးကွယ်နေသူဆိုကာ မြင်ရုံနဲ့ သိသာနေပါတယ်။



မျက်နှာပြင်ဖတ်ပညာအရ ချက်ချင်းပဲ တကောင်း သဘောပေါက်လိုက်တယ်။ ဥပဓိရုပ်၊ ညာဏ်ရည်ညာဏ်သွေးနဲ့ ကိုယ်ကျင့်သီလ ပြည့်စုံမယ့် လူကြီးပါ။

“ရေတစ်မှုတ်လောက် တိုက်ပါလားကွယ်”

ဒုတိယအကြိမ်တောင်းဆိုတော့မှ သတိရကာ ရေအိုးကို အဖုံးဖွင့်လိုက်တယ်။ သောက်ရေက ထုံးစံအတိုင်း နှစ်ခန်းတစ်အိုးဖြစ်တဲ့အပြင် အခွက်မှာ သူ့လက်တွင်းရောက်နေတာကြောင့် တစ်ဖက်လူက တောင်းဆိုတဲ့သဘောပါ။

“ဂျလိ . . .”

ရေခွက်နဲ့ အိုးအောက်ခြေပွတ်တိုက်သံတစ်ခု ထွက်လာပြီးသည့်နောက် . . .

“ရေကုန်နေပြီဗျ။ အစောင့်တွေလာမှပဲ ထည့်ခိုင်းရတော့မယ်”

ပြောလည်းပြော လက်တွင်းပါလာသော ရေအနည်းငယ်ကို တစ်ချက်ငုံ့ကြည့်ကာ သံတိုင်တွေကြားမှ ကမ်းပေးတော့ . . .

သူကမ်းပေးတဲ့ရေကို တည်တည်ငြိမ်ငြိမ် မော့သောက်တယ်။ ပြီးတော့ ရေခွက်ကို သူ့ဘက်ပြန်ပေးပြီး မတ်တတ်ရပ်ပါတယ်။ ရှေ့လည်း တိုးမလာဘူး။ နောက်ဆုတ်လျှောက်လှမ်းတာကိုလည်း မတွေ့ဘူး။ ဒီအတိုင်းပဲ တောင့်တောင့်ကြီးရပ်နေတာကြောင့် သူမော့ကြည့်မိစဉ် . .

အဘိုးကြီးက သံတိုင်တွေကိုကျော်ကာ အခန်းနံရံကို စူးစိုက်ကာ ကြည့်နေတယ်။ အဘိုးကြီးကြည့်နေရာကို တကောင်း လည်ပြန်လှည့်ကြည့်လိုက်စဉ် . . .

“ဗိုက်ဆာလိုက်တာကွာ”

သူခိုးလူမိသလို (သို့) အာရုံလွှဲလိုက်သလို အဘိုးကြီးက ခပ်တိုးတိုးရေရွတ်ရင်း နံရံမှာကပ်ထားတဲ့ သူ့ခုတင်ရှိရာဆီ လျှောက်လှမ်းသွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တကောင်းကတော့ အဘိုးကြီး ဂရုတစိုက်ကြည့်သွားသော
မှ မျက်လုံးမခွာသေးပါ။

ထူးထူးခြားခြားတော့ ဘာမှမရှိပါဘူး။ ကိုယ့်ဖာတာကို
ကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် ပြန်ဟောစားတဲ့ နိမိတ်စကားလေးတစ်
ပဲ။

"ငါ နောက်တစ်ခေါက်ပြန်လာရဦးမယ် . . ."

• • •

"Ta Va No . . . "

" ta va no . . . "

"ta va no . . . "

ညမှောင်မှောင်မှာ ရင်ခေါင်းသွင်းအော်သံကြီးတစ်ခုက
တိုက်ဆိုသလို ထွက်ပေါ်လာတယ်။ အိပ်မပျော်သေးတာမို့ ချက်ချင်
သဘောပေါက်လိုက်တယ်။ ဘေးခန်းမှ အသစ်ရောက်လာသူ အဘိုး
ညကြီးမိုးချုပ် တစ်ကိုယ်တည်း အော်ဟစ်နေတာပါ။

"ta va no . . ."

အကျယ်ကြီးပဲ။ ရင်ခေါင်းအားနဲ့ အော်နေတာမို့ ထိုအသံ
က အချုပ်ထောင်တွင်းမှာ ဟိန်းထွက်နေပါတယ်။ သူတင်မဟုတ်
ထိုထူးဆန်းတဲ့ အော်သံကြီးကြောင့် အချုပ်သားတွေအကုန်လုံး နိုး
ကြပြီ။ တချို့လည်း တစ်ခါမှမကြားဖူးသော အော်သံကြီးမို့ ထိတ်
တကြား နိုးလာကြတယ်။

တချို့ကလည်း အိပ်မရအောင် ကျယ်လောင်လွန်းတာမို့
ထွက်ကာ ကုန်းရုန်းထကြတယ်။ ကပ်လျက်အဘိုးကြီးရဲ့ " tavano (
ဗာနို) အော်သံကြီးကြောင့် အချုပ်ထောင်ကြီးတစ်ခုလုံး ညကြီးအ
မတော် နိုးထလှုပ်ရှားကုန်ပြီ။



ပထမတော့ ဘယ်ကထွက်လာတဲ့ အသံကြီးလဲ အကုန်လုံး နား
စွင့်ကြပါတယ်။ အသစ်ရောက်လာသူ အဘိုးကြီးအော်နေခြင်းဖြစ်ကြောင်း
သိသည့်အခါမှာတော့ . . .

"ဟိုအဘိုးကြီး . . . ဘာတွေအော်နေတာလဲ။ တိတ်စမ်း"

"ဟေ့လူကြီး . . . ပြောနေတာ မကြားဘူးလား"

"တောက် . . . ပူရအိုက်ရတဲ့ ကြားထဲကွာ"

"အခုရပ်စမ်း . . . ဝုန်း . . . ဝုန်း . . ."

အဘိုးကြီးက လုံးဝကြားပုံမပေါ်ပါဘူး။ မတ်တတ်ရပ်ကာ အမိုး
မျက်နှာကြက်ကို မော့ကြည့်ရင်း သူ့အလုပ်ကိုသာ သူဆက်လုပ်နေပါ
တယ်။

"tavano . . ."

"tavano . . ."

အသံက လုံးဝလျော့မသွားဘူး။ တစ်ချက်ချင်း လေးလေးပင်
ပင် ရွတ်နေတာကြောင့် သူ့အတွက်တော့ နားထောင်လို့ပင် ကောင်းနေ
ပါသေးတယ်။ ညကြီးအချိန်မတော် ဆူညံနေပေမဲ့ အစောင့်တွေကတော့
သေယစ်ကာ အိပ်ပျော်နေကြပြီ။ ဟောက်များတောင် ဟောက်လို့။

အဘိုးကြီးကတော့ . . .

"tavano . . ."

အဘိုးကြီးအော်သံနဲ့အတူ ကျန်တဲ့အချုပ်သားတွေမှာလည်း –

"ဒီအဘိုးကြီး ရူးနေတာလားကွ"

"သေခါနီးမှ အသားနာချင်ပြီထင်တယ်"

"ဟေ့လူကြီး . . . ဝုန်း . . . ဝုန်း . . . "

အော်လည်းအော်၊ သံတိုင်တွေကိုလည်း တဝုန်းဝုန်းထုကြနဲ့
အချုပ်ခန်းကြီးက ငရဲတမျှပါပဲ။ အဘိုးကြီးကတော့ တုတ်တုတ်မျှမလှုပ်
ဘူး။ နောက်ထပ်ဆယ်ခါလောက် ဆက်တိုက်ဆက်အော်ပြီး သူ့အလို
လို ရပ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြီး သူ့ကို ဒေါသတကြီးဖြစ်နေတဲ့ အချုပ်သားတွေ၊ အော်ဟစ်ဆဲဆိုသံတွေ၊ ကြိမ်းမောင်းထုရိုက်သံတွေအားလုံးကို ဂရုမစိုက်သည့်အလား ဥပေက္ခာပြုရင်း အခန်းထောင့်ကိုသွားပြီး ထိုင်ချလိုက်ပါတယ်။ ပြီးတော့ သံတိုင်တွေကြားမှ လက်နှိုက်ကာ တကောင်းအခန်းဘက်မှာရှိသော ရေအိုးကို အဖုံးဖွင့်ပြီး တစ်ခွက်ခပ်သောက်တယ်။

တကောင်း ခုတင်ပေါ်တွင်ထိုင်ကာ အဘိုးကြီးလုပ်ကိုင်ပုံကို လှမ်းကြည့်ရင်း . . .

"Ta Va No က . . . အမိုးအကာမရှိတဲ့ ဟင်းလင်းပြင်မှာဆိုရင် ပိုအလုပ်ဖြစ်မယ်ထင်တယ်နော်"

အမှတ်မထင်ပြောလိုက်သော သူ့စကားကြောင့် အဘိုးကြီး ရေသောက်နေရာမှ လှမ်းကြည့်တယ်။ ပြီးတော့ ရေအိုးဖုံးနဲ့ ရေခွက်ကို ပြန်ချရင်း . . .

"မင်းလည်း တတ်တယ်လား"

တကောင်း 'ဟက်'ခနဲ တစ်ချက်ရယ်ကာ . . .

"နည်းနည်းပါးပါးပါဗျာ"

သူ့စကားကြောင့် အဘိုးကြီးက ခြောက်ကပ်ကပ်ရယ်သံကို ပြုရင်း . . .

"ဟုတ်ရဲ့လားကွ။ ငါ့အထင်တော့ မင်းလည်း ပညာသည်တစ်ယောက်ပဲ နေမှာပါ"

"ခင်ဗျား ဘာကိုကြည့်ပြောတာလဲ"

အဘိုးကြီးက ချက်ချင်းမဖြေဘူး။ ခန္ဓာကိုယ်ကို တစ်ချက်ပြင်ထိုင်၍ . . .

"ဒီရေအိုးဘေးမှာ ဇာတာတစ်ခု ရေးထားတယ်လေ။ ပြီးတော့ ဟိုဘက်နံရံမှာလည်း စာတစ်ကြောင်း ရှိသေးလားလို့"

သူ ပြန်မဖြေဖြစ်ဘူး။ ငြိမ်၍ပဲ နားထောင်နေလိုက်တယ်။

"အခု ငါ tavano ရွတ်တာလည်း သိတယ်ဆိုတော့ . . . "



စကားကို တစ်ဝက်တစ်ပျက်နဲ့ ရပ်သွားပါတယ်။ အဘိုးကြီးက ခုတင်ပေါ်ထိုင်နေသော သူ့ကိုလှမ်းကြည့်ကာ . . .

"ဘယ်လိုလဲကွ၊ အိပ်ချင်နေပြီလား"

"မအိပ်ချင်သေးပါဘူး"

"ဒါဆို ဆင်းခဲ့ဦးကွ။ စကားလေးဘာလေး ပြောရအောင်"

အဘိုးကြီးလေသံက အားတက်သရောရှိကာ ဖော်ရွေရိုးသားသောကြောင့် တကောင်း ခုတင်ပေါ်မှ ဆင်းလာခဲ့ပါတယ်။ ကျန်သူတွေအားလုံးကတော့ လုံးဝဂရုမစိုက်သော အဘိုးကြီးကို တောက်တခေါက်ခေါက် ကြိမ်းဝါးရင်း ပြန်လည်ငြိမ်သက်သွားကြပြီ။

တကောင်း အခန်းထောင့်ကိုသွားပြီး အဘိုးကြီးအနီးမှာ ထိုင်လိုက်တယ်။ သူနဲ့ အဘိုးကြီးကြားမှာ သံတိုင်တွေကလွဲပြီး ဘာမှမရှိတော့ပါဘူး။

"ငါ့နာမည် . . . ဝေဠု၊ ကြက်နားထိုးရွာက။ အများအခေါ်တော့ ဆရာဝေဠုပေါ့ကွာ။ ဟား . . . ဟား . . ."

သူ့နာမည် သူပြောပြီး သဘောကျသလို ရယ်ပါတယ်။ ပြီး သူ့ကိုကြည့်ကာ . . .

"မင်းကရော . . ."

"ကျွန်တော်က တကောင်း"

"တကောင်း . . . တကောင်း . . . "

သူ့နာမည်ကို ထပ်ခါထပ်ခါ ရေရွတ်ရင်း အဘိုးကြီး ငြိမ်သွားတယ်။

"တော်တော်ကောင်းတဲ့ နာမည်ပဲကွ။ ဘယ်လိုလဲ မင်းကရော ငါ့လို အများအခေါ် ဆရာတကောင်းပဲလားကွ။ ဟေ ဟေ့"

တကောင်း စိတ်မပါစွာ ပြုံးမိလိုက်ပါတယ်။ ညမှောင်နေတာမို့ အသက်မပါသော သူ့အပြုံးကို ကပ်လျက်အခန်းက အဘိုးကြီးဦးဝေဠု မြင်ဟန်မတူပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူး၊ ကျွန်တော်က ဉယျာဉ်သည်ပါ"

"ဟော . . ."

အံ့သြသွားပုံရတယ်။ ပြီး အလျင်စလိုဖြင့် . . .

"ဉယျာဉ်သည်ဆိုတော့ သစ်ပင်၊ ပန်းပင်တွေစိုက်တဲ့သူပေါ့"

"အင်း . . ."

တစ်ဦးတည်း ကြားရုံခေါင်းညိတ်လိုက်ပေမဲ့ . . .

"သစ်ပင်စိုက်တဲ့လူက ဒီမှာ လာအဖမ်းခံနေရတယ် . . . ဟုတ်လား။ ဘယ်လိုဖြစ်တာပဲ"

ထိုမေးခွန်းက သူ့နှုတ်ဖျားကို ထုတ်ချင်ပေါက် ထိုးစိုက်လိုက်တဲ့ အပ်တစ်ချောင်းပါပဲ။ စကားဆက်စရာမရှိအောင် နှလုံးသားနဲ့ အသံအာရုံတွေ တုံ့ဆိုင်းနှေးကွေးကုန်တယ်။

ဘာပြောလို့ပြောရမှန်း မသိဘူး။

စဉ်းစားလေ ပြောမထွက်လေပါပဲ။

"ဘယ်လိုပြောရမလဲ၊ အင်း . . ."



(a)

"တကောင်း . . ."

ကျယ်လောင်သော နာမည်ခေါ်သံကြောင့် ရပ်နေသူတွေအကုန်လုံး 'တကောင်း' ဆိုတာ ဘယ်သူဖြစ်မလဲ စိတ်ဝင်စားစွာ စောင့်မျှော်ကုန်တယ်။ တုန်လှုပ်ခြင်းကင်းစွာနဲ့ပဲ ရှေ့တစ်လှမ်းတိုးကာ . . .

"ကျွန်တော် တကောင်းပါ"

တည်ငြိမ်အေးဆေးတဲ့ သူ့စကားနောက်မှာ ရပ်နေသူတွေပင် မဟုတ်ပါဘူး။ အစောင့်ရဲမက်တွေအားလုံးပါ သူ့ကို တအံ့တသြ ငေးကြည့်လို့။ ထိုစဉ်မှာပဲ နာမည်ခေါ်သူ ရဲမက်က . . .

"အတွင်းကို ဝင်သွားပါ။ သမီးတော်ကိုယ်တိုင် ခစားခံဖို့ စောင့်နေတယ်"

နေခြည်ရဲ့ နွေးထွေးမှုကို ခိုလှုံလိုက်ရသလို ရင်ထဲမှာ အုံ့နွေးရှတသွားတယ်။ စိုးရိမ်စိတ်လည်း အနည်းငယ်ဖြစ်မိပါတယ်။ ဒီနေ့ဟာ သူတို့တွေ သစ်ပင်ကိုယ်စီစိုက်ပြီး သုံးရက်မြောက်သောနေ့ပါ။ ကြေငြာစကားအရ ဉယျာဉ်တော်သစ်မှာ အမှုထမ်းခွင့်ရသူတွေကို ကြေငြာပေးမဲ့နေ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အတွင်းကို ဝင်ဖို့အတွက် ရဲမက်တစ်ယောက်က ဦးဆောင်ခေါ်သွားတယ်။ အစောင့်အကြပ်တွေအားလုံးကို လွန်တော့ ဟိုးအတော်ဝေးဝေးမှာ အဖြူရောင်ပဝါတစ်စကို ရိပ်ခနဲ မြင်လိုက်ရလေရဲ့။

သေဝပ်ပြီးသားမို့ မော်မကြည့်ဝံ့ပါဘူး။ ကိုယ်ကိုရို့ပြီးပဲ ရဲမက်ခေါ်ဆောင်ရာနောက်ကို တိတ်တဆိတ်လိုက်သွားလိုက်တယ်။ ခြေလှမ်းအတော်ရောက်ချိန်မှာ စံပယ်တွေ အတုံးအရုံးပွင့်သော ရနံ့ကို ရှူရှိုက်လိုက်ရတယ်။

စံပယ်ပွင့်ချိန် မဟုတ်ပါဘူး။ ဒီလိုဆိုလျှင် နှာသီးဝကို တိုးထလာသော ရနံ့မှာ ထိပ်ထားလေးရဲ့ ကိုယ်သင်းနံ့ကလွဲပြီး တခြား မဖြစ်နိုင်တော့ဘူး။ သိုသိပ်စွာနဲ့ပဲ တရှုံ့ရှုံ့နမ်းလိုက်တယ်။ တဖြည်းဖြည်းနဲ့ ဖာနီ၊ ဖာပြာတွေကို မျက်လုံးထောင့်စွန်းမှာ တွေ့ရတော့ . . .

သူ့ရဲ့ရင်ခွင်ဟာ လျှပ်စီးတွေ ပြိုင်းပြိုင်းလက်ခဲ့ရပါပြီ။ ထိပ်ထားလေးကို တွေ့ရတော့မယ်ဆိုတဲ့အသိနဲ့ ရင်ဘတ်စည်တော်တွေ တဝုန်းဝုန်း ညာသံပေးလို့။

ဦးဆောင်သူ ရဲမက် ဒူးထောက်ချတော့ သူလည်းပဲ ခေါင်းကိုငုံ့ပြီး ဒူးတုပ်ခစားလိုက်တယ်။ နှလုံးသည်းပွတ်ရဲ့ ဧကရီ နဝသီဂီမင်းသမီးကို တွေ့ချင်မြင်ချင်စိတ်အား မနိုင်မနင်း ထိန်းချုပ်လို့ပေါ့။

စိတ်ထင်သလို မော့ကြည့်ခွင့်မရှိပါဘူး။ ပြောချင်သလို ပြောဆိုခွင့်လည်းမရှိဘူး။ သေဝပ်ကျိုးနွံစွာ ဒူးတုပ်ခစားပြီး မကြာခင်ပဲ နံဘေးက လျှောက်တင်သံကို ကြားရတယ်။

“တင်ပါသည် သခင်မ၊ ယမန်နေ့မနက်ခင်းက သရက်ပျိုပင် စိုက်ပျိုးသူ ‘တကောင်း’ ရှေ့တော်မှောက် ခစားရောက်လာပါပြီ”

ရဲမက်ရဲ့ တင်လျှောက်သံဆုံးတော့ . . .

“တကောင်းဆိုသူ အရပ်သား မော်ဖူးစေ”

ချိုသာပေမဲ့ အမိန့်သံဆန်တယ်။ ဘုရင့်သမီးတော်ဆိုတော့ နန်းငွေ့နန်းသက်တွေ လွှမ်းခြုံနေတာ မဆန်းပါဘူး။ မှောင်မိုက်သော ညယံ



မှာ တခမ်းတနားထွက်ပေါ်လာတဲ့ လမင်းကို မော့ကြည့်သလိုမျိုး သနားဆော်မှုသော စကားနဲ့အညီ ဖူးမြော်တော့ . . .

ဘဝဆိုတာ ဤမျှလောက်နဲ့ပဲ ထိုက်တန်ပြည့်စုံလို့သွားပါပြီ။ ဘနုကမာတွေရဲ့ ရင်သွေးငယ် ပုလဲလုံးလေးအလား သူမ မျက်နှာတော်က ဖြူစင်ဝင်းဖန့်နေတယ်။ ပင်လယ်သမုဒ္ဒရာရေကို ကုန်အောင်သောက်ပြီး မွေးဖွားသက်စင်းလာသလိုမျိုး။ အသားရေတော်တွေက စိုဖတ်စိမ်းအိလို့။

ဒါတွေကို မတပ်မက်ပါဘူး။

စာပေကိုနှံ့စပ်၊ လောကဓံကို ပုခက်တွင်းမှ တိုက်ခိုက်ရင်ဆိုင်လာရသူမို့ မမြဲသောသဘောကို ကောင်းကောင်းနားလည်တယ်။ သူ့ရဲ့ ထိပ်ထားလေးဟာ နောက်ဆယ်နှစ်၊ အနှစ်နှစ်ဆယ်၊ ယခုလို လှနေပါဦးမလား။ ဝေခွဲရမခက်ပါဘူး။ လုံးဝ မဖြစ်နိုင်ဘူးဆိုတာ သေချာပါတယ်။ ဒါတွေက တန်ဖိုးမရှိတဲ့ အပေါ်ယံ အရေပြားတွေပါ။

သူ ချစ်တာ ဒါတွေမဟုတ်ဘူး။

ချမ်းသာမှု၊ ကျော်စောမှု၊ အမိန့်အာဏာ၊ ဒါတွေလည်း တစ်ခုမှ မဟုတ်ပြန်ဘူး။

“ဒါဆို ဘာကိုချစ်တာလဲ”

လို့ မေးလျှင်လည်း သူမဖြေတတ်ဘူး။

နံဘေးမှ ရဲမက်တံတောင်နဲ့ လှမ်းတို့မှ သတိဝင်သွားတယ်။ သတိဝင်ချိန်မှာ ထိပ်ထားလေးက သူ့ကို နောက်ထပ် မိန့်မှုလို့ ပြီးပါပြီ။ ထိပ်ထား ဘာမိန့်လိုက်မှန်း သူမသိဘူး။ ဒီအခါမှာ ထိပ်ထားဘေးမှာရှိသော ဝတ်လဲတော်နွမ်းနွမ်းနဲ့ မိန်းမကြီးက ဝင်ထောက်ပေးတယ်။

“သရက်ပင်မှာ ဘာလို့ စာရေးသွားတာလဲ။ ထိပ်ထား သိချင်နေတယ်”

လက်နှစ်ဖက်ကို မြှောက်၍ . . .



www.burmeseclassic.com

www.burmeseclassic.com

"တင်ပါသည် သခင်မဘုရား . . . သရက်ပင်၌ စာရေးခဲ့သည့် အကြောင်းရင်းမှန်မှာ ဒီအပင် ရှင်သန်ကြီးထွားရာ ကြန်အင်လက္ခဏာ အပြည့်အစုံကို သိနှင့်ပြီး ဖြစ်နေတာကြောင့်ပါ"

"ဘယ်လိုများသိရတာလဲ အရပ်သား။ ဥယျာဉ်တော်စောင့်တွေ ပြောတာက သစ်ပင်စိုက်ချိန်မှာ သင် စိုက်ပျိုးပုံက အများနဲ့မတူ တစ်မူ ထူးနေတာဆို"

သာယာချိုလွင့်သော အသံတော်နဲ့ မေးလာတော့ မကွယ်မဝှက် တမ်း တင်လျှောက်မိပါတယ်။

"ဟုတ်မှန်သည့်အတိုင်း တင်ပါသည်။ ဂြိုဟ်ကြီးကိုးလုံး နက္ခတ် နှစ်ဆယ့်ခုနစ်လုံး နေ၊ လ၊ ကြယ်တံခွန်၊ တာရာအပေါင်းတို့ဟာ သူ့နေရာနဲ့သူ၊ သူ့လမ်းကြောင်းနဲ့သူ မှန်ကန်စွာ တည်လျက်ရှိပါတယ်။ လူတို့မွေးချိန်မှာ အံ့သာအခါကိုကြည့်၍ ဇာတာဖွဲ့ဆိုရပါတယ်။ ဇာတာဟာ ထိုလူတစ်ဦးတစ်ယောက်အတွက် တစ်သက်တာပတ်လုံး မှန်ကန်သည့် ဖြစ်မှုပျက်မှုကို ဖော်ပြပေးနေပါလိမ့်မယ်။ အချိန်ရဲ့ အကောင်းအဆိုး၊ ဂြိုဟ်ဆင်း၊ ဂြိုဟ်တက်တို့ရဲ့ ကောင်းချိန်၊ ဆိုးချိန်ကို သိပေမဲ့ လူတွေရဲ့ မွေးဖွားချိန်ကို ကြိုမသိနိုင်လို့ ထိုလူ့အတွက် ဘဝကံကြမ္မာကို ပြောင်းလဲလို့ မရနိုင်ပါဘူး။

မွေးဖွားချိန်ကို မူတည်ပြီးတော့ပဲ အကောင်းအဆိုးကို ချင့်ချိန်လို့ရပါတယ်။ သို့ပေမဲ့ လူမဟုတ်သည့် တခြားအရာတွေမှာတော့ ထိုသဘောကို သိလျှင် လိုသလို ပြောင်းလဲလို့ ရနိုင်ပါတယ် အရှင်"

စကားတစ်ဝက်ကျိုးတော့ မင်းသမီးက သူ့ကို မမှိတ်မသုန်ကြည့်နေတယ်။ သူပြောတဲ့စကားတွေကို နားလည်ပုံမရပါဘူး။ ထို့ကြောင့် အရိုးရှင်းဆုံး စကားတွေသုံးပြီး သစ်ပင်စိုက်ရန် အချိန်တွက်ခဲ့ပုံ၊ ကိုယ်တိုင် အခါပေးခဲ့ပုံ၊ ပြီးတော့ ထိုအချိန်အခါအတိုင်း အတိအကျ လုပ်ဆောင်ခဲ့ပုံတွေကို ရှင်းပြလိုက်ပါတယ်။

သည်ထိအောင် နားလည်ပုံမရဘူး။ ဒါပေမဲ့ . . .



"ဒါဆို ဟောဒီဥယျာဉ်ထဲက သစ်ပင်တွေ အကုန်လုံးကို အချိန်အခါရွေးစိုက်ရင် သင်ပြောသလို ဖြစ်မယ်ပေါ့"

"မဆိုလိုပါဘူး . . . ။ ဒါပေမဲ့ အတိုင်းတိုင်း အပြည်ပြည်မှာရှိတဲ့ ဥယျာဉ်တွေ အားလုံးထက် ထိပ်ထားလေးရဲ့ ဥယျာဉ်တော်ဟာ သာလွန်လှပနေမှာတော့ သေချာပါတယ်"

ရွှေမျက်နှာတော် ဝင်းပသွားတာကို မြင်လိုက်ရတယ်။ ပြီးတော့ လက်တစ်ဖက်ကို မြှောက်ကာ . . .

"ကောင်းပြီ . . . သင့်ကို ဥယျာဉ်သည် ရာထူးပေးသနားလိုက်မယ်။ အခုချိန်ကစပြီး ထိပ်ထားရဲ့ ဥယျာဉ်တော်ကို အလှဆုံး၊ အဝေဆာဆုံး၊ ပြိုင်ဘက်အကင်းဆုံး ဥယျာဉ်တစ်ခုဖြစ်အောင် ဖန်တီးကြိုးစားပေတော့"

ရင်တွင်းမှာ တလှပ်လှပ်ဖြစ်သွားတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားပေမဲ့ ဤမျှလောက်ထိ မထင်ထားပါဘူး။ ဥယျာဉ်သည် ရာထူးတဲ့။ ဥယျာဉ်သည်ဆိုတာ ဒီဥယျာဉ်ကြီးတစ်ခုလုံးကို ဦးစီးဦးကိုင်ဆောင်ရွက်ရမဲ့ ခေါင်းဆောင်ရာထူးပေါ့။

အမြင့်ဆုံးဆုလာဘ်အတွက် ကျေနပ်စွာခံယူဖို့ တင်လျှောက်ရန် ပြင်စဉ်မှာပဲ . . .

နောက်ဖက်ဆီမှ တစ်စုံတစ်ဦး ရုတ်ရုတ်သဲသဲ ပြေးလာသံကို ကြားရတယ်။ ပြီးတော့ သူနဲ့ယှဉ်ပြီး သမီးတော်ရှေ့မှာ ဒူးထောက်ပါတယ်။ ဘေးကို စောင်းငဲ့ကြည့်မိစဉ် . . .

"ထိပ်ထားလေးဘုရား . . . ဘုန်းတော်ကြီးဘုရားက ယခုချက်ချင်း ရွှေနန်းတော်ဆီ ပြန်ကြွခဲ့ဖို့ အမိန့်တော်ဆင့်လိုက်ပါတယ်"

အလျင်စလို ဖြစ်နေသော ထိုလူ့လျှောက်တင်စကားကြောင့် . .

"ဘုန်းတော်ကြီးဘုရားမှာ ဘာများ အရေးကြီးကိစ္စ ပေါ်လို့ပါလိမ့် အမောင်ငယ်"

ဝမ်းသာအားရ လျှောက်တင်သံတစ်ခုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

"ဝေသာလပြည်တစ်ခွင်မှာ ထကြွလျက်ရှိနေသော ခိုးသားတွေကို ဖမ်းဆီးပေးဖို့ ဆရာတစ်ဦး ပေါ်နေပါပြီ"

"ဟင် . . . "

တကောင်း အာမေဋိတ်သံ ထွက်သွားသလောက် သမီးတော်ကတော့ နှုတ်ဆိတ်ကာ သွားလေရဲ့။

"ထိုဆရာမှာ ခိုးသားများကို ဖမ်းဆီးရန် အစီရင်ပြုလုပ်တော့မှာ ဖြစ်တဲ့အတွက် ဘုန်းတော်ကြီးဘုရားက သမီးတော်ကို ပြန်ကြွခဲ့ဖို့ ဆင့်ခေါ်ခိုင်းခြင်း ဖြစ်ပါတယ်ဘုရား"

အရာအားလုံးက တိတ်ဆိတ်ငြိမ်သက်ကာ သွားတယ်။ ဘာကြောင့်မှန်းမသိ ထိပ်ထားလေးမျက်နှာတော်မှာ သာမန်ထက် ငေးရီလေးနက်လို့။

မကြာပါဘူး . . .

နောက်လိုက်နောက်ပါရံရွေတော်အပေါင်း ခြံရံလျက် ခမည်းတော်ရဲ့ အလိုတော်အတိုင်း ရွှေနန်းတော်ဆီ ပြန်လည်ကြွချီလို့ သွားပါတော့တယ်။



(၆)

သူမရောက်သွားတော့ ညီလာခံခန်းမကြီးတစ်ခုလုံး အပ်ကျသံမကြားရအောင် တိတ်ဆိတ်လျက်ရှိနေသည်။ အတွင်းစကြံ်ဝမှာ ရပ်နေသော တံခါးစောင့်နှစ်ဦးမှာ သူမကိုတွေ့တော့ လှံရှည်ကို ကိုယ်စီမြှောက်ပြီး ဒူးထောက်အရိုအသေပေးကြသည်။

ညီလာခံခန်းမကြီးရဲ့ စီခြယ်ထားသော ပလ္လင်ပေါ်တွင် ထိုင်နေသည့် ခမည်းတော်၊ သူမကိုတွေ့တော့ ခမည်းတော်က ခေါင်းညိတ်ပြသည်။

သံတော်ဆင့်က သမီးတော် နဝသီဂီမင်းသမီး ကြွလာပြီဖြစ်ကြောင်း အကြောင်းကြားတော့ ခန်းမကြီးတွင်း ရှိနေသူတွေအကုန်လုံး လမ်းဖယ်ပေးကြသည်။ အထိန်းတော်ကြီးကို နောက်မှာထားကာ သူမအတွက် စီစဉ်ထားသော သလွန်ညောင်စောင်းဆီသို့ လျှောက်သွားလိုက်၏ ။

ထိုင်တော်မူပြီးတော့မှ အောက်တွင် ခစားနေကြသူများသို့ သေချာကြည့်မိတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

တွေ့မြင်နေကျလူတွေ ဖြစ်ပေမဲ့ ခမည်းတော်ရှေ့တည့်တည့်တွင် ခစားနေသူကတော့ ထူးခြားကာနေ၏။

အသားရောင်ညိုမှောင်ကာ ဆံပင်ကို မိန်းကလေးများနည်းတူ ဆံထုံးလျှို့ထားပြီး ထူးခြားစွာ ပါးပြင်ပေါ်မှ အမွေးမျှင်များ ရှည်တွဲကျနေသည်။ အသက်မှာ မငယ်တော့။

သွင်ပြင်လက္ခဏာ ထူးခြားသည်မို့ အသက်ကို မခန့်မှန်းတတ်။ လူလတ်ပိုင်းမကတာတော့ သေချာသည်။

သူမ အကဲခတ်နေစဉ်မှာပဲ သက်တော်ရှည်အမတ်ကြီးက . . .

"ဟောဒီက ပုဂ္ဂိုလ်ဟာဖြင့် ကျွန်တော်မျိုးတို့ ဝေသာလပြည်တစ်ခွင်တွင် ပုန်ကန်နေကြသော ခိုးသူ၊ ခိုးသားတို့အား လွယ်လင့်တကူ လက်ရဖမ်းဆီးနိုင်ကြောင်း တင်လျှောက်လာသည့် ဆရာဝရုဏဆိုသူပဲ ဖြစ်ပါတယ် . . . ဘုန်းတော်ကြီးဘုရား"

ပြီးတော့ သက်တော်ရှည်ဘိုးဘိုးကပင် . . .

"ဟောဒါက . . . ခိုးသားတို့ကို ဖမ်းဆီးရာတွင် ဆရာဝရုဏအသုံးပြုမည့် သူခိုးဖမ်းအင်းပင် ဖြစ်ပါတယ်"

သက်တော်ရှည်ဘိုးဘိုးက ခမည်းတော်ဆီသို့ သူခိုးဖမ်းအင်းဟူသောအရာကို ဆက်သပါသည်။ သူမဆီသို့လည်း အထိန်းတော်ကြီးမှတစ်ဆင့် ဝါကြန့်ကြန့်စာရွက်ဟောင်းတစ်ရွက် ရောက်လာ၏။

ယူကြည့်လိုက်တော့ . . .

| | | | |
|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ |



ဆက်သလာသော 'အင်း'ကို ကြည့်ပြီး ခမည်းတော်က . . .

"ဘယ်လိုအသုံးပြုရမှာလဲဟဲ့ . . . ဝရုဏ . . . လျှောက်တင်စမ်း"

ခမည်းတော်ရဲ့ မိန့်ကြားမှုဆုံးဆုံးချင်း . . .

"မေးသည့်အတွက် တင်ပါသည် . . . ဘုန်းတော်ကြီးဘုရား"

ဝရုဏဟူသောဆရာရဲ့ လျှောက်တင်သံက ခန်းမဆောင်ကြီးတစ်ခုလုံးကို ဖုံးသွားပါသည်။ အသံမှာ အက်ရှ၍ ဟိန်းထွက်ကာနေ၏။ သေချာလေ့ကျင့်ထားသော ဩဇာအာဏာသံမှန်း သိသာလှသည်။

"အရှင့်လက်တွင်းရောက်နေသည်မှာ ရှေးရှေး ဆရာပညာဖော်တို့ ပါရမီဖြည့်ဆည်း ဖန်တီးစီရင်အပ်သော သူခိုးဖမ်းအင်းဟူ၍ ဖြစ်ပါတယ် . . . အရှင်မင်းကြီး။ ထိုအင်းကို စည်းကမ်းလိုက်နာအသုံးပြုပါလျှင် သောင်းကြမ်းထကြွဆိုးမိုက် သူတို့အား လွယ်လွင့်တကူ ဖမ်းစီးရနိုင်ပါတယ် အရှင်"

"အသုံးပြုပုံကို တင်စမ်းဟဲ့"

နှလုံးပီတိ ဝွမ်းဆီထိသကဲ့သို့ အားတက်သရော ခမည်းတော်မေးစမ်းတော့ . . .

"အသုံးပြုပါလျှင် သိမ်ဝင်သပိတ်ကွဲတစ်လုံး လိုပါတယ်။ မဆစ်ဆီ ငါးကျပ်သားထည့်ပြီး ဂါထာတစ်မျိုးကို (၃၇) အုပ်စုတ်ရပါမယ်။ ပြီးလျှင်ကား အရပ်ထက်ဝန်းကျင်တိုင်အောင် ပသ၍ ပွဲစုံခင်းပြီးလျှင် မီးထွန်းရပါမယ်။ မီးထွန်းရာမှာ ငှက်ပျောသီးလေးလုံး၊ အုန်းလေးဆံ၊ လက်ဖက်လေးထုပ်၊ မုန့်လေးယှက်၊ ကွမ်းလေးရာတို့နှင့်တကွ ပသပူဇော်ပြီးလျှင် တန်ခိုးကြီးဘုရားရှေ့တော်တွင် သစ္စာပြုရပါမယ်။ အသို့ဆိုလျှင်ဖြင့် ခိုးသားများ မနေနိုင်၊ အနေးနှင့်အမြန် ဂါထာစုတ်သောဆရာဆီသို့ လာရောက်ဦးတိုက် ဝန်ချတောင်းပန်ရပါသည် . . . အရှင်မင်းကြီး"

ဆရာဝရုဏတင်လျှောက်သံအဆုံး ခန်းမကြီးတစ်ခုလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်သွားပါသည်။ ဘုန်းတော်ကြီးဘုရားကိုယ်တိုင် ရှိ



www.burmeseclassic.com

www.burmeseclassic.com

နေလို့သာ တော်တော့သည်။ မဟုတ်ပါက ဝက်ဝက်ကွဲ ဆူညံသွားမှာ သေချာ၏။

တခြားလူတွေမသိ။ သူမကတော့ ဝရုဏ လျှောက်တင်သံကြောင့် ကြက်သီးတို့ပင် ဖြိုးဖြိုးဖျင်းဖျင်း ထမိသည်။ လေကြွားလှချည်ရဲ့ ဆရာသမားရယ်လို့လည်း စိတ်ထဲမှာ ပြောမိသေး၏။ ဟုတ်၊ မဟုတ်ဆိုသည်ကိုကား စောင့်ကြည့်ရမပေါ့။ သူမလိုပင် ခမည်းတော်ဘုရားကလည်း . . .

"သေချာရဲ့လား . . . ဝရုဏရဲ့"

တင်လျှောက်သူကတော့ ပြတ်သားပါသည်။ တစ်ခွန်းတည်း--

"လိုအပ်သည်နှင့် ဖမ်းဆီးခွင့်သာ ပေးစေလိုပါသည် အရှင်"

နောက်ပိုင်းစကားတို့ကို သူမ မကြားရတော့။ ဝရုဏ ၏ 'အင်း' ကို အသုံးပြုပြီး ဂါထာစုတ်ရုံဖြင့် သူခိုးကို ဘယ်လိုဖမ်းမိမလဲ သိချင်မြင်ချင်လှပြီ။

မကြာပါ။ ခမည်းတော်၏ 'အလိုပြည့်စေ'ဟူသော ခွင့်ပေးသံကို ကြားရပြီးသကာလ . . .



(၄)

ခမည်းတော်က ရတနာဆင်တော်နှင့်ကြွ၍ သူမကတော့ မြင်းဆွဲရထားဖြင့်သာ လိုက်ပါလာခဲ့သည်။ ဆရာဝရုဏကို ခွင့်ပေးတော်မူပြီးသည့်နောက် ကြည့်ရှုရန် ခမည်းတော်ကိုယ်တိုင် ကြွချီလာခြင်းဖြစ်ပါ၏။

ဝေသာလတိုင်းတစ်ခွင်မှာ ဘုရားစေတီ ပုထိုးတော်များစွာရှိပေ၏ တစ်ပြည်လုံး သက်ဝင်ယုံကြည်သော တန်ခိုးကြီးဘုရားတစ်ဆူသာ ရှိပါသည်။ ယခု သူမတို့တွေ ထိုစေတီတော်ကြီးရှိရာဆီသို့ သွားကြခြင်းဖြစ်၏။

စေတီတည်ထားကိုးကွယ်ရာ ကုန်းမြေအောက်ခြေကို ရောက်သော့ ခမည်းတော်က ရတနာဆင်တော်ထက်မှ ဆင်းကာ ခြေနင်းအစုံကိုချွတ်ပြီး စောင်းတန်းလှေခါးထစ်တွေအတိုင်း ဦးဆောင်ကာ တက်သွားပါသည်။

သူမသည်လည်း ရထားထက်မှဆင်းကာ ခြေနင်းအစုံကို ချွတ်ရသည်။ ထိုခြေနင်းကိုတော့ အထိန်းတော်ကြီးက တယုတယကောက်ယူကိုင်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com

ရင်ပြင်တော်ပေါ်ရောက်တော့ ခမည်းတော်က ဦးဆောင်ကာ ပါ လာသူတွေအားလုံး စေတီတော်ကို ဦးခိုက်ရှိခိုးကြပါသည်။

သူမသည်လည်း ရိုသေလေးမြတ်စွာ ရှိခိုးကန်တော့ပြီးတော့ စေတီအထက် ပိုင်းထီးတော်ဆီသို့ မော့ကြည့်မိစဉ် . . .

အချိန်အားဖြင့်တော့ ခဏလေးပါပဲ . . .

ဒါပေမဲ့ သူမစိတ်ဝယ်မှာ နှစ်တွေ အသင်္ချေကြာမြင့်သွားသလို။

ဆို့ဆို့နင့်နင့် သတိလွတ်မတတ်။

"ထိပ်ထားလေး . . . ဘုန်းတော်ကြီးဘုရားတို့ မြောက်ဘက် တန်ဆောင်းမှာ နေရာယူပြီးနေပါပြီ"

"ဟင် . . . ဟုတ်လား"

ထိုအခါမှ သတိကိုထိန်းကာ ထရပ်လိုက်သည်။ ပြီး အထိန်း တော်ကြီး ဦးဆောင်ရာနောက်ကို ခပ်သွက်သွက်လိုက်သွားတော့ . . .

မြောက်ဘက်တန်ဆောင်းမှာ ခမည်းတော်က ယာယီတဲနန်းနဲ့ စံတော်မူနေပြီ။ နောက်ပြီး ဆရာဝရဇာရဲ့ လုပ်ကိုင်ပုံတွေကို စိတ်ဝင် တစား ကြည့်ရှုနေ၏။

ဆရာ ဝရဇာမှာကား စေတီကြီး၏ခြေရင်းတော်၌ . . .

သပိတ်ကွဲတစ်လုံးကို ကိုင်ကာ ပွဲစုံခင်းပြီး ဂါထာတစ်ပုဒ်ကို ရွတ်ဆိုနေသည်။ ဆီမီး၊ အမွှေးနံ့သာနှင့် လိုအပ်သော ပစ္စည်းများကို လည်း ပူဇော်ပသကာထား၏။

အချိန်အတော်ကြာ ရွတ်ဆိုပြီးတော့ လက်တွင်းမှ သပိတ်ကွဲ ကို စေတီတော်ခြေရင်းတွင်ချကာ မျက်နှာကိုမော့ပြီး ဦးသုံးကြိမ်ချသည်။ ထို့နောက်မှာတော့ လည်တွင်ဆွဲထားသော ပုတီးကြီးကို ချွတ်ကာ တဂျောက်ဂျောက်စိပ်တော့၏။

သူမတို့မှာတော့ ဘာတွေဖြစ်လာမလဲ စိုးထိတ်စိတ်ဝင်စားလျက်၊ ဘုရားရင်ပြင်တော်တစ်ခုလုံး ပုတီးသံမှတစ်ပါး အရာရာ တိတ်ဆိတ်လျက် ရှိနေသည်။



နေမှာ ပြင်းပြင်းပူနေ၏။

သို့ပေမဲ့ ဝရဇာခေါ်တွင် သူ့ ဆရာတစ်ဦးမှာတော့ ပူပြင်းသော နေရောင်အောက်မှာပင် တင်ပျဉ်ခွေထိုင်ကာ ပုတီးစိပ်လျက် . . .

"ဂျောက် . . . ဂျောက် . . ."

ပုတီးတစ်လုံးနှင့်တစ်လုံး ထိသံက တိတ်ဆိတ်သော ပတ်ဝန်း ကျင်မှာ အသံညီညီ ထွက်ပေါ်လာနေသည်။ ပုတီးတစ်ပတ်ဆုံးသွားချိန် မှာ ဘုရားကို ဦးချ၏။ ပြီးတော့ ဘုန်းတော်ကြီးဘုရားစံရာ ယာယီတဲ နန်းတွင်းသို့ ဝင်ရောက်ခစားကာ . . .

"ယနေ့ည ခိုးသားတို့ လှုပ်ရှားထကြွလျှင် ထိုထိုသော ခိုးသား တို့ကို လက်ရဖမ်းဆီးပေးပါမည်။ ကျန်ရစ်သူတို့သည်ကား တည်ငြိမ် ခြင်းမဲ့၍ နက်ဖြန်နံနက် မိုးသောက်လတ်သော် အကျွန်ုပ်ထံသို့ လာရောက် ဝန်ချ တောင်းပန်ကုန်ပါလိမ့်မည် . . . ဘုန်းတော်ကြီးဘုရား"

တန်ဆောင်းကြီးတစ်ခုလုံးမှာ . . .

"ဟာ . . ."

ခနဲ . . .။



www.burmeseclassic.com

www.burmeseclassic.com

(၃)

ညသည် တရိပ်ရိပ် မှောင်နေ၏။ မှောင်ရိပ်ကို အားပြုကာ လူတစ်စု မြို့အနောက်ပိုင်း အိမ်ကြီးတစ်အိမ်အနီးသို့ တိုးကပ်လာနေကြသည်။ နောက်လူတစ်စုကလည်း မြို့စွန် ဆင်ခြေဖုံးအနီး အိမ်ကြီးတစ်အိမ်နားမှာ နေရာယူထားကြ၏။

ထပ်မှူးရာဇာသမိန် ဦးဆောင်သော အဖွဲ့နှစ်ဖွဲ့ဖြစ်ပါသည်။ ဆရာဝရဏ၏ ပြောကြားချက်အရ ဤအိမ်ကြီးနှစ်အိမ်အနီးမှာ နေရာယူထားခြင်းဖြစ်၏။ အမှန်တော့ အဖွဲ့မှာ နှစ်ဖွဲ့မဟုတ်။ သုံးဖွဲ့။

တတိယအဖွဲ့ နေရာယူထားရာကား သူကြွယ်တို့နေထိုင်ရာ အိမ်ကြီးအိမ်ကောင်း အနီးဝန်းကျင်မှာမဟုတ်။ ချုံနွယ်ပိတ်ပေါင်းတွေ ထူထပ်များပြားနေသော ဘုရားကျောင်းဝန်းတစ်ခုအတွင်းမှာ ဖြစ်၏။

ထိုအရာကပင် ထူးခြားလို့နေပါသည်။ ဘာကြောင့် ဘုရားကျောင်းဝန်းအတွင်းမှာ နေရာယူခိုင်းထားတာနည်း၊ စဉ်းစားဖို့ကောင်းနေသည်။ အမှောင်ကိုအားပြုကာ လှုပ်ရှားနေခြင်းဖြစ်သည့်အပြင် လေ့ကျင့်ရည်ဝသော ရဲမက်များဖြစ်သည်မို့ သူတို့လှုပ်ရှားမှုကို မည်သူမျှ သတိမထားမိကြ။



ရိပ်ခနဲ၊ ရိပ်ခနဲဖြင့် ခဏအကြာမှာ ပကတိအတိုင်း ပြန်လည်တိတ်ဆိတ်သွားလေတော့သည်။

ညအမှောင်ဆိုသည်ကလွဲ၍ ဘာမျှ ကွဲလွဲမှုမရှိတော့။ တစ်မြို့လုံးသည်ကား အိပ်မောကျသယောင် ငြိမ်သက်လို့ . . .

• • •

"အူ . . ."

မြို့ထဲပိုင်းဆီမှခွေး'အူ'သံက အစပြုလိုက်သည်။ ထိုအခါမှာ ကြားရာအရပ်မှ ခွေးတွေအားလုံး ဆက်တိုက်ဆိုသလို လိုက်အူကုန်တော့၏။

"အူ . . . အူ . . . အူ . . . "

မှောင်ရိပ်ထဲမှ လူတချို့ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်သည်။ အထူးသဖြင့် ကျောင်းဝန်းကြီးအတွင်းရောက်နေသော ရဲမက်များမှာ ပိုဆိုး၏။ သူတို့ပတ်ဝန်းကျင်၌ ခွေးအူသံတွေ ကြားမကောင်းအောင် ဆူညံနေသည်မဟုတ်ပါလား။

ဒါသည်ပင် မကောင်းမှုရဲ့ အငွေ့အသက်လား၊ ခွေးအူသံများ ကြားရမှ တစ်မြို့လုံး ပိုမိုတိတ်ဆိတ်သွားသလို ခံစားရသည်။ ထိုခွေးအူသံတွေကပင် အမှောင်မှာ လှုပ်ရှားမည့် ဒုစရိုက်သမားများအတွက် အကာအကွယ်ကောင်းတစ်ခုပေလား။

လူတစ်ဦး။

ရှင်းအောင်ပြောရပါက ရဲမက်တစ်ဦး။

နာမည်က မိုးသီး။

သူ ရောက်ရှိနေရာက ဘုရားကျောင်းဝန်းကြီးအတွင်း တစ်နေရာမှာ . . .



www.burmeseclassic.com

www.burmeseclassic.com

လေးဘက်လေးတန်လုံး ခွေးအူသံတွေ ကြားရပြီးနောက်မှာ ဓားရိုးပေါ်လက်တင်ရင်း သတိရှိပြီး ဖြစ်နေတော့သည်။ ကျန်သူတွေတော့ မသိ။ သူကတော့ ကျောင်းဝန်းအုပ်တံတိုင်းကို မှီရင်း စေတီတော်ကြီး ဘက်လှည့်ကာ သတိမပြတ်တော့။

လေအေးအေးက ကြက်သီးထဖွယ် တိုက်ခတ်နေ၏။ ဒီအငွေ့ အသက်ကို သူမကြိုက်။ သူ့အတိုင်းပင် တခြားရဲမက်တွေလည်း သတိပို နေမှာ သေချာသည်။

နောက်ပြီး သူ စဉ်းစားလို့မရတာတစ်ခုလည်း ရှိသေးသည်။ ဘာကြောင့် ဤစေတီဝန်းကြီးတွင်းမှာ ကင်းပုန်းချထားတာနည်း။ အရာ အားလုံးက မျက်စိကျစရာမရှိ အိုဟောင်းနေပြီ။ စေတီကြီးမှာ အိုဟောင်း ရုံပင်မဟုတ်၊ ပြိုကျလုလုပင်။

စေတီထီးတော်မှာရော . . .

သံချေးအထပ်ထပ်စွဲကာ ရွှေရောင်ကင်းပျောက်တာဖြင့် သက္က ရာဇ် ကြာညောင်းလှနေပြီ။ စိန်ဖူးတော်တစ်ခုသာ အရောင်မှိန်မှိန်လက် လျက်ရှိတုန်းပါ။ ဒါပါပဲ . . . ။

ဤစေတီဝန်းကြီးတစ်ခုလုံး၌ ခိုးသားတို့ မျက်စိကျစရာ ဘာမှ ရှိမနေပါ။ ဒါကို ဘာကြောင့် . . .

ကြည့်နေရင်းနဲ့ ရှေ့တည့်တည့် စေတီတော်ပေါ်မှာ ရိပ်ခနဲလှုပ် ရှားမှုတစ်ခု မြင်လိုက်ရသလို။ လူက ထိတ်ခနဲဖြစ်သွား၏။

ဓားရိုးကို ဆွဲကာ သေချာထပ်ကြည့်တော့ . . .

မမြင်ရတော့ပါချေ။

အမြင်ပဲ မှားသွားတာလား။ လမထွက်၊ ကြယ်မရှိဆိုပေမဲ့ ည အလင်းလေးနည်းနည်းတော့ ရှိနေသည်။ ထိုအလင်းကိုအားပြု၍ စေတီ ကို မမှိတ်မသုန် ထပ်ကြည့်ဖြစ်၏။ သူ အမြင်မှားခြင်းပဲ ဖြစ်ပါလိမ့်မည်။

ရိပ်ခနဲလှုပ်ရှားမှုလိုလို မြင်လိုက်ရပေမဲ့ တကယ့်တကယ်က ဘာမှ ရှိမနေပါ။



တခြားအစောင့်ရဲမက်တွေကို အကဲခတ်ကြည့်တော့လည်း အေး အေးသက်သာပင်ဖြစ်သည်မို့ ဓားရိုးမှလက်ကို ခွာလိုက်၏။

ပြီးတော့ အုတ်တံတိုင်းကို ကျောမှီကာ ပြန်လည်ငြိမ်ဝပ်နေလိုက် သည်။

ခွေးအူသံများလည်း တိတ်သွားပြီဖြစ်ရာ . . .

မကြာလိုက်။

ပတ်ဝန်းကျင်က မူလအတိုင်း ပြန်လည်အိပ်မောကျသွားလေ တော့သည်။

ညကောင်းကင်တွင် . . .

အနက်ရောင်ဝတ်ရုံတစ်စ မျောလွင့်သွားသည်ဆိုတာကိုတော့ မည်သူမျှ သတိမထားမိလိုက်။

မကြာမီအချိန်အတွင်း . . .

မြို့အနောက်ဖက်နှင့် ဆင်ခြေဖုံးတစ်ပိုက်တွင် ဆူဆူညံညံ အသံ များကို ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com

## (၉)

"ကျက်သရေ မင်္ဂလာ ရှိလိုက်တာကွာ"

ကံစီရဲ့ ဆိုင်းမဆင့် ဗုံမဆင့်စကားကြောင့် တကောင်း ကြောင်သွားတယ်။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲကွ။ တပ်မှူးရာဇာသမိန် ဦးဆောင်တဲ့အဖွဲ့နှစ်ဖွဲ့ ညက ခိုးသားတွေကို ဖမ်းလိုက်နိုင်ပြီ"

"ဟေ . . . ဟုတ်လား"

ပါးစပ်က လွှတ်ခနဲထွက်သွားပြီးမှ . . .

"ဘယ်သူတွေတဲ့လဲ . . . ကံစီ"

"အနောက်ဖျားရွာက ကောင်တွေပါကွာ။ အစားအသောက်ကျပ်တည်းကြလို့ လုပ်တယ်ထင်တာပဲ"

အနည်းငယ်တော့ စိတ်အေးသွားရတယ်။ ကံစီက စကားဆက်ပါတယ်။

"ဆရာဝရုဏက တော်တော်စွမ်းတယ်နော်။ သူကင်းပုံးချထားနိုင်းတဲ့အိမ်တွေပဲ ဖမ်းမိတာ"



ဆရာဝရုဏဆိုသူကို သူ မမြင်ဖူးပါဘူး။ စွမ်းမစွမ်းဆိုတာကတော့ လုပ်ရပ်က သက်သေပြနေပါပြီ။

သူတို့ လျှောက်လာရာလမ်းတစ်လျှောက် မြင်တွေ့ရသမျှ ပြည်သူတွေမှာလည်း ပြုံးလို့ပျော်လို့။ ဒါကြောင့် အိမ်ကထွက်လာကတည်းက လမ်းပေါ်မှာ လူတွေစည်နေပါတယ်လို့ ထင်မိတာပါ။

ယခုဆို ကံစီလည်း ဘုရားစောင်းတန်းမှာ ပေါက်ပေါက်ဆုပ်ခရောင်းတော့ဘူး။ သူနဲ့လိုက်ပြီး ထိပ်ထားရဲ့ ဥယျာဉ်တော်တည်ဆောက်ရေးမှာ ဝန်ထမ်းတစ်ယောက်ဖြစ်နေပြီ။

တစ်နေရာရောက်တော့ ဆူဆူညံညံအသံတွေကို တစ်ခဲနက်ကြားရတယ်။ လှမ်းမျှော်ကြည့်တော့ ဇရပ်တစ်လုံးပေါ်မှာ လူတွေမနည်းပါဘူး။ သူတို့ပုံစံတွေကတော့ လမ်းမှာတွေ့လာရသော မျက်နှာတွေနဲ့ လုံးဝကို ကွဲလွဲထွက်နေတယ်။

အားလုံးက တစ်နေရာဆီ မျှော်ငေးရင်း တောက်တခေါက်ခေါက်။ မကျေမချမ်းဟန်တွေမှာလည်း မျက်နှာပြင်အပြည့်။ ကံစီက မနေနိုင်မထိုင်နိုင် နီးစပ်ရာပုဂ္ဂိုလ်တစ်ယောက်ကို လှမ်းမေးတော့ . . .

"နောင်ကြီးတို့ . . . ဘာဖြစ်နေကြတာလဲဗျ"

ပြန်ဖြေသံ မကြားရဘူး။ ထိုစဉ်မှာပဲ လူတစ်ယောက် ဇရပ်အောက်ဘက်ကနေ မောကြီးပန်းကြီး ပြေးတက်လာကာ . . .

"ကြည့်လို့ရပြီဗျို့ . . . ကြည့်လို့ရပြီ။ ဘုန်းတော်ကြီးဘုရားက ပြည်သူတွေကို ကြည့်ခွင့်ပြုဖို့ အမိန့်ချလိုက်ပြီ"

"ဟေ . . ."

"ဟာ . . ."

"အို . . ."

အာမေဍိတ်သံတွေ တစ်ခဲနက်ထွက်ကာ ဇရပ်ပေါ်ရှိနေသူတွေ အကုန်လုံး အောက်ကို ပြေးဆင်းကုန်ကြတယ်။ ဖုန်တွေ တလူလူလွင့်နေသော လမ်းလေးဆီ ဦးတည်၍ လက်ခမောင်းခတ်သူခတ်။ အော်ဟစ်သူက အော်ဟစ်နှင့်။



www.burmeseclassic.com

www.burmeseclassic.com

ဘာတွေလဲ။

ထိုမေးခွန်းက သူနဲ့ကံစီ နှစ်ဦးလုံး နားမလည်စွာ မေးမိကြတာပါ။ ကံစီကတော့ ခုနပုဂ္ဂိုလ်ကို လက်မလွှတ်ဘဲ ထပ်မေးတယ်။

"နောင်ကြီး . . . ပြောပါဦးဗျ။ ဘာတွေဖြစ်နေကြတာလဲ"

"သိချင် လိုက်ကြည့်တော့ဗျို့။ ကျုပ်ကတော့ သွားတော့မယ်"

ထိုလူက လှမ်းအော်ရင်း ပြေးထွက်သွားတယ်။ သူနဲ့ကံစီတစ်ယောက်ကို တစ်ယောက်ကြည့်ကာ ဘာလုပ်ရမှန်းမသိ။ အခြေနေအတော်ထူးခြားနေတာမို့ . . .

"လိုက်ကြည့်ရအောင်ကွာ"

သူ့စကားကို ကံစီ မငြင်းပါဘူး။

အပေါ်ဘက်ဆီမှာ ဖုန်တွေ တလိပ်လိပ်ပြေးနေတယ်။ အရပ်မျက်နှာအနှံ့မှလူတွေလည်း အပြေးအလွှား ရောက်လာကြတယ်။

အတော်ဝေးဝေးကတည်းက လှမ်းမြင်ရတယ်။

တစ်ခဲနက် များပြားလှသော လူအုပ်ကြီးတစ်ခု။ တိုးဝှေ့ကြပ်ညပ်ကာ အရှေ့ဆီကို အားတက်သရောကြည့်ရှုနေကြတယ်။ သူတို့ရောက်သွားတော့ ရှေ့မှာတွေ့ရသည်ကား . . .

အိုဟောင်းနေပြီဖြစ်သော စေတီကျောင်းဝန်းကြီးတစ်ခုပါ။ ချုံနွယ်ပိတ်ပေါင်းတွေ ထူထပ်များပြားနေတယ်။ အလယ်မှာကား ဉာဏ်တော်မြင့်စေတီကြီးတစ်ဆူ။ စေတီမှာလည်း သက္ကရာဇ်တို့ကြာညောင်းကာ ဟောင်းနွမ်းလို့။

စေတီအောက် ပတ်ပတ်လည်မှာကား အစောင့်အကြပ်ပေါင်းများစွာ စောင့်ကြပ်လျက်ရှိနေပါတယ်။ လူတွေအားလုံးက ထိုစေတီကြီးဆီကို မမိုတ်မသုန် စိုက်ကြည့်နေကြတာပါ။ ဘာကို ကြည့်နေကြမှန်းလည်း သူတို့မသိဘူး။

မေးမည်ပြင်တော့ အရှေ့ဆီမှ လူနှစ်ယောက်ရဲ့ စကားပြောသံကို ကြားရတယ်။



"[illegible]ကာ ဒီအနီးနားမှာ တပ်တွေချထားတာဗျ။ ဒါကို ဘယ်အချိန်လာခိုးသွားမှန်း မသိလိုက်တာ"

"ပေါက်ပေါက်ရှာရှာဗျာ၊ ခိုးစရာရှားလို့။ ဒီသူခိုးတော့ ဖြစ်လေဆဲဆဲ ငရဲခံရမှာ သေချာတယ်"

နောက်တစ်ယောက်က ဝင်ပြောတယ်။

"အမြန်ဆုံး ဖမ်းမိပါစေလို့ပဲ ဆုတောင်းရတော့မှာပေါ့"

ထိုစကားတွေ ကြားရပြီးနောက်မှာတော့ . . .

"နောင်ကြီးတို့ . . . ဒီစေတီတော်ဆီက ဘာအခိုးခံလိုက်ရလို့လဲဗျ"

သူ့စကားအား ထူးဆန်းသလို လှည့်ကြည့်ကြတယ်။ တစ်ယောက်က . . .

"ခင်ဗျား တကယ်မသိဘူးလား"

"ဟင့်အင်း . . ."

ထိုလူက သက်ပြင်းကိုချပြီး စေတီထိပ်ပိုင်းဆီကို လက်ညှိုးထိုးတာ . . .

"ဟိုမှာ . . . စိန်ဖူးတော် မရှိတော့ဘူးလေ"

"ဗျာ . . . "

နှစ်ဦးလုံးရဲ့အကြည့်တွေ ညွှန်ပြရာ စေတီထိပ်ပိုင်းဆီ မြင့်တက်သွားပါတယ်။ အကြာကြီး။

"တောက် . . ."

ကံစီရဲ့တောက်ခေါက်သံက ကျယ်လောင်စွာမြည်ဟီးသွားတော့ . . လွန်သွားချေပြီ။

တကယ်ကို လွန်သွားခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

(f)

ဥယျာဉ်ဆီ ပြန်သောလမ်းမှာ အရင်လို တက်ကြွမှုမရှိတော့။ နှစ်ဦးစလုံး ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်နေကြတယ်။ ကံစီ ဘာတွေးနေမှန်း မသိပေမဲ့ သူတွေးနေတာကတော့ စိန်ဖူးတော်ကို ခိုးယူရဲသည့် သူခိုးကို ပါ။

တစ်မြို့လုံး မျက်စိကျစရာတွေ များပါလျက် ဘာကြောင့် ဘုရားပစ္စည်းကိုမှ ခိုးယူသွားရတာလဲ။ ပြီးတော့ တော်တန်ရုံသူခိုးမဟုတ်။ အစောင့်အကြပ်တွေ ချထားပါလျက် ညကြီးသန်းခေါင် စေတီတော်အပေါ် တက်ပြီး ဖြုတ်ယူနိုင်ဖို့ဆိုတာ လွယ်ကူသော ကိစ္စတစ်ရပ်မဟုတ်ပါချေ။

ကျွမ်းကျင်လိမ္မာလွန်းသူသာ ဖြစ်လိမ့်မယ်။

ဥယျာဉ်ဆီရောက်တော့ ရင်ထဲကကိစ္စတွေကို မေ့ပြီး အလုပ်ထဲ စိတ်သွင်းလိုက်ရတယ်။

သရက်ပင်လေးတစ်ပင်။

ကိုယ်တိုင်အခါပေးပြီ၊ ကိုယ်တိုင်တူးဆွစိုက်ပျိုးခဲ့တဲ့ အပင်လေးပေါ့။ သရက်ပင်လေးက နေရောင်ရဲ့အောက်မှာ ရွှေဝါရောင်အဆင်းကို ဆောင်နေတယ်။



အချိန်အတော်အကြာမှာ စိုက်ပျိုးခဲ့တာကြောင့် သုံးရက်မြောက်ချိန်မှာ ရွှေအဆင်းရှိသော အရွက်လေးကို ပထမဦးဆုံးအဖြစ် မွေးဖွားနိုင်ခဲ့ပါတယ်။ အလုပ်နဲ့လက်တွေ့ ညီခဲ့တာကြောင့်လည်း တကောင်းဆိုတဲ့ ရှေ့ဖြစ်ဟောဆရာလေးက ဥယျာဉ်သည်ရာထူးကို ရခဲ့တာပေါ့။ (သူ ရှေ့ဖြစ်ဟော ဆရာတစ်ဦးဆိုတာကိုလည်း ယခုအချိန်ထိ ထိပ်ထားလေး သိသေးပါဘူး)။

အခုဆို ဒီအပင်လေး ရှင်သန်တာ တစ်ပတ်မကတော့ပါဘူး။ အရွက်သစ်တို့တောင် ထပ်မံထွက်လို့လာပါပြီ။ အားလုံးက သူဟောကိန်းထုတ်ခဲ့သလို ရွှေဝါရောင်အဆင်းကို ဆောင်လျက်။

ဒူးထောက်ထိုင်ချလိုက်တယ်။ နှစ်ဝါလွန်မြောက်လျှင် ဒီအပင်လေးက ချစ်ရသူ ထိပ်ထားလေးအတွက် တစ်ပြည်လုံးမှာ ပြိုင်ဘက်ကင်းသော အဦးဆုံးသစ်သီးကို ပေးစွမ်းဦးမှာပါ။

ဒူးထောက်ထိုင်ပြီးတော့ အပင်လေးအောက်ခြေမှာ ခြေကုပ်ယူနေတဲ့ မြက်ပင်ပေါင်းပင်တွေ၊ အပင်လေးဖွံ့ထွားဖို့ကို အနှောင့်အယှက်ပေးနိုင်တဲ့ ချုံနွယ်တွေကို ရှင်းလင်းနေလိုက်တယ်။

ရွှေအဆင်းဆောင်သောအပင်လေးကို ကြည့်ပြီး ခုန ညစ်နွမ်းတဲ့စိတ်တွေ ပြန်လည်ရွှင်ပလာပါတယ်။ ရှင်းလင်းလို့ပြီးချိန်မှာ ဥယျာဉ်ဝမှ တံပိုးခရာသံကို ကြားရလေရဲ့။

"တူ . . ."

ထိုအသံကြောင့် ဥယျာဉ်ဝကို တကောင်း ထွက်ကြည့်လိုက်ပါတယ်။ ထင်ထားသလိုပါပဲ။ ခပ်လှမ်းလှမ်းဆီမှ ရုံရွှေတော်အပေါင်း ခြံရံလျက် ကြွချီလာသော ထိပ်ထားလေးကို မြင်ရတယ်။

"တကောင်း . . ."

လှည့်ကြည့်တော့ ထိပ်ထားရဲ့ အထိန်းတော်ကြီးပါ။

"ထိပ်ထားရှေ့တော်ကို တအောင့်နေ လာခဲ့ချည်။ နင့်ကို ထိပ်ထားက မေးစရာရှိတယ်ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com

ငြင်းစရာမရှိပါဘူး။ သူကိုယ်တို [illegible] နေသူလေ။

အထိန်းတော်ကြီးပြောတဲ့ တအောင့်ဆိုတာ အချိန်ဘယ်လောက်ကို ပြောတာလဲ။ သူကတော့ တစ်၊ နှစ်၊ သုံး၊ လေး ရွတ်ပြီး ငါးဆယ်ပြည့်တာနဲ့ ထိပ်ထားလေးရှေ့တော်မှောက် ခစားပြီးနေပါပြီ။

"သင့်ကို မေးစရာရှိတယ် ဥယျာဉ်သည်"

"မေးပါ . . . ထိပ်ထားလေး"

"လူတစ်ယောက်ရဲ့ လက်ဝါးပြင်က အရေးအကြောင်းတွေဟာ အဲဒီလူရဲ့ ဗီဇ၊ စရိုက်၊ လက္ခဏာနဲ့ အနာဂတ်ကံကြမ္မာကို ဖော်ပြပေးနိုင်တယ်ဆိုတာ ဟုတ်လား"

မဆိုင်းမတွပင် . . .

"မှန်ပါ . . . ထိပ်ထားလေး။ အရေးအကြောင်းတွေဟာ အဲဒီလူရဲ့ ဗီဇ၊ စရိုက်၊ လက္ခဏာနဲ့ အနာဂတ်ကံကြမ္မာကို ဖော်ပြပေးနိုင်ပါတယ်"

"မည်သည့်လက်ဝါးရဲ့ အရေးအကြောင်းတွေက ဖော်ပြပေးနိုင်တာလဲ ဥယျာဉ်သည်"

"ညာဘက်လက်ဝါး ဖြစ်ကြောင်းပါဘုရား"

"ဘယ်လက်ဖဝါးကရော"

"ဘယ်လက်ဖဝါးရဲ့ အဓိပ္ပာယ်မှာ အရင်ဘဝနဲ့ ပြီးဆုံးခဲ့သော အတိတ်တို့ဖြစ်ပြီး ညာလက်ဖဝါးရဲ့ အဓိပ္ပာယ်မှာတော့ ယခု ပစ္စုပ္ပန်နဲ့ အနာဂတ်တို့ ဖြစ်ပါတယ်ဘုရား"

လျှောက်တင်သံဆုံးတော့ ထိပ်ထားလေးမှာ ကိုယ့်လက်ဝါးကိုယ်ကြည့်ပြီး ငြိမ်သက်ကာ သွားပါတယ်။ ပြီးတော့ . . .

"အဲဒီပညာကို သင် ကောင်းစွာတတ်ကျွမ်းလား ဥယျာဉ်သည်"

"မှန်ပါ။ ကောင်းမွန်စွာ တတ်ကျွမ်းကြောင်းပါ . . . ထိပ်ထားလေး"



[illegible] ငါ့ကို ကြည့်ပေးစမ်း"

အမိန့်သံဆုံးသွားချိန်မှာ တကောင်း တုန်လှုပ်ချောက်ချားသွားတယ်။ လိမ်ညာလျှောက်တင်မိလို့ မဟုတ်ပါဘူး။ တကယ်လည်း ထိုညာကို သူ ကောင်းစွာ တတ်ကျွမ်းထားပါတယ်။ တုန်လှုပ်သွားရတာက လုံးဝ မျှော်မှန်းမထားသော အမိန့်တစ်ရပ်ကို ကြားလိုက်ရလို့ပါ။

ချောက်ချားသွားတာတော့ သူ့နှလုံးသားပါပဲ။

ထိပ်ထားလေးက သူမစကားအတိုင်းပဲ လက်ဖဝါးတစ်ခုကို ရှေ့ထိုးပေးတယ်။ ဘယ်ဘက်လက်ဖြစ်လေတော့ တကောင်း အံ့ဩသွားရရဲ့။ အံ့ဩယုံထက်လည်း သူ ဘာမျှ စောဒက မတက်နိုင်ပါဘူး။ အရာအားလုံးက အမိန့်တော်အတိုင်းပဲလေ။

အထိန်းတော်ကြီးက လက်ဆေးဖို့ ရေတစ်ဖလား ယူလာပေးတယ်။ ထိုဖလားထဲမှာ လက်ကိုနှစ်ပြီး စင်အောင်ဆေးလိုက်ပါတယ်။ ပြီးတော့ အမွှေးနံ့သာတစ်မျိုးကို အထိန်းတော်ကြီးက သူ့လက်မှာလိမ်းဆေးတယ်။

ဘုရင့်သမီးတော်ကို လက္ခဏာကြည့်ပေးဖို့အရေးမှာ မလွယ်လှပါဘူး။ ပြီးတော့ ထူးထူးဆန်းဆန်း ထိပ်ထားလေး ဘာလို့ လက္ခဏာကြည့်ချင်ရသလဲဆိုတာကိုလည်း စဉ်းစားလို့မရဘူး။

မျက်စိရှေ့ချပေးထားတဲ့ လက်ဖဝါးတော်လေးကိုကြည့်ပြီး တကောင်း ခဏတာ အသက်ရှူဖို့ မေ့သွားရတယ်။ နီးကပ်လွန်းနေတာကြောင့် လက်ဖဝါးလေးဆီက မွှေးရနံ့တွေတောင် ခံစားရသလိုပဲ။

သူမ လက်ဝါးပြင်က ဖောင်းအိနီသွေးကာ ကျက်သရေတော်များစွာနဲ့ ကွန့်မြူးလို့နေပါတယ်။ လက်ချောင်းလေးတွေက ဖဝါးပြင်နဲ့ အချိုးညီပြေပြစ်ကာ အရင်းမှ အဖျားသို့ အနုပညာမြောက်စွာ သွယ်ဆင်းနေတယ်။

ဖြူဖွေးစိမ်းဖန့်မနေပါဘူး။ ညိုပြာညက်ချောတယ်လို့လည်း ပြောလို့မရဘူး။ ဝါဝင်းတောက်ပနေတာပါ။ ရွှေကြိုး၊ ရွှေခက်တွေ သွယ်



www.burmeseclassic.com

www.burmeseclassic.com

ယုက်ထားပေမဲ့ ထိုအရောင်ဝါတို့နဲ့ မဆိုင်စွာ အသားအရေတော်က လှ
လွန်းတယ်။ ပြီးတော့ မွေးညင်းစိမ်းလေးတွေနဲ့ အသက်ရှူမှားလောက်
စရာပါ။

ဝေသာလပြည်ရဲ့ ကျက်သရေတော်လို့ပြောရင်လည်း မမှားပါ
ဘူး။ လက်ဝါးတော်ကို ကြည့်ပြီး ထိကိုင်ရန် မဝံ့မရဲဖြစ်နေတော့ . . .

"ခွင့်ပြုတယ်"

အမိန့်သံထွက်လာမှ သက်ပြင်းချရတယ်။ အမိန့်တော်အတိုင်း
လက်ဖဝါးလေးကိုအောက်မှ ပင့်ကိုင်လိုက်တော့ . . .

အာရုံငါးပါးမှာ အတွေ့ရဲ့အာရုံကို ပထမဆုံး ဦးညွတ်ရိုကျိုး
လိုက်ပါပြီ။ သူမက အတွေ့ရဲ့ကောင်းခြင်းမှာ ယှဉ်သူမဲ့အောင် ကောင်း
မွန်လွန်းနေလေရဲ့။ တစ်ခါထိမိရုံနဲ့ တစ်သက်မမေ့ချင်စရာ ပါရမီရှင်လေး
တစ်ဦးပါ။

ဝေဒနာတစ်ရပ်။

တစ်မှုဟုတ်ချင်း ရင်တွင်းမှာ ဖြစ်ပေါ်လာသည့် ဝေဒနာတစ်
ရပ်။

"ဟာ . . ."

စိတ်ကို တင်းလိုက်တယ်။ အံကိုကြိတ်ပြီး ဝေဒနာကိုမျိုချတော့
တော်သေးရဲ့ သတိလက်လွတ်မသွားလို့။ မဟုတ်ရင် သူ့ဘဝ မတွေးရဲ
ဘူး။ မျက်စိကိုမှိတ် အံကိုကြိတ်ပြီး ကိုယ်ကိုယ်ကိုယ်ထိန်းမတ်ကွပ်ကဲ
နိုင်တော့မှ ဟောပြောခြင်းအလုပ်ကို စတင်လိုက်ပါတယ်။

ဘယ်လက်ဝါးဆိုတော့လည်း အတိတ်ကအကြောင်းအရာတွေ
သာ ဦးတည်ပါဝင်နေတယ်။ ဘုန်းရှင်ကံရှင်ဖြစ်လေတော့ အဆိုးအပြစ်
သိပ်မတွေ့ရပါဘူး။

ဂြိုဟ်ခွင် အခုံးအခွက်သဘောတွေ၊ အဓိကလမ်း၊ အရန်လမ်း
တွေ၊ လက်ဝါးပြင်ပေါ်မှာ အများအားဖြင့် ရှိတတ်သော အမှတ်သင်္ကေတ
တွေကိုပါ ပြည့်ပြည့်စုံစုံ ပြောပြပေးလိုက်တယ်။



တစ်သက်မမေ့ချင်စရာ အချိန်စက်ဝိုင်းလေးပေါ့။

မကြာပါဘူး . . .

"ရပြီ . . . ဥယျာဉ်သည် လုပ်စရာရှိတာ သွားလုပ်တော့"

"ထိပ်ထားလေး . . . ညာဘက်လက် ကျန်သေးတယ်လေ"

အထိန်းတော်ကြီးက သတိပေးစကားပြောပေမဲ့ . . .

"ရတယ် . . . မကြည့်ချင်တော့ဘူး"

သူ ရိုကျိုးသိမ်မွေ့စွာ လှည့်ထွက်ခဲ့လိုက်ပါတယ်။ အလုပ်တွေ
ရှိရာဆီ ကျောခိုင်းထွက်လာတာမို့ နောက်ပိုင်းစကားတို့ကို တကောင်း
ကြားရမှာ မဟုတ်ပါဘူး။

"ဘာလို့ ညာဘက်လက်ကို ထပ်မကြည့်တော့တာလဲ . . .
ထိပ်ထားလေး၊ သူပြောတာတွေ မမှန်လို့လား"

နားမလည်စွာ မေးမြန်းသော အထိန်းတော်ကြီးရဲ့စကားကို .

"မဟုတ်ဘူး . . . အရမ်းမှန်နေလို့"

"ဟင် . . ."

"သိပ်မှန်လွန်းနေလို့ ဆက်မကြည့်ရဲတော့တာ။ တော်ကြာ . ."

စကားကို မဆက်ဘဲ ဆိုင်းငံ့သွားတယ်။ ပြီးတော့ သက်ပြင်း
လေးကြီးကို မသိမသာချရင်း . . .

"ထိပ်ထား . . . ပင်ပန်းနေပြီ။ နားတော့မယ်"

သူမဟာ ဤကဲ့သို့ နုနယ်သူလေးလည်း ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

(၉)

ထိုထိုနေ့မျိုးမှာတော့ တကောင်းရဲ့ အိမ်ပြန်ချိန်တွေဟာ အရင်နေ့တွေထက် မော်ကြွားဖြောင့်ဖြူးလို့ နေပါတယ်။ လမ်းလျှောက်နေပေမဲ့ ခြေထောက်နဲ့မြေကြီး ထိတယ်လို့တောင် မထင်ဘူး။

ထိုအဖြစ်အပျက်လေးကို တွေးမိတိုင်းလည်း ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူဝံ့ကြွားမဆုံး ဖြစ်မိတယ်။ ဖြစ်နိုင်ရင် လက်သီးကိုဆုပ်ပြီး တစ်လောကလုံးကြားအောင် ကြွေးကြော်လိုက်ချင်တာပါ။

တစ်ဘဝမှာ တစ်ခါချစ်သူလက်ကို မဝံ့မရဲ ထိကိုင်ခဲ့ရဘူးတယ် ဆိုတာကိုပေါ့။

တစ်ခါတလေတော့လည်း ထိပ်ထားရဲ့ အသိမှတ်မပြုမှုကြောင့် ကိုယ့်လက်ကိုယ်လိမ်ချိုး၊ ကိုယ့်ကိုယ်ကိုယ် လက်ညှိုးငေါက်ငေါက်ထိုး ဖူးတယ်။

အဲဒီနေ့က ဆောက်လုပ်ဆဲဥယျာဉ်တော်ဆီ ထိပ်ထားလေး ကြွလာပါတယ်။ သူ့ကိုမြင်ပေမဲ့ လုံးဝ အသိအမှတ်မပြုပါဘူး။ ခြံထောင့်မှာပေါက်တဲ့ ဆူးတစ်ပင်လို အကြည့်မျိုးနဲ့ကြည့်ပြီး ယာယီတဲနန်းဆီ လျှောက်လှမ်းသွားတာပါ။



ရင်ခွင်က ဘာမှန်းမသိ ဟာဆင်းသွားတယ်။

ထိပ်ထားအမြင်မကြည်အောင် သူ ဘာတွေများ လုပ်ထားခဲ့လို့လဲ။ စဉ်းစားလို့မရဘူး။

သေချာတာကတော့ ဘာမှမဆိုင်ဘဲ လူက အလိုလို ဝမ်းနည်းသွားတာပါ။ မြေမှာ ကဗျာတစ်ပုဒ်ရေးမိတယ်။ ထိပ်ထားလေးကို လှမ်းမြင်နိုင်လောက်တဲ့ သစ်ပင်ကြီးတစ်ပင်အောက်မှာပေါ့။ တခြားသူတွေ မရိပ်မိနိုင်အောင် ကိုယ်တိုင်သာနားလည်တဲ့ နှလုံးသားဘာသာစကားနဲ့ ရေးတာပါ။

သက်ဝင်စိတ်များလို့လားမသိဘူး။ မြေဖျောက်ရုံသက်သက်ရေးတဲ့ကဗျာက တော်တော်ရှည်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ကိုမျှော် မိုးကိုခေါ်သူ
ရှူးမိုက်တယ်လို့ ထင်ချင်ထင်စေတော့ . . .

လမင်းကို လှမ်း ကြယ်ကိုတမ်းလို့
ပန်းသီချင်းတွေ ကြွေကျမလာပါဘူး။



လမင်းလည်း သူ့ဂုဏ်နဲ့သူ
ကြယ်တွေလည်း သူ့ခရီးနဲ့ သူလေ။

ဖားလေးရေ . . .
မင်းအော်ရင် မိုးရွာမယ်ထင်ပြီး သံကုန်ဟစ်မနေနဲ့ . . .ဟဲ့။



www.burmeseclassic.com

www.burmeseclassic.com

မင်းဘဝ မင်းခရီးက
သူတို့တွေလို မဟုတ်ဘူး။
အသံကိုတိတ် ခေါင်းကိုညိတ်ပြီး
ခပ်ဆိတ်ဆိတ်သာ နေပါတော့ . . .

မိုးနဲ့မြေကြီးဆိုတာ
တကယ့် တကယ်က
အဝေးကြီးပါ။



ရေးချင်တာရေးလိုက်ရလို့ လူက အနည်းငယ်တော့ နေသာထိုင်သာ ရှိသွားတယ်။ စိတ်လည်း တော်တော်ပေါ့ပါးသွားပါတယ်။ ကိုယ့်ကဗျာ ကိုယ်ပြန်ဖတ်ပြီး ထိပ်ထားလေးစံမြန်းရာ ယာယီတဲနန်းဆီ လှမ်းကြည့်တော့ . . .

"ဟင် . . . "

ထိပ်ထားလေး ရှိမနေတော့ပါဘူး။ အထိန်းတော်ကြီးသာ ကျန်ခဲ့တယ်။ ဘယ်များရောက်သွားပါလိမ့်။ မတ်တပ်ရပ်ကာ ဟိုဟိုသည်သည် ရှာကြည့်မိတော့ . . .

"ဖျောက် . . ."

နောက်ဖက်ဆီမှ သစ်ကိုင်းခြောက်နင်းသံတစ်ခုကို ကြားရတယ်။ ကပျာကယာ လှည့်ကြည့်လိုက်စဉ်မှာပဲ . . .

မလှမ်းမကမ်းမှာ ရပ်ပြီး သူ့ကို စိန်းစိန်းကြည့်နေသော ထိပ်ထားလေး။ စကားလည်း မဆိုဘူး၊ ရှေ့လည်း တိုးမလာဘူး။ သူက တော့ ကြက်သေသေကာ လိပ်ပြာမလုံတော့ပါဘူး။ ချက်ချင်းပဲ ခြေတစ်လှမ်းနောက်ဆုတ်ပြီး ရေးထားတဲ့ ကဗျာတွေပေါ် ဖိနင်းထားလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

မြင်လို့မရပါဘူး။ တခြားသူတွေ နားမလည်နိုင်ပေမဲ့ ထိပ်ထား ကတော့ နားလည်ကောင်း နားလည်လိမ့်မယ်။ ထိုအခါမှာ သူမကို ဦးတည်စပ်ဆိုထားကြောင်း သိသွားလိမ့်မယ်။ ဒါဆိုရင်တော့ . . .

ရှေ့မတိုး နောက်မဆုတ်။ သူကိုယ်တိုင်ကလည်း စိုးရိမ်ဖိတ် လက် ထိတ်ထိတ်ပျာပျာ။

ဒီလို အခြေအနေမျိုးနဲ့ အချိန်တစ်ခု ကြာသွားပါတယ်။ ပြီး တော့မှ ထိပ်ထားမှာ နှုတ်ခမ်းတစ်ဖက်ကို ကိုက်ပြီး လှည့်ထွက်သွားပါ တော့တယ်။

တကောင်း ဘာမှ နားမလည်လိုက်ပါဘူး။

ထိပ်ထားရဲ့ မျက်နှာရိပ်၊ မျက်နှာကဲကိုလည်း . . .

မဖမ်းမိလိုက်ဘူး။ ဘာကိုဆိုလိုမှန်းလည်း မသိဘူး။

ဘာကြောင့် နှုတ်ခမ်းကိုက်ပြီး လှည့်ထွက်သွားတယ်ဆိုတာကို ပိုလို့တောင် မသိလိုက်ပါဘူး။

ပူတစ်လှည့် အေးတစ်လှည့် ရင်ခွင်နဲ့ပဲ မြေမှာ ဒူးထောက်လို့ စာအချို့ ထပ်ရေးလိုက်တယ်။

⁂



ပိုဝေးလေ ပိုသေးလေဆိုတဲ့ သီအိုရီတစ်ခု
ရှိတယ်တဲ့။
ဒါပေမဲ့ ကြယ်လေးရယ် . . .
ငါကတော့ နင့်ကို ပိုဝေးလေ ပိုချစ်လေပါ။

မခမ်းနားပါဘူး။

ဒါပေမဲ့ အဲလိုနေ့မျိုးမှာတော့ သူ့ရဲ့အိမ်ပြန်ချိန်တွေ ခြောက်သွေ့ သိမ်ငယ်နေတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

(၇)

အိမ်ပြန်ရောက်တော့ အမေက ထူးထူးခြားခြား စကားတစ်ခွန်း ပြောတယ်။

"သားငယ် . . . အမေ့ဆီ ခဏလာပါဦး"

"ဟုတ်ကဲ့ အမေ"

ဟုဆိုကာ ပခုံးမှာလွယ်လာတဲ့ လွယ်အိတ်လေးကို အိမ်တိုင်မှာချိတ်ပြီး အမေ့ဆီ တန်းသွားလိုက်တော့ . . .

"အန္တရာယ်ကင်းစေတဲ့ အဆောင်လက်ဖွဲ့မျိုး သားတို့လောကီပညာမှာ လုပ်လို့ရတယ်မဟုတ်လား"

"ဗျာ . . ."

"သားတတ်ထားတဲ့ပညာနဲ့ ဘေးအန္တရာယ်ကင်းစေတဲ့အဆောင် လုပ်လို့ရလားမေးတာ"

"ဟုတ်ကဲ့ ရပါတယ်အမေ"

"ရရင် အဆောင်တစ်ခုလောက် အမြန်ဆုံး လုပ်ပေးစမ်းပါကွယ်။ သားအစ်ကိုကြီး မင်းထင်ကို ပေးရအောင်"



[illegible]တကောင်း အမေ့ကို မော့ကြည့်မိပါတယ်။ အမေ့မျက်နှာက အားတက်သရော ထက်သန်နေတယ်။ သူ့အကြည့်ကို သဘောပေါက်သလို အမေက . . .

"အခု အမေတို့ပြည်မှာ ဝရဇဏဆိုတဲ့ဆရာတစ်ဦး ပေါ်နေတယ်ဆို။ ဟုတ်လား"

အံ့မေ ဘယ်က သတင်းကြားတယ်မသိဘူး။

"ဟုတ်ပါတယ် အမေ"

"သူ့အစွမ်းနဲ့ အရင်က မဖော်ထုတ်နိုင်တဲ့ အမှုတော်တော်များများ ပြန်ဖော်ထုတ်နိုင်ပြီဆို။ ဖမ်းမမိသေးတဲ့ ခိုးသားတွေလည်း အကုန်သုံးနီးပါး လက်ရဖမ်းမိပြီ ကြားတယ်"

အိမ်မှာနေပေမဲ့ အမေကြားထားတဲ့ သတင်းတွေက အတိအကျပါပဲ။

"မင်းအစ်ကိုကြီးအတွက် စိုးရိမ်လို့ပါ သားရယ်"

ဒါဟာ အမေပါပဲ။ ဘယ်လိုပဲ ပြင်ပပုံသဏ္ဌာန်တွေ ပြောင်းလဲနိုင်ပေမဲ့ သားသမီးကိုချစ်တဲ့ အတွင်းစိတ်ကတော့ ဘယ်လိုမှ မပြောင်းလဲနိုင်ပါဘူး။ ခိုးသား၊ လူဆိုးလူမိုက်တွေ တဖြုတ်ဖြုတ် ဖမ်းမိနေတယ်ဆိုတဲ့ သတင်းကိုကြားတော့ အမြဲတမ်း စိတ်မာနိုင်တဲ့အမေ သူ့မသားကြီးအတွက် ရတက်မအေး ဖြစ်နေရပါပြီ။

"ဟုတ်ကဲ့ပါ အမေ။ အကောင်းဆုံးအဆောင်တစ်ခု သားလုပ်ပေးပါ့မယ်"

အမေ့မျက်နှာ ကျေနပ်မှုတွေနဲ့ ဝင်းပသွားတယ်။ ပြီးတော့ . .

"မင်းအစ်ကိုကြီး ဒီအတောအတွင်း အိမ်ပြန်လာလိမ့်မယ် . . . သားရဲ့"

"ဟုတ်လား အမေ။ အမေ့ကို အစ်ကိုမင်းထင် ဆက်သွယ်လို့လား"

အမေက နှစ်ခြိုက်စွာ ပြုံးရင်း ခေါင်းကိုယမ်းတယ်။



www.burmeseclassic.com

www.burmeseclassic.com

"မဆက်သွက်ပါဘူး။ အမေ့စိတ်ထဲမှာ ထင်နေတာကို ပြောတာပါ"

"သြော် . . . အမေရယ်"

လက်ရှိထက် အမေ့ကို အဆပေါင်းများစွာ ပိုချစ်သွားခဲ့တာပါ။ အစဉ်သဖြင့် ရုပ်ပိုင်းရော၊ စိတ်ပိုင်းရော မာကျောခဲ့တဲ့ မိန်းမကြီးက သူမရဲ့သားကိုတော့ လွမ်းတတ်နေပါတယ်။ ပြီးတော့ အန္တရာယ်ကင်းစေဖို့လည်း အမြဲဆုတောင်းနေတယ်။

သားပြန်လာမဲ့အချိန်ကိုလည်း စိတ်မှာတွေးပြီး မျှော်လင့်နေတာပါ။ 'ချစ်လိုက်တာအမေရယ်' လို့တောင် ပြောမထွက်တော့ဘူး။ ကြည်လင်ပြုံးချိုနေတဲ့ အမေ့မျက်နှာကိုကြည့်ပြီး တကောင်း အလိုလို မျက်ရည်ဝဲသွားခဲ့တယ်။

အဆောင်လုပ်ဖို့ အမေ့ကို ကတိပေးပြီး အိမ်နောက်ဖေးဘက် ဝင်ခဲ့ပါတယ်။ ဝယ်လာသော ညနေစာကို အမေ့အတွက် ခူးခပ်ပြင်ဆင်ပေးပြီး အမေစားနေချိန်မှာတော့ . . .

ရေချိုးရန် ရေဆိပ်ဘက်ကို တကောင်း ဆင်းခဲ့လိုက်ပါတော့တယ်။

• • •

ဝေသာလပြည်ရဲ့ မြောက်စူးစူးမှာကား ရိုးမဆန်သော တောတန်းကြီးရှိပါတယ်။ ထိုအထဲမှာ သဘာဝအတိုင်း ဖြစ်တည်နေတဲ့ စိမ့်စမ်းရေတံခွန်တွေရှိတယ်။ ထိုအရာတွေက တစ်ခုနဲ့တစ်ခု ပေါင်းဆုံကာ ချောင်းတစ်ခုအဖြစ် ဝေသာလပြည်ကို ပတ်ပြီး နာဂရတိုင်းသို့ စီးဆင်းတယ်။

ဆယ့်နှစ်ရာသီပတ်လုံး အဆက်မပြတ်စီးဆင်းတဲ့ ရေချိုချောင်းလေးတစ်ခုပေါ့။ မိုးတွင်းမိုးအခါမှာ ရေပမာဏ မြောက်များစွာထွက်ပေမဲ့ နွေအခါမှာတော့ လှပသေဝပ်စွာ ပေါ့ပေါ့တိမ်တိမ်ပဲ စီးဆင်းနေတတ်



တယ်။ မြို့တွင်းမှာ အင်းတွေ၊ ကန်တွေ၊ တူးဖော်ထားပေမဲ့ မြို့သူ၊ မြို့သားတွေ အားလုံးက ဒီချောင်းလေးကိုသာ အဓိက အသက်သွေးကြောအဖြစ် အားကိုးကြတယ်။

အခေါင်အဖျားက ရေကို ကျိုချက်သောက်သုံးတယ်။ အောက်ပိုင်းမှာတော့ လျှော်ဖွတ်အသုံးပြုရန် ရေဆိပ်တွေ လုပ်ပေးထားပါတယ်။ အခုလို ညနေအလုပ်သိမ်းချိန်တွေကို ရေဆိပ်မှာ လူတွေ စည်နေတတ်တယ်။ ရေချိုးသူ၊ လျှော်ဖွတ်သူတွေနဲ့ ပွဲတော်တစ်ခုနည်းပါး စည်ကားနေကျပေါ့။

သူ ရောက်သွားတော့ ထုံးစံအတိုင်း ရေဆိပ်မှာ လူတွေမနည်းဘူး။ တကောင်း ရေထဲဆင်းပြီး ထိုသူတွေနဲ့ ဝေးရာကို လာခဲ့ပါတယ်။ တစ်ဦးတည်း ပေါ့ပါးလွတ်လပ်စွာ ကိုယ်စိတ်နှစ်ပါး ဆေးကြောချင်တာမို့ လူရှုပ်သောနေရာမှာ အဆင်မပြေလောက်ဘူး။

ရေနက်ပိုင်းကိုရောက်တော့ အောက်ဖက်ကို မျောဆင်းလိုက်တယ်။ တဖြည်းဖြည်း လူတွေနဲ့ဝေးရာကိုရောက်မှ ရေထဲခေါင်းနှစ်ပြီး အေးချမ်းမှုကို စိတ်ရှိလက်ရှိ ခံစားပစ်လိုက်တာပါ။

စိတ်မှာညစ်နွမ်းနေတာတွေ လွင့်ပျောက်ပြီး မကြာခင်မှာပဲ ရုပ်ရောစိတ်ရောဟာ ခုနနဲ့မတူအောင် ပေါ့ပါးရွှင်ပျလာလေရဲ့။ စိတ်ကြိုက်ဖြစ်ချိန်မှာ ကိုယ်ကိုဖော့ပြီး ရေပေါ်ဖော်နေလိုက်တယ်။ အသာအယာစီးဆင်းနေတာမို့ သူ့ခန္ဓာကိုယ်က ရေမှာ တဝဲဝဲလည်ကာ ပါသွားပါတယ်။

အနောက်ဖက်တောင်တန်းမှာ နေမင်းကွယ်ပျောက်လုပြီ။ မျက်လုံးကိုမှိတ်ပြီး ရေစီးအတိုင်း မျောပါနေလိုက်တာ တဖြည်းဖြည်းနဲ့ ရေဆိပ်ဆီမှ ဆူညံမှုတွေကို မကြားရတော့ဘူး။ ချောင်းရေလည်း တစိမ့်စိမ့် အေးမြလာတယ်။ မျက်လုံးဖွင့်ကြည့်တော့ အတော်ဝေးဝေးကို ရောက်နေပြီ။

ကမ်းဖက်ပြန်ကူးရန် ဆုံးဖြတ်ကာ ခြေထောက်ကို မြေချတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"အား . . ."

ညာဖက်ခြေထောက်က တစ်စုံတစ်ရာနဲ့ ထိရှသလို စပ်ဖျင်းသွားတယ်။ စိတ်မှာ ထင့်ခနဲဖြစ်ပြီး ခြေထောက်ကို မကြည့်တော့ . . .

ခြေမျက်စိအောက်ပိုင်းမှာ လက်နှစ်ဆစ်စာလောက် ကွဲသွားသော ဒဏ်ရာတစ်ခု။

ထိုဒဏ်ရာက သွေးတွေထွက်နေတယ်။ အောက်မှာ ဘာရှိသလဲ သိချင်သွားကာ ငုပ်ဆင်းလိုက်စဉ် . . .

"ဟာ . . ."

မျက်လုံးတို့ ပြာဝေကာ . . .

"ဘုရား . . . ဘုရား . . ."



လက်တွင်းပါလာသော အရာတစ်ခုမှာကား . . .

ရေမှာရပ်လျက် တစ်ကိုယ်လုံး ထူပူကာသွားတယ်။ ရေစိုဆံပင်တွေတောင် ထောင်ထသွားသလားပဲ။ လက်ထဲကအရာကို လွတ်ကျသွားအောင် မနည်းထိန်းလိုက်ရပါတယ်။

ကြက်သီးတွေပင် ဖျန်းဖျန်းသီးလို့ . . .

စိန်ဖူးတော်။

လက်ထဲမှာ ရောက်နေသည်ကား ဘုရားစိန်ဖူးတော်တစ်ခု။

ပို၍တိကျအောင် ပြောပါလျှင် လွန်ခဲ့သော ရက်အချို့က သူတို့ ည်မှာ အုတ်အော်သောင်းတင်း ပျောက်ကွယ်သွားခဲ့သည့် ဘုရားစိန်ဖူး ော်ပါပဲ။ ထိုစိန်ဖူးတော်က ရေအောက်၌ ကိန်းဝပ်ကာ ယခု သူ့လက် ွင်း ရောက်နေပါပြီ။

တကောင်း ပတ်ဝန်းကျင်ကို ကပျာကယာ ဝေ့ကြည့်မိတော့ သူ့ ရုံနဲ့သူ ကျက်စားနေကြတယ်။ သူ့ကို မည်သူမျှ သတိမထားမိကြ ူး။ ဒါပေမဲ့ တကောင်း စိန်ဖူးတော်ကို ရေပေါ်မဖော်ရဲဘူး။ အောက်ခြေ အဲဆန့်ပြီး ရေက ကြည်လင်နေတာမို့ ရေထဲမြှုပ်ကိုင်ထားတာတောင် ောင်ဝါတော်က တလက်လက်ထွက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူနဲ့ထိရှမိတာသည် အောက်ခြေမှ ထိန်းကွပ်ပတ်ဝိုင်းထားသော ကြေးပြားချွန်ပါ။ လက်တွင်းမှ စိန်ဖူးတော်ကို ကြည့်ရင်းနဲ့ အတွေးတွေ တသီတတန်းကြီး ဖြစ်မိတယ်။

ရာစုနှစ်တစ်ခုမကသော ရှေးဟောင်းလက်ရာ စေတီတော်ကြီးဆီမှ ဤစိန်ဖူးတော်ကို ခိုးသားတွေ ဘာလို့ မျက်စိကျရတာလဲ။ ခိုးယူပြီးတော့လည်း ဘာလို့ စွန့်ပစ်ထားတာလဲ။ အသုံးပြုရန် ခိုးယူသွားခြင်း မဟုတ်။ အသုံးပြုရန်မဟုတ်လျှင် ဘာအတွက်ကြောင့်နည်း။

ပြီးတော့ မည်သူခိုးတာနည်း။

စိန်ဖူးတော် လက်တွင်းရောက်နေပြီမို့ တတ်ထားသော အတတ်ပညာတွေက ရင်တွင်းမှာ တလိပ်လိပ်တက်လာတယ်။ သူကိုယ်တိုင်ကလည်း သူခိုးကို သိချင်နေတာမို့ . . .

တောင်၊ မြောက်ထောက်ထား နိမိတ်များကို ဖမ်းယူ၍ ပတ်ဝန်းကျင်ကို မျှော်ကြည့်လိုက်တော့ . . .

ခပ်ဝေးဝေးရေဆိပ်ဆီမှ အသံများကိုကြားရတယ်။ အနောက်ဖက်တောင်ဆွယ်မှာ နေလုံးကြီး ကွယ်ပျောက်ပြီး အရှေ့မြောက်ကောင်းကင်မှာကား ပြူထွက်လုလု လခြမ်းကွေးလေးကို မြင်တော့ . . .

မျက်လုံးတို့ အလိုလို မှိတ်ဆင်းသွားခဲ့ပြီ။

မကြာလှသော အချိန်တစ်ခုတွင်းမှာကား . . .

"ဟာ . . ."

ရပ်ထားသော ခြေထောက်တွေ ကွေးညွတ်ကျ၊ လက်တွင်းမှ အရာ မြေပြန်ခသွားတယ်။ လူက အသက်မရှိတော့သယောင် ရေအောက်နစ်ဆင်းသွားလေရဲ့။ ကိုယ့်ကိုယ်ကိုယ်ရှိတယ်လို့တောင် မထင်တော့ဘူး။

"ဘာလို့လုပ်ရတာလဲ၊ ဘာလို့ လုပ်ရတာလဲကွာ"

တစ်စုံတစ်ယောက်ကိုရည်စူး၍ ဝမ်းနည်းပက်လက်အော်နေမိသော ရင်တွင်းစကားပါ။



"မလုပ်သင့်ဘူး"

"မင်း ဒီလို မလုပ်သင့်ဘူး"

နှုတ်ခမ်းကို ပြတ်ထွက်မတတ် ဖိကိုက်ထားပေမဲ့ မနာပါဘူး။ ရင်တွင်းမှာ ကမ္ဘာပြိုမတတ် နာကျင်နေတယ်။ သူ တဖြည်းဖြည်းအသက်ရှူတွေ ကြပ်လာတယ်။ ပြီးတော့ ခန္ဓာကိုယ်က ရေစီးနဲ့ ပေါလောမျောသွားတယ်။ ရင်နာလိုက်တာ မပြောပါနဲ့။ ဓားနဲ့ထိုးပြီး တစ်ချက်ချင်း မွှေရင်တောင် ဒီလောက်နာမယ်မထင်ဘူး။

သွေးစိမ်းရှင်ရှင်ထွက်သလို နာတယ်။ လောကကြီးထမ်းထားရသလို နလုံးအောင့်တယ်။ ခပ်ပြင်းပြင်းဆုပ်ထားလွန်းလို့ လက်သီးဆုပ်တွေတောင် ဖြည်မရတော့ဘူး။

သတိရတော့ ရေထဲမှာ တစ်ယောက်တည်း ငိုနေတယ်။ ဘဝမှာ တစ်ခါမှ ဒီလောက်ဝမ်းမနည်းဖူးဘူး။ စိန်ဖူးတော်ကိုတော့ လက်တွင်းမှာ ပြန်လည်ဆုပ်ကိုင်မိနေပြီး ခန္ဓာကိုယ်က မြေမှာပဲ ရပ်နေသလို။ ရေစီးနဲ့ပဲ မျောနေသလို။ တဝဲဝဲပဲ လည်နေသလို။

ကိုယ့်ကိုယ်ကိုယ်စမ်းကြည့်တော့ ကြက်သီးတွေ တဖျန်းဖျန်းထနေတယ်။ နှုတ်ခမ်းကို ဖိကိုက်လို့ ဝမ်းနည်းစိတ်တွေနဲ့ပဲ ကမ်းပေါ်ပြန်တက်ခဲ့ပါတယ်။ စိန်ဖူးတော်ကိုတော့ အများမမြင်အောင် ကွယ်ဝှက်လို့ပေါ့။ ပြီးတော့ လူရှင်းသောလမ်းကို ရွေးပြီး လျှောက်လာလိုက်တယ်။

ကျယ်ပြန့်မြင့်မောက်သော ကျောက်တုံးကြီးကိုတွေ့တော့ ထိုမှာပဲတင်ထားခဲ့ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဆက်ကိုင်ထားနိုင်စွမ်းမရှိတော့ဘူး။ မြင်တွေ့သူတစ်ယောက်ယောက်ကတော့ ရွှေနန်းတော်ဆီ ဆက်သသိမ့်မယ်လို့ ထင်ကောင်းထင်မိပါတယ်။

ကျောက်တုံးဖွေးဖွေးပေါ် တရိုတသေတင်ထားပြီး လက်အုပ်ချီဆုတောင်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ကုသိုလ်တစ်ခုကို အမှတ်မထင် သူ ပြုလုပ်ခွင့်ရလိုက်ပြီ။ စိန်ရှ
တော်ကို ပြန်လည်ရှာဖွေခဲ့သော ကုသိုလ်အား သူ ရရှိခဲ့ပြီ။ ဒါပေမဲ့ ထို
ကုသိုလ်ကို သူ့အတွက်မရည်ရွယ်ပါဘူး။ တခြားသူတစ်ယောက်အတွက်
ရည်ရွယ်တာပါ။

"ဤကုသိုလ်ကြောင့် အပြစ်မှ လျော့နည်းခွင့်ရပါစေ"

နောက်ပြီး သူယုံကြည်နေတာတစ်ခုလည်း ရှိသေးတယ်။

ဘုန်းတန်ခိုးတော်ကြောင့် မူလစေတီတွင် ပြန်လည်ကိန်းဝပ်
မှာပါ။

ဆ ဆ ဆ



(၇)

"မျက်နှာမသာမယာနဲ့ ဘာတွေများ တွေဝေနေတာလဲ . . . တကောင်း"

"ဩော် . . . ထိပ်ထားလေး . . ."

ကျောက်တုံးပေါ် ထိုင်နေရာမှ သက်ဆင်းခစားမည်လုပ်တော့..

"နေပါ . . . နေပါ . . . သက်သာသလို နေပါ"

ထိုသို့ပြောပြီး သူမကိုယ်တိုင်လည်း အနီးအနား ကျောက်တုံးတစ်တုံးပေါ် ဝင်ထိုင်တယ်။ တကောင်းတစ်ယောက်တည်း စမ်းချောင်းလေးအားမှာ လာထိုင်နေတာပါ။ ဥယျာဉ်တော်တွင်း သဘာဝအတိုင်းဖြတ်စီးနေတဲ့ ရေတိမ်စမ်းချောင်းလေးပေါ့။

"ဘာရယ်မဟုတ်ပါဘူး . . . ထိပ်ထားလေး၊ အခုအတော အတွင်းကြားရတဲ့ သတင်းစကားတွေနဲ့ ပတ်သက်ပြီး ကျွန်တော် စိတ်မကောင်းဖြစ်နေတာပါ"

"ဘာသတင်းစကားမို့လို့လဲ ဥယျာဉ်သည်"

စိတ်လိုလက်ရရှိချိန်မှာ ထိပ်ထားက သူ့ကို တကောင်းလို့ခေါ်ပြီး တစ်ခါတလေမှာတော့ ဥယျာဉ်သည်လို့သာ ခေါ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"မကြာခင် ရက်ပိုင်းအတွင်းက မြို့တောင်ဘက် ( . . . × × × . . . ) စေတီရဲ့ စိန်ဖူးတော် အခိုးခံလိုက်ရတယ်ဆိုတဲ့ သတင်းလေ"

ထိပ်ထားက 'ဟက်'ခနဲ ရယ်သံတစ်ချက်ကို ပြုပြီး . . .

"စိန်ဖူးတော်က ပြန်ရှာတွေ့နေပြီလေ"

တကောင်း ခေါင်းကို ခပ်လေးလေးယမ်းကာ . . .

"ကျွန်တော် စိတ်မကောင်းဖြစ်တာ စိန်ဖူးတော်ခိုးသွားတဲ့ လူ ပုဂ္ဂိုလ်ကိုပါ"

"ဘာလဲ . . . တရားခံမမိသေးခင် ခမည်းတော်က သေမိန့်ချ လိုက်လို့လား"

ခေါင်းကို ဒုတိယအကြိမ် ယမ်းမိပါတယ်။

"မဟုတ်ပါဘူး။ ဒီလိုလူမျိုးအတွက် သေမိန့်ဟာ ထိုက်တန်ပါ တယ်။ ဒါဟာ အခုဘဝမှာ သူခံယူရမဲ့ ထိုက်တန်တဲ့အပြစ်ပဲ။ ကျွန်တော် စိတ် 'ကောင်းဖြစ်တာ ဒီဘဝအတွက် မဟုတ်ဘူး။ သူ့ရဲ့ နောက်နောင် ဘဝတွေအတွက်"

ထိပ်ထားကို လှမ်းကြည့်တော့ သူ့စကားကို တည်ကြည်လေး နက်စွာ နားထောင်နေတာကို တွေ့ရတယ်။ ပြီးတော့ လေသံကိုနှိမ့်ချပြီး တစ်ခွန်းမေးတယ်။ စိတ်ဝင်စားမှုတွေ ရောပြွန်းနေတဲ့ မေးခွန်းပါ။

"သူ့ရဲ့ နောက်နောင်ဘဝတွေမှာ ဘာဖြစ်နိုင်လို့လဲ"

အမေးတော်ရှိသည်မို့ သက်ပြင်းကို ချကာ သူသိထားသလောက် လျှောက်တင်လိုက်ပါတယ်။

"ဒီလိုရှိပါတယ် . . . သမီးတော်။ ငရဲဘုံကိုရောက်စေတဲ့ အပြစ် အမျိုးမျိုးအနက် အရမ်းကြောက်စရာကောင်းတဲ့ အပြစ်ကြီး (၅) မျိုးရှိ ပါတယ်။ အဲဒီအပြစ်ငါးမျိုးကို အနန္တရိယကံ (၅) ပါးလို့လည်း ခေါ်ပါ တယ်။ ထိုကံတွေကတော့ မာတုဃာတကကံဆိုတဲ့ အမိကိုသတ်သောကံ၊ ပိတုဃာတကကံဆိုတဲ့ အဖကိုသတ်သောကံ၊ အရဟန္တာဃာတကကံဆို



တဲ့ ရဟန္တာကိုသတ်သောကံ၊ လောဟိတုပ္ပါဒကကံဆိုတဲ့ မြတ်စွာဘုရားရှင် ကို သွေးစိမ်တည်အောင် ပြုသောကံ၊ ပြီးတော့ သံဃဘေဒကကံဆိုတဲ့ သံဃာသင်းခွဲသော ကံရယ်ဆိုပြီး ကံကြီးငါးပါးရှိပါတယ်။ အဲဒီထဲကမှ လောဟိတုပ္ပါဒကကံနဲ့ ပတ် သက်ပြီး ကျွန်တော်သိသလောက် ပြောပြ ပါ့မယ်"

ထိပ်ထားက ခြေဖဝါးတော်အစုံကို ရေမှာနှစ်ပြီး တည်ငြိမ်အေး ချမ်းစွာ ထိုင်နေတယ်။ သူ့ကိုမကြည့်ပါဘူး။ ဒါပေမဲ့ သူ့စကားကို နား ထောင်နေတယ်။

"မြတ်စွာဘုရားရှင်ကို သွေးစိမ်းတည်အောင် ပြုသောကံဟာ လောဟိတုပ္ပါဒကကံပါ။ ပမာအားဖြင့်ဆိုလျှင်တော့ အရှင်ဒေဝဒတ်ကို ပြရပါလိမ့်မယ်။ အရှင်ဒေဝဒတ်ဟာ မြတ်စွာဘုရားရှင်ကို မလိုမုန်းထား ပြီး ကျောက်မောင်းဆင်ကာ လိမ့်ချပါတယ်။ ဂိဇ္ဈကုဋ်တောင် ကျောက် တန်းမှ ကွဲထွက်သော ကျောက်လွှာဟာ မြတ်စွာဘုရားရှင်ရဲ့ ခြေတော် ကို ပုဆိန်ဖြင့် ထုသကဲ့သို့ ထိခိုက်နာကျင်စေပါတယ်။ သို့ပေမဲ့ မြတ်စွာ ဘုရားရှင်ရဲ့ကိုယ်တော်ဟာ သူတစ်ပါးလုံ့လဖြင့် အရေကိုဖြတ်ပြီး သွေး ယိုစီးခြင်း မရှိပါဘူး။ ထို့အတွက်ကြောင့် ခန္ဓာကိုယ်တွင်း၌သာ သွေး ခြည်စု၍ သွေးစိမ်းတည်ပါတယ်။ ထိုအပြစ်ကြောင့် အရှင်ဒေဝဒတ်ဟာ အနန္တရိယ ကံထိုက်ပြီး ယခုချိန်ထိမဟာ အဝီစိငရဲမှာ ကျလျက်ရှိနေတုန်း ပါ"

သမီးတော်မှာ မကြားဖူးသောစကား ကြားလိုက်ရသလို သူ့ ကို ဖျတ်ခနဲမော့ကြည့်တယ်။ တကောင်းစကားကို ဆက်လိုက်ပါတယ်။

"မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုသွားပြီဖြစ်တဲ့အတွက် မျက် မှောက်လောကမှာ လောဟိတုပ္ပါဒကကံ မရှိတော့ဘူး မဟုတ်ပါဘူး။ အထူးသဖြင့် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် မြတ်စွာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်ကိုသော်လည်းကောင်း၊ ပွင့်တော်မူရာ ဗောဓိပင်ကိုသော်လည်းကောင်း၊ ဓာတ်တော်မွေတော်တို့ကိုလည်းကောင်း၊ ဓာတ်တော်ရှိရာ စေတီတော်ကိုလည်းကောင်း၊ ဆင်းတုတော်ကိုလည်းကောင်း ဖျက်ဆီးစေရန် လုံ့လပြုသောသူဟာ အနန္တရိယကံကဲ့သို့ပင် အပြစ်ကြီးပါတယ်။ ထိုကံရဲ့ အကျိုးအပြစ်တွေမှာတော့ ပြောဖွယ်မရှိတော့ပါဘူး"

ထိုင်နေရာမှ ထိပ်ထားလေး သူ့ဘက်ကို လှည့်လာတယ်။ ပြီးတော့ . . .

"တင်ပါဦး"

သက်ပြင်းလေးတစ်ခုကို သိသိသာသာ ပြုလိုက်ပြီး . . .

"အနန္တရိယကံငါးပါးအနက် တစ်ပါးပါးကျူးလွန်မိလျှင် ထိုကံရဲ့အကျိုးကို ဘယ်လိုမှ တားဆီးလို့မရနိုင်ပါဘူး။ ပြဆိုထားတာကတော့ အလုံးစုံသော စကြာဝဠာတိုက်အပေါင်းမှာ မဟာစေတီကြီး ပမာဏရှိသော ရွှေစေတီတော်တွေ အပြည့်တည်ထားပါစေ။ စကြာဝဠာအပြည့် ရဟန်းအပေါင်းအားလည်း အလှူကြီးပေးလှူပါစေ။ မြတ်စွာဘုရားရှင်ရဲ့ သင်္ကန်းတော်အနားစကို မလွတ်ဘဲ ဆွဲကာ လိုက်နေပါစေ။ ထိုသူအတွက် သေဆုံးသည်၏ အခြားမဲ့မှာ ငရဲသာ စကေန်ရှိပါသတဲ့။ မဟာ အဝီစိငရဲမှာ ကမ္ဘာတွေအသချေ်ပြောင်းအောင် ကျခံရပြီး ငရဲမှလွတ်၍ ဖြစ်လေရာ ဘဝ ဘဝတိုင်းမှာလည်း . . ."

ပြောရင်းနဲ့ အလိုလို ဝမ်းနည်းကာ လာပါတယ်။ ရင်တွင်းမှာ တနင့်နင့်စို့တက်လာကာ စကားကို ရပ်ပြီး မျက်နှာလွှဲထားလိုက်တယ်။ မျက်လုံးတွင်းမှာ လွန်ခဲ့သော ရက်အချို့က အကြောင်းအရာတစ်ခုကို ပြန်မြင်မိနေတယ်။

တသွင်သွင်စီးနေသော ချောင်းကလေး၊ ရေဆိပ်မှ ဟစ်ကြွေးပြောဆိုနေကြသော စကားသံများ၊ တောင်စွယ်ပေါ်မှ နေလုံးကြီး ကွယ်ပျောက်ပြီး ပုစွန်ဆီရောင်ကောင်းကင်၊



ပြီးတော့ ရေလယ်မှာ မတ်တတ်ရပ်နေသောသူ၊

လက်တွင်းမှာ ကိုင်ထားသော အရာတစ်ခု။

ပတ်ဝန်းကျင်ကို ရှုမျှော်၍ နိမိတ်ကောက်စဉ် . . .

ထွက်ပေါ်လာသည့် အဖြေတစ်ခုရဲ့ နောက်မှာ . . .

ဖြတ်စီးကျလာသည့် မျက်ရည်စကို ထိပ်ထားလေး မမြင်အောင် ကွယ်ဝှက်ရင်း . . .

ထိုနေရာမှ ထွက်ခဲ့လိုက်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

## (၂)

ထို့နောက်ပိုင်းတော့ တကောင်း အလုပ်ကိုသာ စိတ်နှစ်ပြီး လုပ်ကိုင်ခဲ့တယ်။ ဥယျာဉ်အဆုံးသတ်ရမဲ့ရက်က တဖြည်းဖြည်း နီးကပ်လာပြီကိုး။

သူကိုယ်တိုင် ပါဝင်ကြိုးစားမှု၊ ကံစီအပါအဝင် အလုပ်သမားတွေရဲ့ အားတက်သရော အမှုတော်ထမ်းရွက်မှုတို့ကြောင့် သူ့ရဲ့ ရင်နှစ်သည်းချာ ဥယျာဉ်လေးက အတောင်အလက်စုံကာ ပျံတက်တော့မယ့် ငှက်ငယ်အလား ရှန်းကြွလှပလာပါတယ်။

ဒါပေမဲ့ သူ စိတ်တိုင်းမကျသေးဘူး။ သူ့ရဲ့ ထိပ်ထားကို အကောင်းဆုံးလုပ်ရပ်နဲ့ ပူဇော်ချင်တယ်လေ။ ပြီးတော့မှ ရင်ကိုခွဲပြီး နှလုံးသားနဲ့အတူ ထိပ်ထားလေးကို ဆက်သမယ်။ နှလုံးသားနဲ့ တည်ဆောက်ခဲ့တဲ့ ဥယျာဉ်တော်က ထိပ်ထားကို ကြည်နူးမှုတွေ မပြတ်ပေးစွမ်းနေလိမ့်မယ်။

သူပြောချင်တဲ့ ဘာသာစကားကို ပန်းပွင့်လေးတွေက သစ်ရွက်လေးတွေက ပြောပြပေးလိမ့်မယ်။ ပြီးတော့ ထိပ်ထားလေးရဲ့ မမြင်အပ်တဲ့ အန္တရာယ်တော်တွေကို သူတို့တွေက အသက်နဲ့ရင်းပြီး ကာကွယ်စောင့်ရှောက်ကြလိမ့်မယ်။



ထိပ်ထားလေးညစ်နွမ်းချိန်မှာ ပျော်တော်ဆက်ပေးလိမ့်မယ်။ ပျင်းရိချိန်မှာ တက်ကြွစေလိမ့်မယ်။

ထိုကဲ့သို့ စိတ်ဓာတ်၊ စေတနာ၊ သိမ်မွေ့မှုပေါင်းများစွာနဲ့ ဥယျာဉ်တော်ကို တရှိုက်မက်မက် ဆောက်လုပ်နေခဲ့တာပါ။ အခါခါ ပြုပြင်လွန်းလို့ အလုပ်သမားတွေက ကွယ်ရာမှာ သူ့ကို မကြားတကြားပြောကြတယ်။

ဥယျာဉ်သည်က ဥယျာဉ်မှူးမဆန်ဘဲ အနုပညာဆန်နေတဲ့၊ တစ်ခါတလေတော့လည်း ထိုသူတွေကို နားလည်အောင် ပြောပြချင်ပါသေးတယ်။

အနုပညာဆိုတာ နေရာတိုင်းအတွက် အသုံးအဝင်ဆုံး၊ ပညာတစ်ရပ်ဆိုတာကိုပေါ့။ သူကတော့ ဥယျာဉ်တော်ကို နှလုံးသားနဲ့ရင်းတယ်။ ပြီးတော့ အနုပညာနဲ့ တည်ဆောက်တယ်။ တချို့နေရာတွေမှာ တတ်ထားတဲ့လောကီပညာတွေကို လိုသလို အသုံးပြုတယ်။

ထို့အတွက်ကြောင့် သူ့ရဲ့ဥယျာဉ်တော်က မပြီးသေးပေမဲ့ အကောင်းဆုံးစိတ်ခံစားမှုကို ပေးစွမ်းနိုင်နေပါတယ်။ ပြီးဆုံးရက်နီးလာလေ တည်ဆောက်မှုအနုပညာပိုင်းတွေ သိပ်သည်းလေးနက်လာလေပါပဲ။

တစ်ခုတော့ ကံမကောင်းဘူး။ အဲဒါက နောက်ပိုင်းနေ့ရက်တွေမှာ ထိပ်ထားလေး ဥယျာဉ်တော်ဆီသို့ ကြွချီမလာတော့ပါဘူး။ (ဘာကြောင့်ဆိုတာကိုလည်း သူ တွေးလို့မရခဲ့ဘူး) သူကတော့ ထိပ်ထားလေး ပေါ်လာလိမ့်နိုးနိုး စောင့်မျှော်ရင်းနဲ့သာ နေမြင့်လေ ရင်နင့်လေဖြစ်လာတယ်။

ထိပ်ထားလေးကို ဖူးတွေ့ခွင့်မရတဲ့ နေ့ရက်တွေဟာ အသက်ရှင်လျက် ဘဝသေနေတဲ့ နေ့ရက်တွေပါပဲ။ ဒါကို ထိပ်ထားလေး သိမှာမဟုတ်ပါဘူး။ သူလိုလူတစ်ယောက် ရင်ကွဲပက်လက် ရူးနေတာကိုလည်း သတိထားမိမှာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

သူကတော့ နှလုံးသားကို ထုတ်ချင်းဖောက်ပြီး စံပယ်ကုံးလို သီနေရတဲ့ကောင်ဆိုတော့ ကိုယ်နာကျင်တာ ကိုယ်ပဲသိမှာပါလေ။ တစ်ချိန်မှာ စံပယ်ကုံးဆိုပြီး ပန်ဆင်ကြပေမဲ့ သူတို့တွေကတော့ စံပယ်ပန်းလေးတွေရဲ့ ဟောင်းလောင်းပေါက်ရင်ခွင်ကို သတိပြုမိကြမယ် မထင်ဘူး။

သူတို့ခမျာ ပွင့်လာကတည်းက အစွယ်ကိုချိုး၊ ရင်ဘတ်ကို ဖော ထိုးခံထားရသူတွေပါ။

စံပယ်လေးတွေရယ် ဖြစ်နိုင်ရင် မပွင့်ကြပါနဲ့လား။

နင်တို့အစား . . .

"ငါ . . ."

သနားလို့ပါ။

ဒီလိုနဲ့ပဲ သူ့ရဲ့နေ့ရက်တွေဟာ စီရီကုန်ဆုံးခဲ့ပါတယ်။ ဘယ်သူမှ စိတ်မဝင်စားပေမဲ့ လူတကာသိအောင် သူ့ရဲ့ အတ္ထုပ္ပတ္တိကိုတော့ ဖွင့်ထုတ်ချင်ပါသေးတယ်။

ဥယျာဉ်တော်ကိုရောက်ခဲ့တာ ရက်ပေါင်း ခြောက်ဆယ်နီးနီးရှိခဲ့ပြီဖြစ်ပေမဲ့ ထိပ်ထားနဲ့ သူရဲ့ဆက်ဆံရေးဟာ ဥယျာဉ်သည်နဲ့ ဘုရင့်သမီးတော်အဆင့်ထက် တစ်ပြားသားမှ ပိုမလာခဲ့ဘူး။

သူကတော့ ကမ္ဘာကြီးပိသေမလောက် ချစ်ခဲ့ပေမယ့် သူမကတော့ ဆံနွယ်လေတိုးသလောက်တောင် သဘောထားခဲ့မှာ မဟုတ်ပါဘူး။

ရက်ပေါင်းခြောက်ဆယ်အတွင်းမှာ သူချစ်နေတာကို ထိပ်ထားလေး လုံးဝမသိခဲ့ပါဘူး။ သူကလည်း သိအောင် မကြိုးစားဘူး။

ရပါတယ်။

ထိုအတိုင်းပဲ။

ထိုပုံစံအတိုင်းလေးပဲ သူတို့ရဲ့ နေ့ရက်တွေ တရွေ့ရွေ့ကုန်ဆုံးခဲ့တယ်။ ပိုင်ဆိုင်ဖို့ မမျှော်လင့်မိတဲ့အတွက် သူချစ်နေတာကို ထိပ်ထားလေးသိဖို့ လိုမယ်မထင်ဘူးလေ။



အချစ်ဆိုတာ ပျော်ရွှင်ကြည်နူးခြင်းထက် တစ်ခါတစ်ရံမှာ ကြေလွင့်ခံစားခြင်းက ပိုအဓိပ္ပာယ်ရှိတယ်လို့ သူထင်တယ်။ ဒီတစ်သက်လည်း ထိပ်ထားသိအောင် မကြိုးစားတော့ဘူးလို့ ဆုံးဖြတ်ထားတယ်။

အဓိကကတော့ . . .

အပြင်ကိုဖွင့်ထုတ်လိုက်ရင် ရင်ထဲက သူမကို ချစ်တဲ့အချစ်တွေ လျော့နည်းသွားမှာ စိုးလို့ပါ။ ဒီအတိုင်းလေးပဲ ရင်မှာသော့ခတ်၊ ချစ်တတ်တဲ့စိတ်တွေ အပြည့်အသိပ် သိုလှောင်ထားတော့မယ်။

ကမ္ဘာတွေ အလီလီပြောင်းလို့ သူ့အရိုးစုကို နောင်းလူတွေ ပြန်ဖော်တွေ့ခဲ့ရင် လေ့လာမှုတစ်ခုအဖြစ် ခတ်ထားသောသော့ကို ဖွင့်ကြည့်မိကြမှာပါ။

ဒီအခါမှာ . . .

"ထိပ်ထားရေ . . . "

လို့ အမည်တပ်ထားတဲ့ အချစ်အကြောင်း သီဖွဲ့မှုတွေကို သူတို့တွေ ပြန်ခံစားရလိမ့်မယ်။ ထိုခံစားမှုတွေနဲ့ပဲ လျော့ပါးလွင့်ပြယ်နေတဲ့ သူတို့ရဲ့နှလုံးသားကို ပြန်အရောင်တင်နိုင်လိမ့်မယ်။

အထိအတွေ့ကို ဦးစားပေးတဲ့ အပေါစားအချစ်တွေကို ဆေးဖယ်ပြီး သိမ်မွေ့နက်ရှိုင်းတဲ့ မေတ္တာစစ်ကို ပြန်ရှာတွေ့ကြလိမ့်မယ်။ ဒီလိုဆိုရင် ထိပ်ထားကို ချစ်ရကျိုးနပ်ပါပြီ။

'တကောင်း' ဆိုတဲ့ သူ့နာမည်ဟာလည်း အချစ်ရဲ့သမိုင်းမှာ အပြိုင်းအရိုင်း လွင့်ထုခံရမှာပေါ့။ ပြီးတော့ 'တကောင်း'ဆိုတဲ့နာမည်ကို တဖွဖွခေါ်ပြီး သူတို့နှလုံးသားကို အသစ်ပြန်တည်ဆောက်ကြလိမ့်မယ်။

သူကတော့ ထိုအချိန်ထိအောင် တစ်ယောက်သောသူကို ချစ်နေဦးမှာပါ။ အခါအခွင့်သင့်တိုင်းလည်း မရိုးသောစကားကို အကြိမ်ကြိမ်ဆိုညည်းနေမိလိမ့်မယ်။

"ချစ်တယ် . . . ထိပ်ထားရယ်၊ ချစ်တယ်ကွယ် . . . "



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ပဲ ပိုချစ်လေ ပိုထုဆစ်လေနဲ့ သူတာဝန်ယူတည်ဆောက်သော ဥယျာဉ်တော်ကြီးဟာ ရုပ်လုံးပေါ်လာပါတယ်။

သူ့အပါအဝင် ကြိုးစားလုပ်ဆောင်သူတွေအားလုံးလည်း ရလဒ်ကိုကြည့်ပြီး ဝမ်းသာမဆုံး ဖြစ်နေကြတယ်။

နေလုံးကြီးကတော့ တစ်နေ့တစ်ခါထွက်ပြီး တစ်ညတစ်ခါဝင်ပါတယ်။ ထိုသဘောတရားအတိုင်းပဲ နေ့ရက်တွေ ကူးပြောင်းလို့ သူတို့အားလုံး စောင့်မျှော်သောနေ့ကို ရောက်လို့လာပါတော့တယ်။

ထိုနေ့က . . .

ᨀ ᨀ ᨀ



## ဥယျာဉ်သစ် ဖွင့်ပွဲနေ့

(သို့)

နှလုံးသားအလိုကို တစ်ကြိမ်တစ်ခါ လိုက်လျောမိသဖြင့် သူ့ဘဝတစ်ခုလုံး ကံဆိုးမိုးမှောင်ကျသော နေ့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## (k)

လာရောက်ကြည့်ရှုသူတွေအကုန်လုံး အံ့သြမကုန် ဖြစ်ရပါတယ်။ မြို့ထဲမှာ လူမှုကျန်တော့ရဲ့လားတောင် မသိပါဘူး။

ဥယျာဉ်တော်ဖွင့်ပွဲနေ့ဆိုတော့ သူတို့အကုန်လုံးလည်း အဝတ်သစ် အစားသစ်တွေနဲ့ တောက်ပြောင်လို့ပေါ့။ အကုန်လုံးက ချီးကျူးကြတာဆိုတော့ သူတို့တွေမှာ မော်ကြွားလို့။

ဥယျာဉ်တော်ကြီးတစ်ခုလုံးက သူ့နေရာနဲ့သူ နေရာလွတ်မရှိအောင် ထောင့်စေ့စွဲဆောင်လို့နေတယ်။ အဝင်ဝမှာ ထင်းရှူးနှစ်ပင်ကို တစ်ဖက်တစ်ချက်စိုက်ထားပြီး အတွင်းသို့ဝင်ရန် လမ်းလေးကို တောလမ်းလေးတစ်ခုအလား အသွင်ဆောင် ဆွဲခေါ်ထားတယ်။

အတွင်းမှာက ပန်းပင်မျိုးစုံ၊ သီးပင်မျိုးစုံ၊ ပြီးတော့ သစ်ပင်ကြီးငယ်မျိုးစုံကို လိုသလို ပွဲထိန်းပြုပြင်ထားတယ်။ လမ်းသွယ်လေးတွေမှာ လည်း အလွန်များပြားပြီး ဝက်ပါသဘောမျိုးဆောင်တယ်။ သဘာဝအတိုင်း ဥယျာဉ်လေးအတွင်းကို ဖြတ်စီးနေတဲ့ စိမ့်စမ်းတွေ၊ ဖန်တီးပြုလုပ်ထားတဲ့ ရေတံခွန်တွေ၊ ဖြတ်ထိုးတည်ဆောက်ထားတဲ့ ဝါးတံတား၊ ကြိုးတံတား၊ ပန်းတံတားတွေ။

လျှိုမြောင်၊ ချိုင့်ခွက်တွေ၊ တောင်တန်းကုန်းမြင့်ငယ်တွေ၊ ဖန်တီးထားသော ရွှံ့နွံရေအိုင်တွေ။



ဗိသုကာဆရာများအစွမ်းနဲ့ ထုလုပ်ထားတဲ့ အိမ်ရှေ့မင်း အမဲလိုက်ဟန်ရုပ်တုတွေ။

အပန်းဖြေသူတွေ နားနေရန် ကျောက်ဖျာ၊ ကျောက်စားပွဲတွေ၊ ဆောက်ပြီး လုပခန့်ညားတဲ့ ကြာမျိုးငါးပါးစုံသော ရေအိုင်ကြီးတွေ၊ ထိုအထဲမှာ ကူးခတ်နေကြတဲ့ ရေသတ္တဝါငယ်လေးတွေ စသည်ဖြင့် ဥယျာဉ်ဆောက်ကြီးက တစ်ခါရောက်ပြီး မပြန်ချင်တော့အောင် စွဲဆောင်မှုရှိလှပါတယ်။

ဥယျာဉ်တည်ဆောက်ပုံမှာ အပိုင်းလေးပိုင်းနဲ့ တည်ဆောက်ထားပြီး အပိုင်းလေးပိုင်းစီကို စိတ်ဝင်စားမှုအစဉ်လိုက်အတိုင်း ထည့်သွင်းထားတယ်။ ပထမတစ်ပိုင်းကို ဝင်ရောက်ပြီးလျှင် ဒုတိယတစ်ပိုင်းကို ဆက်မသွားဘဲ မနေနိုင်အောင် စွဲဆောင်ထားတာပါ။

လူတွေရဲ့ စိတ်ဝင်စားမှုအမြင့်ဆုံးဟာ နောက်ဆုံး နံပါတ် (၄) အပိုင်းဖြစ်ပြီး ထိုအပိုင်းအဆုံးသတ်ချိန်မှာ ရရှိတဲ့ခံစားမှုက ဘာနဲ့မျှယှဉ်သို့မရသော နှစ်သက်မှုဖြစ်စေလေရဲ့။

သေချာတာကတော့ ဤဥယျာဉ်ကြီးမှာ ရသမျိုးစုံကို ထည့်သွင်းထားတာမို့ လာရောက်လည်ပတ်သူတွေရဲ့ စိတ်နှလုံးကို ကောင်းကောင်းသိမ်းပိုင်နိုင်ပါတယ်။ ပြီးတော့ အကောင်းဆုံး စိတ်ခံစားမှုကို ပေးစွမ်းနိုင်တယ်။

ကြီးစားရကျိုး နပ်တယ်လို့ပဲ ဆိုရမှာပေါ့။

တည်ဆောက်သူ 'တကောင်း' ဆိုတဲ့နာမည်ကို မေးပြီး လာရောက်နှုတ်ဆက်သူ ချီးကျူးဂုဏ်ပြုသူတွေ မနည်းပါဘူး။

စိတ်ထဲမှာ ပျော်နေမိတယ်။ ချီးကျူးဂုဏ်ပြုခြင်းကို ခံရတာထက် ကော်ပေါင်းများစွာ ဝေးကွာနေတဲ့ ရွှေမင်းသမီးကို မကြာခင် ဖူးတွေ့ရတော့မှာမို့လို့ပါ။

သူမရောက်လာဖို့ အချိန်နီးကပ်နေပါပြီ။

• • •



www.burmeseclassic.com

www.burmeseclassic.com

"တူ . . ."

တံပိုးခရာ တစ်ခုအောက်မှာ ခပ်ဝေးဝေးဆီက အလံတော် တလူလူကို လှမ်းမြင်ရပါတယ်။ သူ ရင်တွေခုန်လာနေပြီ။

နောက်လိုက်နောက်ပါအစုံနဲ့ သမီးတော် ကြွချီလာပါပြီ။ တံပိုးခရာသံတွေ မြင်းခွာသံတွေ၊ ရဲမက်ဗိုလ်ပါတို့ရဲ့ ညီညွတ်တိကျသော ခြေလှမ်းသံတွေနဲ့ ကောင်းကင်မှာ အလံတော်အစုံက တလူလူလွင့်လို့။ ထိုလူစုလူဝေးကြီးရဲ့ အတွင်းတစ်နေရာမှာတော့ သူ့ရဲ့ ချစ်လှစွာသောမိန်းမလှလေး ပါလာမှာပါ။

ကြည့်နေရင်းနဲ့ သူ့စိတ်တွေ အလိုလို သိမ်ငယ်လာတယ်။ ဘာကြောင့်ရယ်မသိဘူး။ ထို့ကြောင့်လည်း မျှော်ငေးနေရာမှ အကြည့်ကိုလွှဲပြီး ဉယျာဉ်အတွင်းပိုင်းကို ဝင်လာခဲ့လိုက်တယ်။

ရွှေရောင်တလက်လက်တောက်နေသော သရက်ပင်လေးအနီးကိုရောက်တော့ ထိုင်ချလိုက်ပါတယ်။ အခုဆို သရက်ပင်လေးက အရင်လို ပိန်သေးသေး မဟုတ်တော့ဘူး။ အချိန်တွေ ကြာလာတာနဲ့အမျှ တဖြည်းဖြည်း ကြီးထွားလာပြီ။

ဒါပေမဲ့ ယခုအချိန်ထိ ရွှေဝါရောင်အရွက်ဖားဖားတွေ မွေးထုတ်ပေးနေဆဲပဲ။

"ဘော် . . ."

ဉယျာဉ်ဝဆီက ခရုသင်းမှုတ်သံလိုကြားတော့ ထိပ်ထားလေးရောက်လာပြီဆိုတာ သိလိုက်တယ်။ ချက်ချင်းပဲ အသံတွေ တိတ်ဆိတ်တညီတညွတ်တည်း ကောင်းချီးပေးသံတွေ ပေါ်လာတယ်။

သမီးတော် သက်တော်ရာကျော်ရှည်စေကြောင်း ဆုတောင်းသံပါ။ သူကတော့ ယခုချိန်ထိ သရက်ပင်လေးဘေးမှာ ထိုင်နေတုန်းပဲ။

ရင်တွေ ခုန်နေတယ်။ ယခုချိန်ဆို ထိပ်ထားလေး ဉယျာဉ်တွင်းလှည့်လည် စစ်ဆေးနေလောက်ပြီ။ အချိန်တစ်ခု ကြာသွားပြီးနောက်မှာ ကျောဘက်ဆီမှ ထင်မှတ်မထားသော အသံတစ်ခုကို ကြားရတော့ . . .



"တကောင်း . . . သမီးတော်က မင်းကို ရှေ့တော်မှောက် အဝင်ခိုင်းနေတယ်"

ကံစီက ဝမ်းသာအားရပုံစံနဲ့ ပြောတာပါ။

"မင်းတော့ ကံကောင်းပြီ . . . ဟော့ကောင်ရေ၊ သမီးတော်က ဉယျာဉ်ကိုကြည့်ပြီး တော်တော် သဘောကျနေတယ်ကွ"

"ဟုတ်လား"

ဒီစကားကြားရတာ ပျော်ပါတယ်။ နှလုံးသားနဲ့ တည်ဆောက်ထားခဲ့ရတာမို့ ဒီသတင်းစကားက သူ့ကို အတိုင်းအဆမရှိ ကျေနပ်သွားစေတယ်။

"သူ ကြည့်ပြီးပြီးချင်း မင်းကိုမေးတာတဲ့"

ရင်ခုန်သံတွေ ပိုမြန်လာတော့ . . .

"အခု မင်းကို ရှေ့တော်ဝင်ခိုင်းတာလည်း ဆုချီးမြှင့်မလို့နဲ့ တူတယ်ကွ။ မင်းတော့ ကံကောင်းပြီ။ အခွင့်ရတုန်း လိုတဲ့ဆုသာ တောင်းပေတော့"

ထိုစကားက သူ့အား ကောင်းကင်ရဲ့ အမြင့်ဆုံးကို ဆွဲခေါ်သွားပါပြီ။

'အခွင့်ရတုန်းတဲ့'၊ 'ဆုချီးမြှင့်ဖို့ ဖြစ်နိုင်တယ်တဲ့'။

ကံစီပြောသလိုသာ တကယ်ဖြစ်ခဲ့ရင် သူ ဘာဆုကို တောင်းရမှာလဲ။ တွေးရင်း၊ တောရင်း၊ ရင်တွေ တဆတ်ဆတ်ခုန်ရင်းနဲ့ပင် သမီးတော်ရှေ့တော်မှောက် ရောက်သွားတော့ . . .

"လှပကျက်သရေရှိလွန်းတဲ့ ဉယျာဉ်တော်ကို တည်ဆောက်ပေးရတဲ့အတွက် ပင်ပန်းနေရှာမယ်"

"အရှင်သမီးရဲ့ ဘုန်းကံတော်ကြောင့် လွယ်လင့်တကူပဲ တည်ဆောက်ပြီးစီးခဲ့ပါတယ်အရှင်"

သူလျှောက်တင်စကားကြောင့် နံဘေးမှ ကံစီက ခေါင်းညိတ်ကာ ပြုံးပါတယ်။ ထိုစဉ်မှာပင် . . .



www.burmeseclassic.com

www.burmeseclassic.com

"ဘာပဲဖြစ်ဖြစ်လေ . . . သင်တည်ဆောက်ပေးတဲ့ ဥယျာဉ်တော်ကို ထိပ်ထား ကျေနပ်တော်မူတယ်။ ခမည်းတော်လည်း နှစ်သက်ကျေနပ်မှာ သေချာတယ်။ မကြာခင်မှာ ခမည်းတော် ကြွလာလိမ့်မယ် . . . ဥယျာဉ်သည်"

"မှန်ပါ . . . သမီးတော်"

"ခမည်းတော်ကြွမလာခင် သင့်ရဲ့ကြိုးစားမှုကို နှစ်သက်တော်မူလို့ ချီးမြှောက်မယ်။ သင်လိုရာဆုကို တောင်းပေတော့ ဥယျာဉ်သည်"

ထိပ်ထားရဲ့ နှုတ်မြွက်စကားဆုံးတော့ သူ့ရင်တွေ ခုန်လာခဲ့ပါပြီ။ ဘယ်လိုဆုမျိုးကို တောင်းရမှာလဲ။ သူကရော ဘာကိုလိုချင်တာလဲ။

ဟင့်အင်း . . . ဘာမှမလိုချင်ပါဘူး။ သူမနဲ့ပတ်သက်ရင် ဘာကိုမှ မမျှော်လင့်ခဲ့တာ အမှန်တရားပါ။

"ကျွန်တော် မလိုချင်ပါဘူး . . . ထိပ်ထား"

ရှိနေသူတွေအားလုံး သူ့ကို တအံ့တဩ ဝိုင်းကြည့်ကြတယ်။ သူတို့အတွက် ဒီလိုအခွင့်အရေးမျိုးက ရတောင့်ရခဲပါ။ သူ့အတွက်ကတော့ အရေးကြီးလှတယ်လည်း မဟုတ်ပါဘူး။

"တောင်းပါ . . . ဥယျာဉ်သည်၊ ထိပ်ထားနှစ်သက်တော်မူလို့ ပေးတာပါ။ မငြင်းပါနဲ့"

ထိုစကားကြောင့် တကောင်း မော်ဖူးမိစဉ် ထိပ်ထားရဲ့ ရတနာလက်ဝတ်တော်က နေရောင်အောက်မှာ အရောင်တွေလက်သွားတယ်။ လက်ဝတ်တော်ပင် မဟုတ်ပါဘူး။

ရင်အစုံမှာ လှုပ်လှုပ်ထသွားတယ်။ ထိပ်ထား ဘာပြောနေလဲ သူ မကြားတော့ဘူး။ နံဘေးကလူတွေ ဘာလုပ်နေလဲ သူမသိတော့ဘူး။

ငေး၍ငေးကာနဲ့ပဲ ဆက်ငေးနေလိုက်တော့ . . .

အာရုံမှာ ပုံရိပ်အချို့ ပြန်မြင်လာတယ်။ မြင်မြင်ချင်းပဲ ရင်ခွင်က နွေးထွေးအုံပျသွားရဲ့။ ပြီးတော့ ထိုအချိန် ထိုကာလလေးကို သဲသဲ



လှုပ် ပြန်လွမ်းသွားပါတယ်။

"တကောင်း . . ."

တိုးသဲ့သဲ့ခေါ်သံကြောင့် လူက သတိပြန်ဝင်သွားတယ်။ ခေါ်ငင်သူ ကံစီကို လှမ်းကြည့်တော့ ခေါင်းငုံ့စားလျက်မှပင် သူ့ကို အံ့ကြိတ်ပြပါတယ်။ သတိထားဦးဆိုတဲ့ သဘောပါ။

ထိုစဉ်မှာပဲ အရှေ့ဆီမှ . . .

"ဥယျာဉ်သည် . . . ပြောလေ"

ထိန်းချုပ်နိုင်သော သတိတစ်ချက် လွတ်သွားပြီးနောက်မှာ . .

"လိုရာဆုကိုတောင်းရလျှင် တစ်ဘဝမှာ တစ်ခါလောက် ထိပ်ထားလက်ဖမိုးတော်ကို နမ်းရှိုက်ခွင့်ရချင်ပါတယ်ဘုရား"

"ဟာ . . ."

"ဟယ် . . ."

"အို . . ."

"ဘုရား . . . ဘုရား . . . "

ဥယျာဉ်ကြီးတစ်ခုလုံး အာမေဍိတ်သံတွေ ပလုံစီ။

အားလုံးက သူ့ကို မမြင်ဖူးသော သတ္တဝါတစ်ကောင်လို ဝိုင်းအံ့ကြည့်လို့ . . .

သတိနဲ့လူ ပြန်ကပ်မိသည်နှင့်တစ်ပြိုင်နက် ရှေ့တော်ကိုမော့ကြည့်မိတော့ . . .

မီးဝင်းဝင်းတောက်မျက်လုံးတွေနဲ့ ပြာကျမတတ် စိုက်ကြည့်နေသော ထိပ်ထား၊ မျက်နှာတော်နီမြန်းကာ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်နေရှာတယ်။

သူ မှားသွားပြီ။

ပရိသတ်လူပုံအလယ်မှာ ဘုရင့်သမီးတော်တစ်ပါးကို စော်ကားမိပြီ။

ကိုယ့်ကိုယ်ကိုယ် နောင်တရလို့ မဆုံးခင်မှာ . . .



www.burmeseclassic.com

www.burmeseclassic.com

"ရှိင်းလိုက်လေ . . . ဥယျာဉ်သည်၊ ရှင်ဘုရင်သမီးတော်ဆိုတာ သင် မေ့နေရော့သလား"

ရှိန်းရှိန်းထသော ဒေါသတွေနဲ့ ထွက်ပေါ်လာသည့်အသံတော် နောက်မှာ . . .

တုန်လှုပ်စွာဖြင့် လက်အုပ်ချီမိတော့ . . .

"ရေမြှင့်လိုမြင့်တဲ့ ကြာကများ . . . ရာရာစစ"

ထို့နောက်မှာတော့ . . .

ᨏ ᨏ ᨏ



# IV

"ဟား . . . ဟား . . . ဟား . . ."

ဦးဝေဠုရယ်သံကြီးက အချုပ်ထောင်တစ်ခုလုံး ကြားရလောက်အောင် ကျယ်လောင်သွားပါတယ်။ အရယ်ကို တော်တော်နဲ့မရပ်ဘဲ ထပ်ကာထပ်ကာ အူလှိုက်သည်းလှိုက် ရယ်နေပါတော့တယ်။

သူ့ကို ကြည့်လိုက်၊ တဟားဟား အော်ရယ်လိုက်နဲ့ ပါးစပ်ညောင်းလောက်တော့မှ . . .

"သမီးတော်လက်ကို နမ်းခွင့်တောင်းလို့ အဖမ်းခံရတယ် . . . ဟုတ်လား။ တော်တော်ရယ်ရတဲ့ ကောင်ပဲကွ။ ဟေ . . ."

သူကတော့ မချိပြုံးလေးသာ မပွင့်တပွင့်ပြုံးလို့ပေါ့။

"ဘာရယ်စရာ ရှိလို့လဲဗျာ။ ကျွန်တော်လိုချင်တဲ့ဆုကို ကျွန်တော်တောင်းတာပဲ"

"တောင်းတာတော့ တောင်းတာပေါ့ကွာ။ ဒါပေမဲ့ သင့်တော်တယ်၊ မသင့်တော်တာဘူးကို ကြည့်ဦးမှပေါ့။ မင်းကတော့ တကယ့်ကောင်ပဲ။ ပန်းစိုက်သမားက ဘုရင့်သမီးတော်ကို ချစ်ကြိုက်ရသတဲ့ . . . ဟား . . . ဟား . . ."



www.burmeseclassic.com

www.burmeseclassic.com

ပြောချင်ရာပြောပြီး အော်ရယ်နေပြန်ပါတယ်။ တော်သေးရဲ့။ ဒီတစ်ခါတော့ ဦးဝေဠု ဆူဆူညံညံလုပ်နေတာကို မည်သူမျှ ပြဿနာ ထမရှာကြပါဘူး။ အကုန်လုံး အိပ်မောကျနေကြပြီထင်ပါတယ်။

သူကတော့ ထိုကိစ္စနဲ့ပတ်သက်ပြီ ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိတယ်လို့ မယူဆပါဘူး။ လိုရာဆုကို တောင်းခိုင်းတဲ့အတွက် သူလိုရာကို တောင်းတာပါ။ သူမဘက်မှကြည့်လျှင်လည်း မှန်ပါတယ်။ ခစားနေသူတွေအားလုံးရဲ့အလယ်မှာ သူ့ရဲ့တောင်းဆိုမှုက သူမ၏ရာဇဂုဏ်ဒြပ်ကို တိုက်ရိုက်ထိပါးနေတာကိုး။

မိန်းမသားတစ်ယောက် ဖြစ်တဲ့အပြင် သမီးတော်လည်း ဖြစ်လေတော့ . . .

"တော်သေးတာပေါ့ကွာ။ တစ်ခါတည်း သေမိန့်မချလိုက်တာ မဟုတ်ရင် မင်းနဲ့ငါ အခုလို တွေ့ခွင့်ရမှာမဟုတ်ဘူးဟေ့။ ဟာ . . . ဟ . . . "

ဦးဝေဠု တောက်လျှောက်ပြောနေပေမဲ့ သူကတော့ နှုတ်ဆိတ်လျက်ပါပဲ။

"ဒါနဲ့ မင်းကရော တကယ်ကြီးကို ချစ်နေတာလားကွ"

"ဦးဝေဠုရယ် . . . "

တကောင်း စကားမဆက်နိုင်တော့ပါဘူး။ ဘယ်လိုပြောရမလဲ။ ပြောကိုမထွက်တော့တာပါ။ သူ့ပုံစံကိုကြည့်ပြီး သဘောပေါက်သွားတယ်ထင်ရဲ့။

"ကဲပါ . . . ထားလိုက်ပါတော့။ အခုလို အချုပ်ခိုင်းတော့ မင်း သူ့ကို စိတ်မနာဘူးလား"

ခေါင်းကိုသာ ယမ်းပြမိတယ်။

"စိတ်မနာပါဘူး။ အားလုံးကို ခြုံငုံကြည့်ရင် အဓိကအပြစ်ရှိတာ ကျွန်တော်လေ။ ကျွန်တော်က ချစ်နေတာကိုး။ ထိပ်ထားကို စိတ်မနာ



ဘူး။ ကျွန်တော်ကိုယ်ဦးကိုယ်က ထိပ်ထားအတွက် ပေးဆပ်ရရင် ပျော်နေတာ"

"ရှားပါပေ့ကွာ"

ပြောပြီး 'တခွီးခွီး'ရယ်ပြန်ပါတယ်။ ခက်ပါရဲ့။ ပန်းစိုက်သမားက ဘုရင့်သမီးတော်ကိုချစ်တာ ရယ်စရာဖြစ်နေသတဲ့လား။ ဘယ်လိုပဲထင်ထင်ပါ။ ကိစ္စမရှိပါဘူး။

"လူဆိုတာ ကိုယ့်ကံ၊ ကိုယ့်ခရီး ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ်လေ"

ပြောရင်းနဲ့ ထိပ်ထားကို တရိပ်ရိပ် သတိရလာပြန်တာမို့ အာရုံလွှဲပစ်ဖို့ ကြိုးစားလိုက်တယ်။

"ကျွန်တော့်သာ မေးနေတယ်။ ခင်ဗျားကရော ဘာပြစ်မှု ကျူးလွန်လို့ ဒီထဲရောက်လာတာလဲ"

သူ့အမေးကြောင့် ဦးဝေဠုက မခံချိ၊ မခံသာ ပုံစံမျိုး 'ဟက်' ခနဲ ရယ်သံပြုတယ်။ ပြီးတော့ နှုတ်ခမ်းတစ်ဖက်ကို မထိမဲ့မြင် တွန့်ကွေးရင်း . . .

"ငါရောက်လာပုံကလည်း ထူးဆန်းတယ်ဟေ့။ ငါ့တို့ ကြက်နားထိုးရွာကို ရောက်ဖူးလား"

"ဟင့်အင်း . . . "

"ဘယ်နားမှာရှိမှန်းရော သိလား"

"မသိဘူး"

"အေး . . . အဲဒါဆို ငါပြောပြမယ်။ ဒီလို . . . "

ဦးဝေဠုက သံတိုင်ကိုကျောမှီရင်း မုတ်ဆိတ်ဖြူဖြူတွေကို ပွတ်သပ်ကာ . . .

"ကြက်နာတိုးရွာဆိုတာ ဒီကနေ တော်တော်ဝေးသေးတယ်။ ဝေသာလပြည်ရဲ့ အစွန်အဖျား ကျေးရွာတစ်ခုပေါ့ကွာ။ ငါတို့ရွာပိုင်ဘက်မှာ ရိုးမတောင်ကြီးနဲ့ တောကြီးပဲရှိတာ။ အဓိကအားဖြင့် အမဲလိုက်မုဆိုး



www.burmeseclassic.com

www.burmeseclassic.com

အလုပ်နဲ့ အသက်မွေးကြတဲ့ ရွာပေါ့ကွာ။ တစ်နေ့ တို့ရိုးမတောထဲမှာ ဆင်ဖြူတော်ပေါ်တယ်ကွ။ မြင်တဲ့လူတွေက အကြောင်းအကျိုးသိရအောင် ငါ့ကိုလာခေါ်တော့ လိုက်သွားလိုက်တယ်။ နှစ်ရက်လောက်အကြာမှ ဆင်ဖြူတော်ကို တွေ့တယ်။ တကယ့်ဆင်ဖြူအစစ်ကွ"

"ဟုတ်လား"

ဆင်ဖြူတော်ဆိုလို့ တကောင်း စိတ်ဝင်စားသွားပါတယ်။

"အရင်တုန်းက ဒီတောထဲမှာ မတွေ့ဖူးဘူး။ ဘယ်တော၊ ဘယ်တောင်က မျက်စိလည်လာတဲ့ဆင်လည်း မသိပါဘူး။ ငါကြည့်ပြီးလို့ ဆင်ဖြူတော်ဆိုတာ သေချာတော့ ရွာကလူတွေ ထပ်ခေါ်ပြီး ဆင်ကို ကျုံးသွင်းဖမ်းလိုက်ကြတယ်ကွာ။ ဖမ်းမိတော့ ဆင်ဖြူရတနာဆိုတာ ဘုရင့်ဘဏ္ဍာတော်လေ။ ဒီတော့ နန်းတော်ကို တို့တွေ လာဆက်ကြတယ်။ ရွှေနန်းရှင်က ဝမ်းမြောက်လွန်းလို့ ငါ့တို့တွေကို ဆုလာဘ်တွေ ချီးမြှင့်လိုက်တာမှ တအားပဲ"

စကားကိုရပ်ပြီး ဦးဝေဠု ထိုအဖြစ်အပျက်အား ပြန်သတိရသွားသယောင် ပြုံးပါတယ်။ ကြည်ကြည်လင်လင် ပြုံးနေရာမှ ထိုအပြုံးမှာ အညစ်အစွန်းတချို့ ပါဝင်ရောနှောလာတာကို တွေ့ရတယ်။

"ဆက်သပြီး နောက်တစ်နေ့ပဲ ပြဿနာတက်တော့တာကွ"

"ဟင် . . . ဘာဖြစ်လို့ပဲ"

"နောက်တစ်နေ့မိုးသောက်လို့ ညီလာခံဝင်ပြီးတော့ ရှင်ဘုရင်က လောလောလတ်လတ်ရရှိထားတဲ့ ဆင်ဖြူတော်နဲ့ တိုင်းခန်းလှည့်လည်ဖို့ ပြင်တာကိုးကွ။ အဲဒီမှာ ဒုက္ခရောက်တာပဲ"

စိတ်ဝင်စားမှုတို့ ပိုလာကာ ဦးဝေဠုမပြောခင် သူ ဖြတ်မေးလိုက်တယ်။

"ဘယ်လို ဒုက္ခရောက်တာလဲဗျ"

"ရှင်ဘုရင်လည်း အပေါ်ရောက်ရော ဆင်က ဘာကြောင့်ရယ် မသိဘူး၊ ခါချလိုက်တာ . . . ဟော့ကောင်ရေ၊ ရှင်ဘုရင်ခမျာ ဇောက်ထိုး



တို့ ပြုတ်ကျတော့တာပဲ။ အကာအခင်းမရှိ မြေပေါ်ပြုတ်ကျတာဆိုတော့ တော်တော် အထိနာသွားတယ်ဆိုပဲ။ မှူးမတ်ဗိုလ်ဘုံအလယ်ဆိုတော့ ရွှေအရှက်တော် ကွဲတာပေါ့ကွာ။ ဟား . . . ဟား . . . ဟား . . ."

ကိုယ့်စကားကိုယ်ပဲ သဘောကျသလို၊ ဒါမှမဟုတ် ရှင်ဘုရင် ပြုတ်ကျပုံကိုပဲ မျက်လုံးတွင်းမှာ မြင်ယောင်မိသလို 'တဟားဟား' ရယ်နေပြန်ပါတယ်။ သူလည်း မျက်လုံးတွင်းမှာ မြင်ယောင်ပြီး ပြုံးမိတယ်။

"မကြာပါဘူးကွာ . . . ဆင်ဖြူတော်ဆက်သတဲ့ ခေါင်းဆောင်ငါလည်း ဒီထဲရောက်တော့တာပဲ"

စကားဆုံးတော့ သူ မရယ်မိဘူး။ တွေတွေငေးငေးလေး ဖြစ်သွားတယ်။ ပြီးတော့ အလျင်စလိုဖြင့် တစ်ခွန်းမေးမိတယ်။

"ဆင်ဖြူက ဘာကြောင့် ခါချလိုက်တာလို့ ခင်ဗျားထင်လဲ"

"မသိဘူးလေကွာ။ ကျောလေးလို့ဖြစ်မှာပေါ့ကွ . . . ဟား . . ဟား . . ."

ရယ်နေပြန်ပါတယ်။ ဦးဝေဠုကတော့ ရောက်တဲ့နေရာမှာ ပျော်အောင်နေတတ်သူဖြစ်ကြောင်း အထူးပြောဖို့ မလိုတော့ပါဘူး။ သူ့ပုံစံကြည့်ရတာ ဘာကိုမှ ဖိစီးမှုမထားဘူး။ အချုပ်ခံထားရပေမဲ့ နတ်ပြည်ရောက်နေသလို ပြုံးပျော်လို့။

"ဒါဆို ခင်ဗျားဆက်သခဲ့တဲ့ဆင်ဟာ ရှင်ဘုရင်တို့မစီးအပ်တဲ့ ဆင်သုံးမျိုးထဲက တစ်မျိုးမျိုး ဖြစ်နေလို့များလား"

"ဟေ . . . အဲလို ရှိသေးတယ်လား"

"ရှိတာပေါ့"

"သိပါဘူးကွာ။ ဆင်ဖြူဖြစ်လေတော့ မင်းဘဏ္ဍာဆိုပြီး ဆက်သခဲ့တာပဲ။ မင်းတကယ်သိတယ်ဆိုရင်တော့ ဒါ မင်းအတွက် အခွင့်ကောင်းမဲ့ကွ"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"အခုဆို နန်းတော်တစ်ခုလုံးက ဆင်ဖြူတော်ပေါ်ပေမဲ့ အဲဒီဆင်ကို ကြည့်ပြီး ဝမ်းသာရမလို၊ ဝမ်းနည်းရမလို ဖြစ်နေတာကွ။ ရှင်ဘုရင်တင်မဟုတ်ဘူး။ အဲဒီဆင်ကို နောက်ထပ် ဘယ်သူမှ ထပ်မစီးရဲတော့တာ"

"ဘယ်လိုကြောင့်လဲ"

"ခန္ဓာကိုယ်အင်အားဟာ နည်းတာမှမဟုတ်ပဲကလား။ ဒီပြည်မှာ လက်ရှိရှိနေတဲ့ ဆင်တွေအားလုံးထက် ခွန်အားပိုကြီးတယ်။ ဘုန်းတံကြီးသူတောင် စီးမရခဲ့တာဆိုတော့ မင်းပဲ စဉ်းစားကြည့်လေ"

တကောင်း ခေါင်းတဆတ်ဆတ် ညိတ်မိလိုက်ပါတယ်။

"မင်း တကယ် ခွဲခြားပေးနိုင်တယ်ဆိုရင် ရွှေနားတော်ရောက်အောင်သာ ကြိုးစား။ ဒါ တကယ့်အခွင့်အကောင်းပဲ"

ကံကြမ္မာကြီးကတော့ မျက်နှာသာတစ်လှည့် ပေးလေပြီ။

ရွှေနားတော်ရောက်ရန်မှာ လွယ်ကူသည်မဟုတ်။ ဒါပေမဲ့ ကြိုးစားမှုအဆင့်ဆင့်ကိုတော့ ပြုလုပ်ကြည့်ရပေလိမ့်မည်။

"ဒီရာ . . . "

သူကနေပဲ အတွင်းတော်ရောက်အောင် အဆင့်ဆင့် ကြိုးစားရမှာပေါ့။

ᨖ ᨖ ᨖ



# V

'ရွှေနန်းတော် ညီလာခံအတွင်း၌'

"စိန်ဖူးတော် ခိုးယူသူ၊ ခိုးသားအား ဘာကြောင့် ဖမ်းမမိသေးသနည်း . . . ဝရဇ . . . "

ရွှေနန်းရှင်ဘုရား၏ မေးကြားသံက ညီလာခံကြီးတစ်ခုလုံးအားမီးကို ရေနှင့်ငြိမ်းလိုက်သလို တိတ်ဆိတ်ငြိမ်သက်သွားစေပါသည်။

"ကံဇာတာ ကောင်းလွန်းနေခြင်းဖြစ်နိုင်ပါတယ် . . . အရှင်။ မဟုတ်ပါက အဆောင်လက်ဖွဲ့ကောင်းများ ရှိနေသည့်အတွက်လည်း ဖြစ်နိုင်ပါတယ်"

"သင် ဘာကို ဆိုလိုသနည်း"

"မှန်လှပါ . . . ကျွန်တော်မျိုးရဲ့ သူခိုးဖမ်းအင်းအစွမ်းနဲ့ အခြားသော ခိုးသူခိုးသားတို့အား ဖမ်းဆီးနိုင်ခဲ့ပါတယ်။ သို့ပေမဲ့ ထိုတစ်ယောက်မှာတော့ ယခုတိုင် အန္တရာယ်ကင်းလျက်ပင် ရှိနေပါသေးတယ်အရှင်။ ဒါကိုကြည့်ခြင်းဖြင့် ထိုလူမှာ ကံဇာတာ မြင့်မားကောင်းမွန်နေခြင်း ဖြစ်နိုင်သလို ကျွန်တော်မျိုးအစွမ်းဖြင့် တိုးမပေါက်နိုင်သော အဆောင်၊



www.burmeseclassic.com

www.burmeseclassic.com

လက်ဖွဲ့ကောင်းများ ရှိနေခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ် . . . ဘုရား"

ရွှေနန်းရှင်ဘုရားမှာ စဉ်းစားသလို ငြိမ်သက်လို့သွားပါသည်။ ညီလာခံကြီး တစ်ခုလုံးမှာလည်း ရွှေနန်းရှင်ဘုရား၏ မေးမြန်းသံနှင့် ဝရဇာလျှောက်တင်သံမှလွဲ၍ အရာအားလုံး တိတ်ဆိတ်ပိပြားလျက်။

ထိုစဉ်မှာပဲ ရွှေနန်းရှင်ဘုရားက အတွေးတစ်ချက်ရလိုက်သလို ခေါင်းကိုဆတ်ရင်း . . .

"ဒီလိုဆို . . . ဝရဇာ . . . စိန်ဖူးတော်က တို့လက်တွင်း ပြန်ရောက်နေပြီလေကွယ်။ ထိုအခြင်းအရာကို ထောက်ချင့်ပြီး ဖမ်းမမိသေးပေမဲ့ ခိုးသား မည်သူမည်ဝါဖြစ်ကြောင်းကိုရော သင့်အစွမ်းနဲ့ ဖော်မြင်ဆင်ခြင်လို့ မရနိုင်ဘူးလား"

ဒီတစ်ခါတော့ ဝရဇာမှာ မဆိုင်းမတွပင် လျှောက်တင်ပါ၏။

"မှန်ပါ့ . . . ဟုတ်မှန်သည့်အတိုင်း တင်လျှောက်ရလျှင် ကျွန်တော်မျိုး ထိုပညာအား မတတ်ကျွမ်းကြောင်းပါဘုရား။ ကျွန်တော်မျိုး တတ်ကျွမ်းခြင်းသည် သူခိုးဖမ်းအင်းအစွမ်းဖြင့် ခိုးသားတို့အား ဖမ်းဆီးနိုင်ခြင်းပင် ဖြစ်ပါတယ်။ ထိုခိုးသားမှာ မည်သူမည်ဝါဖြစ်ကြောင်း ကြန်အင်လက္ခဏာ အပြည့်အစုံကိုတော့ ကျွန်တော်မျိုး မဖော်မြင် မဆင်ခြင်တတ်ကြောင်းပါ"

ထိုလျှောက်တင်စကားကို ကြားတော့ ညီလာခံ၏ ဟိုးနောက်ဆုံးတံခါးထောင့်တွင် ထိုင်နေသူ အမတ်ကြီးတစ်ယောက်မှာ မရိုးမရွ ဖြစ်ကာသွား၏။ ခိုးယူရာပစ္စည်းကိုကြည့်ပြီး တရားခံရဲ့ ကြန်အင်လက္ခဏာကို ဖော်ထုတ်ဖို့ဆိုပါလား။

ထိုပညာကို နာမည်ကျော်ဆရာကြီး ဝရဇာ မတတ်ဖူးတဲ့။ ဒါဆို မည်သူတတ်သနည်း။

ညီလာခံဆဲတော့ ထိုအမတ်ကြီးမှာ နန်းတော်ထဲမှ ခပ်ကုပ်ကုပ်



ထွက်လာခဲ့ပါသည်။ သို့ပေမဲ့ သူ့ခြေလှမ်းတို့မှာ တစ်နေရာကို ဦးတည်အာ မြန်ဆန်သွက်လက်နေ၏။

သူ၏ ဦးတည်ရာက ဘုရားစောင်းတန်းတစ်ခုဆီသို့ . . .

ဦးတည်ရာ ဘုရားစောင်းတန်းကိုရောက်တော့ ဖိနပ်ကိုချွတ်ပြီး ခပ်သွက်သွက် တက်သွားလိုက်သည်။ သို့ပေမဲ့ . . .

"ဟင် . . ."

မည်သူမျှ ရှိမနေပါ။

သူနဲ့ တစ်ခါမက ဆုံဖူးထားသူ ရှေ့ဖြစ်ဟော ဆရာလေးကို မတွေ့။ ပြီးတော့ ဒီအနီးအနားမှာ ပေါက်ပေါက်ဆုပ်ရောင်းသူ လူငယ်ကိုလည်းမတွေ့။ ယုတ်စွအဆုံး စောင်းတန်းအောက်မှာ ပိုက်ဆံတောင်းနေကျ ပေစုတ်စုတ်လူကြီးကိုပင် မတွေ့ပါ။

ဘုရားစောင်းတန်းကြီးတစ်ခုလုံးက လူသူကင်းမဲ့၍ ရှင်းလင်းလျက် ရှိနေသည်။

ဘယ်လိုဖြစ်တာလဲ။ သူရောက်လာတာပဲ အချိန်လင့်သွားလို့လား၊ ထိုအတွေးဖြစ်မိတော့ အကောင်းဆုံး ဆုံးဖြတ်ချက်တစ်ခုကိုသာ ချမိလိုက်သည်။

နက်ဖြန်မိုးသောက်မှပဲ ရောက်အောင် ပြန်လာတော့မည်။

သူကား အခြားသူမဟုတ်ပါ။ လည်ဆွဲရတနာပျောက်ဆုံးမှုနှင့် ပတ်သက်၍ တစ်ချိန်က တကောင်းနှင့်ဆက်နွယ်ဖူးသော . . .

'ရွှေတောင်ရွာစားကြီး'

ႈ ႈ ႈ



www.burmeseclassic.com

www.burmeseclassic.com

# VI

"ဆင်တော်ကို အမျိုးခွဲပေးမယ် . . . ဟုတ်စ . . . ဟုတ်ရင် ဟုတ်ပေ့လေ။ မဟုတ်ရင်တော့ သေမဲ့သာ ပြင်ပေတော့"

ကြီးမားတုတ်ခိုင်သော လူသန်ကြီးနှစ်ယောက်က သူ့ကို အချုပ်ခန်းတွင်းမှ ဆွဲထုတ်လာပါတယ်။ သူတို့သုံးယောက်ကို ကြည့်ပြီး ကျန်သောအချုပ်သားတွေ အားလုံး ငေးမောကုန်ကြတယ်။ ထူးထူးခြားခြား လူတစ်ယောက်သာ ပြုံးရှင်လို့။ သူကတော့ ကြက်နားထိုးရွာသား ဦးဇွေ ပါ။

လူသန်ကြီးနှစ်ယောက်ကြားမှာဆိုတော့ လူက အလိုလို သေးသိမ်သလို ခံစားရတယ်။ နောက်ပြီး ထိုလူသန်ကြီးနှစ်ဦးထံမှ ချဥ်စုတ်စုတ် အနံ့တစ်ခုကိုလည်း ရနေပါတယ်။ ဘာအနံ့မှန်းတော့ သူမသိဘူး။ ပြီးမပြောသော စကားနှင့် ဦးတည်ခေါ်သွားရာ နေရာတို့ကို ထောက်ချင့်ပြီး ဘာအနံ့ဆိုတာ ဝေခွဲရလိုက်တယ်။

ဆင်ချေးနံ့ပါ။

ဒီလူကြီးနှစ်ယောက်လုံးက ဆင်ကျုံးအလုပ်သမားတွေ။ ဒါကြောင့်မလို့လည်း ဤမျှလောက် တုတ်ခိုင်သန်မာနေကြတာပေါ့။



ဒီရွာ ကျေးဇူးကြောင့် ဆင်ဖြူတော်အား ကြန်အင်လက္ခဏာခွဲခြားနိုင်တယ်ဟူသော သတင်းက အတွင်းတော်ကို ခဏချင်းရောက်သွားတယ်။ ထို့ကြောင့် ချက်ချင်းပဲ အချုပ်ကထုတ်ပြီး ဆင်ကျုံးရှိရာကို ခေါ်ဆောင်သွားကြတာပါ။ ဆင်ကျုံးက အချုပ်ထောင်နဲ့မဝေးသော အရပ်မှာမို့ သိပ်မသွားလိုက်ရပါဘူး။

ပထမဆုံးလှမ်းမြင်ရတာက မြင့်မားခိုင်မာလွန်းလှသော ကျွန်းသစ်လုံးကြီးတွေပါပဲ။ ထိုသစ်လုံးကြီးတွေ အစီအရီကာရံထားတဲ့ အတွင်းထဲမှာ ခြံဝန်းအထပ်ထပ်နဲ့ ဝေသာလပြည်ရဲ့ မင်္ဂလာဆင်တော်တွေ ရှိနေတယ်။

ဆင်အော်သံတွေ၊ သံကြိုးခတ်သံတွေကို ဟိုအဝေးကြီးကတည်းက ကြားနေရတယ်။ ရောက်သွားတော့ ထင်ထားသလိုပါပဲ။ စစ်သုံးဆင်၊ သစ်ဆွဲဆင်၊ ခိုင်းဆင်တွေကို သီးခြားစီခွဲပြီး သူ့နေရာနဲ့သူ ထားထားတယ်။ ခြံဝန်းကြီးတစ်ခုလုံးက ဆင်ချေးနံ့တွေ လှိုင်လှိုင်ထွက်နေလေရဲ့။

ဆင်ကျုံးအမှုထမ်းတွေ မြောက်များစွာ တွေ့ရတဲ့အပြင် အားလုံးကလည်း သူ့ကိုခေါ်လာသူ လူကြီးနှစ်ယောက်လိုမျိုး ကြီးထွားသန်မာလှတယ်။

ဆင်တွေကို အစာကျွေးသူက ကျွေး၊ ရေချိုးသူက ချိုး၊ သန့်ရှင်းရေးလုပ်သူက လုပ်နဲ့ သီးခြားကမ္ဘာငယ်တစ်ခုရောက်လာသလို ခံစားနေရတယ်။ ထိုအရာတွေကို လွန်တော့ ကွင်းပြင်တစ်နေရာမှာ သီးသန့်ဆောက်ထားတဲ့ ဇရပ်ကြီးတစ်ဆောင်ကို မြင်ရတော့ . . .

တကောင်း နားလည်လိုက်ပါပြီ။ ဒါသည် ဆင်ဖြူတော်အတွက် သီးသန့်ဆောက်လုပ်ထားသော နန်းဆောင်မှလွဲပြီး ကျန်တာ မဖြစ်နိုင်တော့။

ဆင်ဖြူတော်ကို ဘုန်းကံအရ တခြားဆင်တွေနဲ့ ရောထားလို့ မရပါဘူး။ သီးသန့်နန်းဆောင်တစ်ခုဆောက်ပြီး မင်းတစ်ပါးအဆောင်



www.burmeseclassic.com

www.burmeseclassic.com

အယောင်နဲ့ ထားရတယ်။ အချိန်မှန် ရေချိုးပေး၊ အချိန်မှန် အမွေးနံ့သာ လိမ်းပေးရတယ်။ အစာကျွေးလျှင်လည်း ဖြစ်သလို ကျွေးလို့မရပါဘူး။

သီးသန့်ပြုလုပ်ထားတဲ့ မင်္ဂလာအင်တုံပေါ်မှာ ကောင်းမွန်သော အစာအာဟာရတွေနဲ့ သန့်သန့်ရှင်းရှင်း ကျွေးမွေးရတယ်။ ဆင်ဖြူတော် နေထိုင်ရာဇရပ်ကိုလည်း ဆင်ကျုံးလို့ မခေါ်တွင်အပ်ပါဘူး။ မင်္ဂလာနန်း ဆောင်လို့သာ ခေါ်တွင်ရတယ်။

ကျင်ကြီးကျင်ငယ် စွန့်တာကအစ သူ့အတွက် သီးသန့်ပြုလုပ် ထားသော မင်္ဂလာအင်တုံတွေနဲ့သာ စွန့်စေပါတယ်။ မင်္ဂလာနန်းဆောင် အတွင်း ညစ်ပတ်မနေစေရဘူး။ အစဉ်သဖြင့် သန့်ရှင်းမွှေးထုံနေစေရ တယ်။

ဆင်ဖြူတော်ဟူသည် ဆင်များအားလုံးရဲ့ ဘုရင်ဖြစ်လေတော့ ဘုရင်တစ်ပါး အဆောင်အယောင်နဲ့ လျော်ညီစွာ ထားရပါတယ်။ အမြဲ မပြတ် ရွှင်လန်းနေစေရန်လည်း ဂရုပြုရတယ်။ ဒါမှသာ ဆင်ဖြူတော် က ဘုန်းကံပေါ်လွင်ပြီး ပိုင်ဆိုင်သူ မင်းဧကရာဇ်လည်း ဘုန်းကံတက် ပါတယ်။ မင်းဧကရာဇ် ဘုန်းကံတောက်မှ တိုင်းပြည်က သာယာဝပြော ပြီး ပွင့်လန်းစည်ပင်မှာပေါ့။

နန်းဆောင်တွင်းကိုရောက်တော့ လူတော်တော်စုံညီနေတာကို တွေ့ရတယ်။ တစ်ယောက်မှတော့ သူမသိပါဘူး။ ပုံစံတွေကြည့်ရတာ တော့ မင်္ဂလာဆင်တော်နဲ့ပတ်သက်ပြီး အနီးကပ်တာဝန်ယူရသူ မှူးကြီး မတ်ကြီးတွေထင်ရဲ့။

သူတို့ရဲ့အလယ်မှာ ဝန်းခြံငယ်လေးတစ်ခုခတ်ပြီး မင်္ဂလာဆင် ဖြူတော်ကို ထူးခွက်ကာထားတယ်။

သေချာတွေ့ရတော့မှ တကောင်း အံ့သြသွားရပါတယ်။ ဦးဝေဠု ပြောသလိုပါပဲ။ မင်္ဂလာဆင်တော်ရဲ့ အလုံးအရပ်ခွန်အားက ရင်သပ်ရှု မောရလောက်အောင် ကြီးထွားလွန်းလှတယ်။



ဆင်းကျုံးတွင်း မြင်လာခဲ့ရသည့် ဆင်များနဲ့ ဘာမှမဆိုင်ပါဘူး။ အသားအရောင်၊ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်၊ လှပခန့်ညားမှု၊ ကျက်သရေရှိမှု အားလုံးအားလုံးပါပဲ။

တစ်ခါမျှ မင်္ဂလာဆင်ဖြူတော်ဆိုတာကို အခုလို နီးနီးကပ်ကပ် မြင်တွေ့ခွင့် မရဖူးဘူး။ တကယ်တွေ့ရတော့ ရင်သပ်ရှုမောဖွယ် အတိပြီး နေတယ်။ အသားအရောင်က ပဒုမ္မာကြာဖြူအဆင်းကို ဆောင်၍ လွှလွှ ဖြူနေတယ်။

အသံတော်မှာလည်း မိုးကြိုးသံကဲ့သို့ ထစ်ခြုန်းကာ နေပါတယ်။ အစွယ်မှာ ပုလဲဥရောင် ကြီးမားတုတ်ခိုင်ပြီး ကိုယ်လုံးနဲ့လိုက်ဖက်သော အဆင်းရှိတယ်။ အမွေးနံ့သာတွေလည်း လှိုင်လှိုင်ထွက်ကာနေလေ တော့ . . .

"ကဲ . . . မောင်ရင့်စိတ်ကြိုက် ကြည့်ရှုစစ်ဆေးပေးတော့"

ခေါင်းဆောင်ဖြစ်ဟန်တူသူ လူကြီးက ပြောတော့ တကောင်း ရဲရဲတင်းတင်းပဲ ဝန်းခြံတွင်းသို့ ဝင်လိုက်တယ်။ လိုအပ်သော ကြန်အင် လက္ခဏာတွေကို စစ်ဆေးလိုက်စဉ် . . .

မကြာပါဘူး . . . ရွှေနန်းရှင်ကို ခါချလိုက်တဲ့ လျှို့ဝှက်ချက် ကို ရှာတွေ့ခဲ့ပါပြီ။

ဝန်းခြံတွင်းက ခပ်တည်တည်ထွက်လာသော သူ့ကို . . .

"ဘယ်လိုလဲ . . . မောင်ရင်၊ ဒီမင်္ဂလာ ဆင်ဖြူတော်ဟာ ဘယ် လိုအမျိုးအစား ဖြစ်ပါသလဲ"

"ဒရလက္ခဏာဆင်တော် အမျိုးအစားဖြစ်ပါတယ် အရှင်"

"ရွှေနန်းရှင်ဘုရားကို ဘယ်လိုအကြောင်းတွေကြောင့် ခါချခဲ့ တာလဲ"

"မင်း (ရှင်ဘုရင်) တို့ မစီးထိုက်သော ဆင်သုံးမျိုးမှာ တစ်မျိုး ဖြစ်နေလို့ပါ . . . အမတ်မင်း"

"ဘယ်လို . . ."



www.burmeseclassic.com

www.burmeseclassic.com

တကောင်း သက်ပြင်းချကာ ရှင်းပြဖို့ ကြိုးစားလိုက်တယ်။

"မင်းတို့မစီးထိုက်သော ဆင်သုံးမျိုးရှိပါတယ်။ အဲဒါက ဟိနလက္ခဏာဆင်၊ ဒရလက္ခဏာဆင်နဲ့ ပါပလက္ခဏာဆင်တို့ပါပဲ"

"ခွဲခြားပြပါဦး . . . အမောင်ငယ်"

"အမတ်မင်း . . . ဟိနလက္ခဏာဆင်ဆိုသည်မှာ ဦးကင်းမှ မြီးညောင့်တိုင် အနက်ကြွင်း၍ တစ်ကိုယ်လုံး ဖြူတဲ့ဆင်တော်ပါ။ ဒရလက္ခဏာဆင်ဆိုသည်မှာ အနက်တစ်ကွက်တစ်ကွက်ပြောက်၍ တစ်ကိုယ်လုံး ဖြူသောဆင်တော်ပါ။ ပါပလက္ခဏာဆင်ဆိုသည်ကတော့ ဆင်မဖြစ်ပါလျက် ဆင်ထီးကဲ့သို့ အစွယ်ကြီးပေါက်သော ဆင်မျိုးပါပဲ။ ထိုသုံးမျိုးသောဆင်ကို ရှင်ဘုရင်တို့ မစီးထိုက်ပါဘူး"

သူ့ စကားဆုံးတော့ . . .

"အမောင်ငယ်ပြောစကားအရ ဤဆင်တော်ဟာ ဒရလက္ခဏာဆင်မျိုး မည်တယ်ဆိုတော့ ကိုယ်လုံးပေါ်မှာ အနက်ကွက်ပြောက်တွေများ ရှိနေလို့လား"

"မှန်လှကြောင်းပါ . . . အမတ်မင်း အပေါ်ယံကြည့်လျှင် မမြင်ရပေမဲ့ သေချာစိစစ်လျှင်တော့ ကိုယ်လုံးတော်ပေါ်မှာ အနက်ပြောက်သုံးပြောက်ကို မြင်ရပါလိမ့်မယ်"

"ပြစမ်းပါဦး . . . အမောင်ငယ်"

"နားမောင်းတော်ရဲ့ အတွင်းအောက်ဖက်ထဲမှာ တစ်ပြောက်ပါ။ ဒုတိယက ရှေ့ခြေတော်အစုရဲ့ အလယ်မှာ ရှိပါတယ်။ နောက်ဆုံးတစ်ပြောက်ကတော့ အမြီးနဲ့ဖုံးကွယ်နေလို့ အလွယ်တကူ မမြင်ရတာပါ"

ထို့ထက်ပိုပြီး တကောင်း ရှင်းလင်းခွဲခြားပြရန် မရှိတော့ပါချေ။ ထို့ကြောင့် နောက်ဆုံးအနေနဲ့ . . .

"ကျွန်တော်ပြောခဲ့သမျှကို မှတ်သား၍ ရွှေနန်းရှင်ရဲ့ နားတော်ရောက်အောင် တင်လျှောက်လိုက်ပေးပါ အမတ်မင်း"

• • •



နောက်တစ်နေ့ မိုးသောက်လတ်သော် . . .

'ဒီရာ' ဝမ်းသာအားရလာပြောတော့ သူပင် အိပ်ရာကမနိုးသေး။

"ကိုတကောင်း . . . ကိုတကောင်း . . . ဝုန်း . . . ဝုန်း . . . ကိုတကောင်း . . . ဝုန်း . . . ဝုန်း . . . "

နှုတ်ကလည်း အော်၊ လက်ကလည်း အချုပ်တံခါးကို တဝုန်းဝုန်း ထုနေတာကြောင့် . . .

"ထပါဦးဗျ . . . ကိုတကောင်းရ . . . ဝုန်း . . . ဝုန်း . . . "

ဒီရာပုံစံကို ကြည့်ပြီး . . .

"ဘာတွေများ အရေးကြီးနေတာလဲကွ။ အိပ်ချင်စိတ်မပြေသေးဘဲ ခပ်ပျင်းပျင်း မေးလိုက်ပါတယ်။ ထိုအခါမှာ အရေးကြီးပြီကော . . ကိုတကောင်းရယ်။ ကိုတကောင်း . . . အချုပ်ကလွတ်တော့မယ်ဗျ"

"ဟေ . . ."

ဒီစကားကတော့ မျက်လုံးကျယ်သွားစေတဲ့ စကားပါ။ သူတင်မဟုတ်ဘူး။ ကပ်လျက်အခန်းက ဦးဝေဠုတောင် ထထိုင်သွားတယ်။ သူရော၊ ဦးဝေဠုရော အိပ်ရာမှ ကုန်းရုန်းထကာ သံတိုင်နားကို ပြေးကပ်ရင်း . . .

"ဒီရာ . . . ဘာတွေဖြစ်ကုန်တာလဲ"

အလျင်စလို သူ့အမေးကို . . .

"မနေ့က ကိုတကောင်း မင်္ဂလာဆင်ဖြူတော်ကို အမျိုးအမည်ခွဲပေးလိုက်တယ်လေ။ အဲဒါကို မင်းတရားကြီး နှစ်သက်တော်မူလို့ ကိုတကောင်းကို အပြစ်က လွှတ်ပေးတော့မှာဗျ"

"ဟေ . . ."

"ဟုတ်ရဲ့လားကွာ . . . တကယ်ရော ဟုတ်လို့လား"

"ဟုတ်ပါပြီကော . . . ကိုတကောင်းရယ်၊ ကျွန်တော်နားနဲ့ဆတ်ဆတ်ကြားခဲ့တာပါ။ မယုံရင် ကြည့်နေ၊ တအောင့်နေ အရာရှိမှူးကြီး ကိုတကောင်းကို လာလွှတ်ပေးလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ရင်က တလှပ်လှပ်အော်မြည်ကာ အတိုင်းအဆမရှိ။ ပျော်ရွှင်သွားတယ်။ ကမ္ဘာကြီးတစ်ခုလုံး ပြောင်းပြန်လည်သွားသလိုပဲ။ တစ်ဖက်ခန်းက ဦးဝေဠုက သူ့ကို မမှိမကမ်း လက်ဆွဲဂုဏ်ပြုတယ်။ ဦးဝေဠုမှာလည်း ဝမ်းသာစိတ်တွေ ဘောင်ဘင်ခတ်လို့ပါ။

ဦးဝေဠုကို ကျေးဇူးတွေ အကြိမ်ကြိမ် တင်မိလိုက်ပါတယ်။ သူပြောပြလို့သာ ဆင်ဖြူတော်အဖြစ်အပျက်ကို သိခွင့်ရခဲ့သည်မဟုတ်ပါလား။

ဒီရာကတော့ ဝမ်းသာအားရ စကားတွေ အထပ်ထပ်ပြောရင်း အပြင်ပြန်ထွက်သွားလေရဲ့။ အတွင်းတော်ရောက်အောင် ကြိုးစားပေးတဲ့ ဒီရာ့ကျေးဇူးကလည်း မနည်းပါဘူး။

ဒီရာထွက်သွားပြီး တအောင့်ကြာတော့ . . .

တံခါးမကြီးမှတစ်ဆင့် အချုပ်မှူးကြီး ဝင်ရောက်လာပါတယ်။ ပြီးတော့ သူ့အခန်းရှေ့မှာ ရပ်တယ်။

ဒီတစ်ခါတော့ ကံကြမ္မာကြီးကို ကောင်းကောင်း ကျေးဇူးတင်လိုက်ပါပြီ။

• • •

“ဂျိန်း . . .”

တံခါးပွင့်သံက အရင်အကြိမ်တွေနဲ့ လုံးဝမတူတော့ဘူး။ ထူးထူးကဲကဲ သာယာလို့နေတယ်။ ပျော်ရွှင်ခြင်းတွေလည်း အတိုင်းထက်အလွန် သယ်ဆောင်လာသလို ခံစားရတယ်။

အချုပ်မှူးကြီးက တံခါးဝမှာရပ်ပြီး . . .

“တကောင်း . . . အခုချိန်ကစပြီး မင်းဟာ လွတ်လပ်သူတစ်ယောက် ဖြစ်သွားပြီ။ ငါတို့ အချုပ်ထောင်ကြီးက မင်းကို လက်မခံနိုင်



တော့ဘူး . . . ။ ကိုယ့်အိမ်၊ ကိုယ့်ယာကို ကောင်းကောင်းမွန်မွန်ပြန်ဆေတော့”

စကားဆုံးတော့ ဝမ်းသာအားရပုံစံနဲ့ အချုပ်ခန်းအပြင်ကို မထွက်မိပါဘူး။ တစ်လှမ်းချင်းလျှောက်ပြီး ဦးဝေဠုရှိရာ သံတိုင်ဘက်ဆီတိုးသွားလိုက်တယ်။ ပြီးတော့ လေးနက်သော အသံအမူအရာဖြင့် . . .

“ဦးဝေဠု . . .”

“ဟေး . . .”

“ကျွန်တော်မရှိတဲ့အချိန် ဒီမြက်ပင်လေးတွေကို ရေမှန်မှန်လောင်းပေးပါဗျာ”

ဦးဝေဠု ကြောင်တောင်တောင်ဖြစ်သွားပါတယ်။ ပြီး သောက်ရေအိုးဘေးက မြက်ပင်လေးတွေကို မျက်လုံးပြူးနဲ့ ငုံ့ကြည့်တယ်။ မြက်ပင်လေးတွေက မနက်မိုးလင်းတိုင်း အချိန်မှန် ရေလောင်းပေးထားမှုကြောင့် စိမ်းလန်းစိုပြေလျက်ပါ။

“အေး . . . အေးပါကွာ”

ယောင်နနအမူအရာနဲ့ ပြန်ပြောသံဆုံးတော့ တကောင်းအချုပ်ခန်းတွင်းမှ ခေါင်းငုံ့ထွက်လိုက်ပါတယ်။

သူနေထိုင်ခဲ့ရာ အချုပ်ခန်းကိုရော၊ ဦးဝေဠုအပါအဝင် အချုပ်သားအားလုံးကိုရော ကျောခိုင်းလိုက်တယ်။

တံခါးမကြီးမှ ထွက်ကာ အချုပ်ထောင်ကြီးကိုပါ ကျောခိုင်းပြီးသွားချိန်မှာတော့ . . .

“မင်္ဂလာပါ မနက်ခင်းရယ်”

ပြီးတော့ နောက်တစ်ခွန်း ထပ်ပြောမိတယ်။

“ဥယျာဉ်လေးရေ . . .”

“လွမ်းတယ်”

• • •



www.burmeseclassic.com

www.burmeseclassic.com

အပြင်ကိုရောက်ရောက်ချင်း လုပ်စရာရှိတာတွေကို စိတ်ထဲမှာ အစီအစဉ် ဆွဲလိုက်တယ်။ ပထမဆုံး လုပ်ရမှာကား။ သူ့ကို ဝမ်းပန်းတနည်း စောင့်မျှော်နေရှာမည့် အမေ့ဆီကို သွားဖို့ပါ။ သူ အန္တရာယ်ကင်း၊ ဘေးရှင်းစွာနဲ့ ပြန်ရောက်လာပြီဖြစ်ကြောင်း အမေသိအောင် အိမ်ကို အရင်ဆုံးသွားရောက်ရမယ်။ ပြီးလျှင် ရေချိုး၊ ခေါင်းလျှော်၍ သူ့ရှေ့ဖြစ်ဟောရာ ဘုရားစောင်းတန်းလေးဆီ သွားရမယ်။

စောင်းတန်းလေးရဲ့အပေါ်ဘက် စေတီတော်ဆီသို့ သွားရောက်ဦးတိုက်ရပါမယ်။ နိမ့်ပါးခဲ့သောဘုန်းကံတွေကို ပြန်လည်မြှင့်တင်ရန်နှင့် လိုရာဆုကို တောင်းရန်အတွက်ပေါ့။ ပြီးလျှင်တော့ သူတယုတယ တည်ဆောက်ခဲ့တဲ့ ဥယျာဉ်လေးဆီကို မဖြစ်မနေ သွားရမယ်။

ဥယျာဉ်လေးကို လွမ်းနေပြီ။ ဥယျာဉ်လေးကလည်း သူ့ကို လွမ်းဆွတ်နေမှာပါ။ သူပြန်လာတာမြင်လျှင် ပျော်လိမ့်မယ်။ ပြီးတော့ ကုန်လွန်ခဲ့သော နေ့ရက်တွေကို မေ့ပျောက်ပြီး နောင်အနာဂတ်မှာ ရောက်ရှိလာမဲ့ ပျော်ရွှင်ဖွယ်နေ့ရက်တွေကို သူနဲ့အတူ စောင့်မျှော်ကြလိမ့်မယ်။

အတူတူ ရှင်သန်ကြလိမ့်မယ်။

ထိုအတွေးတွေကို ရင်မှာပိုက်ပြီး အိမ်ကိုပြန်ရောက်တော့ . . .

သူ့ကိုမြင်မြင်ချင်း အမေက ဆီးယူပွေ့ဖက်ပါတယ်။ အမေ့ခမျာ ဝမ်းသာလွန်းလို့ စကားတောင် မပြောနိုင်ဘူး။ ဒါပေမဲ့ တခြားပျော့ညံ့သူတွေလို ဝမ်းသာလို့ ကျတဲ့မျက်ရည်တွေ ဘာတွေ အမေ့ပါးပြင်မှာ မတွေ့ရဘူး။

သူ အချုပ်ကျနေစဉ် အချိန်အတွင်း အမေ နေ့တိုင်းနီးပါး ဝမ်းနည်းပူဆွေးနေလိမ့်မယ်။ ဒါပေမဲ့ ငိုမှာတော့ မဟုတ်ပါဘူး။ အခုလည်း အမေ အတိုင်းမသိ ပျော်ရွှင်နေတယ်လေ။ အန္တရာယ်ကင်းရှင်းစွာ အိမ်ပြန်ရောက်လာတာမြင်ရလို့ စိတ်အေးကျေနပ်ဟန်တွေ အတိုင်းသားပေါ်လွင်နေပေမဲ့ အမေ ဣန္ဒြေမပျက်ဘူး။



ပြီးတော့ သူ့ကို စိန်းစိန်းစိုက်ကြည့်ပြီး စကားလည်း မပြောဘူး။ သူကသာ မရှိတဲ့အတောအတွင်း အမေ့နေရေး၊ စားရေး အဆင်ပြေခြင်း ရှိမရှိ တတွတ်တွတ်မေးမြန်းနေပေမဲ့ အမေကတော့ . . .

"သားငယ် . . . နည်းနည်းပိန်သွားတယ်"

ဒီလောက်ပါပဲ။ ပြီးတော့ နောက်တစ်ခွန်း ထပ်ပြောတယ်။

"သားငယ်မရှိတုန်း မင်းအစ်ကိုမင်းထင် အိမ်ပြန်ရောက်လာတယ်ကွယ့်။ အခုချိန်ထိတော့ သူ အန္တရာယ်ကင်းနေတုန်းပဲ"

"ဟုတ်လား . . . အမေ"

ဝမ်းသာအားရ ပြောမိတဲ့စကားပါ။

"သူပြန်တော့ သားငယ်လုပ်ပေးခဲ့တဲ့ အဆောင်ဇာမဏီရုပ်လေးကို ဆောင်ထားဖို့ ပေးလိုက်တယ်။ သူကတော့ ကိုယ်နဲ့မကွာဆောင်ထားမယ် ပြောတာပဲ"

ဘယ်လိုပဲဖြစ်ဖြစ်ပါ။ အစ်ကိုမင်းထင် အဆင်ပြေတယ်ကြားလို့ ဝမ်းသာပါတယ်။

ထို့နောက်မှာတော့ အမေ့ကို လုပ်စရာရှိတာလုပ်ပေးပြီး ရေဆိပ်ဘက် ဆင်းခဲ့တယ်။ ရေချိုးပြီးတော့ တစ်ချိန်က ရှေ့ဖြစ်ဟောရာ ဘုရားစောင်းတန်းလေးရှိရာသို့ ဦးတည်လိုက်ပါတော့တယ်။

အတော်ဝေးဝေးကတည်းက ရှင်းလင်းတိတ်ဆိတ်နေတဲ့ ဘုရားစောင်းတန်းလေးကို မြင်ရတယ်။ တစ်ချိန်က သူကျင်လည်ကျက်စားခဲ့ရာ နေရာဌာနလေးပေါ့။ စောင်းတန်းလေးရဲ့ အပေါ်ဘက်ဆီမှာ စေတီလေးတစ်ဆူ။ ထိုစေတီလေးဆီမှ လေသင့်တိုင်း ထွက်ပေါ်လာသော ဆည်းလည်းသံတွေက ပတ်ဝန်းကျင်ကို ပိုမိုငြိမ်းချမ်းပေးနေသယောင် . . .။

တကောင်း လှေကားထစ်တွေဆီ ခပ်သွက်သွက်လှမ်းတက်တော့ အပေါ်မှ ဆင်းလာသူတစ်ယောက်နဲ့ ဝင်တိုက်မိတယ်။ ပခုံးတစ်ဖက် အောင့်သွားရပေမဲ့ . . .

"တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

လှည့်ကြည့်မနေတော့ပါဘူး။ ကျပ်ကယ်လာ တောင်းပန်ပြီး စောင်းတန်းလေးပေါ် တက်လှမ်းလိုက်တယ်။

ယခုဆို စောင်းတန်းလေးက လူသူကင်းမဲ့လျက်ရှိနေပြီ။ သူတို့တွေရှိတုန်းကလို မစည်ကားတော့ဘူး။ အရင်လို စောင်းတန်းအောက်ခြေမှာ ဦးတိုက်စိုးကြီးကို မမြင်ရတော့ဘူး။ ဦးတိုက်စိုးကြီး အဆင်မှပြေရဲ့လား။ ဘယ်များရောက်နေပါလိမ့်။

သူ ရှေ့ဖြစ်ဟောရာ ဆိုင်ခန်းကျဥ်းကျဥ်းလေးရှေ့ကိုရောက်တော့ လူက အလိုလို ဝမ်းနည်းလာတယ်။ တံခါးပိတ်ထားသော ဆိုင်ခန်းလေးက အသက်မဲ့လျက်ရှိနေတယ်။ သူ ရှေ့မှာရောက်နေတာကို သိပုံမပေါ်ပါဘူး။

တကောင်း သက်ပြင်းကို ချမိတယ်။

"ပြီးမှပဲ ဖွင့်ကြည့်တော့မယ်လေ"

စိတ်မှာပြောမိတဲ့ စကားပါ။ ဘာပဲဖြစ်ဖြစ် အတွင်းမှာရှိနေတဲ့ စောင်းအိုလေးနဲ့ စာအုပ်တွေကို သူ လွမ်းပါတယ်။ သူ့ကို နှစ်ပေါင်းများစွာ ရှာဖွေကျွေးမွေးခဲ့တဲ့ ထမင်းရှင်တွေဖြစ်လေတော့ ပစ်ထားရန် မသင့်ပါဘူး။

ဆိုင်ခန်းကျဥ်းလေးကို နှစ်နှစ်ကာကာ တစ်ချက်ကြည့်ရင်း ဘုရားပေါ် တက်ခဲ့လိုက်တယ်။

ရင်ပြင်တော်ပေါ်ရောက်ချိန်မှာ သူ့စိတ်တွေ ရှင်းလင်းသွားလေရဲ့။

အကြောင်းကား . . .

စေတီတော်ရင်ပြင်လေးမှာ သူမတူအောင် ရှင်းလင်းတိတ်ဆိတ်လို့နေပါတယ်။



# VII

သူ့ကိုဝင်တိုက်သွားသည့် လူတစ်ယောက်အား ကြည့်ပြီး ရွှေတောင်ရွာစားကြီး အံ့သြနေမိသည်။ ဟုတ်ပါသည်၊ သူမှသူပါပဲ။

သူဆိုတာ ရှေ့ဖြစ်ဟောဆရာလေး။

တစ်ချိန်က ပျောက်ဆုံးခဲ့သော လည်ဆွဲရတနာနှင့် ပတ်သက်၍ အတိအကျဖော်ထုတ်ပေးခဲ့သည့် ဆရာလေး။ ရှင်းအောင်ပြောရပါက ခိုးသူ မည်သူမည်ဝါဖြစ်ကြောင်း ကြန်အင်လက္ခဏာ အပြည့်အစုံကိုပါ ဖော်ထုတ်ပေးနိုင်သည့် ပညာရှင်။

မနေ့က ဤနေရာသို့ သူလာရှာစဉ် မတွေ့ရပါ။ ယနေ့မနက်လာကြည့်တော့လည်း ပိတ်ထားသော ဆိုင်ခန်းတံခါးမှလွဲ၍ ဟောပြောသူပုဂ္ဂိုလ်ကို မတွေ့။ စိတ်ပျက်လက်ပျက် ပြန်ဆင်းလာတော့မှ တိုက်တိုက်ဆိုင်ဆိုင် . . .

တောင်းပန်စကားပြောပြီး လှေကားထစ်တွေဆီ လှမ်းတက်သွားသည်ကြောင့် သူ့ကို မှတ်မိပုံမပေါ်ပါ။ ဒါမှမဟုတ် သေချာစွာမမြင်တွေ့လိုက်တာလည်း ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

ဘာပဲပြောပြော ရှာနေသော သူကိုတွေ့ရပြီ။

ဘုရားပေါ် လိုက်တက်သွားရမလား။ ဒါမှမဟုတ် ရွှေနန်းရှင်ဆီပဲ အရင်ဆုံး သွားအကြောင်းရမလား။

ရွှေတောင်ရွာစားကြီး စောင်းတန်းအောက်ခြေမှာ ရပ်ရင်း ဝေခွဲမရ ဖြစ်နေမိ၏။

နောက်ဆုံးတော့ ဆုံးဖြတ်ချက်တစ်ခုကို အသေအချာ ချလိုက်သည်။ ပြီးတော့ ရွှေနန်းတော်ဆီသို့ ဦးတည်လိုက်ပါသည်။

ရွှေနားတော်ရောက်ရန်က အရင်ဆုံး အရေးကြီးလှသည်မဟုတ်ပါလား။

• • •

မကြာလိုက် . . .

ရွှေတောင်ရွာစားကြီး၏ လျှောက်တင်စကားကြောင့် နန်းတော်ကြီးတစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားပါသည်။

ထိုခဏမှာပဲ ရွှေတောင်ရွာစားကြီး၏ ပင့်ဆောင်မှုနောက်သို့ ရှင်ဘုရင်ကိုယ်တော်တိုင် လိုက်ပါကြွချီခဲ့ပါပြီ။

ဆရာကြီး ဝရဏအပါအဝင် အားလုံးမှာ ထိုပညာရှင်အား စိတ်ဝင်စားနေကြ၏။

"ခိုးယူရာပစ္စည်းကို မြင်ရုံဖြင့် တရားခံ၏ ကြွန်အင်လက္ခဏာ အပြည့်အစုံကို ဖော်ထုတ်နိုင်သည်"

ဟု ဆိုလာသည် မဟုတ်ပါလား။

မကြာလှသော အချိန်တစ်ခုအတွင်းမှာပင် . . .



# VIII

ရှိသေလေးမြတ်စွာ ရှိခိုးကန်တော့ပြီးတော့ တကောင်းမတ်တတ်ရပ်လိုက်တယ်။ ပြီးတော့ ဆည်းလည်းသံ တချွင်ချွင်ထွက်နေသော ထီးတော်အားကြည့်ကာ ပြန်လည်ဒူးထောက်ထိုင်ချလိုက်ပါတယ်။

ရင်တွင်းမှာ လူတစ်ဦးရဲ့ ရုပ်ပုံလွှာပေါ်လာတော့ အလိုလို ဝမ်းနည်းမိတယ်။ မချင့်မရဲဖြစ်မှုတွေ၊ လက်မခံနိုင်မှုတွေ၊ နှမြောတသဖြစ်မှုတွေနဲ့ ရင်ခွင်က တစ်လှည့်စီ ငိုကြွေးပြီး နောက်မှာတော့ လက်သီးကို ကျစ်ကျစ်ဆုပ်လိုက်မိလေရဲ့။

မလုပ်သင့်သောအလုပ်တစ်ခုကို လုပ်သူကတော့ ရဲရဲဝံ့ဝံ့ လုပ်လိုက်ပြီးလေပြီ။

ကျန်ရစ်ခဲ့သူတွေမှာတော့ . . .

အကောင်းဆုံး လုပ်ပေးနိုင်တာက ဘေးအန္တရာယ်ကင်းစေကြောင်း ဆုတောင်းပေးဖို့ပါ။ ယခုလည်း သူပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုအစုစုတို့ကို စုပေါင်းတိုင်တည်ပြီး အန္တရာယ်ကင်းရှင်းပါစေကြောင်း ဆုတောင်းပေးရမယ်။



www.burmeseclassic.com

www.burmeseclassic.com

လက်သီးကိုဆုပ်၊ အသက်ကို ရှူထုတ်ရင်းနဲ့ [illegible] လာတော့ . . . မတတ်နိုင်ပါဘူး။

သူ လုပ်ပေးနိုင်တာကတော့ ဒီလောက်ပါပဲ။

ဆုပ်ထားသော လက်သီးကို ဖြေ၍ ဒူးထောက်လျက်မှ လက်အုပ်ချီလိုက်တယ်။ ထို့နောက်မှာ အသံကို ငြိမ်အောင်ထိန်းလျက် . . .

"အကျွန်ုပ်ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုအားလုံးတို့အား စုပေါင်းတိုင်တည်ပါသည်။

သူသည် အပြစ်ကို သိသည်လည်း ရှိပါမည်။ မသိသည်လည်း ရှိပါမည်။

သိ၍လုပ်ပါက သူ့အပြစ်သာ ဖြစ်ပါသည်။

မသိ၍ လုပ်သည်ဆိုလျှင်တော့ . . .

စိန်ဖူးတော် ခိုးယူခြင်းအပြစ်သည် ကျွန်ုပ်ဘဝတစ်လျှောက်ပြုလုပ်ခဲ့သော ကုသိုလ်အားလုံးတို့နှင့် ညီမျှ၍ ခိုးယူသူတစ်ဦးတစ်ယောက်အပေါ်မှာ အန္တရာယ်ကင်းပါစေသား။

နောက်ပြီး တိကျသေချာစွာ ထပ်မံတောင်းဆိုလိုက်တယ်။

"ခိုးယူသူမှာ အန္တရာယ်ကင်း၍ ဘေးရှင်းပါစေ။ ကျွန်ုပ်ရဲ့စေတနာကို နားလည်၍ အမြင်မှန် အမြန်ဆုံးရပါစေ"

ထိုအခိုက် ဩဇာအာဏာပြည့်ဝလွန်းသော အသံတစ်ရပ် . . .

"သူဘယ်သူလဲ . . . အမောင်ငယ်"

ကြက်သီးတို့ ဖြန်းခနဲပွင့်ကာ နောက်ဘက်လှည့်ကြည့်တော့ --

"ဟာ . . ."

နောက်လိုက်နောက်ပါ အစုံအညီနှင့် သူတို့ဝေသာလပြည်ရဲ့အရှင်သခင်။



[illegible]သလို မေးလိုက်သော ပုဂ္ဂိုလ်မှာ ထီးဖြူနှစ်လက်အောက်တွင် ရပ်နေသည့် ရှင်ဘုရင်ကိုယ်တော်တိုင်ပါပဲ။

အသက်မဲ့သွားသော သူ့ကို နောက်တစ်ခွန်းဖြင့် လှုပ်နှိုးလိုက်တယ်။

"တရားခံဘယ်သူလဲ . . . ပြောလေ"

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com

# IX

"ရှားမှရှားတဲ့ ကောင်ပဲကွ။ မနက်က အချုပ်လွတ်ပြီး ညနေ အချုပ်ပြန်ကျတာ မင်းတစ်ယောက်ပဲ ငါမြင်ဖူးသေးတယ်"

အစောင့်က ရယ်ချင်သလိုပြောပြီး တံခါးကို ဆွဲဖွင့်တယ်။

"ကျလိ . . . ဂျလိ . . ."

တံခါးပွင့်သွားပြီးနောက်မှာ . . .

"ကဲ . . . ပြန်ဝင်ပေတော့"

တွန်းလွှတ်လိုက်မှုကြောင့် တကောင်း ယိုင်ထိုးထိုးဖြင့် အခန်းတွင်းရောက်သွားတော့ . . .

"မှန်လိုက်တဲ့ ဗေဒင်ကွာ"

တစ်ဖက်ခန်းမှ ထွက်လာတဲ့ ဦးဝေဠုစကားကြောင့် လှည့်ကြည့်မိစဉ် . . .

"နံရံမှာ ရေးထားတဲ့စာနဲ့ မင်းကတော့ ကွက်တိပဲ"

ဒီတော့မှ အနောက်ဘက်နံရံကို ကြည့်လိုက်မိပါတယ်။ သူကိုယ်တိုင်ရေးထားခဲ့သော စာတစ်ကြောင်းပါ။ ထူးထူးဆန်းဆန်းတော့ မဟုတ်ပါဘူး။



"ငါ နောက်တစ်ခေါက် ပြန်လာရဦးမယ်"

ဆိုတဲ့စာ။

အခုတော့ တကယ်ပဲ ပြန်ရောက်ခဲ့ပါပြီ။ ပြန်ရောက်တာမှ ပူပူနွေးနွေးကို ပြန်ရောက်လာတာပါ။ တကောင်း စကားမပြောနိုင်ပါဘူး။ သက်ပြင်းကို အကြိမ်ကြိမ်ချပြီး ခေါင်းကိုသာ ယမ်းပြီးရင်း ယမ်းနေမိတယ်။

စိတ်ညစ်လိုက်တာ။ ဘာတွေ ဘယ်လိုဖြစ်ကုန်တာလဲ။

ဘုရားမှာ ဒူးထောက်ဆုတောင်းစဉ် နောက်ဘက်မှာ လူတွေရောက်လာတာကို သူ သတိမထားလိုက်မိဘူး။

သိခဲ့လျှင် ဘေးအန္တရာယ်ကင်းပါစေကြောင်း အသံထွက်ပြီး ဆုတောင်းပါဘူး။ အခုတော့ အားလုံး လွတ်ကုန်ပြီ။ ပတ်ဝန်းကျင်ကို မလေ့လာမိတဲ့အကျိုးကြောင့် ဒုက္ခကောင်းကောင်း ရောက်ရပြီ။

"ဟူး . . ."

စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းကို မှုတ်ထုတ်လိုက်တယ်။

"မင်းကလည်း မင်းပဲ။ မနက်ကပဲ အချုပ်ကလွတ်တယ်။ ညနေ ပြန်ရောက်လာတယ်ဆိုတော့ မစောလွန်းဘူးလားကွ . . . ဟေ"

စောတာပေါ့။ အစောကြီးကို စောနေတာပေါ့ဗျာ။ နောက်တစ်ခေါက် ပြန်ရောက်လာဦးမယ်မှန်း ကိုယ့်ကိုယ်ကိုယ်သိပေမဲ့ ဒီလောက်ထိမြန်လိမ့်မယ်လို့ တကယ်ကို ထင်မထားခဲ့ပါဘူး။ အခုတော့ . . .

တကောင်း ဘာမှပြန်မပြောနိုင်ဘူး။ ဦးဝေဠုကတော့ သူ့ကိုလူထူးဆန်းတစ်ယောက်အလား သံတိုင်ဘေးက ရပ်ကြည့်နေတယ်။ ဦးဝေဠုကိုမြင်မှ မြက်ပင်လေးတွေကို သတိရကာ ကြည့်လိုက်စဉ် . . .

"ခုနတင်ပဲ ငါရေလောင်းထားပါတယ်ကွာ"

ဦးဝေဠု အမှန်ကိုပြောနေမှန်း သိလိုက်တယ်။ မြက်ပင်လေးတွေရဲ့ အောက်ခြေမြေသားမှာ ရေစာတ်တွေ တအိအိစိုလို့။ တကောင်း



www.burmeseclassic.com

www.burmeseclassic.com

ထိုင်ရာမှ ထပြီး ရေတစ်ခွက် ခပ်သောက်လိုက်ပါတယ်။ သူ့စိတ်တွေ ရှုပ်ထွေးနေတယ်။ ခေါင်းထဲမှာလည်း ပုံရိပ်တွေ တစ်ခုပြီးတစ်ခု။ နားထဲမှာလည်း အသံတွေကို စုံလို့။

တရားခံ ဘယ်သူလဲ ဝိုင်းဝန်းမေးမြန်းသံတွေ၊

စိန်ဖူးတော် လက်တွင်းထည့်ပြီး ဖော်ထုတ်ခိုင်းသံတွေ၊

ရွှေနန်းရှင်ရဲ့အမေး၊

ရွှေတောင်ရွာစားကြီးရဲ့အမေး၊

တပ်မှူးရာဇသေမိန်ရဲ့အမေး၊

ပြီးတော့ . . .

ဝိုင်းဝန်းစစ်မေးကြသော မေးခွန်းပေါင်းများစွာ၊

လှည့်ပတ်ခြိမ်းခြောက်သော စကားပေါင်းများစွာ၊

တစ်ခုပေးပြီး နှစ်ခုပြန်ယူမယ့် ပရိယာယ်ပေါင်းများစွာ၊

အမိန့်အာဏာပေါင်းများစွာ၊

အာဏာပါးကွပ်သားတို့ရဲ့ လက်ခမောင်းခတ်သံပေါင်းများစွာ

. . . စတာစတာတွေကို အလူးအလဲခံယူရင်း နောက်ဆုံးတော့ မူလအချုပ်ထောင်အတွင်း ပြန်ရောက်လာရပါပြီ။

ဘယ်လောက်ပဲ အမိန့်အာဏာတွေသုံးပြီး ခြိမ်းခြောက်မေးမြန်းပေမဲ့ သူ့ဘက်ကတော့ ရှင်းပါတယ်။ ဘယ်လောက်မေးမေး နှုတ်ဆိတ်လျက်ပါပဲ။ မင်းပြစ်မင်းဒဏ်တွေ ဘယ်လောက်ပဲ သင့်မယ်ပြောပေမဲ့ မတုန်လှုပ်ပါဘူး။

တစ်ခွန်းမျှ ပြန်မဖြေခဲ့ဘူး။

ယုတ်စွအဆုံး ပါးစပ်တောင် တစ်ချက်မဟခဲ့ဘူး။

ဒီလိုဆိုတော့ . . .

မြေမှာထိုင်နေလျက်မှ ခေါင်းကို သံတိုင်နှစ်ခုကြားသို့ မှီချလိုက်ပါတယ်။ သူ့ပုံစံကိုကြည့်ပြီး ဦးဝေဠုလည်း သဘောပေါက်စွာ တိတ်



ဆိတ်နေတယ်။ ရှုပ်ထွေးနေသော ရုပ်ပုံတွေ၊ ဗလောင်ဆူနေသော စကားသံတွေ၊ ပြီးတော့ ရင်တွင်းမှာ အရှိန်ပြင်းပြင်း ကိုယ့်ကိုယ်ကိုယ် ပြန်မေးနေတဲ့ စကားတစ်ခုလည်း ရှိသေးတယ်။

“ငါဘာလုပ်ရမလဲ”

သူ မသိပါဘူး။ ရှေ့ဆက် ဘာတွေဖြစ်လာဦးမယ်ဆိုတာကိုလည်း မတွေးရဲဘူး။ သေချာတာကတော့ သူ့မှာ လုံးဝ ထွက်ပေါက်ကင်းမဲ့နေပါပြီ။ ထိုအခြေအနေမှ လွတ်ချင်လျှင်တော့ လုပ်စရာတစ်ခုပဲရှိတယ်။

အဲဒါက . . .

သူအသေအချာသိနေသော တရားခံအား ဖော်ထုတ်လိုက်ဖို့။

နှုတ်ခမ်းကို ဖိကိုက်ပြီး ခေါင်းကို ယမ်းပစ်လိုက်တယ်။ မျက်လုံးတွင် ပေါ်လာသည်က ဝေဝေဝါးဝါး အနာဂတ်လေးတစ်ခုပါ။

ဘာကိုမျှ မစဉ်းစားချင်တော့။ သူ့စိတ်တွေ အရမ်းရှုပ်ထွေးနေပြီ။ နောက်ဆုံးတော့ စိတ်ကိုလျှော့ပြီး မြေပေါ် လှဲချလိုက်ပါတော့တယ်။ ဘယ်လောက်ကြာသွားတယ် မသိဘူး။

“ဘယ်လိုလဲကွ . . . အဆင်ပြေလောက်ပြီလား”

ဦးဝေဠုစကားကြားမှ မျက်လုံးကို ပြန်ဖွင့်တယ်။ မဆိုးပါ။ ခုနထက်တော့ အနည်းငယ် တည်ငြိမ်လာသလို ခံစားရတယ်။ ထို့ကြောင့် လှဲနေရာမှထပြီး သံတိုင်ကို ပြန်မှီထိုင်တယ်။ ဦးဝေဠုကိုယ်တိုင်လည်း သူ့အနီးနားမှာ ဝင်ထိုင်တော့။

“စိတ္တဗေဒနည်းအရ ခံစားစရာတစ်ခုကို တစ်ဦးတည်း ကြိတ်မှိတ်ခံစားတာထက်အပြင်ကို ဖွင့်ထုတ်လိုက်တာက စိတ်ကိုအနာတရဖြစ်မှု လျော့နည်းစေတယ်တဲ့။ မင်းကရော ဘယ်လိုလဲ”

ဘယ်လိုပဲဖြစ်ဖြစ် ထိုနည်းကလည်း မဆိုးပါဘူး၊။ စိတ်ကို ထွက်ပေါက်တစ်ခု ပေးလိုက်တာပေါ့။

တကောင်းလက်ခံသလို ခေါင်းညိတ်တော့ ဦးဝေဠုပြုံးတယ်။



www.burmeseclassic.com

www.burmeseclassic.com

မကြာပါဘူး . . . အဖြစ်အပျက်အားလုံးကို ထွက်ပေါက်တစ်ခုအနေနဲ့ ဦးဝေဠုအား အစအဆုံး ပြောပြလိုက်ပါတယ်။

အဆုံးသတ်ချိန်မှာတော့ . . .

"အဲလိုနိုးမှုမျိုး ရှိတယ်လား"

"ရှိလို့ပဲ ကျွန်တော် ဒီထဲပြန်ရောက်လာတာလေ"

ဦးဝေဠု ကြောင်အသွားတယ်။ မကြားဖူးသောစကားကို ကြားလိုက်ရသလို၊ ဒါမှမဟုတ် တကောင်းပြောပြသော အဖြစ်အပျက်များကိုပဲ မယုံကြည်နိုင်သလို၊

တစ်ယောက်တည်း တွေဝေစဉ်းစားသွားရာမှ . . .

"မင်းကရော တရားခံကိုသိနေရက်နဲ့ ဘာလို့မပြောတာလဲ။ သေမိန့်ချထားပြီးသားဆိုတော့ မပြောရင် ဒုက္ခရောက်မယ်နော်"

ပြုံးရုံသာ ပြုံးနေလိုက်တယ်။

"တရားခံကရော ဘယ်သူလဲ"

ဒီမေးခွန်းအတွက်ကတော့ သူ့မှာ အဖြေမရှိဘူး။

ж ж ж



# X

ညရောက်တော့ သူ့ကို လူအချို့ လာခေါ်သွားတယ်။ ခေါင်းစွပ်အုပ်ပြီး ခေါ်သွားတာမို့ ဘယ်သူတွေမှန်း မသိသလို၊ ဘယ်ကိုခေါ်သွားတယ်ဆိုတာကိုလည်း မမြင်ရဘူး။

ခေါင်းစွပ်ချွတ်တော့မှ . . .

အခန်းကျဉ်းလေးတစ်ခု။ မီးတုတ်တွေ အစီအရီစိုက်ထွန်းထားသော အခန်းကျဉ်းလေးပါ။ ခေါ်လာသူတွေက သူ့ခြေထောက်ကို သံကြိုးခတ်တယ်။ ပြီးတော့ သူ့ကို တစ်ယောက်တည်းထားခဲ့ပြီး ထွက်သွားကြပါတယ်။

မီးတုတ်ရောင်တွေ တလူလူယိမ်းထိုးနေသော အခန်းကျဉ်းလေးထဲမှာ သူတစ်ယောက်တည်း။

နောက်ဖက်ဆီမှ ခြေသံကြား၍ လှည့်ကြည့်တော့ . . .

ရွှေတောင်ရှာစားကြီး။ ထို့နောက်မှာ တပ်မှူးရာဇသမိန်။

နောက်ဆုံးမှာကား သူ လုံးဝ ထင်မှတ်မထားသော လူတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com

ဝေသာလပြည့်ရှင် မင်းတရားကြီးကိုယ်တိုင်ပါ။ သူတို့အကုန်လုံးက နန်းဝတ်နန်းစားတွေနဲ့ မဟုတ်ကြဘူး။ တာဝန်ကင်းပရာအချိန်ဆိုတော့ တော်သလို အဝတ်အစားတွေနဲ့ပါ။

အရင်ဆုံး တပ်မှူးရာဇသမိန်က မေးတယ်။

"ဒီမှာ . . . တကောင်း၊ စိန်ဖူးတော်ခိုးယူခံရတာနဲ့ ပတ်သက်ပြီး တရားခံကို မင်းသိနေတယ်လို့ ငါတို့ထင်တယ်။ အဲတော့ အမြန်ဆုံး ဖော်ထုတ်ပေးပါ။ မဟုတ်ရင် တရားခံနဲ့အတူ မင်းပါ အပြစ်ခံရလိမ့်မယ်"

'ဒီလောက်လေးပဲလား' ဟုပင် မေးလိုက်ချင်ပါတယ်။ သူ 'ဟက်' ခနဲရယ်တော့ . . .

"နေ့လယ်က ငါတို့စစ်မေးသမျှတွေ အားလုံးကို မင်းတစ်ခုမှ မဖြေဘူး။ အဲဒါကို မင်းတရားကြီး အမျက်တော်ရှနေတယ်။ အခုလည်း မင်းတရားကြီး ကိုယ်တိုင်ပါတယ်။ မင်းအသက်ကို မင်းနှမြောတယ်ဆိုရင်တော့ ငါတို့မေးတာကို အသာတကြည်ဖြေပေးပါ။ မဟုတ်ရင်တော့"

စကားရပ်လိုက်ပေမဲ့ သူနားလည်ပေးပါတယ်။ နဂါးမျက်စောင်းအကြောင်းသုံးပါးမရွေးသလို ရှင်ဘုရင်အမျက်တော်ဟာလည်း အကြောင်းသုံးပါး မရွေးပါဘူး။ ဒါကို နားလည်တယ်။ သို့ပေမဲ့လည်း . . .

"တရားခံကို ကျွန်တော်မသိဘူးလို့တော့ ပြောဖို့ မစဉ်းစားနဲ့ တကောင်း။ ဘုရားမှာဆုတောင်းနေတဲ့ မင်းရဲ့ နှုတ်ထွက်စကားအားလုံးကို ငါတို့ ကြားထားပြီးသား၊ လိမ်ဖို့မစဉ်းစားနဲ့"

သူ့ဘက်ကလည်း လိမ်ဖို့ စိတ်ကူးမရှိပါဘူး။ လိမ်စရာမလိုတော့လောက်အောင်လည်း ဆုတောင်းစကားတွေအားလုံးကို သူတို့ ကြားပြီးသွားပြီလေ။ မလိမ်ပါဘူး။ စိန်ဖူးတော်ခိုးသူ မည်သူဖြစ်ကြောင်း သူအသေချာကို သိတယ်။ ဒါပေမဲ့ လုံးဝလည်း မပြောဘူး။

သူပြောလိုက်ရင် တရားခံက အသတ်ခံရတော့မှာလေ။ စိန်ဖူးတော်ခိုးသူကို မင်းတရားကြီးက သေမိန့်ပေးပြီးသား။



သူ့ပုံစံကိုကြည့်ပြီး ရွှေတောင်ရွာစားကြီးက ခေါင်းယမ်းတယ်။

"ခေါင်းမမာချင်စမ်းပါနဲ့ . . . ဆရာလေးရယ်။ အမှန်တော့ ဆရာလေးချီးမြှောက်ခံရအောင် ကျုပ်က မင်းတရားကြီးကို တင်လျှောက်ပေးတာ။ စိန်ဖူးတော်လည်း ကျုပ်တို့လက်တွင်းကို ပြန်ရောက်နေပြီ။ တရားခံကိုသာ ဆရာလေးအစွမ်းနဲ့ ဖော်ထုတ်ပေးလိုက်။ ဆရာလေး ချီးမြှောက်ခံရဖို့ ကျုပ်တာဝန်ယူတယ်"

ခက်လိုက်တာ . . . ။ ချီးမြှောက်ခံရရုံတစ်ခုတည်းနဲ့ လူတစ်ယောက်အသက်ကို လဲလိုက်ရမှာလား။ ရွှေတောင်ရွာစားကြီးက သူ့နားကို တိုးကပ်လာကာ နှစ်ဦးတည်း ကြားရရုံလေသံဖြင့် . . .

"ဆရာလေး . . . အခုအရေးက တော်တော်ကြီးတယ်နော်။ ရွှေနန်းရှင်ဘုရားကိုယ်တော်တိုင် ကြွလာတာ။ ခေါင်းမမာပါနဲ့လို့ပဲ ကျုပ်တောင်းပန်ပါရစေ"

နောက်ပြီးတော့ သက်ပြင်းတစ်ခုနှင့်အတူ . . .

"တိုင်းပြည်အတွက် အရမ်းတော်တဲ့ ပညာရှင်တစ်ယောက်ကို ကျုပ် အဆုံးရှုံးမခံချင်ဘူး"

စကားက ပြီးနေပြီ။

သူ့ဘက်ကလည်း အဆိုးဆုံး အခြေအနေကိုတွေးပြီး ရင်ဆိုင်ရန် အသင့်ပြင်ပြီးသားပါ။ မကြောက်ပါဘူး။

ထို့ကြောင့် . . .

"ကျွန်တော့်ကို အခုလို စစ်မေးနေလို့ အချိန်ကုန်ပါတယ်လေ။ လုပ်စရာရှိတာသာ လုပ်ပါတော့"

ရွှေတောင်ရွာစားကြီး မျက်နှာပျက်သွားတယ်။ တပ်မှူးရာဇသမိန်ကတော့ မာကျောခက်ထန်ကာ သွားလေရဲ့။ မင်းတရားကြီးရဲ့ မျက်နှာတော်ကိုတော့ မော်မဖူးဝံ့ပါဘူး။

မကြာလှသော အချိန်တစ်ခုတွင်းမှာ မင်းတရားကြီး အခန်းတွင်းမှ ထွက်ခွာသွားတယ်။ မင်းတရားကြီး ထွက်သွားပြီးချိန်မှာတော့ အဆွေ



www.burmeseclassic.com

www.burmeseclassic.com

အသက်တစ်ခု ကျန်ခဲ့လေရဲ့။ ကောင်းသောအငွေ့အသက်တော့ မဟုတ်ပါဘူး။

ရွှေတောင်ရွာစားကြီးမှာ စိတ်မကောင်းခြင်းကြီးစွာဖြင့် . . .

"ကျုပ် နောက်ဆုံး တောင်းပန်ပါတယ် . . . ဆရာလေးရယ်။ တရားခံကို ဖော်ထုတ်ပေးလိုက်ပါနော်။ ကျုပ် တကယ်စိတ်မကောင်းဘူး"

ရွှေတောင်ရွာစားကြီးထွက်သွားတော့ ကျန်ရစ်ခဲ့သူက တပ်မှူးရာဇသမိန်ပါ။

"ကောင်းပြီ . . . တကောင်း၊ သင့်ကို ဒီတစ်ည အချိန်ပေးတယ်။ မိုးသောက်လို့မှ သင် စိတ်မပြောင်းရင်တော့ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပဲ"

မကြာပါချေ။ ပါးကွက်သားနှစ်ယောက် လက်ခမောင်းခတ်ပြီး အခန်းတွင်း ပြေးဝင်လာကြတယ်။

ထို့နောက်မှာတော့ . . .

အခန်းလေးတစ်ခုအတွင်းမှာ ထုထောင်းရိုက်ပုတ်သံတွေ တစ်ခဲနက် ထွက်ပေါ်လာလေရဲ့။



# XI

"နှစ်နှစ်ဆယ်မှာ ပေါ်လာသည်။ ယှဉ်နိုင်ဦးကွဲ့.
ယှဉ်ဦးကွဲ့။
လေးဖြာနိုင်၍ ဘယ်သူပိုင်၊ ပိုင်သူရှိဘူးကွဲ့.
ပိုင်ဆိုင်လိမ့်နိုး၊ မျှော်ကာကိုး မျှော်ကိုးသူပင်
ပျက်လိမ့်မည်။
နဝသိင်္ဂီ ရှင်တမီ၊ တပင်နန်းနှင့် ဗိုလ်ရှုခံ
စံဦးကွယ့်လေး . . ."

သူဆိုပြသော သီချင်းကို နားထောင်ပြီး ဦးဝေဠုက . . .

"မင်းကိုယ်တိုင်စပ်ထားတဲ့ သီချင်းလားကွ"

"မဟုတ်ပါဘူးဗျာ။ သမီးတော်မလာခင်ကတည်းက ကျွန်တော်တို့ပြည်မှာပေါ်နေတဲ့ ဘုန်းတော်ဘွဲ့သီချင်းပါ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

သူ ခေါင်းညိတ်ပြတော့ ဖူးယောင်နေတဲ့ သူ့မျက်နှာကိုကြည့်ပြီး ဦးဝေဠု စိတ်မကောင်းသလို ပြောပါတယ်။

"မင်းမလည်း ခက်တယ်ကွာ။ ဒီလောက် ဒုက္ခရောက်နေတဲ့ကြားထဲက မင်းသမီးကို ချစ်တဲ့စိတ်က မပျောက်သေးဘူးလား"

ဘယ်လိုလုပ် ပျောက်မှာလဲဗျာ။ ဒုက္ခရောက်ရုံတင်မဟုတ်ဘူး။ သေဆုံးသွားလည်း သူမကို ချစ်တဲ့စိတ်က မပျောက်မပျက် တည်ရှိနေမှာ ပါ။

"ပိုင်ဆိုင်လိမ့်နိုး မျှော်ကာကိုး မျှော်ကိုးသူပင် ပျက်လိမ့်မည်"

စာသားတစ်ကြောင်းကို တီးတိုးဆိုညည်းမိရင်း . . .

"အမှန်တော့ ဒီနိမိတ်က ကျွန်တော့်ကို ရည်ညွှန်းတဲ့ နိမိတ်ဗျ။ ဒါကို ကျွန်တော်ကြားကြားချင်း နန်းတွင်းရေး တစ်ခုခုများဖြစ်လေမလား စိတ်ပူမိသေးတယ်။ ဟား . . . ဟား . . ."

သဘောကျသလို ရယ်တော့ ဦးဝေဠုက မချိပြုံးပြုံးတယ်။

"အမှန်က မင်းသမီးနဲ့ မဆိုင်ပါဘူးကွာ။ အခုကိစ္စက မင်းခေါင်းမာတဲ့ ကိစ္စပဲ"

ဟုတ်တော့လည်း ဟုတ်ပါတယ်။ ထို့ကြောင့် တကောင်း ဆက်မပြောတော့ဘဲ ငြိမ်နေလိုက်တယ်။

"တော်တော်တော့ ထူးဆန်းသားကွ။ သူခိုးပေါင်းများစွာ ကြုံဖူးပေမဲ့ ဘုရားစိန်ဖူးတော်ခိုးတဲ့ သူခိုးတော့ တစ်ခါမှ မကြားဖူးဘူး"

စကားကို တစ်ဝက်တစ်ပျက်နဲ့ ရပ်ပြီး သူ့ကို စူးစမ်းသလိုကြည့်ကာ . . .

"ဘုရားစိန်ဖူးတော်ကိုမှ ဘာလို့ရွေးခိုးရတယ်လို့ မင်းထင်လဲ"

"ကျွန်တော် မသိဘူး"

တုံးတိတိ သူ့အဖြေကြောင့် . . .

"ငါ လူလတ်ပိုင်းအရွယ်လောက်တုန်းက ငါ့ဆီကို ထူးဆန်းတဲ့ ဇာတာတစ်ခု ရောက်လာဖူးတယ်"



ဦးဝေဠုက စကားကို ဆက်မပြောပါဘူး။ ပညာရှိပီသစွာ ကောင်းခန်းမှာ ရပ်ပစ်လိုက်တယ်။ ပြီးတော့ အခန်းတွင်းမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေပါတယ်။ သူကတော့ ထူးဆန်းတဲ့ ဇာတာတစ်ပုဒ်ဆိုသည့်ကြောင့် အနည်းငယ် စိတ်ဝင်စားသွားရတယ်။ ထိုစဉ်မှာ . . .

"စောရနက္ခတ်ဆိုတာကို မင်းကြားဖူးလား"

ဦးဝေဠုဘာကိုဆိုလိုတာလဲ အတွေးတစ်ခုဖြစ်သွားချိန် . . .

"ငါ့ဆီရောက်လာတဲ့ ဇာတာက စောရနက္ခတ်စွန်းနေတဲ့ ဇာတာပဲ။ ဇာတာက အပြစ်ပြောစရာမရှိအောင် အရမ်းကောင်းတယ်။ ဒီတစ်ခုပဲ ငြိသွားတာ"

တကောင်း သွေးခုန်နှုန်းတို့ မြန်နေပြီ။

"ငါ့အထင်တော့ အခု စိန်ဖူးတော်ခိုးသွားတဲ့ တရားခံဟာ တစ်ချိန်က ငါ့ဆီရောက်လာတဲ့ ဇာတာရှင်များ ဖြစ်နေမလားလို့"

"ဟင် . . ."

တကောင်း မျက်လုံးပြူးသွားတယ်။ ဦးဝေဠု သိနေပြီလား။ အရိပ်အကဲဖမ်းသလို အလျင်စလို လှမ်းကြည့်တော့ . . .

"တော်တော်ကြာနေပါပြီကွာ။ ငါ့ဆီ ဘယ်လိုရောက်လာတာလဲတောင် မမှတ်မိတော့ပါဘူး။ ထူးခြားတဲ့ဇာတာမလို့သာ အမှတ်တရရှိနေတာ"

စိတ်အနည်းငယ် အေးသွားမိတယ်။ ဦးဝေဠုပုံစံကြည့်ရတာ လိမ်ပြောနေပုံ မပေါက်ပါဘူး။ တစ်ချိန်က ဖြစ်ပျက်ခဲ့တာကို မှတ်မိသလောက် ပြန်ပြောနေပုံမျိုး။

"တစ်ခုတော့ မရှင်းဘူးဖြစ်နေတယ်။ တရားခံက ငါ့ဆီရောက်လာတဲ့ စောရနက္ခတ်ဇာတာရှင်ပဲ ထားပါတော့။ ဒီလောက် ခိုးသူစရာတွေများပါလျက် စိန်ဖူးတော်ကိုမှ ဘာလို့ခိုးရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီမေးခွန်းကို ကျွန်တော် အရင်က စဉ်းစားဖူးတယ်"

"ဟုတ်လား . . . ဘယ်လိုလဲ"

ဖြည်းဖြည်းအေးအေးပဲ တစ်လုံးချင်း ပြောပြလိုက်တယ်။

"တရားခံဟာ အရင်ဘဝက ဘုရားစေတီတွေနဲ့ ပတ်သက်ပြီး ဒဏ်တစ်ခုခု သင့်ဖူးလို့နေမှာပေါ့"

ᄌ ᄌ ᄌ



"ဘယ်လိုလဲ တကောင်း။ မင်း ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလား"

မနက်လင်းလင်းချင်း ရောက်လာတဲ့ ရာဇသမိန်ရဲ့အမေး။ အေးဆေးပါတယ်။ ခုတင်ပေါ်ကနေပဲ အော်ပြောလိုက်တယ်။

"ခင်ဗျားတို့အစား မောလိုက်တာဗျာ"

မျက်ထောင့်နီနဲ့ သူ့ကို လှမ်းကြည့်တော့ . . .

"ကျွန်တော် ဘယ်နခါပြောရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီလေ . . . မင်းလမ်း မင်းရွေးတာပဲ"

ပြီးတော့ နံဘေးမှာပါလာတဲ့ ရဲမက်ကို ခပ်မာမာ အမိန့်ပေးတယ်။

"နေမွန်းတည့်တာနဲ့ တံပိုးချီခေါ်သွားတော့"



## XII

နေမှာ ပြင်းပြင်းပူနေတယ်။

ထိုနေပူပူအောက်မှာ လူတချို့ တောင်ကုန်းတစ်ခုဆီသို့ ဦးတည်သွားနေပါတယ်။ သူတို့ပုံစံတွေက တက်ကြွဟန်မရှိသလို စိတ်ညစ်ဟန်လည်း မတွေ့ရ။ တာဝန်တစ်ခုကို ထမ်းဆောင်နေရသလိုမျိုး ပုံသဏ္ဍာန်တွေကိုသာ တွေ့ရတယ်။

လူအချို့ဆိုပေမဲ့လည်း အများကြီးမဟုတ်ပါဘူး။ စုစုပေါင်းမှ လေးယောက်တည်းပါ။

ရှေ့မှ ဦးဆောင်သွားနေသူက ဆောင်ဓားတစ်လက်ကို လွယ်ထားတယ်။ ပုံစံကြည့်ရတာ ခေါင်းဆောင်ဖြစ်ဟန်တူလေရဲ့။ နှစ်ယောက်က လှံရှည်ကို ကိုယ်စီထမ်းရင်း နောက်ဆုံးက ပါလာတယ်။ အလယ်က တစ်ယောက်ကတော့ အထူးခြားဆုံးပါပဲ။

ခြေထောက်ကို သံကြိုးခတ်ပြီး ပခုံးပေါ် တံပိုးတင်၊ လက်နှစ်ဖက်ကို ချိုင်င်လို့။ မြင်ရုံနဲ့ တရားခံတစ်ဦးကို ရဲမက်တွေ ခေါ်ဆောင်သွားနေခြင်းဖြစ်ကြောင်း သိသာလှတယ်။



www.burmeseclassic.com

www.burmeseclassic.com

ထိုတရားခံကတော့ တခြားသူမဟုတ်ပါဘူး။

တစ်ချိန်က ရှေ့ဖြစ်ဟောဆရာ။ နောက်ပြီးတော့ ဥယျာဉ်သည်။

ယခုတော့ တရားခံဖြစ်ရရှာသူ တကောင်းကိုယ်တိုင်ပါပဲ။

အချုပ်ဆောင်ကြီးက သူ့ကို ခေါ်ထုတ်လာတော့ ကျန်ခဲ့တဲ့ အချုပ်သားတွေအကုန်လုံး သူ့အဖြစ်ကိုကြည့်ပြီး လက်ခုပ်ဝိုင်းတီးကြတယ်။ လမ်းတစ်လျှောက် မြင်တွေ့သူအပေါင်းမှာလည်း သူ့ကို သနားစရာ သတ္တဝါတစ်ကောင်လို ကြည့်သူကကြည့်၊ ယုတ်ညံ့သူတစ်ယောက်လို ကြည့်သူကကြည့်။

စုတ်သပ်သူသပ်၍ တောက်ခေါက်သူ ခေါက်ကြပါတယ်။

သူကတော့ အားလုံးကို မေ့၊ ဖြစ်လေရာဘဝမှာ ပျော်ရွှင်သူတစ်ယောက်အနေနဲ့သာ နှလုံးသွင်းပြီး လိုက်ပါလာခဲ့လိုက်တယ်။

ခြေထောက်အစုံကို သံကြိုးနဲ့ခတ်ထားလို့ ခရီးက သိပ်မတွင်ဘူး။ လက်နှစ်ဖက်မှာလည်း အဆန့်အတိုင်း တံပိုးတင်ချည်နှောင်ထားလို့ နာကျင်လှနေပြီ။ ဒါပေမဲ့လည်း ခရီးက မဆုံးသေးဘူးလေ။

ခရီးမဆုံးသေးသ၍တော့ ဘဝကို စိန်ခေါ်၊ လောကကို အံကြိတ်ပြီးတော့ပဲ အကောင်းဆုံး လျှောက်ရမှာပါ။ ဝမ်းနည်းစရာမဟုတ်ပါဘူး။ လူတိုင်း မွေးဖွားလာကတည်းက မဆုတ်မနစ်လျှောက်လှမ်းနေတာ ဒီခရီးကို ရောက်ဖို့ပဲ မဟုတ်ပေဘူးလား။

"တောင်စွယ်နေကွယ်ရင် သတ်စေ"

ထိုအမိန့်စကားက သူ့နားထဲမှာ တရစ်ဝဲဝဲ ကြားယောင်နေတယ်။ ယခု သူတို့သွားနေတာကလည်း ထိုစကားရှိရာဆီသို့ပဲ မဟုတ်ပါလား။

သေမင်းနိုင်ငံတော်ဆီ သွားမှာမို့ ရင်ထဲမှာ သေမင်းသီချင်းတော်တွေ ဆိုညည်းရင်း ပါလာပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ ဝမ်းမနည်းပါဘူး။ တရားခံကို ဖော်ထုတ်ပေးလို့ ချက်ချင်းဖမ်းပြီး သတ်ပစ်မှာထက်



စာရင် ယခုလို အေးအေးဆေးဆေး သူသေပေးလိုက်တာက အားလုံးအတွက် ပိုသက်သာမယ်ထင်တယ်လေ။

ဘာပဲဖြစ်ဖြစ်လေ။

ဖမ်းမမိသေးသ၍တော့ တကယ့်တရားခံက ရှင်သန်နေဦးမှာပါ။ ပျော်ရွှင်ကြည်လင်စွာနဲ့ပဲ ဘဝကို ဆက်လက်ဖြတ်သန်းခွင့် ရနေလိမ့်မယ်။

တစ်သက်လုံး ဖမ်းမမိပါစေနဲ့လို့လည်း ရင်ထဲမှာ အကြိမ်ကြိမ်ဆုတောင်းနေပါတယ်။ သူကတော့ . . .

ခေါင်းကိုငုံ့ပြီး အိတ်ကပ်ထဲက အရာလေးတွေကို နမ်းရှိုက်လိုက်တယ်။ ရင်မှာအေးပြီး ခွန်အားတွေပြည့်ဖြိုးလာသလို၊ လက်ရှိအခြေအနေတွေအားလုံးတောင် မေ့သွားသလားပဲ။

အိတ်ထဲမှာ ရှိနေတာက မြက်ပင်လေးတွေပါ။

သူ တခုတ်တရ စိုက်ပျိုးရေလောင်းခဲ့တဲ့ သစ္စာတော်လေးတွေပေါ့။ အချုပ်ခန်းထဲက မထွက်ခင် ခူးဆွတ်လာခဲ့တာပါ။

မြက်ပင်လေးတွေက အိတ်ကပ်ထဲကနေ ခေါ်ဆောင်ရာနောက်ကို တငွေ့ငွေ့ ပါလာတယ်။ မနက်တိုင်း မေတ္တာပို့ရေလောင်းပေးထားတာမို့ တစ်ခါနမ်းလိုက်တိုင်း သူတို့ဆီက မေတ္တာဓာတ်တွေ ကိုယ့်ဆီကူးစက်လာသလို ခံစားရတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ထိုအရာလေးတွေကို တမလွန်ထိယူဆောင်သွားဖို့ စဉ်းစားထားပါတယ်။

ဒါမှ နောက်ဘဝမှာ ထိပ်ထားလေးနဲ့ ပြန်တွေ့ရင် သူတို့လေးတွေကို သက်သေထားပြီး ချစ်စကားဆိုရမယ်။

ဒါဟာ . . .

ယခုဘဝမှာ ဤမျှထိ ချစ်ခဲ့ပါကြောင်း သက်သေအထောက်အထားလေးတွေပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဒီဘဝမှာ ပိုင်ဆိုင်ခွင့်ရဖို့ မမျှော်လင့်ခဲ့ပေမဲ့ နောင်ဘဝ ဆက်တိုင်းဆက်တိုင်းတော့ ပိုင်ဆိုင်ခွင့်ရချင်ပါတယ်။ သတို့သမီးလေးရယ် ...

ချွေးဒီးဒီးကျနေပေမဲ့ ရင်ထဲမှာ ပျော်ရွှင်နေတယ်။ မြက်လေးတွေရဲ့ အစွမ်းနဲ့ ခရောင်းလမ်းက တိမ်ခင်းလမ်း ဖြစ်ကာနေပါတယ်။ သူလျှောက်ခဲ့တဲ့ခြေရာတွေက တိမ်ပေါ်မှာ ထင်ကျန်ခဲ့သလို . . .

ဟိုးခပ်ဝေးဝေးဆီမှာ တောင်ကုန်းတစ်ခုကို လှမ်းတွေ့ရတယ်။ အများအခေါ် လူသတ်ကုန်းပေါ့။

သူ့အတွက်ကတော့ တစ်ဘဝဆုံးလို့ နောက်ဘဝစရာ 'တာထွက်ကုန်း'လို့ပဲ သတ်မှတ်ထားပါတယ်။

ရောက်ရှိသွားချိန်မှာ . . .



# XIII

နေလုံးက တစ်စထက်တစ်စ အနောက်ဘက်ကို ဝင်ရောက်နေပြီ။ ဒါပေမဲ့ အချိန်မကျသေးဘူး။

သူရှေ့တည့်တည့်မှာကား တရားခံတို့ချည်နှောင်ရာ တိုင်ကြီးတစ်တိုင်။ တစ်ဖြောင့်တည်းမဟုတ်ဘဲ အပေါ်ဘက်ဆီမှာ ကန့်လန့်ဖြတ်တန်းတစ်တန်းကို ချည်နှောင်ထားသေးတယ်။

လူကို တိုင်မှာကပ်၊ လက်နှစ်ဖက်ကို ကန့်လန့်ဖြတ်တန်းမှာ ကြိုးတုတ်ပြီး လည်ကိုလှီးမယ့် နေရာပေါ့။ ခပ်လှမ်းလှမ်းမှာကား ခါးတောင်မြှောင်အောင်ကျိုက်ထားတဲ့ လူ့ဘီလူးကြီးတစ်ကောင်။

ဓားကြီးတစ်လက်ကိုထမ်းပြီး အမိန့်ပေးသံကို စောင့်နေတယ်။ ထိုစဉ်မှာပဲ သူ့ကို ခေါ်ဆောင်လာသူ တပ်မှူးရာဇသမိန်က . . .

"ကဲ . . . တောင်စွယ်မှာ နေကွယ်ခါနီးတော့မယ် . . . တကောင်း"

နာမည်ကို ခေါ်လိုက်တာမို့ မော့ကြည့်စဉ် . . .

"နောက်ဆုံးအနေနဲ့ သင် ဘာပြောချင်သေးလဲ"

ပြောစရာ ထွေထွေထူးထူးတော့ မရှိပါဘူး။ ဒါပေမဲ့ . . .

"စာတစ်စောင်ရေးပြီး လူတစ်ယောက်ကို ပေးချင်တယ်။ သင် ပေးပေးနိုင်မလား တပ်မှူး"



www.burmeseclassic.com

www.burmeseclassic.com

အနည်းငယ် စဉ်းစားသလို ငြိမ်သွားတယ်။ ပြီးမှ ခေါင်းကို ညိတ်ပြီး . . .

"ပေးရမှာပေါ့။ ဒါဟာ သေခါနီးအပြစ်သားတိုင်း ရသင့်တဲ့ အခွင့်အရေးပဲ"

တကောင်း စို့စို့နင့်နင့် ပြုံးမိလိုက်ကာ . . .

"ကောင်းပြီ . . . တပ်မှူး၊ ကျွန်တော့်ကို စုတ်ဆေးနှင့်စာရွက် သာ ပေးပေတော့"

သေခါနီးဆဲဆဲ လူတစ်ယောက်ရဲ့ တောင်းဆိုမှုကြောင့်လားမသိ ဘူး။ မကြာခင်ပဲ သူ့ရှေ့ကို စာရွက်နဲ့စုတ်တစ်ချောင်း ရောက်လာတော့

လုံ့ရှည်ကိုင်ရဲမက်က လက်မှာချည်ထားသော ကြိုးတွေကို ဖြည် ပေးပါတယ်။ ထို့နောက်မှာ အကုန်လုံးခပ်ဝေးဝေးက သူ့ကို စောင့်ကြည့် နေကြတယ်။

ထွက်မပြေးပါဘူး။ ရင်ထဲက ပြောချင်တဲ့စကားတွေ မပြောလိုက် ရဘဲ သေသွားမှာစိုးလို့ တောင်းဆိုတာပါ။

ကိုယ့်နှလုံးကိုယ်ဖောက်၊ ကိုယ့်သွေးနဲ့ ကိုယ်ရေးတဲ့စာ ဆုံးသွား ချိန်မှာ အိတ်ကပ်ထဲက မြက်လေးတစ်ပင်ကို ထုတ်တယ်။

ရေးထားသော စာကြားမှာညှပ်ပြီး တရိုတသေခေါက်လိုက်ပါ တယ်။ အားလုံး ပြီးသွားတော့ . . .

"ဘယ်သူ့ကိုပေးရမှာလဲ . . . တကောင်း"

"နဝသီဂီမင်းသမီးလေးရဲ့ လက်တော်တွင်းရောက်အောင် ထည့် ပေးပါ"

"ဟင် . . ."

အံ့ဩသလို ကြည့်ပေမဲ့ သူ့စကားနဲ့သူမို့ ငြင်းမရဘူး။

"ဘယ်တော့လဲ . . . "

"အခု . . . "



# XIV

"စာတစ်စောင် ပါးလိုက်ပါတယ် . . . သမီးတော်"

"ဘယ်သူ့ဆီကလဲ"

"တကောင်းခေါ်တွင်သူ ဥယျာဉ်သည်ဆီကပါ . . . ထိပ်ထား လေး"

ဆက်သလာသော စာတစ်စောင်အားကြည့်ရင်း သူမ အံ့ဩ သွားပါသည်။ အထိန်းတော်ကြီးက သဘောပေါက်စွာ . . .

"ထိန်းတော်ကြီး ဖတ်ပြရမလား . . . ထိပ်ထား"

"ရတယ် . . . နေပါစေ။ ထိပ်ထားဘာသာ ဖတ်မယ်"

ပြောပြောဆိုဆို ဆက်သလာသော စာတစ်စောင်အား ယူငင် လိုက်တော့ . . .

စာကို ဖွင့်ဖွင့်ချင်း လက်တွင်းကျလာသည်က မြက်လေးတစ် ပင်။

ထူးဆန်းနေသည်မို့ မြက်လေးအား လက်မှာကိုင်ရင်း ရေးသား ထားသည်ကို ဖတ်ရှုလိုက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . ."

မြေငလျင်ကပ်လှုပ်လိုက်သလို သူမတစ်ကိုယ်လုံး တုန်ခါသွား၏။ စာဆုံးသွားချိန်မှာ . . .

"သူ . . . အခုဘယ်မှာလဲ"

"လူသတ်ကုန်းမှာပါ . . . ထိပ်ထားလေး"

ရဲမက်၏ လျှောက်တင်စကားဆုံးချိန် . . .

"ဟင် . . . ဘာလို့ လူသတ်ကုန်းရောက်နေရတာလဲ"

သူမနှလုံးတွေ တဒုန်းဒုန်း ခုန်သွားရပြီ။

"စိန်ဖူးတော်ခိုးယူသူ တရားခံအား ဖော်ထုတ်မပေးမှုကြောင့် မင်းတရားကြီးကိုယ်တော်တိုင် သေမိန့်ချလိုက်တာပါ"

"ဘာ . . ."

နန်းဆောင်ကြီးတစ်ခုလုံး တိတ်သွားရအောင် သူမအသံက ကျယ်လောင်ထစ်ချုန်းသွားခဲ့ပြီ။ အကုန်လုံးက သူမအား အထူးဆန်းသဖွယ် ဝိုင်းဝန်းကြည့်ရှုကုန်ကြ၏။

ထိုခဏမှာပဲ . . .

ထိုင်ရာမှ 'ဝုန်း' ခနဲထကာ နန်းဆောင်အပြင်ဘက်သို့ ပြေးထွက်လိုက်ပါတော့သည်။

"ဟာ . . . ထိပ်ထားလေး"

မည်သူမျှ တားချိန်မရလိုက်။

မြန်ဆန်သော နှလုံးခုန်သံတွေနှင့်အတူ သူမခြေလှမ်းတွေက လူသတ်ကုန်းဆီသို့ . . .



# XV

မျက်လုံးတွင်းမှာ ရောင်စဉ်ခုနစ်သွယ် ကွန့်မြူးနေတယ်။ ဖြူ၊ နီ၊ ဝါ၊ ပြာ၊ အရောင်တွေကို စုံလို့။ အရောင်တစ်ခုက သူ့ရှေ့ရောက်လာတယ်။ ပြီးတော့ ချက်ချင်း ပြန်ပျောက်သွားတယ်။

ဒီလိုနဲ့ တစ်ရောင်ပြီးတစ်ရောင် ပေါ်လာလိုက်၊ ပျောက်သွားလိုက်။ တစ်ခါတစ်ရံမှာ နှစ်ရောင်စပ်ပြီး ပေါ်လာလိုက်။ ခဏချင်းပင် ပြန်ပျောက်သွားလိုက်နဲ့ နောက်ဆုံးတော့ သူ့ရဲ့အမြင်အာရုံတွေ ဝေဝါးသွားပါတယ်။

ဝေဝါးနေပေမဲ့ သတိကို မလွှတ်သေးဘူး။ ဝေဝါးမှုကိုပဲ အားတင်းပြီး စောင့်ကြည့်နေလိုက်တယ်။ တအောင့်ကြာတော့ အမြင်အာရုံတွေ ခုနထက် အနည်းငယ် ကြည်လင်လာရဲ့။ ထိုအခါမှာ . . .

မွှေးလိုက်တာ . . .

ဘာရနံ့လေးပါလိမ့်။ သေချာခံစားကြည့်တော့ နံ့သာနံ့ဖြစ်ကြောင်း သိရတယ်။ မွှေးရနံ့ပင် ခံစားရတာမဟုတ်ပါဘူး။ ချိုလွင်ကြည်လင်တဲ့ ဂီတသံလေးတွေကိုလည်း ကြားနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com

နန်းဆောင်လေးတစ်ခုလုံးက နံ့သာနံ့တွေနဲ့ မွှေးပျံ့ထုံအီနေတာပါ။

နန်းဆောင်လေးရဲ့အလယ်မှာ သူက စောင်းအိုလေးကိုပိုက်ပြီး သာယာသော ဂီတအသံတွေကို မွေးထုတ်ပေးနေတယ်။ နံဘေးမှာက စည်းဝါးလိုက်ပြီး သီချင်းဆိုညည်းနေသူ ထိပ်ထားလေး။

သူတို့နှစ်ယောက်လုံးရဲ့ ပုံစံတွေက ကမ္ဘာဦးအစ ချစ်သူနှစ်ဦးလိုမျိုး ပြုံးပျော်ကြည်နူးလို့။ သူနဲ့ထိပ်ထားလေးက အရင်လို ဘုရင့်သမီးနဲ့ ဥယျာဉ်သည်အနေအထားမျိုး မဟုတ်တော့ဘူး။ ဝတ်စားနေထိုင်ပုံတွေ အားလုံးတူညီကာ လိုက်ဖက်လွန်းလှပါတယ်။

သူက စောင်းအိုလေးကိုတီးလို့၊ ထိပ်ထားက စည်းဝါးလိုက်ရင်း သီချင်းဆိုလို့၊ နှစ်ဦးလုံးက တစ်ယောက်ကိုတစ်ယောက် ကြည့်လို့မဝနိုင်၊ ချစ်လို့မဝနိုင် ဖြစ်လို့နေပါတယ်။

ကြည့်နေစဉ်ပဲ ထိုပုံရိပ်တွေ ဖျတ်ခနဲပျောက်သွားတယ်။ ဒီတစ်ခါပေါ်လာတာက . . .

ကြီးမားခံ့ထည်လွန်းတဲ့ ရာဇပလ္လင်ကြီးပေါ်မှာ သူက ခံ့ညားစွာ ထိုင်နေတယ်။ အောက်မှာက မှူးကြီးမတ်ရာအစုံအညီ သူ့ကို ခစားနေကြတယ်။ သူ့ကိုယ်ပေါ်မှာ ရှင်ဘုရင်တစ်ပါးရဲ့ အဆောင်အယောင်တွေနဲ့ သန်လျက်ကို ကိုင်လို့။

ထိပ်ထားကတော့ မိဖုရားခေါင်ကြီးအဖြစ် သူ့ဘေးမှာ ထိုင်လျက်ရှိနေတယ်။ သူနဲ့ မှူးကြီးမတ်ရာတွေ တိုင်းရေး၊ ပြည်ရေး ဆွေးနွေးကြတယ်။ ထိပ်ထားက တစ်လုံးမျှဝင်မပါဘဲ သူ့မျက်နှာတော်ကိုသာ တစိမ့်နိုးနိုး ကြည့်လို့နေပါတယ်။ ကြည်ညိုလေးစားမှုတွေနဲ့ အမှုတော်ထမ်းရွက်နေသလိုမျိုး။

ပျော်လိုက်တာ။ ပီတိဖြစ်လိုက်တာ မပြောပါနဲ့။

ထိုခဏမှာပဲ ပုံရိပ်တွေ ပျောက်သွားပြန်တယ်။



ဒီတစ်ခါ မြင်လိုက်ရတာက အခိုးအငွေ့တွေ လွှမ်းခြုံရစ်သိုင်းနေသော နေရာဌာနတစ်ခုပါ။ အဖြူရောင်အခိုးတွေထက် အောက်တစ်ခွင် တငွေ့ငွေ့ လွင့်ပါနေကြတယ်။ ဘယ်နေရာလဲ။

ကြည့်ရင်းနဲ့ ပုံရိပ်တွေ ဖျတ်ခနဲပေါ်လာတော့ . . .

သူက ဝတ်ကောင်းစားလှတွေနဲ့ မဟုတ်ပါဘူး။ ရှင်ဘုရင်တစ်ပါးလို အဆောင်အယောင်တွေနဲ့လည်း မဟုတ်ဘူး။ ပြီးမှ သဘောပေါက်မိတယ်။

နတ်ပြည်မှာ နတ်မင်းအဖြစ် ရောက်ရှိနေတာပါ။

သူ့ကို ပတ်လည်ဝိုင်းပြီး နတ်သမီးကကြိုးတွေနဲ့ ရံရွေတော်တွေ ကပြအသုံးတော်ခံနေကြတယ်။ သူ့ဘေးမှာတော့ ထုံးစံအတိုင်း ပါရမီဖြည့်ဖက် ထိပ်ထားလေးက မပျက်မယွင်း ရှိနေလို့ပေါ့။

ရှေ့ဆီမှာလည်း သူတို့နှစ်ဦးအတွက် စားကောင်းသောက်ဖွယ်တွေ မနည်းပါဘူး။ နတ်သမီးလေးတွေကလည်း ချီချီကြွကြွ အသုံးတော်ခံလို့၊ သူတို့နှစ်ဦးကို ပတ်ဝိုင်းပြေးလွှားကြလို့၊ ပြုံးလို့၊ ပျော်လို့။

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ကွယ်။ ဖြစ်လေရာဘဝမှာ ငါ့ဘေးမှာ မင်းရှိရင်ရှိ၊ မရှိရင်တော့ မင်းဘေးမှာ ငါရှိပါရစေ"



www.burmeseclassic.com

www.burmeseclassic.com

# XVI

သူမ ပြေးနေသည်။ နလုံးအစုံ ကြေကွဲမတတ် သည်းသည်းထန်ထန် ပြေးလွှားနေသည်။

မရပ်မနား ပြေးလွှားနေမှုကြောင့် လူက အသက်ရှူမဝချင်တော့။ ဒါပေမဲ့ ရပ်လို့မဖြစ်ဘူး။ တောင်စွယ်မှာ နေကွယ်တော့မယ်။ နေမကွယ်ခင် လူသတ်ကုန်းကို အချိန်မီရောက်အောင် သွားရမယ်။

"တကောင်းရယ် . . ."

မျက်လုံးအိမ်မှာ မျက်ရည်တို့ ခိုတွဲကျဆင်းနေပါပြီ။

ဒီလောက်တောင် ချစ်ရသတဲ့လား။ ထိပ်ထားကို ဒီလောက်တောင် ချစ်ရသလားကွယ်။ ရင်တွင်းမှာ တနင့်နင့်ငိုရှိုက်ရင်း ပြောမိတဲ့စကားတွေပါ။

မရပ်မနား ပြေးလွှားလာမှုကြောင့် သူမခြေဖဝါးတွေ ပေါက်ပြဲနာကျင်ကုန်ပြီ။ သွေးခြည်တွေစုကာ တချို့နေရာတွေ သွေးချင်းချင်းပင်နီလို့နေပါပြီ။ ဒါပေမဲ့ မရပ်သေးဘူး။



ပြေးနေတုန်းပဲ။

လူသတ်ကုန်းကို အချိန်မီရောက်အောင် ပြေးနေတုန်းပဲ။

သူမအာရုံမှာ ဘာမှမရှိတော့။ တုန်ရီမောဟိုက်နေတဲ့ခန္ဓာ။

တစ်လျှောက်လုံး ငိုကြွေးခဲ့ရတဲ့ မျက်ရည်ပူတွေ၊ အသည်းပြုတ်ထွက်မတတ် ခံစားနေရသော မောပန်းမှု။

ပြီးတော့ . . .

တရှိုက်မက်မက် နားလည်လက်ခံသွားသည့် နှလုံးသား။

ဒါတွေကို ဥပေက္ခာပြုရင်း သူမအာရုံမှာ တကောင်းဆိုတာကလွဲပြီး ဘာမှမရှိတော့ပါ။

ပြေးနေသည်။

ဆက်၍ . . . ဆက်၍ ပြေးနေသည်။

ဟိုရှေ့မှာ တောင်ကုန်းတစ်ခု။ တွေ့ရပြီ။ သေမိန့်ကျသူတွေကို အပြစ်ပေးရာ လူသတ်ကုန်းအား လှမ်းမြင်ရလေပြီ။

တစ်ကိုယ်လုံးမှ အားတွေကို ခြေထောက်သို့ပို့ရင်း . . .

သူမခြေလှမ်းတွေ တစ်စထက်တစ်စ . . .

တစ်လှမ်းထက်တစ်လှမ်း . . .

မြန်ကာမြန်ကာဖြင့် . . .

လူသတ်ကုန်းအောက်ခြေကို ရောက်စဉ်မှာပဲ သူမမျက်လုံးတွေပြာဝေလာ၏။ ဒါပေမဲ့ အသက်ကို အမောတကောရှူ၊ သတိကို မပြတ်ထိန်းရင်း မျက်လုံးကို ကြိုးစားဖွင့်တော့ . . .

ပထမ ဝေဝေဝါးဝါး . . .

ပြီးတော့ ပြာလွင်စပ်ဖျဉ်းလျက် . . .

ရင်ဘတ်တစ်ခုလုံး ကျောက်တုံးကြီးတစ်ထုံး ထမ်းထားရသလိုလေးလံလာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com

လဲကျမသွားအောင် အတတ်နိုင်ဆုံးထိန်းကာ ခန္ဓာကိုယ်ရဲ့ လက်ကျန်အားတွေနဲ့ တောင်ကုန်းထက်ရောက်သွားစဉ်မှာတော့ . . .

"ရပ်လိုက်"

ဒါပေမဲ့ . . .

ပါးကွပ်သားရဲ့ မြားသွားတွေ သွေးချင်းချင်း နီပြီးနေပြီ။



ဖားမ သေလို့ ဖားထီးအော်တာလား

မဟုတ်ပါဘူး . . .

ဖားထီးသေလို့ ဖားမ အော်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com

# XVII

မြက်ပင်လေးကိုကြည့်ပြီး သူမ ဝမ်းပန်းတနည်း ငိုနေမိပါသည်။ ယခုဆို မြက်ပင်လေးက အရင်လို မစိမ်းလန်းတော့။ အချိန်ကြာခဲ့ပြီဖြစ်သဖြင့် သွေ့ခြောက်လျက်ပင် ရှိနေပါပြီ။

ဒါပေမဲ့ . . .

မျက်ရည်ရဲ့ စိုစွတ်မှုတွေကိုတော့ သူ့ခမျာ ညတိုင်းနီးပါး ခံစားခဲ့ရသည်။ အခုလည်း မြက်ခြောက်ပင်လေးမှာ မျက်ရည်တို့နှင့် စိုစွတ်လျက်ရှိနေ၏။

"ဘော် . . . ဘော် . . . ဘော် . . ."

ညသန်းခေါင်ချိန် ရောက်ပြီဖြစ်ကြောင်း နန်းတော်မှ အချက်ပေးနေပြီ။

သူမ မြက်ပင်လေးကို တယုတယကိုင်ကာ ရွှေကြုတ်လေးထဲ ထည့်လိုက်၏။

ပြီးတော့ လည်မှာဆွဲလိုက်ပါသည်။

သူမ သွားရတော့မည်။



သွားဖို့ အချိန်တန်နေပြီ။

အထိန်းတော်ကြီးအပါအဝင် နန်းဆောင်ကြီးတစ်ခုလုံးက တိတ်ဆိတ်အိပ်မောကျလျက် . . .

လျှင်မြန်သောအဟုန်ဖြင့် အပြင်ကိုရောက်တော့ . . .

ညသည် နက်နက်မှောင်နေ၏။

ထူးခြားသည်ကား . . .

နဝသီဂီမင်းသမီးလေးကိုယ်တော်ပေါ်တွင် တစ်ခါမျှ မဆင်မြန်းဖူးသော အနက်ရောင်ဝတ်ရုံကို ဆင်မြန်းထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# XVIII

ညသည် နက်နက်မှောင်နေ၏။

ကြယ်ခိုးကြယ်ပွင့် တစ်ခုတလေပင်မရှိသော လမိုက်ညဖြစ်သည်။ ဤစေတီကြီးသည် ဝေသာလပြည်မှာ တန်ခိုးအကြီးဆုံး စေတီတော်ကြီးဖြစ်၏။

တစ်ချိန်က ဆရာဝရုဏခေါ်တွင်သူ လူတစ်ဦး ဤစေတီကြီး၏ ခြေရင်းတော်တွင် အစီရင်တစ်ခု ပြုလုပ်ခဲ့ဖူးလေသည်။

ညသန်းခေါင်မလို့လားမသိ၊ ဘုရားပရဝဏ်သည်လည်းကောင်း၊ ပတ်ဝန်းကျင်သည်လည်းကောင်း၊ ဆူပူသံမကြားရ။ ညပျော်သတ္တဝါတို့၏ ညည်းရှိုက်သံများလည်းမရှိ။ ယုတ်စွအဆုံး လေတိုးသံပင် မကြားရပါ။

ဒါပေမဲ့ ဤပရဝဏ်တွင်းကိုတော့ လူတစ်ယောက် ရောက်ရှိနေသည်။ အေးအေးသက်သာပင် ရင်ပြင်တော်ပေါ်၌ ဒူးထောက်ကာ ထိုင်နေ၏။ ပူပင်မှုတစ်စုံတစ်ရာ ကင်းလွတ်နေသလို။



သူကိုယ်တိုင်က လွှဲ၍ သူ့ကို မည်သူမည်ဝါဖြစ်မှန်း သိကြမည် မဟုတ်ပါ။ အကြောင်းက အနက်ရောင်ဝတ်ရုံကို ဦးခေါင်းမှ ခြေဖျားထိ ဆင်မြန်းထားသည်။ ပြီးတော့ မတုန်မလှုပ် ငြိမ်ဝပ်စွာ ထိုင်နေသည်။ ညမှောင်မှောင်နှင့်မို့ လူတစ်ယောက်ရှိနေသည်ဆိုတာပင် ရိပ်မိဖို့မလွယ်။

ထိုစဉ်မှာပဲ အနက်ရောင်ဝတ်ရုံကြားမှ လက်တစ်ဖက်အပြင် ထွက်လာသည်။ ဘယ်ဘက်လက်ဖြစ်၏။ လက်တွင်းမှာ အရာတစ်ခုကို ကိုင်ထားပြီး ထိုအရာက အရောင်တလက်လက် ထွက်နေသည်။

ပြီးတော့ ညာဘက်လက်။

ညာဘက်လက်တွင်းမှာတော့ သံတစ်ဆုပ် ရှိနေသည်။

ထိုအခိုက် လက်နှစ်ဖက်စလုံး အပေါ်ပင့်မြှောက်လာလေ၏။

ပြီးနောက် ထိုသူ၏နှုတ်မှ စိတ်ဝင်စားဖွယ်စကားသံအချို့ ထွက်လာလေသည်။

“မခိုးချင်ပဲ ခိုးရ၏။ ခိုးသောအပြစ်သည် ကျွန်ုပ်အပြစ်ဖြစ်လေသည်။ ခိုးယူသူသည် ကျွန်ုပ်မဟုတ်။ မခိုးရမနေနိုင်သော စိတ်ဖြစ်သည်။

ကျွန်ုပ်က စောရနက္ခတ်ရှင်ဖြစ်၏။ ထိုမကောင်းသော အမိုက်စိတ်ထား၏ နှိုးဆော်မှုကြောင့် ဤပစ္စည်းကို ခိုးယူရပါသည်”

ထိုလူ့စကားတို့က ဆို့နှင့်ဖွယ် တစ်စွန်းတစ်စနှင့် ရပ်တန့်သွား၏။ ဘုရားပရဝဏ်က ယခုတိုင် တိတ်ဆိတ်လျက်ရှိနေတုန်း။

“ဤနေရာ၊ ဤပတ်ဝန်းကျင်ကို စောင့်ကြပ်သော အစောင့်အကြပ်ပုဂ္ဂိုလ်၊ သာသနာစောင့်နတ်မင်းနှင့်တကွ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ၊ ကျွန်ုပ်အဖြစ်ကို သိရှိလတ္တံ့သော သူတော်ကောင်းအပေါင်းတို့ . . . အရှင်တို့အား တိုင်တည်၍ ကျွန်ုပ် သစ္စာဆိုပါသည်။ ယခုဘဝတွင် မခိုးရမနေနိုင်သော စောရနက္ခတ်ရှင်ဖြစ်၍ ကျွန်ုပ်ကို ခွင့်လွှတ်တော်မူကြပါ။ ယခုဘဝမှ လွန်မြောက်၍နောက်နောင်ဘဝများတွင်တော့ . .”

www.burmeseclassic.com

အံကြိတ်သံတစ်ခုကို ကြားရသည်။ ပြီးတော့ . . .

"ညာဘက်လက်တွင်းရှိ သဲတစ်ဆုပ်မှ သဲတစ်ပွင့်စီနှင့် ညီမျှသော ဖြစ်လေရာဘဝတိုင်းတွင် ဤအပြစ်ဒဏ်ခတ်မှုကို ကျေနပ်စွာ ခံယူပါ့မယ်ဘုရား"

သဘောတူသလို လေတစ်သုတ် ဆွတ်ဖြန်းလာ၏။

လက်တွင်းမှ သဲပွင့်လေးတွေ ရင်ပြင်တော်ပေါ်သို့ တစ်ပွင့်စီ ကြွေကျလာသည်။

ဣ ဣ ဣ



ထိပ်ထားသိစေဖို့ . . .

*ကျွန်တော် ထွက်သွားပါပြီ။ ကျွန်တော့်ကိုယ်စား ဥယျာဉ်လေး တစ်ခု ထားပေးခဲ့တယ်။ ထိပ်ထားလိုသလို အသုံးပြုလို့ရပါတယ်။*

*ကျွန်တော်ပေးခဲ့တဲ့ မြက်ပင်လေးနဲ့ ပတ်သက်လို့တော့ ကိုယ်နဲ့မကွာဆောင်ထားဖို့ တောင်းဆိုပါတယ်။ ထိုမြက်ပင်လေး အပေါ်မှာရှိနေသ၍ ထိပ်ထား အန္တရာယ်ကင်းနေလိမ့်မယ်။*

*ဘုရားစေတီဆိုတာ မဖျက်ဆီးကောင်းပါဘူး . . . ထိပ်ထား။ တတ်နိုင်သ၍ ရှောင်ကြဉ်ပါ။*

*နောက်ဆုံးအနေနဲ့ တစ်ခုပဲ သိစေချင်တယ်။ ထိပ်ထားကို တကက်ကုန်ရွက်ကုန် ချစ်ခဲ့သူတစ်ယောက် ဒီကမ္ဘာပေါ်မှာ ရှိခဲ့ဖူးတယ်ဆိုတာ ကိုပေါ့။*

*တစ်ချိန်က ဥယျာဉ်သည်*
*(သို့)*
*တကောင်း*



www.burmeseclassic.com

www.burmeseclassic.com

သူမ ထရပ်တော့ ငှက်ဆိုးထိုးသံတစ်ခုကို ကြားရသည်။ တကောင်းပေးခဲ့သော စာလေးတစ်စောင်ကို အမှတ်ရရင်း ကိုယ့်ကိုယ်ကိုယ် ယူကျုံးမရဖြစ်မိ၏။

မတတ်နိုင်တော့ . . .

လူ့ဘဝဆိုတာ ကိုယ့်ကံ၊ ကိုယ့်ခရီးနဲ့ပင် မဟုတ်ပါလား။

ထိုည၊ ထိုပတ်ဝန်းကျင်တွင် အနက်ရောင်ဝတ်ရုံတစ်စ မျောလွင့်သွားသည်ဆိုတာကိုတော့ . . .

မည်သူမျှ မမြင်လိုက် . . .။

BURMESE CLASSIC .com

* * *

သိုးဆောင်း

မြန်မာ့စံတော်ချိန် မွန်းလွဲသုံးနာရီ၊

ဆယ့်ရှစ်မိနစ် ရှိပါပြီခင်ဗျာ။



THOE SAUNG

# သိုးဆောင်း

တော်ရိလျော်ရိလေးပဲချစ်ခဲ့သည်

လုံးချင်းဝတ္ထုသစ်

TWE THAMIEE PUBLISHING HOUSE

01 242219 09 5101890

coming soon
on book

www.burmeseclassic.com